تذكرة الرسول ﷺ

# တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ (၃)



စီစဉ်ရေးသားသူ

မော်လာနာ မုဟမ္မဒ် အဗ္ဗားစ်-ကာစိမီ (သထုံ)



# تذكرة الرسول ﷺ

# တမန်တော်မြတ်ﷺ၏ အတ္ထုပ္ပတ္တိ (၃)

စီစဉ်ရေးသားသူ

**မော်လာနာ မုဟမ္မဒ် အဗ္ဗားစ်-ကာစိမီ (သထုံ)**

ကန့်သတ်

# تذكرة الرسول ﷺ

# တမန်တော်မြတ် ﷺ ၏

# အတ္ထုပ္ပတ္တိ

## ၄

စီစဉ်ရေးသားသူ

မော်လာနာ မိုဟမ္မဒ် အဗ္ဗါးစ် (ကာစီမီ)
သထုံမြို့
(ကန့်သတ်)

بسم الله الرحمن الرحيم

# တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိတတိယတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အလ်ဟာဂ်ျ မော်လာနာ ဟာဖစ်ဇ် မုဟမ္မဒ်ဆွာလေဟ် (မဇ္ဇာဟေရီ) အမိရ်ချုပ်၏ ထောက်ခံချက် | |
| ၂ | အလ်ဟာဂ်ျ မော်လာနာမဟ်မူးဒ်မာမ်ဆာ (မဇ္ဇာဟေရီ) ၏ ထောက်ခံချက် | |
| ၃ | အလ်ဟာဂ်ျမော်လာနာရှမ်စွအ္ဟုဟာ (မဇ္ဇာဟေရီ) ကျောင်းအုပ်ဆရာကြီး၊ ဆူဖီယဟ်အစ္စလာမ်သာသနာ့ တက္ကသိုလ် ဗိုလ်တထောင်၏ထောက်ခံချက် | |
| ၄ | ကျမ်းဦးစကား | |
| ၅ | အမှာစာ | |
| ၆ | **အခန်း (၁၈)** | ၁ |
| ၇ | "မူဝါခါးသ်" ညီနောင်ဖွဲ့ပေးခြင်း | ၁ |
| ၈ | အဇာန်အကြောင်း | ၅ |
| ၉ | မဒီနဟ်မြို့တွင် ယဟူဒီများနှင့်စာချုပ်ချုပ်ခြင်း | ၈ |
| ၁၀ | ကတိစာချုပ် | ၉ |
| ၁၁ | ဟိဂျ်ရီ (၁) ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အချို့သော အကြောင်းအရာများ | ၁၂ |
| ၁၂ | ကအ်ဗဟ်ကို ကိဗ်လဟ်သတ်မှတ်ခြင်း | ၁၄ |
| ၁၃ | ဟိဂျ်ရီ (၂) ခုနှစ်တွင် ကျရောက်လာသော အချို့ပညတ်ချက်များ | ၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | ဆွဖ္ဖဟ် | ၁၇ |
| ၁၅ | အဆွ်ဟားဗေဆွဖ္ဖဟ်၏အခြေအနေ | ၁၉ |
| ၁၆ | အဆွ်ဟားဗေဆွဖ္ဖဟ်၏အရည်အချင်း | ၂၃ |
| ၁၇ | အဆွ်ဟားဗေဆွဖ္ဖဟ်၏အရေအတွက် | ၂၅ |
| ၁၈ | **အခန်း (၁၉)** | ၂၇ |
| ၁၉ | ဂဇ်ဝဟ်နှင့်စရီယ္ယာဟ် | ၂၇ |
| ၂၀ | ဂဇ်ဝဟ်စဖ်ဝါးန် | ၂၉ |
| ၂၁ | စရီယ္ယာဟ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟ်ရှ် | ၃၀ |
| ၂၂ | ဂဇ်ဝဟ်အုရှိုင်ရဟ် | ၃၇ |
| ၂၃ | ကုန်သည်အုပ်စုကြီး၏အပြန်ခရီး | ၃၉ |
| ၂၄ | အဘူစွဖ်ယာန်၏စိုးရိမ်မှုနှင့် ဍွာမ်ဍွာမ်ဂိဖာရီ | ၃၉ |
| ၂၅ | မက္ကာဟ်မြို့ရှိ အာသိကဟ်၏အိပ်မက် | ၄၃ |
| ၂၆ | ဍွာမ်ဍွာမ်၏သွေးဆွမှုအပေါ် ကုရိုင်းရှ်တို့၏လှုပ်ရှားမှု | ၄၂ |
| ၂၇ | အူမိုက်ယဟ်ဗိန်ခလဖ်နှင့် ဗဒရ်ကွင်းပြင် | ၄၄ |
| ၂၈ | **အခန်း (၂၀)** | ၄၉ |
| ၂၉ | ဂဇ်ဝဟ်ဗဒရ် | ၄၉ |
| ၃၀ | ဟိဂျ်ရီ (၂) ခုနှစ်၊ လမြတ်ရမဇာန် (၁၂) ရက်နေ့ | ၅၀ |
| ၃၁ | အဘူဂျဟာလ်၏အုပ်စု မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ | ၅၂ |
| ၃၂ | ကုန်သည်အုပ်စုကြီး မဒီနဟ်မြို့မှ မက္ကာဟ်မြို့သို့ | ၅၃ |
| ၃၃ | ကုရိုင်းရှ်တို့ကို ပြန်လာရန်အတွက် အကြောင်းကြားခြင်း | ၅၄ |
| ၃၄ | ဗနီဇူဟ်ရဟ်က အုပ်စုခွဲပြီးထွက်ခွာသွားခြင်း | ၅၅ |
| ၃၅ | ဂျုဟိုင်းမ်ဗိန်ဆွလသ်၏အိပ်မက် | ၅၆ |
| ၃၆ | တမန်တော်မြတ် ﷺ ဆွဟာဗဟ်များနှင့် မရှ်ဝရဟ်ပြု တိုင်ပင်ဆွေးနွေးခြင်း | ၅၈ |

## မဟာတမန်တော်မြတ် ﷺ ၏ အဋ္ဌုပ္ပတ္တိ တတိယတွဲ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇ | ဟာဇ်ရသ်အဗူဗကရ် رضي الله عنه သခင်နှင့် ဟာဇ်ရသ်အူမရ် رضي الله عنه သခင်တို့၏ အစီရင်ခံချက်များ | ၅၉ |
| ၃၈ | ဟာဇ်ရသ်မစ်ကဒ်အိဗ်နိဗိန်အဿဝဒ် رضي الله عنه သခင်၏မိန့်ခွန်း | ၅၉ |
| ၃၉ | ကျန်ဆွဟာဗဟ်များ၏ထောက်ခံချက် | ၆၀ |
| ၄၀ | ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် رضي الله عنه သခင်၏မိန့်ခွန်း | ၆၃ |
| ၄၁ | တမန်တော်မြတ် ﷺ ဗဒရ်ကွင်းပြင်သို့ | ၆၅ |
| ၄၂ | အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်မိုး | ၆၆ |
| ၄၃ | ထောက်လှမ်းရေးအဖွဲ့ | ၆၇ |
| ၄၄ | ခုခံရင်ဆိုင်ရန်အတွက်စီစဉ်မှု | ၆၉ |
| ၄၅ | ဟီဂျ်ရီ (၂) ခုနှစ်၊ လမြတ်ရမဇာန် (၁၇)ရက်၊ သောကြာနေ့ | ၇၂ |
| ၄၆ | ဗဒရ်ကွင်းပြင်၌ ကုရိုင်းရှ်တို့၏ရှေ့မှောက်တွင် အဿဝဒ်၏မိန့်ခွန်း | ၇၅ |
| ၄၇ | ပထမဆုံးထပ်တိုက်ရင်ဆိုင်မှုတွင် အဿဝဒ်နှင့်တကွ ၎င်း၏သားတော်မောင်နှင့် ညီတော်မောင်တို့ကျဆုံးခြင်း | ၇၇ |
| ၄၈ | အဗူဂျဟလ်၏ဆုတောင်းမှု | ၈၀ |
| ၄၉ | တမန်တော်မြတ် ﷺ အလ္လာဟ့်ထံသို့ ကူညီမှုတောင်းခံခြင်း | ၈၂ |
| ၅၀ | မလာအိကဟ်ကောင်းကင်တမန်များ ဆင်းသက်လာခြင်း | ၈၅ |
| ၅၁ | အောင်မြင်မှုနှင့်ဆုံးရှုံးမှု | ၈၈ |
| ၅၂ | ဂဇ်ဝဟ်ဗဒရ်မှာ မွတ်စ်လင်မ်များဘက်မှ ကျဆုံး ရှဟီးဒ် ဖြစ်ခဲ့သော ဆွဟာဗဟ်များနှင့် ကုရိုင်းရှ်တို့ဘက်မှ အဖမ်းခံရသော အချုပ်သို့ပန်းများ၏ အမည်စာရင်း | ၉၀ |
| ၅၃ | အထူးညွှန်ကြားချက် | ၉၂ |
| ၅၄ | အဘူလ်ဗခ်သရီဗိန်ဟိရှားမ်နှင့် ဂျူနာဒဟ်ဗိန်မူလိုက်ဟာဟ် | ၉၃ |
| ၅၅ | သားအဖနှစ်ဦး | ၉၅ |
| ၅၆ | ဗိရ်အောင်နူလ်အွမ့်ယ်သ် လအ်နသူလ္လားဟိအလိုင်းဟ် | ၉၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇ | **အခန်း (၂၁)** | ၁၀၂ |
| ၅၈ | မှတ်သားဖွယ်ရာ အချို့သောအကြောင်းအရာများ | ၁၀၂ |
| ၅၉ | ဝမ်းနည်းမှုနှင့် ဝမ်းမြောက်မှု | ၁၀၇ |
| ၆၀ | ဗဒရ်မှ မဒီနဟ်မြို့သို့အပြန်ခရီး | ၁၁၀ |
| ၆၁ | သုံ့ပန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် | ၁၁၄ |
| ၆၂ | ဗဒရ်၏သတင်း မက္ကဟ်မြို့သို့ | ၁၁၆ |
| ၆၃ | အချို့သောသုံ့ပန်းများ | ၁၂၀ |
| ၆၄ | **အခန်း (၂၂)** | ၁၃၈ |
| ၆၅ | ဒုတိယအွမ်မေဂျမီးလ် အဆွ်မားအ်ယဟူဒီမ. | ၁၃၈ |
| ၆၆ | ဒုတိယအဘူလဟာဗ် အဘူအဖတ်က်ယဟူဒီ | ၁၄၀ |
| ၆၇ | ဂဇ်ဝဟ်ကာရ်ကရသူလ်ကုဒ်ရ် | ၁၄၁ |
| ၆၈ | ဂဇ်ဝဟ်ဗနီကိုင်နူကားအ် | ၁၄၂ |
| ၆၉ | ဂဇ်ဝဟ်စဝီးက် | ၁၄၅ |
| ၇၀ | ဟဇ်ရသ်ဘီဘီဖွာတွေမဟ် [illegible] သခင်မ၏နိကာဟ် | ၁၄၆ |
| ၇၁ | ဂဇ်ဝဟ်ဂတွ်ဖားန် | ၁၄၉ |
| ၇၂ | ဒုတိယအဘူဂျဟာလ် ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီ | ၁၅၁ |
| ၇၃ | ဟူဝိုင်ဆွဟ်ဗိန်မတ်စ်အူးဒ် အစ္စလာမ်သာသနာသို့ | ၁၅၉ |
| ၇၄ | စရီယ္ယဟ်ဇိုင်းဒ်ဗိန်ဟာရိစဟ် | ၁၆၁ |
| ၇၅ | အဘူရာဖိအ်အဗ်ဒုလ္လာဟ်ဗိန်အဘီလ်ဟုဂိုင်းက် | ၁၆၃ |
| ၇၆ | **အခန်း (၂၃)** | ၁၆၈ |
| ၇၇ | ဂဇ်ဝဟ်အုဟုဒ် | ၁၆၈ |
| ၇၈ | ဟဇ်ရသ်အဗ္ဗားစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ်ထံမှ တမန်တော်မြတ် ﷺ ထံသို့ အကြောင်းကြားလွှာ | ၁၇၁ |

## မဟာတမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ တတိယတွဲ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၉ | မဒီနဟ်မြို့တွင် မရှိဝရဟ်နှီးနှောဖလှယ်ပွဲ | ၁၇၂ |
| ၈၀ | တမန်တော်မြတ် ﷺ ၏ အိပ်မက်နှင့် ဆုံးဖြတ်ချက် | ၁၇၃ |
| ၈၁ | ဆွဟာဗဟ်များကိုစစ်ဆေးခြင်း | ၁၇၉ |
| ၈၂ | မုနာဖစ်က်များသစ္စာဖောက်ခြင်း | ၁၈၁ |
| ၈၃ | ခုခံရင်ဆိုင်ရန်အတွက်စီစဉ်မှု | ၁၈၃ |
| ၈၄ | ဂဇ်ဝဟ်အူဟုဒ်၏ပထမအပိုင်း | ၁၈၆ |
| ၈၅ | ဂဇ်ဝဟ်အူဟုဒ်၏ဒုတိယအပိုင်း | ၁၉၃ |
| ၈၆ | ဂဇ်ဝဟ်အူဟုဒ်၏တတိယအပိုင်း | ၁၉၄ |
| ၈၇ | ဆွာဟိဘွတ်စ်စိရ်ဟဇ်ရသ်ဟူဇိုင်ဖဟ် ؓ သခင်၏ဖခင် | ၁၉၆ |
| ၈၈ | ဟဇ်ရသ်မတ်ဆွ်အဗ်ဗိန်အူမိုင်းရ် ؓ သခင် ရှဟီးဒ်ဖြစ်ခြင်းနှင့် ရန်သူများ တမန်တော်မြတ် ﷺ အပေါ် ဖိအားပေးလာခြင်း | ၁၉၈ |
| ၈၉ | မမှန်ကန်သောသတင်းနှင့် ဖြစ်ရပ်မှန် | ၂၀၀ |
| ၉၀ | ဟဇ်ရသ်အနတ်စ်ဗိန်နဒ္ဒရ် ؓ သခင်၏ ရဲစွမ်းသတ္တိ | ၂၀၁ |
| ၉၁ | ဝမ်းနည်းခြင်းနှင့် ဝမ်းမြောက်ခြင်း | ၂၀၂ |
| ၉၂ | အူဗိုက်ဗိန်ခလဖ် သေမင်း၏ရင်ခွင်ထဲသို့ | ၂၀၇ |
| ၉၃ | ဟဇ်ရသ်ကသာဒဟ်ဗိန်နုအ်မာန် ؓ သခင်၏မျက်လုံးတော် | ၂၀၈ |
| ၉၄ | ဂဇ်ဝဟ်အူဟုဒ်ပြီးဆုံးခြင်းနှင့် ''မွတ်စ်လဟ်'' ရုပ်ဖျက်ခြင်း | ၂၁၀ |
| ၉၅ | အဘူစွဖ်ယာန်၏ကြုံးဝါးမှု | ၂၁၁ |
| ၉၆ | မဒီနဟ်မြို့သူမြို့သားများ တမန်တော်မြတ် ﷺ ထံတော်ပါးသို့ | ၂၁၆ |
| ၉၇ | ၁။ ဟဇ်ရသ်ဇိယားဒ်ဗိန်အတ်စ်ကန် ؓ သခင် | ၂၁၉ |
| ၉၈ | ၂။ ဟဇ်ရသ်စအ်ဒ်ဗိန်ရဘီးအ်အန်ဆွာရီ ؓ သခင် | ၂၂၀ |
| ၉၉ | ၃။ ဟဇ်ရသ်နူစိုင်မဟ် ؓ သခင် | ၂၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀ | ၄။ ဟဇ်ရသ်အိဗ်နေနဗ္ဗီးရ် ﷺ သခင် | ၂၂၃ |
| ၁၀၁ | ၅။ ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် အန်ဆွာရီ ﷺ သခင် | ၂၂၃ |
| ၁၀၂ | ၆။ ဂစီးလူလ်မလာအိကဟ် ဟဇ်ရသ်ဟန်ဇွလဟ်ဗိန်အာဘီ အာမိရ် ﷺ သခင် | ၂၂၆ |
| ၁၀၃ | ၇။ ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရှ် ﷺ သခင် | ၂၂၈ |
| ၁၀၄ | ၈။ ဟဇ်ရသ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင် | ၂၃၀ |
| ၁၀၅ | ၉။ ဟဇ်ရသ်အူဆွိုင်ရမ်အမရ်ဗိန်တာဗိသ်ဗိန်ဝကရှ် ﷺ သခင် | ၂၃၃ |
| ၁၀၆ | ၁၀။ ဟဇ်ရသ်ဟမ်ဇဟ်ဗိန်အဗ်ဒူလ်မွတ္တလိဗ် ﷺ သခင် | ၂၃၇ |
| ၁၀၇ | ဂဇ်ဝဟ်အူဟုဒ်တွင်ကျဆုံးခဲ့သော်လည်း ရှဟီးဒ်မဖြစ်ခဲ့သူအကြောင်း | ၂၄၄ |
| ၁၀၈ | ရှဟီးဒ်များကို ဒဖန်ပြုလုပ်ခြင်း | ၂၄၅ |
| ၁၀၉ | အဘူစွဖ်ယာန်၏ရည်ရွယ်ချက် | ၂၄၇ |


# အင်နို့ရှာအလ္လာဟ်

# ''စတုတ္ထတွဲ'' ဆက်ရန်ရှိသည်။

အလ်ဟာဂျ်မော်လာနာ ဟာဖစ်ဇ်မုဟမ္မဒ်ဆွာလေဟ် (မဇ္ဇာဟေရီ) အမီရ်ချုပ်၏

# ထောက်ခံချက်

**ဟားမိဒေါင့်ဝ် ဝမုဆွလ္လိယောင်ဝ် ဝမုစလ္လိမန်**

ကျွန်ုပ်၏ လေးစားအပ်သောမိတ်ဆွေ မော်လာနာမုဟမ္မဒ်အဗ္ဗားစ် (ကာစီမီ)က "**သဲဖ်ကိရှာနှ်ရှူးလ်**" "**တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ**" ဟူသော စာအုပ်နှင့် စပ်လျဉ်း၍ ထောက်ခံချက်ရေးပေးရန် တောင်းဆိုခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် ကျန်းမာရေးမကောင်းသည်ကတစ်ကြောင်း၊ မအားလပ်သည်က တစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မော်လာနာ၏တောင်းဆိုချက်အပေါ် ဤစာ (၂) ကြောင်း (၃) ကြောင်းကို ရေးသားအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မော်လာနာမုဟမ္မဒ်အဗ္ဗားစ် (ကာစီမီ)သည် တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို ကျမ်းစာအုပ်အသီးသီးမှ ထုတ်ယူစုစည်းပြီး တင်ပြထားကြောင်း တွေ့ရပေသည်။ မာယှာအလ္လာဟ်! အထူး ကြိုးပမ်းထားကြောင်း တွေ့ရပေသည်။

မော်လာနာမဟ်မူးဒ်မာမ်ဆာနှင့် အလ်ဟာဂျ်မော်လာနာ ရှမ်စွဒ္ဒုဟာ (မဇ္ဇာဟေရီ) တို့နှစ်ဦး၏ ထောက်ခံချက်များလည်း ပါရှိနေပြီးဖြစ်ပေရာ အလ္လာဟ် အရှင်မြတ်သည် မော်လာနာ၏ကြိုးပမ်းမှုကို လက်ခံတော်မူရန်နှင့် ယင်းကျမ်းမွန်ဖြင့် သာသနာ့ပညာ သင်ကြားနေလျက်ရှိသော (အာလင်မ်လောင်း) ကျောင်းသားများ ကိုလည်းကောင်း၊ လေ့လာဖတ်ရှုသူအပေါင်းကိုလည်းကောင်း အကျိုးကျေးဇူး ဖြစ်ထွန်းမှုများ ပေးသနားတော်မူ၍ ကျမ်းပြုသူ (ပြန်ဆိုရေးသားသူ) အားလည်း ကြီးမားသောချီးမြှင့်မှုများ ပေးသနားတော်မူကာ ဤကျမ်းကို အကျိုးပြုကျမ်း တစ်စောင်အဖြစ် လက်ခံတော်မူပါရန် ဆုမွန်ဒိုအာ ပတ္ထနာပြုအပ်ပါသတည်း။

(အာမီးန်)

**မုဟမ္မဒ်ဆွာလေဟ် (မဇ္ဇာတေရီ) (အမီရ်ချုပ်)**

ဟစ်ဂျ်ရီ ၁၄၁၉ ခုနှစ်၊ မုဟာရ်ရမ်လ (၂၅) ရက်။ ၁၉၉၈ ခုနှစ်၊ မေလ(၂၂)ရက်။

## အလ်ဟာဂျ်မော်လာနာ မဟ်မူးဒ် မာမ်ဆာ (မင်္ဂလာဟောရီ) ၏

# ထောက်ခံချက်

**နတ်မဒုတူ ဝနဆွလ္လီ အလာ ရစူးလိဟိလ်ကရီးမ်**

"စီရည်" ဟူသော ခေါင်းစဉ်သည် အလွန်ချစ်စဖွယ်ကောင်းသော ခေါင်းစဉ်ဖြစ်ပေသည်။ ဤခေါင်းစဉ်သည် မွတ်စ်လင်မ်တိုင်း စိတ်ဝင်စားသည့် ခေါင်းစဉ်လည်းဖြစ်ပါသည်။

ရစူလ်တမန်တော်အား ချစ်မြတ်နိုးခြင်းသည် အီမာန်ယုံကြည်မှု၏ အကိုင်း အခက်ဖြစ်သည့်အလျောက် တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိနှင့် ဆက်စပ်မှုရှိခြင်း မှာလည်း အီမာန်၏ လိုလားတောင့်တမှုတစ်ရပ် ဖြစ်ပါသည်။

အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များ၊ ရေးသူတော်စင်များအနေဖြင့် ယင်းခေါင်းစဉ်အမည်များဖြင့် တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိကို အူရ်ဒူ၊ ဖာရ်စီ၊ အရဗီ၊ အင်္ဂလိပ်ဘာသာများဖြင့်သော်လည်းကောင်း၊ အခြားဘာသာများဖြင့်သော် လည်းကောင်း စီစဉ်ပြုစုကြ ရေးသားခဲ့ကြပါသည်။ မြန်မာဘာသာပြန် စာအုပ် အချို့မှာလည်း ယင်းခေါင်းစဉ်ဖြင့် ရှိသော်ငြားလည်း ပြီးပြည့်စုံသည်ဟူ၍ မရှိသေး ခြင်းမှာ စာရှုသူများ သိမြင်နိုင်မည်ဖြစ်ပါသည်။

မော်လာနာမုဟမ္မဒ်အဖ္ဇးစ်(ကာစိမီ) အနေဖြင့် ယခုလို မြန်မာစာပေဖြင့် "စီရည်" ဟူသော ခေါင်းစဉ်ဖြင့် တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိကို စီစဉ်ရေးသားခဲ့ရာ ကျွန်ုပ်တော့အနေဖြင့် လေ့လာခွင့်ရရှိခဲ့သည့်အလျောက် ကျမ်းပါ အကြောင်းအရာအားလုံးမှာလည်း ခိုင်လုံဟိကျ၍ ပြီးပြည့်စုံသော အကြောင်း အရာများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်တော့အနေဖြင့် တင်ပြလိုသည်မှာ ဤစာအုပ်သည် ကျောင်းသားများ၊ အိုလမာ (သာသနာ့ပညာရှင်)များ၊ လေ့လာသူများအနေဖြင့်လည်း ပညာဗဟုသုတ အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ပါသည်။

တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိကို အပြည့်အစုံ လေ့လာဖတ်ရှုနိုင်ရန် အတွက်လည်း ဤစာအုပ်ကို လေ့လာရန် အထူးအရေးကြီးကြောင်းနှင့် မွတ်စ်လင်မ် အိမ်တိုင်း၌ ဆောင်ထားသင့်ကြောင်း တင်ပြအပ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ဤစာအုပ်ကို လက်ခံတော်မူ၍ စာရှုသူတို့အား အကျိုးသက်ရောက်မှုကို ပေးသနား တော်မူပါစေ။ (အာမီးန်)

**မဟ်မူးဒ်မာမ်ဆာ (မင်္ဂလာဟောရီ)** ၁၉၉၈ ခုနှစ်၊ ဇွန်လ (၂၀)ရက်။

အလ်ဟာဂျ်မော်လာနာရှမ်စွဒ္ဒုဟာ (မဇ္ဇာဟေရီ) ကျောင်းအုပ်ဆရာကြီး၊

ဆူဖီယဟ်အစ္စလာမ်သာသနာ့တက္ကသိုလ်၊ မိုလ်တဆောင်၏

## ထောက်ခံချက်

**နတ်မဒုတူ ဝနုဆွလ္လိ အလား ရစူးလိဟိလ်တရီးမ်**

မော်လာနာ မုဟမ္မဒ်အဗ္ဗားစ် (ကာစိမီ) အနေဖြင့် မိမိစီစဉ်ရေးသားထားသည့် "**တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ**" နှင့်ပတ်သက်၍ ထောက်ခံချက်ရေးပေးရန် ကျွန်တော့်အား မေတ္တာရပ်ခံခဲ့ရာ ကျွန်တော့်အနေဖြင့် "တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ" အပေါ် မိမိထင်မြင်ချက်ရေးပေးရန် အရည်အချင်းမရှိကြောင်း သိလျက်ဖြင့်ပင် စာကြောင်းရေအနည်းငယ်ကို ရေးသားတင်ပြအပ်ပါသည်။

စာရေးသူသည် ကျမ်းစာအုပ်အများအပြားမှ တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို တစ်ပေါင်းတည်း တစ်ခုတည်းဖြစ်ရေးအတွက် အလွန်အရေးပါသည့် အကြောင်းအရာများကို စုစည်းဖော်ပြထားကြောင်း တွေ့ရှိရပေသည်။

ကျွန်တော့်အနေဖြင့် စာအုပ်၏ နေရာအနှံ့အပြားကို လေ့လာခဲ့ရာ အလွန်ပင် နှစ်ထောင်းအားရမှု ဖြစ်ခဲ့ရပါသည်။ ဤစာအုပ်တွင် နေရာတိုင်း၌ ခိုင်လုံတိကျသည့် အကြောင်းအရာ အထောက်အထားများကို စုစည်းတင်ပြထားသည်ကို တွေ့ရပေသည်။ စာရေးသူအနေဖြင့် အပတ်တကုတ် ကြိုးပမ်းထားမှုအပေါ် အလ္လာဟ်အရှင်မြတ် လက်ခံ သဘောတူတော်မူပါစေဟု ဆန္ဒပြုအပ်ပါသည်။ အမှန်တကယ်ပင် စာရေးသူအား ချီးကျူးမိပါသည်။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်နှင့် စာရေးသူ၊ ၎င်း၏အိမ်သူအိမ်သားများ၊ အဘက်ဘက်မှ ကူညီရိုင်းပင်းသူများအား လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံး၏ ကောင်းကျိုးများ ပေးသနားတော်မူ၍ စာရှုသူ မွတ်စ်လင်မ် သူတော်စင်များအတွက်လည်း အကျိုးပြုကျမ်းတစ်စောင်အဖြစ် အလ္လာဟ်အရှင်မြတ် လက်ခံ သဘောတူတော်မူပါစေဟု ဆုမွန်ဒိုအာပြုအပ်ပါသတည်း။ (အာမီးန်)

**ရှမ်စွဒ္ဒုဟာ (ဦးဘသိန်း) (မဇ္ဇာဟေရီ)**

ဟိဂျ်ရီ ၁၄၁၉ ခုနှစ်၊ မုဟာရ်ရမ်လ ၂၁ ရက်။ ၁၉၉၈ ခုနှစ်၊ မေလ (၁၉)ရက်။

## ကျမ်းဦးစကား

### နတ်မဒုတူ ဝနဆွလ္လီ အလား ရစူးလိတိလ်ကရီးမ်

စာရှုသူတို့၏လက်ဝယ် ရောက်ရှိနေသော ဤကျမ်းမွန်ကို အလ္လာဟ်အရှင်မြတ်၏ ''ရဟ်မသ်'' ကျေးဇူးတော်ဖြင့် ''သဇ်ကိရသူရ်ရစူးလ်'' ''တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ'' ဟု အမည်ပေးထားပါသည်။

လူတစ်ဦးသည် အစ္စလာမ်သာသနာကို နားလည်သဘောပေါက်ရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ''မုကဒ္ဒပါင်'' တော်ဖြစ်သော ကျမ်းမြတ်ကုရ်အာန်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

အလားတူ ကျမ်းမြတ်ကုရ်အာန်ကို သဘောပေါက်ရန်အတွက် ကျမ်းမြတ်ကုရ်အာန်၏ အကျယ်ပြန့်ဖြစ်သော တမန်တော်မြတ် ﷺ ၏ ''ဟဒီးဆ်'' ဩဝါဒတော်များကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

ယင်းကဲ့သို့ ကျမ်းမြတ်ကုရ်အာန်၏ အကျယ်ပြန့်ဖြစ်သော တမန်တော်မြတ် ﷺ ၏ ''ဟဒီးဆ်'' ဩဝါဒတော်များကို နားလည်သဘောပေါက်ရန်အတွက် ''စီရသ်'' ဟူသော တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိကို ပိုင်နိုင်ကျွမ်းကျင်စွာ သိရှိနားလည် သဘောပေါက်ရန် လိုအပ်ပါသည်။

သို့ပါ၍ အထက်ပါအကြောင်းအရာဖြင့် ''စီရသ်'' ၏ အရေးကြီးပုံမှာ သိသာထင်ရှားလှပါသည်။

ကျွန်တော်သည် နဗီတမန်တော်များ၏ အတ္ထုပ္ပတ္တိအမည်ဖြင့် ကျမ်းမွန်တစ်စောင်ကို ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုနဗီတမန်တော်များ၏ အတ္ထုပ္ပတ္တိမည်သော ကျမ်းမွန်တွင် တမန်တော် အာဒမ် عليه السلام မှ တမန်တော် အီစာ عليه السلام ထိ နဗီတမန်တော် (၂၄) ပါးတို့၏ အတ္ထုပ္ပတ္တိအကြောင်းအရာများကို ရေးသားတင်ဆက်ထားပါသည်။

ယခုတစ်ဖန် တမန်တော်မြတ် မိုဟမ္မဒ်သခင် ﷺ ၏ အတ္ထုပ္ပတ္တိကို မြန်မာစာပေ တတ်ကျွမ်းသူများက လွယ်ကူစွာ သိရှိနားလည် သဘောပေါက်နိုင်ရန်အတွက် ''သဇ်ကိရသူရ်ရစူးလ်'' ''တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ'' အမည်ရှိ

ဤစာအုပ်ကို နိုင်လုံတိကျသော ကျမ်းအကိုးအကားများဖြင့် စီစဉ်ရေးသားခွင့် ရရှိခဲ့သည့်အတွက် အလ္လာဟ်အရှင်မြတ်ကို မြောက်မြားစွာ ကျေးဇူးတင်မိပါသည်။ ဤ တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ၌ အကြောင်းအရာများကို ကွင်းဆက် မပြတ်ရလေအောင် ခေါင်းစဉ်အသီးသီးဖြင့် ရေးသားတင်ဆက်ထားပါသည်။

ကျွန်တော်သည် မြန်မာစာပေ အရေးအသားအရာ၌ မကျွမ်းကျင်သော်လည်း အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်အား ဤ''ခိဒ်မသ်'' အတွက် ''သောင်ဖ်ဖီးက်'' စွမ်းအား ပေးသနားတော်မူသောကြောင့် ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်ကို မြောက်မြားစွာ ကျေးဇူးတင်မိပါသည်။ မည်သို့ပင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် မိမိနိုင်းစေလိုသူအား မိမိဘက်မှ သောင်ဖ်ဖီးက် စွမ်းအားများကို ပေးသနားတော်မူမြဲပင် ဖြစ်ပါသည်။

**''သင်္ကိရသူရ်ရစူးလ်''** **''တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ''** အစမှ အဆုံး အထိတွင် အခန်းပေါင်း (၃၈) ခန်းရှိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဤစာအုပ်ကို ဖတ်ရှုလေ့လာရန်နှင့် ထုတ်ဝေဖြန့်ချိရေးတွင် အဘက်ဘက်မှ လွယ်ကူစေရန် အတွက် အတွဲ (၆) တွဲ ခွဲထားပါသည်။

**ပထမအတွဲတွင် အခန်း (၁) မှ (၁၁) အထိ**

**ဒုတိယအတွဲတွင် အခန်း (၁၂) မှ (၁၇) အထိ**

**တတိယအတွဲတွင် အခန်း (၁၈) မှ (၂၃) အထိ**

**စတုတ္ထအတွဲတွင် အခန်း (၂၄) မှ (၂၈) အထိ**

**ပဥ္စမအတွဲတွင် အခန်း (၂၉) မှ (၃၂) အထိ**

**ဆဋ္ဌမအတွဲတွင် အခန်း (၃၃) မှ (၃၈) အထိ**

စသည်ဖြင့် အခန်းဖွဲ့၍ ရေးသားထားပါသည်။

ဤကျမ်း၏ မြန်မာစာမူများကို ကျွန်တော်၏သမီးကြီး နရီမဟ် (ခ) မစန္ဒာဝင်းမှ အပတ်ကကုတ် ကြိုးစားပြီး ရေးသားကူညီခဲ့ခြင်း ဖြစ်ပါသည်။

ဤကျမ်းမွန်ကို ရေးသားထုတ်ဝေရာ၌ အဘက်ဘက်မှ ပါဝင်ကူညီကြကုန်သော မွတ်စ်လင်မ်ညီနောင်တို့အား အလ္လာဟ်အရှင်မြတ်သည် နှစ်ဘဝစလုံး၏ ကောင်းကျိုးအပြာပြာကို ချီးမြှင့်ပေးသနားတော်မူ၍ ဤကျမ်းမွန်ကိုလည်း လူသားတို့အား အကျိုးပြုသော ကျမ်းတစ်စောင်အဖြစ် လက်ခံတော်မူပါရန် ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

ဤကျမ်းမွန်၏ မြန်မာစာမူများကို ဝိုင်းဝန်းပြုစုခဲ့သော ကျွန်တော်၏ သမီးကြီး နဂျီမဟ် (ခ) မစန္ဒာဝင်းအား အလ္လာဟ်အရှင်မြတ်သည် မိမိ ''ရဟ်မသ်'' တော်ဖြင့် လွှမ်းခြုံတော်မူပါစေ။

ကျွန်တော်၏ ကွယ်လွန်သွားသော မိဘနှစ်ပါးနှင့် ဆွေမျိုးသားချင်းများ၊ ဆရာသခင်အကြီးအကဲများကို ''မဂ်ဖိရသ်'' ပြု လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပြီး ဤကျမ်းမွန်ကို အကြောင်းခံ၍ ၎င်းတို့အား မြင့်မားသောအဆင့်အတန်းကို ချီးမြှင့်တော်မူပါစေ။

ဤစာအုပ် ကွန်ပျူတာစာစီရာ၌ အဘက်ဘက်မှ စေတနာအပြည့်အဝဖြင့် ဝိုင်းဝန်းကူညီခဲ့သော ဟာဖိဇ်မုဟမ္မဒ်ရဖီ (ပုသိမ်) B.Sc (Bot:) H.G.P အား ဒွန္နယာ အာခိရသ် နှစ်ဌာနစလုံး၌ ကောင်းကျိုးချမ်းသာ ချီးမြှင့်ပေးသနားတော်မူပါစေ ဟူ၍ တောင်းဆုပြုရင်း ဤကျမ်းဦးစကားကို နိဂုံးချုပ်အပ်ပါသည်။

(အာမီးန်)

**စီစဉ်ရေးသားသူ**

မိုဟမ္မဒ်အဗ္ဗါးစ် (ကာစီမီ)

သထုံမြို့။

ဟိဂျ်ရီ ၁၄၁၉ ခုနှစ်၊ ဇူလ်ကာအ်ဒဟ်လ (၂၀) ရက်၊

၁၉၉၉ ခုနှစ်၊ မတ်လ (၈) ရက်၊ တနင်္လာနေ့။ (၁၁း၀၀ AM)

# အမှာစာ

## တားမြီအေါင့်ဝ်ဝမူဆွလ္လီယောင်ဝ် ဝမူစလ္လိမန့်

အစွလာမ့်စာပေကို လေ့လာလိုက်စားသူတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် ဤ ''သင်္ဂကိရသူရ်ရစူးလ်'' ''တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ'' ကျမ်းမွန်ကို ကျွန်မ၏ မွေးသဖခင် ကျေးဇူးရှင် ဟဇ်ရသ် မော်လာနာမိုဟမ္မဒ်အဖျူးစ် (ကာစီမီ) စီစဉ်ရေးသားထားခြင်း ဖြစ်ပါသည်။

ဖခင်သည် ဤစာအုပ်၏စာသားများကို မြန်မာစာစီစာကုံးနှင့် သတ်ပုံသတ်ညွှန်းအတိုင်း ကူညီရေးသားပေးရန်အတွက် ကျွန်မအား တာဝန်ပေးအပ်ခဲ့ပါသည်။ ကျွန်မသည်လည်း သာသနာ့အကျိုး သယ်ပိုးရာ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ကူညီခွင့် ရရှိခဲ့သည့်အတွက် လည်းကောင်း၊ သာသနာ့ "ခိဒ်မသ်" တစ်ခုကို ပြုခွင့်ရရှိခဲ့သည့်အတွက် လည်းကောင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အလ္လာဟ်အရှင်မြတ်ကို မြောက်မြားစွာ ကျေးဇူးတင်မိပါသည်။ ထို့ပြင် ကျွန်မကိုယ်တိုင် ဝါသနာထုံသောအလုပ်တစ်ခု ဖြစ်နေသည့်အတွက် ''တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ'' ၏ စာမူများကို မြန်မာအဘိဓာန်ကျမ်းနှင့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတို့ကို မှီငြမ်း၍ (စပိန်လူမျိုး စာရေးဆရာ၊ ကဗျာဆရာ {MIGUEL DE CERVANTES} ၏ {Honesty is the best policy} ရိုးသားခြင်းသည် အကောင်းဆုံးမူဝါဒဖြစ်သည်ဟူသော အဆိုအတိုင်း ဤစာအုပ်၌ ရိုးစင်းသောစာသားများကို အသုံးပြု၍ ဖခင်နှင့်အတူ ကူညီရေးသား ပြုစုပေးခဲ့ပါသည်။

ကျွန်မသည် ထိုစာမူများကို မည်မျှပင် ကြိုးစား၍ ရေးသားခဲ့ပါသော်လည်း ကျွန်မမှာ အာလင်မ်သာသနာ့ပညာရှင်တစ်ပါး မဟုတ်သည်က တစ်ကြောင်း၊ အသိဉာဏ်နှင့် အတွေ့အကြုံအရ ငယ်ရွယ်နုနယ်သေးသည်က တစ်ကြောင်း၊ မှားသောရှေ့နေ၊ မသေသောဆေးသမားဟူသည့် စကားပုံအတိုင်း စာစီရာ၌ လျော့နည်းမှုများ ပါရှိနိုင်ပါသည်။ ထိုလျော့နည်းချက်များကို စာရှုသူများအနေဖြင့် တွေ့ရှိပါလျှင် ကျွန်မထံသို့ အကြောင်းကြားပါက ကြည်ဖြူစွာဖြင့် လက်ခံ ပြုပြင်သွားမည်ဖြစ်ပါသည်။

လူတိုင်းတွင် သမိုင်းဖြစ်ရပ်ဆိုသည်မှာ ကိုယ်စီကိုယ်င ရှိကြ၏။ အချို့သောသူများ၏ သမိုင်းမှာ ထိုလူကွယ်လွန်သွားသည်နှင့် ပျောက်ကွယ်သွား၏။ အချို့တို့မှာ ပြောစမှတ်အဖြစ် ကျန်ရစ်၏။ အချို့တို့မှာ မှတ်ကျောက်တင်ခြင်းခံရ၏။

မဟာတမန်တော်မြတ် ﷺ ၏ သမိုင်းမှာမူ လူတိုင်းက တသသ ပြောစမှတ်ပြုနေရမည့် အပင်ပန်းဒုက္ခခံခဲ့ရပုံများ၊ လိုက်နာကျင့်သုံးဖွယ်ကောင်းသည့် ကျင့်ရန်၊ ကြဉ်ရန်များ၊ အတုယူဖွယ်ရာ ဖြစ်ရပ်များ၊ အသိစိတ်ဓာတ်ကို နိုးကြားတက်ကြွစေမည့် အသိပညာ ဗဟုသုတတို့ဖြင့် ဝင့်ထည်ခန့်ညားစွာ ဆွဟာဗဟ်များက သမိုင်းမော်ကွန်းပြု၍ မှတ်ကျောက်တင်ခဲ့ကြလေသည်။

ဆွဟာဗဟ်များ၏ ကျေးဇူးတရားမှာ ကြီးမားလှပေစွ။ အလ္လာဟ်အရှင်မြတ်သည် ထိုဆွဟာဗဟ်များအပေါ် မိမိထံမှ ကောင်းချီးမင်္ဂလာအဖြာဖြာကို ချပေးသနားတော်မူပါစေ။ မွတ်စ်လင်မ်တိုင်းအား တမန်တော်မြတ် ﷺ ၏ "စီရသ်" ကို နားလည်နိုင်စွမ်း ချီးမြှင့်တော်မူပါစေ။

ဤစာအုပ်ကို အကြောင်းခံ၍ ကျွန်ုပ်၏မိဘနှစ်ပါးနှင့် ကွယ်လွန်သွားသော အဘိုး၊ အဘွားများ၊ ဆွေမျိုးသားချင်းများအပေါ် ကောင်းမွန်သော အစားကို ချီးမြှင့်တော်မူပါစေ။

(အာမီးန်)

**ဝိုင်းဝန်းကူညီသူ**

မော်လာနာမိုဟာမ္မဒ်အဖ္ဖါးစ် (ကာစီမီ)၏သမီး
နဂိုမတ် (ခ) မစန္ဒာဝင်း
ကာစီမီယာစာပေ
သထုံမြို့။

ဟိဂျ်ရီ ၁၄၁၉ ခုနှစ်၊ ဇူလ်ကာအ်ဒဟ်လ (၂၀) ရက်၊
၁၉၉၉ ခုနှစ်၊ မတ်လ (၈) ရက်၊ တနင်္လာနေ့။ (၁၁း၀၀ AM)

## အခန်း(၁၈)

# ''မူဝါခါးသ်'' ညီနောင်ဖွဲ့ပေးခြင်း

"မူဟာဂျိရ်"ဆွဟာဗဟ်များသည် မိမိတို့၏ မိသားစု၊ အိုးအိမ်စည်းစိမ်၊ ဆွေမျိုးသားချင်းများနှင့် ဥစ္စာပစ္စည်းများအားလုံးကို အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုရရှိရန်အတွက် စွန့်လွှတ်ကြပြီး မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ရောက်ရှိလာကြပေသည်။

သို့ပါ၍ တမန်တော်မြတ် ﷺ က မက္ကာဟ်မြို့မှ ရောက်ရှိလာသော မူဟာဂျိရ်များနှင့် မဒီနဟ်မြို့မှလက်ခံကူညီကြကုန်သော အန်ဆွာရီဆွဟာဗဟ်များအားလုံးကို ညီနောင်များအဖြစ် အချင်းချင်း ချစ်ကြည်ကြရန်အတွက် အမိန့်ရှိတော်မူ၏။

ဤချစ်ကြည်ရေး၏ရည်ရွယ်ချက်မှာ အချင်းချင်း တစ်ဦးကိုတစ်ဦး ချစ်ခင်သနားကြင်နာကြရန်အတွက်လည်းကောင်း၊ အားပေးကူညီကြရန်အတွက်လည်းကောင်း၊ အုမ္မသ်တစ်ရပ်လုံး၏ စုစည်းမှုနှင့် အချင်းချင်းအားလုံး အေးအတူပူအမျှ အကျိုးခံစားကြရန်တွက် လည်းကောင်း၊ ကွဲလွဲမှုများမှအကာအကွယ်များ ရရှိနိုင်ရန်အတွက် လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို စိတ်အေးချမ်းသာစွာဖြင့် လွတ်လွတ်လပ်လပ် နာခံဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း ဖြစ်ကြပါသည်။

တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင် ဟိဂျ်ရသ် မပြုမီ အလျင် တစ်ကြိမ်၊ တစ်ဖန် ဟိဂျ်ရသ်ပြုပြီးနောက် ငါးလအကြာတွင်

မဒီနဟ်မြို့ရှိ ဟာဇ်ရသ် အနတ်စ် ؓ သခင်၏ နေအိမ်၌ တစ်ကြိမ်၊ မူဟာဂျိရ်များနှင့် အန်ဆွာရ် ဆွဟာဗဟ်များကို "မူဝါခါးသ်" ဟူသော ညီနောင်အဖြစ် အချင်းချင်း ချစ်ကြည်ရေးပြုလုပ်ပေးခဲ့တော်မူ၏။

တမန်တော်မြတ် ﷺ သည် ပထမအကြိမ်အဖြစ် မက္ကဟ်မြို့တွင် အောက်ပါပုဂ္ဂိုလ်များကြား၌ "မူဝါခါးသ်"ညီနောင်အဖြစ် အချင်းချင်း ချစ်ကြည်ရေး ပြုလုပ်ပေးခဲ့တော်မူသည်။

(၁) အဘူဘကရ်ဆိဒ်ဒီးကျ် ؓ သခင် ✿ အူမရ်ဖီနိခတ္တာဗ် ؓ သခင်

(၂) ဟမ်ဇဟ်ဗီနိအဗ်ဒူလ်မွတ္တလိဗ် ؓ သခင် ✿ ဇိုင်းဒ်ဗီနိဟာရိဇဟ် ؓ သခင်

(၃) အွတ်စ်မားနိဗီနိအဖ္ဖါးနိ ؓ သခင် ✿ အဗ်ဒူရ်ရဟ်မားနိဗီနိအောဖ် ؓ သခင်

(၄) ဇူဗိုင်းရ်ဗီနိအဝ်ဝါးမ် ؓ သခင် ✿ အဗ်ဒူလ္လာဟ်ဗီနိမတ်စ်အူးဒ် ؓ သခင်

(၅) အူဗိုင်ဒဟ်ဗီနိဟာရိစ် ؓ သခင် ✿ ဗိလားလ်ဗီနိရူဗားဟ် ؓ သခင်

(၆) မတ်ဆွ်အဗ်ဗီနိအူမိုင်းရ် ؓ သခင် ✿ စအဒ်ဗီနိအဘီဝပ်ကားဆွ် ؓ သခင်

(၇) အဘူအူဗိုင်ဒဟ်ဗီနိဂျရ်ရားဟ် ؓ သခင် ✿ စာလိမ့်မောင်လာအဘီဟူဇိုင်ဖဟ် ؓ သခင်

(၈) စအီးဒ်ဗီနိဇိုင်းဒ် ؓ သခင် ✿ တွလ်ဟာဟ်ဗီနိအူဗိုင်ဒိလ္လာဟ် ؓ သခင်

(၉) မိုဟာမ္မဒ်ရ် ရဟူးလွလ္လားဟ် ؓ သခင် ✿ အလီဗီနိအဘီတွာလိဗ် ؓ သခင်

တမန်တော်မြတ် ﷺ က မဒီနဟ်မြို့သို့ ဟိဂျ်ရသ်ပြု၍ ရွှေ့ပြောင်းလာတော်မူသောအခါ ဟာဇ်ရသ်အနတ်စ် ؓ သခင်၏ နေအိမ်၌ မူဟာဂျိရ်များနှင့်အန်ဆွာရ်များအကြားတွင် ပြုလုပ်ပေးတော်မူသော "မူဝါခါးသ်" ညီနောင်အချင်းချင်း ချစ်ကြည်ရေးတွင် ပါဝင်ကြကုန်သော အချို့ပုဂ္ဂိုလ်များ၏ အမည်နာမများမှာ တစ်ဘက်ပါအတိုင်းဖြစ်သည်။

| စဉ် | မုဟာဂျိရ်များ | အန်ဆွာရ်များ |
|---|---|---|
| ၁ | အဘူဘကရ်ဆိဒ္ဒီးက် رضي الله عنه | ခါးရိဂျဟ်ဗိန်ဇိုင်းဒ် رضي الله عنه |
| ၂ | အူမရ်ဗိန်ခတ္တာ:ဗ် رضي الله عنه | အွသ်ဘာဒ:န်ဗိန်မာလစ်က် رضي الله عنه |
| ၃ | အွတ်စ်မာ:န်ဗိန်အဖ္ဖါ:န် رضي الله عنه | စအဒ်ဗိန်မအာ:ဇ် رضي الله عنه |
| ၄ | အဘူအူဗိုင်ဒဟ်ဗိန်ဂျရ်ရာ:ဟ် رضي الله عنه | စအဒ်ဗိန်ရဘီးအ် رضي الله عنه |
| ၅ | အဗ်ဒူရ်ရဟ်မာ:န်ဗိန်အော်ဖ် رضي الله عنه | စလမဟ်ဗိန်စလာမဟ် رضي الله عنه |
| ၆ | ဇူဗိုင်းရ်ဗိန်အဝ်ဝါ:မ် رضي الله عنه | အော်စ်ဗိန်တာဗိသ် رضي الله عنه |
| ၇ | ကွလ်ဟာဟ်ဗိန်အူဗိုင်ဒီလ္လာဟ် رضي الله عنه | ကအဗ်ဗိန်မာလစ်က် رضي الله عنه |
| ၈ | စအီးဒ်ဗိန်ဇိုင်းဒ် رضي الله عنه | အူဗိုက်ဗိန်ကအဗ် رضي الله عنه |
| ၉ | မတ်ဆွ်အဗ်ဗိန်အူမိုင်းရ် رضي الله عنه | အဘူအိုင်ယူးဗ်ခါလိဒ်ဗိန်ဇိုင်းဒ်အန်ဆွာရီ |
| ၁၀ | အဘူဟူဇိုင်ဖဟ်ဗိန်အွသ်ဗဟ် رضي الله عنه | အူဗ္ဗာ:ဒ်ဗိန်ဘိရှ်ရ် رضي الله عنه |
| ၁၁ | အမ္မာ:ရ်ဗိန်ယာဆိရ် رضي الله عنه | ဟူဇိုင်ဖဟ်ဗိန်ယမာ:န် رضي الله عنه |
| ၁၂ | အဘူဇရ်ဂိဖါရီး رضي الله عنه | မွန်ဇိရ်ဗိန်အမရ် رضي الله عنه |
| ၁၃ | စလ်မာ:န်ဖါရ်ဆီ رضي الله عنه | အဘူဒ်ဒရ်ဒါးအ်အူဝိုင်မရ်ဗိန်စအ်လဗဟ် رضي الله عنه |
| ၁၄ | ဗိလာ:လ် رضي الله عنه | [illegible] |
| ၁၅ | ဟာတွိဗ်ဗိန်အဘီဘလ်သအဟ် رضي الله عنه | အူဝိုင်းမ်ဗိန်တာအိဒဟ် رضي الله عنه |
| ၁၆ | အဘူမူရ်ဆိဒ် رضي الله عنه | အူဘာဒဟ်ဗိန်ဆွာမိသ် رضي الله عنه |
| ၁၇ | အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ် رضي الله عنه | အာဆွိမ့်ဗိန်တာဗိသ် رضي الله عنه |
| ၁၈ | အွသ်ဗဟ်ဗိန်ဂဇ်ဝါ:န် رضي الله عنه | အဘူဒူဂျာနဟ် رضي الله عنه |
| ၁၉ | အဘူစလမဟ်ဗိန်အဗ်ဒူလ်အစဒ် رضي الله عنه | စအဒ်ဗိန်ရူဗိုင်မဟ် رضي الله عنه |
| ၂၀ | အွတ်စ်မာ:န်ဗိန်မဇ်အူ:န် رضي الله عنه | အဘူလ်ဟိုင်ဗမ့် ဗိန်သီဟာ:န် رضي الله عنه |
| ၂၁ | အူဗိုင်ဒဟ်ဗိန်ဟာရိစ် رضي الله عنه | အူမိုင်းရ်ဗိန်ဟမ္မာ:မ် رضي الله عنه |
| ၂၂ | တူဖိုင်းလ်ဗိန်ဟာရိစ် رضي الله عنه | ဓွဖ်ယာ:န်ဗိန်နစရ်ခဇ်ရဂျီ رضي الله عنه |
| ၂၃ | ဆွဖ်ဝါ:န်ဗိန်ဘိုင်ဒွါ:အ် رضي الله عنه | ရာဖိအ်ဗိန်မူအလ္လာ رضي الله عنه |
| ၂၄ | မစ်က်ဒါ:ဒ်ဗိန်အမရ် رضي الله عنه | အဗ်ဒူလ္လာဟ်ဗိန်ရဝါဟာဟ် رضي الله عنه |
| ၂၅ | ဇူရှ်ရှိမာလိုင်းန် رضي الله عنه | ယဇီးဒ်ဗိန်ဟာရိစ် رضي الله عنه |
| ၂၆ | အရ်ကမ့်ဗိန်အဘီလ်အရ်ကမ် رضي الله عنه | တွလ်ဟာဟ်ဗိန်ဇိုင်းဒ် رضي الله عنه |

| စဉ် | မုဟာဂျိရ်များ | အန်ဆွာရ်များ |
|---|---|---|
| ၂၇ | ခိုင်းဒ်ဗိန်ခတ္တားဗ် ؓ | မအန်ဗိန်အဒီး ؓ |
| ၂၈ | အမရ်ဗိန်ရှုရာကဟ် ؓ | စအဒ်ဗိန်ရိုင်းဒ် ؓ |
| ၂၉ | အာကိလ်ဗိန်ဘုကိုင်းရ် ؓ | မုဘာရ်ရ်ရိဗိန်အဗ်ဒုလ်မွန်ဇိရ် ؓ |
| ၃၀ | ခုနိုင်းစ်ဗိန်ဟုဇာဖဟ် ؓ | မွန်ဇိရ်ဗိန်မိုဟာမ္မဒ် ؓ |
| ၃၁ | ရှုဘုရဟ်ဗိန်အဘ်ရှုဟာမ် ؓ | အုဘာဒဟ်ဗိန်ခရ်ခါးရ် ؓ |
| ၃၂ | မိစ်တွဟ်ဗိန်အစာစဟ် ؓ | ဇိုင်းဒ်ဗိန်မုဇိုင်ယန် ؓသခင်၊ |
| ၃၃ | အက္ကာရှဟ်ဗိန်မုဟ်ဆွိန် ؓ | မုဂျ်ဇိရ်ဗိန်ဒိမားရ် ؓ |
| ၃၄ | အာမိရ်ဗိန်ဖုဟိုင်ရဟ် ؓ | ဟာရိစ်ဗိန်ဆွိမ္မဟ် ؓ |
| ၃၅ | မဟ်ဂျဒ်မောင်လာအုမရ် ؓ | ရှုရာကဟ်အမရ်ဗိန်အတ္တိယဟ် ؓ |

တမန်တော်မြတ် ﷺ ပြုလုပ်ပေးတော်မူသော ဤ "မုဝါခါးသ်" ညီနောင်အချင်းချင်း ချစ်ကြည်ရေးကို အန်ဆွာရီဆွဟာဗဟ်များက စံပြအဖြစ် အကောင်အထည်ဖော်ဆောင်ခဲ့ကြပေသည်။

အန်ဆွာရီဆွဟာဗဟ်များသည် မိမိကို၏အိုးအိမ်၊ ရွှေ၊ ငွေ၊ ဥစ္စာပစ္စည်းနှင့် လယ်ယာကိုင်းကျွန်းများကို မိမိတို့၏ညီနောင်များဖြစ်ကြသော မုဟာဂျိရ်ဆွဟာဗဟ်များအား တစ်ဝက်စီပေးကမ်းလှူဒါန်းကြသည့်အပြင် အကြင်ပုဂ္ဂိုလ်များထံ၌ အိမ်ထောင်(၂)ဆက်ရှိသည်။ ၄င်းတို့သည် ထိုအိမ်ထောင်(၂)ဆက်ထဲမှ တစ်ဦးကို "တွလားက်" ပေး ကွာရှင်း၍ မိမိညီနောင် မုဟာဂျိရ်နှင့် နိကာဟ်ထိမ်းမြားမှု ပြုပေးခဲ့ပေသည်။

ဤ"မုဝါခါးသ်" ချစ်ကြည်ရေး၏အဆက်အသွယ်မှာ အလွန်တောင့်တင်းခိုင်မာခဲ့သောကြောင့် အွမ္မသ်တစ်ရပ်လုံးတွင် သူမတူသော စုစည်းမှုရှိခဲ့၍ အလ္လာဟ်အရှင်မြတ်သည် ထိုအချိန်မှ အွမ္မသ်ကို ကိစ္စတိုင်းတွင် အောင်မြင်မှုချီးမြှင့်တော်မူ၏။

*(ဗုခါရီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၃၇၄၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၇၀)*

## အစာန်အကြောင်း

တမန်တော်မြတ် ﷺ "မိအ်ရားဂျ်" မဖြစ်မီအချိန်ကာလအထိ အစ္စလာမ်သာသနာတွင် ဖဂျရ်နှင့်အဆွရ်နှစ်ချိန်၌ နမားဇ်ဝတ်ပြုရန်အတွက် "ဖရဇ်" မလုပ်မနေရတာဝန် ဖြစ်ခဲ့ပါသည်။

တစ်ဖန် "မိအ်ရားဂျ်" ည၌ နမားဇ်ငါးကြိမ် ဖရဇ်ဖြစ်ခဲ့ပါ သည်။ ဟီဂျ်ရာအချိန်အထိ မက္ကာမြို့၌ တမန်တော်မြတ် ﷺ နေထိုင်ခဲ့တော်မူသော နုဗူဝတ်၏အချိန်ကာလ (၁၃) နှစ်တိုင်တိုင် နမားဇ် ငါးကြိမ်စလုံးထဲ၌ မဂ်ရိဗ်အချိန်တစ်ချိန်မှလွဲပြီး ကျန်အချိန်များတွင် နမားဇ်နှစ်ရကဲအသ်ဝတ်ပြုရန်အတွက် ဖရဇ်တာဝန်ဖြစ်ခဲ့ပါသည်။

မဂ်ရိဗ်အချိန်တွင် ယခင်မှစ၍ပင် သုံးရကဲအသ် ရှိခဲ့ပါသည်။ ဟီဂျ်ရာပြီးနောက်တွင်လည်း မဂ်ရိဗ်အချိန်၌ အပြောင်းအလွဲမဖြစ်ခဲ့ပေ။ ကျန်အချိန်များတွင် နှစ်ရကဲအသ်အစား လေးရကဲအသ်ဝတ်ပြုရန်အတွက် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ အမိန့်တော်ကျရောက်လာပေသည်။

သို့သော် လမ်းခရီးများတွင်မူ လေးရကဲအသ်၏အချိန်များ၌ နှစ်ရကဲအသ်စီသာ ဝတ်ပြုရန်အတွက် အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ သည် မဒီနာမြို့သို့ ဟီဂျ်ရာပြု ကြွမြန်းလာတော်မူပြီးနောက် ဆွဟာဗဟ်များကို ဗလီဝတ်ကျောင်းတော်တွင် ဂျမာအသ်နှင့်စုပေါင်း၍ နမားဇ်ဝတ်ပြုရန်အတွက် သတိပေးချက်တစ်ရပ်ထားရှိရန် လိုအပ်လာလေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အချို့ပုဂ္ဂိုလ်များက ကလတက်ခေါက်ရန်လည်းကောင်း၊ အချို့က ဗုံတီးရန်လည်းကောင်း၊ အချို့က မြင့်သောနေရာတစ်ခုခုပေါ်တွင် မီးရှို့၍ အလင်းပြပြီး နမားဇ်ဝတ်ပြုမှုအတွက် သတိပေးချက်အဖြစ် အမျိုးမျိုးကိုတင်ပြကြပေသည်။

အထက်ပါသတိပေးချက်များသည် အီစာအီဘာသာ၊ ယဟူဒီဘာသာနှင့် မဂျူစီဘာသာများ၏ နိမိတ်လက္ခဏာများဖြစ်ကြ၍ တမန်တော်မြတ် ﷺ က ထိုသတိပေးချက်များထဲမှ မည်သည့်အချက်ကိုမျှလည်း လက်ခံတော်မူခြင်းမရှိခဲ့ပေ။

သို့ပါ၍ ဤကိစ္စကိုအပြီးသတ် ဆုံးဖြတ်နိုင်ခြင်းမရှိသေးပေ။ အကြံပေးသူများသည်လည်း မိမိတို့၏နေအိမ်များသို့ ပြန်ကြကုန်သည်။ ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ သဘောကို ကြည့်ရှုပြီး ဟဇ်ရတ်အဗ်ဒုလ္လာဟ်ဗိန်ဇိုင်းဒ် رضي الله عنه သခင်သည် အလွန်စိတ်မချမ်းမသာ ဖြစ်ခဲ့ပါသည်။ ဤအတောအတွင်းမှာပင် အဆိုပါ ဆွဟာဗီကြီးက အိပ်မက်မြင်မက်သည်မှာ–

အစိမ်းရောင်ဝတ်စုံ ဆင်မြန်းထားသော ပုဂ္ဂိုလ်တစ်ပါးသည် ကလတက်တစ်ခုကို ယူဆောင်သွားနေသည်။ ဆွဟာဗီသည် ၎င်းပုဂ္ဂိုလ်အား "ဤကလတက်ကို ရောင်းချမည်လော" ဟု မေးမြန်းရာ အစိမ်းရောင်ဝတ်စုံ ဆင်မြန်းထားသောပုဂ္ဂိုလ်က "အသင်သည် ဤကလတက်ကို အဘယ်သို့သောကိစ္စမျိုးတွင် အသုံးပြုပါမည်နည်း" ဟု ပြန်လည်မေးမြန်းလေ၏။

ထိုအခါ ဆွဟာဗီက "ကျွန်တော်သည် ဤကလတက်ကို တီးခေါက်ပြီး လူအများအား နမားဇ်ဝတ်ပြုရန်အတွက် လာရောက်စုရုံးကြရန်သတိပေးချက်အဖြစ် အသုံးပြုပါမည်"ဟု ဖြေကြားခဲ့ပေသည်။

ထိုအချိန်တွင် အစိမ်းရောင်ဝတ်စုံ ဆင်မြန်းထားသူက ကျွန်တော်သည် အသင့်ကို ဤထက်သာပိုကောင်းမွန်သော သတိပေးချက်အား သင်ပေးပါမည်ဟုဆိုကာ ဟဇ်ရတ်အဗ်ဒုလ္လာဟ်ဗိန်ဇိုင်းဒ် رضي الله عنه သခင်အား "အဇာန်"၏ စကားလုံးများကို သင်ကြားပေးခဲ့ပါသည်။ တစ်ဖန် "အိကာမသ်"၏ စကားလုံးများကိုလည်း သင်ကြားပေးခဲ့ပေသည်။

ဟာဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်ဇိုင်းဒ် ﷺ သခင်သည် နံနက်မိုးလင်းသောအခါ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် ခစား၍ မိမိအိပ်မက်အလုံးစုံတို့ကို လျှောက်တင်ခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် အထက်ပါအိပ်မက်အကြောင်းအရာများကို နားဆင်တော်မူပြီး အဆိုပါ အဇာန်နှင့် အိကာမသ်၏ စကားလုံးများမှာ မိအ်ရားဂျ်ညတွင် အတ်က်ဆွာ ဗလီဝတ်ကျောင်းတော်နှင့် မိုးကောင်းကင်ပေါ်၌ ကောင်းကင်တမန်ချုပ် ဟာဇ်ရသ်ဂျိဗ်ရီးလ် ﷺ က ရွတ်ဆိုခဲ့သော အဇာန်နှင့် အိကာမသ်၏ စာသားများနှင့် စကားလုံးများပင်ဖြစ်နေသည်ကို မှတ်မိသိရှိတော်မူလေ၏။

ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဇိုင်းဒ် ﷺ သခင်၏အိပ်မက်မှာ မှန်ကန်ကြောင်း ထောက်ခံတော်မူပြီး ယင်း အဇာန်၊ အိကာမသ်၏စာသားများနှင့် စကားလုံးများကို ဟာဇ်ရသ်ဗိလားလ် ﷺ သခင်အား သင်ကြားပေးရန်အတွက် အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဇိုင်းဒ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ အဇာန်နှင့် အိကာမသ်၏စကားလုံးများကို ဟာဇ်ရသ်ဗိလားလ် ﷺ သခင်အား သင်ကြားပေးခဲ့ပါသည်။

ဟာဇ်ရသ်ဗိလားလ် ﷺ သခင်၏အသံမှာ ကျယ်လောင်၍ အဇာန်အသံကို အများသိကြစေရန်အတွက် နမားဇ်အချိန်တိုင်း၌ အဇာန်ဆိုရန်အတွက် တမန်တော်မြတ် ﷺ က ဟာဇ်ရသ်ဗိလားလ် ﷺ သခင်အား တာဝန်ပေးအပ်တော်မူလေ၏။

နမားဇ်အချိန်တွင် ဟာဇ်ရသ်ဗိလားလ် ﷺ သခင်က အဇာန်ဆိုခဲ့သောအခါ ယင်းအသံကိုကြား၍ ဟာဇ်ရသ်အူမရ် ﷺ သခင်သည် ချက်ချင်းပင် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် ခစား၍ "ယားရစူးလလ္လားဟ်! ကိုယ်တော့်ကို "ဟတ်က်" အမှန်တရားနှင့်တကွ စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်သည် ဤအတိုင်းပင် အိပ်မက်မြင်မက်ခဲ့သည်" ဟူ၍ လျှောက်တင်ခဲ့ပါသည်။

တွဗ်ရာနီကျမ်း၏ ရိဝါယသ်တစ်ရပ်၌ ဟာဇ်ရသ်အဘူဘာကရ် ﷺ သခင်သည်လည်း ဤကဲ့သို့ပင် အိပ်မက်မြင်မက်ခဲ့သည်ဟူ၍ လာရှိပါသည်။

**ထိုအချိန်မှစ၍ အဇာန်သည် အစ္စလာမ်သာသနာ၏ အထူးနိမိတ်လက္ခဏာများတွင် တစ်ခုအပါအဝင်ဖြစ်လာခဲ့ပေသည်။**

*(ဗုခါရီကျမ်း၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၆၂၊*

*ခဆွာအိဆွေကုဗ်ရာကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၁၆၄၊ ၁၇၆)*

## မဒီနဟ်မြို့တွင် ယဟူဒီများနှင့် စာချုပ်ချုပ်ဆိုခြင်း

မဒီနဟ်မြို့တွင် နေထိုင်ကြကုန်သော လူမျိုးများမှ အများစုသည် "အောစ်"နှင့် "ခဇ်ရဂျ်" အမျိုးသားများ ဖြစ်ကြပေသည်။ ဤမြို့ထဲ၌ ယဟူဒီလူမျိုးများလည်း နေထိုင်ကြကုန်သည်။ မဒီနဟ်မြို့နှင့် ခိုင်ဗရ်တွင် ၎င်းတို့၏ စာသင်ကျောင်းများနှင့် ပညာရေးဌာနများရှိကြပေသည်။အထူးသဖြင့် ခိုင်ဗရ်၌ ယဟူဒီများ၏ နန်းတော်များ ရှိကြပေသည်။

ယဟူဒီများသည် ကျမ်းစာအုပ်များကို ရရှိခဲ့ကြသောကြောင့် အရပ်နယ်မြေထဲတွင် ယဟူဒီအမျိုးသားများသည် ပညာရေးအရ အခြားသော လူမျိုးများထက် အဆင့်အတန်း ပိုမိုမြင့်မားကြပေသည်။

ယဟူဒီအမျိုးသားများသည် မိမိတို့၏ ကျမ်းစာအုပ်များတွင် ပါရှိသော လက္ခဏာများဖြင့် နောက်ဆုံးတမန်တော်ကို မိမိတို့၏ သားသမီးများကဲ့သို့ သိရှိ ကြပေသည်။

သို့သော် နောက်ဆုံးတမန်တော်သည် ဗနီအိစ်ရာအီးလ် အမျိုးသားများထဲမှ မဖြစ်ခဲ့ဘဲ ဗနီအိစ်မာအီးလ် အရပ်အမျိုးအနွယ်ထဲမှ ဖြစ်ခဲ့သောကြောင့် ယဟူဒီများသည် ယင်းကိစ္စကို လုံးဝကျေချမ်းနိုင်ခြင်း မရှိကြပေ။

သို့ပါ၍ တမန်တော်မြတ် ﷺ က မက္ကဟ်မြို့တွင်ရှိတော်မူသော အချိန်ကာလ၌လည်း ၎င်းတို့သည် ကုရိုင်း၏အမျိုးသားများနှင့်တစ်ဆင့် တမန်တော်မြတ် ﷺ အပေါ် အမျိုးမျိုးသောစောဒကများ တက်ခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ က မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ဟီဂျ်ရဟ်ပြု ရွှေ့ပြောင်းလာသောအခါ ၎င်းတို့၏ပညာရေးမြင့်မားမှုမှာ မှေးမှိန်သွားခဲ့ပေသည်။

ယဟူဒီများထဲမှ အမှန်တရားကို နားလည်သဘောပေါက်သော သာသနာ့ပညာရှင်ကြီးများနှင့် ဘာသာသာသနာကို ကိုင်းရှိုင်းသော ပုဂ္ဂိုလ်ကြီးများမှာ အစ္စလာမ်သာသနာကို လက်ခံခဲ့ကြပေသည်။

သို့သော် အများစုသည် အစ္စလာမ်သာသနာကို လက်ခံခြင်း မရှိခဲ့သည့်အပြင် အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ် အစ္စလာမ် သာသနာဝင်များအပေါ် တစ်နေ့တခြားစီ ပြဿနာများတီထွင်ပြီး အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်များကို ရန်ရှာလာကြပေသည်။

ယဟူဒီတို့၏ရန်ရှာမှုများနှင့် ပြဿနာ များကို တားဆီးပိတ်ပင်ရန်အတွက် တမန်တော်မြတ် ﷺ သည် ယဟူဒီများနှင့် အောက်ပါအတိုင်း ကတိစာချုပ် ချုပ်ဆိုတော်မူ၏။

ဤကတိစာချုပ် ချုပ်ဆိုမှုတွင် ယဟူဒီများ၏ လွှမ်းမိုးအင်အား တောင့်တင်းခိုင်မာသော အုပ်စုများဖြစ်ကြသည့် ဗနီနဒီးရ်၊ "ဗနီကုရိုင်ဇဟ်"နှင့် "ဗနီကိုင်နူကာအ်" စသည့် အမျိုးအနွယ်အားလုံး ပါဝင်ကြပေသည်။

## ကတိစာချုပ်

အလွန်တရာသနားကြင်နာတော်မူသော မဟာကရုဏာတော်ရှင် အလ္လာဟ်အရှင်မြတ်၏ အမည်နာမတော်ဖြင့် အစပြုပါအံ့။

ဤသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မိုဟမ္မဒ်သခင် ﷺ ဘက်မှ မဒီနဟ်မြို့ရှိ မက္ကဟ်၊ မဒီနဟ်၏ မွတ်စ်လင်မ်များနှင့် ယဟူဒီများကြားတွင်ထားရှိရမည့် ကတိစာချုပ်ဖြစ်ပါသည်။

ဤကတိစာချုပ်အရ ယဟူဒီများသည် မွတ်စ်လင်မ်များ၏ လက်အောက်ခံအဖြစ်နေထိုင်၍ မွတ်စ်လင်မ်များနှင့် ယဟူဒီများသည် မိမိတို့၏ ဘာသာသာသနာများအပေါ်၌ ရပ်တည်ကြရပြီး နှစ်ဘက်စလုံး၏လူမျိုးများမှာ အောက်ပါစည်းကမ်းချက်များနှင့် အချက်အလက်များကို လိုက်နာကျင့်သုံးကြရန် လိုအပ်ပါသည်။

(၁) ငရဲ၊ ဒုစရိုက်၊ ရက်စက်မှု၊ မတရားမှုများနှင့် မကောင်းမှုများကို တားဆီးပိတ်ပင်ခြင်း ကိစ္စရပ်များ၌ မွတ်စ်လင်မ်များနှင့် ယဟူဒီများအားလုံးမှာ တန်းတူညီတူဖြစ်ကြပါသည်။ ဤကိစ္စများတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ဦးစားပေးခွင့်မရှိပါ။

(၂) ဤစာချုပ်အရ မွတ်စ်လင်မ်များ၏ လက်အောက်ခံအဖြစ် မဒီနဟ်မြို့နှင့် နယ်ပယ်များတွင်နေထိုင်ကြမည့် ယဟူဒီများ၏ အသက် အိုးအိမ်နှင့် ဥစ္စာပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်မှာ မွတ်စ်လင်မ်များ၏တာဝန်ဖြစ်ပါသည်။ မွတ်စ်လင်မ်များသည် ယဟူဒီများကို ရက်စက်စွာဒုက္ခပေးခြင်း သို့မဟုတ် ၄င်းတို့၏ရန်သူများကို ကူညီအားပေးခြင်း စသည့်အပြုအမူမျိုးများ မပြုလုပ်ရ။

(၃) ယဟူဒီများသည်လည်း အလားတူ မွတ်စ်လင်မ်များ၏ ရန်သူများကို အားပေးကူညီခြင်း၊ ဦးစားပေးခြင်းများ မပြုလုပ်ရ။

(၄) ရန်သူများသည် မဒီနဟ်မြို့ကို တိုက်ခိုက်လာပါက ယဟူဒီများသည် တမန်တော်မြတ် ﷺ ကို အားပေးကူညီရမည်။ အလားတူ ရင်ဆိုင်မှုများတွင်လည်း ယဟူဒီများသည် အသက်နှင့်တကွ ဥစ္စာပစ္စည်းများဖြင့် မွတ်စ်လင်မ်များဘက်သို့ ပါဝင်ရမည်။ မွတ်စ်လင်မ်များနှင့် ဆန့်ကျင်ဘက်ရန်သူများကို ကူညီအားပေးခွင့်မရှိပါ။

(၅) ယဟူဒီများအနေဖြင့် မည်သည့်ပြဿနာရှင်ကိုမှ မိမိတို့ထံတွင် ခိုလှုံတည်းခိုရန် နေရာပေးခွင့်မရှိပါ။

(၆) မွတ်စ်လင်မ်များသည် အကြင်လူမျိုးများနှင့် ပြေလည်မှုချစ်ကြည်ရေးစာချုပ်များ ချုပ်ဆိုကြမည်။ ထိုကိစ္စများတွင် မွတ်စ်လင်မ်များနှင့် အတူတကွ ယဟူဒီများလည်းပါဝင်ကြရန်အတွက် အရေးကြီးလိုအပ်ပေသည်။

(၇) မွတ်စ်လင်မ်များ၏ ရန်သူဖြစ်သော မက္ကာဟ်မြို့ရှိ ကူရိုင်းရှ်အမျိုးသားများကို ယဟူဒီများအနေဖြင့် မည်သည့်နည်းဖြင့်မဆို ခိုလှုံမှုပေးခြင်းနှင့် ကူညီအားပေးခွင့် မရှိပါ။

(၈) ခိုလှုံမှုပေးခြင်းကိစ္စရပ်များတွင် မွတ်စ်လင်မ်များထဲမှ အကြီးအငယ်အားလုံးအတွက် အခွင့်အရေးမှာ တန်းတူညီတူဖြစ်ပါသည်။ ဆိုလိုသည်မှာ မွတ်စ်လင်မ်အကြီးအကဲတစ်ဦးဘက်မှ ခိုလှုံမှုပေးခြင်းမှာ တရားဝင်သည့်အတိုင်း အဆင့်အတန်းနိမ့်သော မွတ်စ်လင်မ်တစ်ဦးဘက်မှ ခိုလှုံမှုပေးခြင်းသည်လည်း တရားဝင်ပါသည်။

(၉) ဤကတိစာချုပ်တွင်ပါဝင်ကြသော ယဟူဒီအမျိုးသားများထဲမှ မည်သည့်အမျိုးအနွယ်အုပ်စုအတွက်မျှလည်း တမန်တော်မြတ် ﷺ ထံမှ ခွင့်ပြုချက်မရှိဘဲ မိမိတို့၏ဆန္ဒအလျောက် ခွဲထွက်ခွင့်မရှိပါ။

(၁၀) ဤကတိစာချုပ်ကို ချုပ်ဆိုကြသော အုပ်စုများတွင် ပြဿနာ တစ်စုံတစ်ရာသော်လည်းကောင်း (သို့မဟုတ်) မပြေလည်မှုတစ်စုံတစ်ရာသော်လည်းကောင်း ပေါ်ပေါက်လာခဲ့ပါက ထိုအခြေအနေမျိုးများတွင် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်နှင့် တမန်တော်မြတ် ﷺ ၏ ဆုံးဖြတ်ချက်သည်ပင် အတည်ဖြစ်ရမည်။

* * * * * * * * * * *

ယဟူဒီများသည် အထက်ပါအချက်အလက်များနှင့်တကွ ကျေနပ်စွာ စာချုပ်ချုပ်ဆိုခဲ့ကြပြီးနောက် တဖြည်းဖြည်းနှင့် ဖောက်ပြန်လာခဲ့ကြပေသည်။

၄င်းတို့သည် အဆိုပါကတိစာချုပ်ကို ဆန့်ကျင်ဖောက်ဖျက်ခဲ့သည့်အတွက်ကြောင့် ပြင်းပြင်းထန်ထန်အရေးယူခြင်း ခံခဲ့ကြရလေ၏။ အင်န်ရှာအလ္လာဟ် ဤအကြောင်းကို ဆက်လက်ရေးသားတင်ပြမည်ဖြစ်ပါသည်။

*(အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၁၇၈၊*

*အလ်ဘိဒါးယဲသုဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၂၄)*

## ဟိဂျ်ရီ(၁)ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့်အချို့သောအကြောင်းအရာများ

(၁) တမန်တော်မြတ် ﷺ သည် "ကူဗာ"သို့ ရောက်ရှိလာတော်မူစဉ်က တည်းခိုတော်မူခဲ့သော အိမ်ပိုင်ရှင်ဖြစ်သူ ဟဇ်ရသ်ကူလ်ဆူမ် ဗိန်ဟဒမ် ؓ သခင်မှာ ဝဖားသ်ပြု အလ္လာဟ့်အမိန့်ခံယူသွားခဲ့လေ၏။

(၂) တမန်တော်မြတ် ﷺ က မတ်စ်ဂျိဒေနဗဝီ ဗလီဝတ်ကျောင်းတော်ကို တည်ဆောက်ခဲ့တော်မူပြီး များမကြာမီအချိန်ကာလတွင် ဟဇ်ရသ်အတ်စ်အဒ်ဗိန်ဇူရာရဟ် ؓ သခင်မှာ ဝဖားသ်ပြု အလ္လာဟ့်အမိန့်ခံယူသွားခဲ့ရာသည်။

(၃) မက္ကာဟ်မြို့ရှိ မွရှ်ရစ်က်တို့၏ ခေါင်းဆောင်များဖြစ်ကြသော ဝလီးဒ်ဗိန်မူဂီရဟ်နှင့် အားဆွ်ဗိန်ဝါအိလ်တို့ ကွယ်လွန်သွားကြပေသည်။ အားဆွ်ဗိန်ဝါအိလ်သည် အစ္စလာမ်သာသနာတွင် ဒုတိယခလီဖဟ် သမ္မတကြီးဖြစ်သော အမီရူလ်မုအ်မိနီးန်ဖာရူးကေအအ်ဇွမ်၊ ဟဇ်ရသ်အူမရ်ဗိန်ခတ္တားဗ် ؓ သခင်၏ အုပ်ချုပ်ရေးအချိန်ကာလတွင် အီဂျစ်နိုင်ငံကိုအောင်နိုင်ခဲ့သူ နာမည်ကျော်ကြားသည့် ဆွဟာဗီကြီး ဟဇ်ရသ်အမရ်ဗိန်အားဆွ် ؓ သခင်၏ ဖခင်ဖြစ်ပါသည်။

(၄) မဒီနဟ်မြို့တွင် "ဗီအ်ရေရူမဟ်" မည်သောရေတွင်း တစ်တွင်းမှအပ အခြားသောရေတွင်းထဲရှိ ရေများမှာ ဆားငန်ရေများ

ဖြစ်ကြပါသည်။ "ဗီအ်ရေရူမဟ်" မည်သောရေတွင်းမှရေမှာ ရေချိုဖြစ်ပါသည်။ ထိုရေတွင်း၏ပိုင်ရှင်မှာ ယဟူဒီတစ်ဦးဖြစ်သည်။ ၎င်းသည် မိမိရေတွင်းမှရေကို အခကြေးငွေမယူဘဲ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ပေးဆောင်ခြင်းမရှိခဲ့ပေ။

မွတ်စ်လင်မ်များက မက္ကဟ်မြို့မှ ဟီဂျ်ရဟ်ပြု၍ မဒီနဟ်မြို့သို့ ရွှေ့ပြောင်းလာကြသောအခါ ရေအတွက် အခက်အခဲဖြစ်ခဲ့ပါသည်။ ဟာဇ်ရဟ်အွတ်စ်မားန် ﷺ သခင်ကြီးသည် အဆိုပါရေတွင်းကို ထိုယဟူဒီထံမှ ဝယ်ယူပြီး မွတ်စ်လင်မ်များအတွက် လှူဒါန်းခဲ့ပါသည်။

(၅) တမန်တော်မြတ် ﷺ ၏ ပထမဆုံးဇနီးကြင်ယာတော်ဖြစ်သူ ဟာဇ်ရဟ်ခဒီဂျဟ် ﷺ သခင်မ ဝဖားသ်ပြု အလ္လာဟ့်အမိန့်တော်ခံယူသွားပြီးနောက် တမန်တော်မြတ် ﷺ သည် ဟာဇ်ရဟ်အဘူဘကရ် ﷺ သခင်၏ သမီးငယ်ဖြစ်သူ ဟာဇ်ရဟ်ဘီဘီ အာအိရှဟ် ﷺ သခင်မနှင့် နိကာဟ်ပြုတော်မူသည်။ ထိုအချိန်တွင် အာအိရှဟ် ﷺ သခင်မ၏သက်တော်မှာ အဆိုတစ်ရပ်အရ (၆) နှစ်၊ နောက်အဆိုတစ်ရပ်အရ (၇)နှစ်ဖြစ်ပါသည်။

ဟီဂျ်ရီ (၁) ခုနှစ်တွင် (၈) လကြာမြင့်ပြီးနောက် ဟာဇ်ရဟ်အဘူဘကရ် ﷺ သခင်၏အစီအစဉ်ဖြင့် ဟာဇ်ရဟ်အာအိရှဟ် ﷺ သခင်မသည် သက်တော်(၉)နှစ်အရွယ်၌ မက္ကဟ်မြို့မှ မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာခဲ့ပေသည်။

*(ကန်ဇုလ်အုမ္မာလ်ကျမ်း၊*

*သာဂီးခေတ္တဗ်ဂီကျမ်း၊ အတွဲ-၂၊ စာမျက် နှာ-၃၇၂)*

☆☆☆☆☆

## ကအ်ဗဟ်ကို ကိဗ်လဟ်သတ်မှတ်ခြင်း

တမန်တော်မြတ် ﷺ သည် မက္ကဟ်မြို့မှ ဟီဂျ်ရသ်ပြု၍ မဒီနဟ်မြို့သို့ ရွှေ့ပြောင်းလာတော်မူပြီး အဆိုတစ်ရပ်အရ (၁၆)လအထိ၊ နောက်အဆိုတစ်ရပ်အရ (၁၇)လအထိ "ဗိုင်သုလ်မုကဒ်ဒတ်စ်" ဘက်သို့ မျက်နှာမူ၍ နမားဇ်ဝတ်ပြုတော်မူခဲ့သည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် တမန်တော် အီဗ်ရာဟီးမ် عليه السلام တည်ဆောက်တော်မူခဲ့သော ကအ်ဗဟ်ကျောင်းတော်မှာ မိမိတို့အတွက် "ကိဗ်လဟ်" ဖြစ်စေလိုသည့်စိတ်ဆန္ဒ ကိန်းအောင်းခဲ့လေ၏။

ထိုကိစ္စနှင့်စပ်လျဉ်း၍ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်ထံမှ အမိန့်ဆုံးဖြတ်ချက်ကို စောင့်မျှော်လျက်ရှိတော်မူ၏။ သို့ပါသောကြောင့် တမန်တော်မြတ် ﷺ သည် မကြာခဏ မိမိမျက်နှာတော်ကို မိုးကောင်းကင်ဘက်သို့ မော့၍ကြည့်ရှုလျက် ရှိတော်မူ၏။ တမန်တော်မြတ် ﷺ က မိုးကောင်းကင်ဘက်သို့ မျက်နှာမော့ကြည့်ခြင်း၏သဘောမှာ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ "ဝဟီ"ကို စောင့်မျှော်ခြင်းပင်ဖြစ်ပါသည်။

ဟီဂျ်ရီ (၂) ခုနှစ်၊ ရအ်ဗာန်လ (၁၅)ရက် နေ့ ဇုဟ်ရ်အချိန်တွင် "ကဘီလဟ်ဗနီစာလိမ်" အမျိုးအနွယ်တို့၏ ရပ်ကွက်ဗလီ၌ တမန်တော်မြတ် ﷺ သည် ဇုဟ်ရ်ဖရ်ဇ်၏ ဒုတိယရတ်ကအသ် ဝတ်ပြုပြီးသောအခါ "ကိဗ်လဟ်"ပြောင်းရန်အတွက် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ

"ဖဝလ္လိ ဝဂျ်ဟကက ရှတ္တရလ် မတ်စ်ဂျိဒ်လ်ဟရားမ်"

**ဆိုလိုသည်မှာ** "အို...မိုဟမ္မဒ်! အသင်သည် မတ်စ်ဂျိဒေဟရားမ်ကအ်ဗဟ်ကျောင်းတော်ဘက်သို့ မျက်နှာမူအံ့" ဟူ၍ ဝဟီဗျာဒိတ်တော် ကျရောက်လာပေသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် နမားဇ်အတွင်း

၌ ချက်ချင်းပင် ကအ်ဗဟ်ဘက်သို့ လှည့်ပြီး ကျန် ဖရဇ်နှစ်ရတ်က်အသ်ကို မတ်စ်ဂျိဒေဟရား်မ် ကအ်ဗဟ်ကျောင်းတော်ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုတော်မူ၏။

သို့ပါ၍ ထိုနေ့မှစပြီး အဆိုပါ ဗလီဝတ်ကျောင်းတော်မှာ အစ္စလာမ့်သမိုင်းတွင် **"မတ်စ်ဂျိဒေကီဗ်လသိုင်းန်"** ဟူသောအမည်ဖြင့် ထင်ရှားကျော်စောခဲ့ပေသည်။

အဆိုပါ ကီဗ်လဟ်ပြောင်းခြင်းကိစ္စတွင်လည်း ယဟူဒီများသည် မကျေမချမ်းဖြစ်ကာ အမျိုးမျိုးသောစောဒကများ တက်ခဲ့ကြလေ၏။

ကီဗ်လဟ်ပြောင်းခြင်းအမိန့်အကြောင်းသည် ကျမ်းမြတ်ကူရ်အာန်၌ ဒုတိယဂျုဇ်၏အစတွင် လာရှိပါသည်။ ပညာရှင်များသည် "သဖ်စီရ်" ကျမ်းစာအုပ်များတွင် ယင်းအကြောင်းကို အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ပါသည်။

## ဟီဂျ်ရီ (၂) ခုနှစ်တွင်ကျရောက်လာသော အချို့ပညတ်ချက်များ

(၁) ဟီဂျ်ရီ (၂) ခုနှစ်၊ ရှအ်ဗာန်လ (၁၅) ရက်နေ့၌ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ ကီဗ်လဟ်ပြောင်းရန် အမိန့်တော်ကျရောက်လာပြီးနောက် အဆိုပါလထဲ၌ပင် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်များ ဖရဇ်ဖြစ်ကြောင်းနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ ဝဟီဖြင့် အမိန့်တော်ကျရောက်လာခဲ့ပါသည်။

အလ္လာဟ်အရှင်မြတ်၏ ဤအမိန့်တော်သည် ကျမ်းမြတ်ကူရ်အာန်ထဲတွင် "စူရဟ်ဗကရဟ်" ၏ အာယသ်တော်နံပါတ် (၁၈၅) ၌လာရှိပေသည်။

အစ္စလာမ်သာသနာတွင် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်များ ဖရဇ်မဖြစ်မီအချိန်ကာလအထိ "အာရှူရာ" မုဟာရ်ရမ်လ၏ (၁၀)ရက်နေ့

တွင် ရိုဇဟ်ဥပုသ်စောင့်ထိန်းရန် အမိန့်ရှိခဲ့ပါသည်။ ရမဇာန်လမြတ်၏ ရိုဇဟ်ဥပုသ်များ ဖရ်ဇ်ဖြစ်ပြီးနောက် တမန်တော်မြတ် ﷺ သည် အာရှူရာနေ့နှင့်ပတ်သက်သော ထိုအမိန့်ကို ရုပ်သိမ်းတော်မူ၏။

*(ဗုခါရီကျမ်း၊ သုဟာဝီကျမ်း၊ ဖသ်ဟူလ်ဘာရီကျမ်း)*

(၂) ဟီဂျ်ရီ (၂) ခုနှစ်၊ ရှအ်ဗာန်လတွင် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်များ ဖရ်ဇ်ဖြစ်ပြီးနောက် အဆိုပါ ခုနှစ်၌ပင် ရမဇာန်လမြတ် မကုန်မီ (၂)ရက်အလျင် "ဖိတ္တ်ရဟ်" နှင့် "အီဒူလ်ဖိတ္တ်ရ်" ဝါကျွတ်အီးဒ်နမားဇ်များ၏အမိန့်တော်များ ကျရောက်လာလေသည်။

*(အဟ်ကားမူလ်ကျုရ်အာန်၊ (လိုလ်ဂျဆ်ခွားဆ်) အတွဲ-၃၊ စာမျက်နှာ-၄၇၃)*

(၃) အစ္စလာမ်သာသနာတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော ဇကားသ်၊ ဖရ်ဇ်ဖြစ်ခြင်းအမိန့်အချိန်ကာလနှင့် စပ်လျဉ်းပြီး ပညာရှင်များ၏အဆိုတွင် ကွဲလွဲမှုများရှိပါသည်။

အဆိုတစ်ရပ်အရ ဇကားသ်သည် ဟီဂျ်ရသ်၏နောက်ပိုင်းတွင် တစ်ဆက်တည်း ဖရ်ဇ်ဖြစ်ခဲ့ကြောင်း၊ နောက်အဆိုတစ်ရပ်အရ ဟီဂျ်ရီ (၁) ခုနှစ်တွင် ဇကားသ်ဖရ်ဇ်ဖြစ်ခဲ့ကြောင်း၊ နောက်အဆိုတစ်ရပ်အရ ဟီဂျ်ရီ (၂) ခုနှစ်တွင် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်များ ဖရ်ဇ်ဖြစ်ခဲ့ပြီးနောက် ဇကားသ်ဖရ်ဇ်ဖြစ်ခဲ့ကြောင်း စသည့်အဆိုအသီးသီး လာရှိပေသည်။

(၄) ဟီဂျ်ရီ (၂) ခုနှစ်ထဲ၌ပင် အီဒူလ်အသ္ဟာနေ့တွင် အီးဒ်နမားဇ်ဝတ်ပြုရန်နှင့် ကုရ်ဘာနီပြုလုပ်ရန်အတွက် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ အမိန့်တော်ကျရောက်လာခဲ့ပေသည်။

*(အဟ်ကားမူလ်ကျုရ်အာန်၊ အတွဲ-၃၊ စာမျက်နှာ-၄၇၅)*

(၅) ဟီဂျ်ရီ (၂) ခုနှစ်ထဲ၌ပင် တမန်တော်မြတ် ﷺ ပေါ်သို့ ဒရူးဒ်၊ ဆွလားသ်နှင့် စလာမ်မေတ္တာပို့သရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ အမိန့်တော်ကျရောက်လာခဲ့ပေသည်။

*(ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၈၊ စာမျက်နှာ-၄၇၇)*

## ဆွဖ္ဖဟ်

ဟိဂျ်ရီ (၂) ခုနှစ်တွင် ကိဗ်လဟ်ပြောင်းရန် အမိန့်တော်ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ သည် မတ်စ်ဂျိဒေနဗဝီတွင် ယခင် ဗိုင်သူလ်မူကဒ်ဒတ်စ်ဘက်သို့ရှိခဲ့သော ကိဗ်လဟ်ကိုပြောင်းလဲ၍ ကအ်ဗဟ်ကျောင်းတော်ဘက်သို့ ပြုလုပ်တော်မူသည်။

အစပထမတွင် မတ်စ်ဂျိဒေနဗဝီကို တည်ဆောက်ခဲ့သောအခါ ထိုနေရာတွင် တံခါးပေါက်တစ်ခုရှိခဲ့ပါသည်။ ကိဗ်လဟ်မျက်နှာမူရာ အရပ်ကို ပြောင်းလိုက်သောကြောင့် ၎င်းတံခါးပေါက်ကို ပိတ်ပင်လိုက်ပြီး တမန်တော်မြတ် ﷺ သည် ဆင်းရဲနွမ်းပါးသောဆွဟာဗဟ်များ တည်းခိုနေထိုင်ကြရန်အတွက် ဤနေရာကို သတ်မှတ်ပေးတော်မူ၏။

အရဗီဝေါဟာရတွင် တိုက်ကတုံး၊ ကွပ်ပျစ်လေးကို "ဆွဖ္ဖဟ်" ဟုခေါ်ဆိုကြပါသည်။ သို့ပါ၍ အဆိုပါနေရာ၏အမည်မှာ "ဆွဖ္ဖဟ်"ဟု ခေါ်တွင်ခဲ့ကြပေသည်။

ဤနေရာတွင် လာရောက်တည်းခိုကြကုန်သော ပုဂ္ဂိုလ်များကို "အဆ်ွဟာဗေဆွဖ္ဖဟ်"ဟု ခေါ်ဆိုကြပါသည်။ အဆ်ွဟာဗေဆွဖ္ဖဟ်သည် ဒွန်ယာ၏အရာဝတ္ထုများကို လောဘမရှိ၍ ရောင်းဝယ်ဖောက်ကားမှုများ၊ လယ်ယာကိုင်းကျွန်း မိုက်ပျိုးရေးကိစ္စများနှင့်တကွ ဒွန်ယာ၏ အခြားသောကိစ္စအဝဝမှ ဝေးကွာစွာနေထိုင်ကြပြီး "ဖစ်က်ရေအာခိရသ်" နောင်တမလွန်၏သောကများ ပိုက်ထွေး၍ "သဝပ်ကူလ်" အလ္လာဟ်အရှင်မြတ်ကိုသာလျှင် အားကိုးအားထားပြီး မကြာမီကုန်ဆုံးသွားမည့် ဤဒွန်ယာလောက၏အချိန်များကို ကျော်ဖြတ်၍ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးသို့ အလျှင်မြန်ဆုံးရောက်စေလိုသော အုပ်စုဖြစ်ပါသည်။

ဤပုဂ္ဂိုလ်များ၏ အဓိကရည်ရွယ်ချက်များမှာ တမန်တော်မြတ် ﷺ ၏ မျက်နှာတော်ကိုဖူးမြော်ပြီး မိမိတို့၏ အတွင်းရှင်သန်မှုရရှိရေးနှင့် တမန်တော်မြတ် ﷺ ၏ သြဝါဒတော်များကို နာယူ၍ သာသနာ့ပညာ

များကို ဆည်းပူးသင်ယူ ကျင့်သုံးကြပြီး မိမိတို့၏အတွင်းများကို ပြုပြင် သန့်ရှင်းစေခြင်းများသာ ဖြစ်ကြပေသည်။

"ဆွဖ္ဖဟ်" သည် တမန်တော်မြတ် ﷺ ၏ကျောင်းနှင့် "ခါန်ကာဟ်" ကဲ့သို့ဖြစ်ပြီး အစ္စလာမ်သာသနာတွင် "သအ်လီမ်" နှင့် "သဇ်ကီယဟ်"များ၏ ပထမဆုံးဌာနချုပ်ဖြစ်ခဲ့ပါသည်။

"မတ်စ်ဂျိဒ်နဗဝီ" တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော်၌ တိုင်နှစ်ခုတွင် ကြိုးတစ်ချောင်းကို ချည်နှောင်ထားပါသည်။ ခြံပိုင်ရှင်ဖြစ်သော အန်ဆွာရ်များသည် မိမိတို့၏ခြံထွက် သစ်သီးဝလံ အကိုင်းများကို ယူဆောင်လာကြပြီး အဆ်ဟာဗေဆွဖ္ဖဟ်တို့အတွက် အဆိုပါကြိုးမှာ ချိတ်ဆွဲထားကြ၏။ အဆ်ဟာဗေဆွဖ္ဖဟ်တို့သည် ထို အကိုင်းများမှ သစ်သီးဝလံများကို တုတ်ဖြင့်ခြွေ၍ စားသောက်ကြပေသည်။ ဟာဇ်ရသ်မအားဇ်ဗိန်ဂျဗလ် ﷺ သခင်သည် ဤကိစ္စ၏ ကြီးကြပ်ရေးမှူး တာဝန်ခံဖြစ်ပါသည်။

တမန်တော်မြတ် ﷺ သည် ခြံပိုင်ရှင်များအား မိမိတို့၏ ခြံထွက်သစ်သီးဝလံများထဲမှ အကိုင်းတစ်ကိုင်းစီကို အဆ်ဟာဗေဆွဖ္ဖဟ်တို့အတွက် လှူဒါန်းကြရန် အမိန့်ရှိတော်မူ၍ ခြံရှင်တိုင်းသည် မိမိတို့၏ ခြံထွက်သစ်သီးဝလံများကို အဆိုပါနေရာတွင် လာရောက်ချိတ်ဆွဲထားကြ၏။

တစ်နေ့သောအခါ မကောင်းသောအကိုင်းတစ်ကိုင်းကို တွေ့မြင်တော်မူပြီး တမန်တော်မြတ် ﷺ က "ဤအသီးရှင်သည် မကောင်းသော အကိုင်းအစား အကောင်းပေးလိုကလည်း ပေးနိုင်ပါသည်" ဟု အမိန့်ရှိတော်မူ၏။

☆☆☆☆☆

## အဆ္ဟာဗေဆုဖ္ဖဟ်၏ အခြေအနေ

ဟဇ်ရသ်အဘူဟူရိုင်ရဟ် ﷺ သခင်ကြီးက အမိန့်ရှိခဲ့သည်မှာ ကျွန်တော်သည် အဆ္ဟာဗေဆုဖ္ဖဟ်ထဲမှ ပုဂ္ဂိုလ် (၇၀) ကို တွေ့မြင်ခဲ့ပါသည်။ ၎င်းတို့ထဲတွင် ဝတ်ဆင်ဖွယ်ရာ အဝတ်အထည်မှာ စုံလင်စွာမရှိခဲ့ပေ။ အချို့ပုဂ္ဂိုလ်များထံ၌ စောင်တစ်ထည်မှအပ အခြား ဝတ်ဆင်ဖွယ်ရာ တစ်စုံတစ်ရာမရှိသောကြောင့် ၎င်းတို့သည် မိမိတို့၏ စောင်များကို လည်ပင်းမှာချည်နှောင်၍ အင်္ကျီနှင့်လုံချည်အဖြစ် သုံးဆောင်ကြပါသည်။

အချို့ပုဂ္ဂိုလ်တို့၏စောင်များမှာ ခြေမျက်စိအထိရှိပြီး အချို့တို့၏စောင်မှာ ခြေသလုံးအထိသာရှိခဲ့ပါသည်။ အတွင်း၌ဝတ်ဆင်ရန် လုံချည်များမရှိကြ၍ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ယင်းစောင်အတိုများကို အရှေ့ဘက်မှ လက်ဖြင့်ကိုင်တွယ်၍ ထိန်းထားကြရပေသည်။ အချို့ပုဂ္ဂိုလ်များထံတွင်မူ လုံချည်မှအပ အခြားဝတ်ဆင်ဖွယ်ရာပိတ်စများ မရှိခဲ့ပေ။

ဟဇ်ရသ်ဝါစီလဟ်ဗိန်အတ်စ်ကအ် ﷺ သခင်ကြီးက အမိန့်ရှိခဲ့သည်မှာ

"ကျွန်တော်သည်လည်း အဆ္ဟာဗေဆုဖ္ဖဟ်၏အုပ်စုတွင် ပါဝင်ပါသည်။ ကျွန်တော်တို့ထဲ၌ မည်သူတစ်ဦးတစ်ယောက်ထံတွင်မှ လည်း ဝတ်ဆင်ဖွယ်ရာအဝတ်အစား ပြည့်စုံစွာမရှိခဲ့ပေ။ သို့ပါ၍ ချွေးများကြောင့် အဝတ်အထည်များမှာ ညစ်ထေးလျက်ရှိကြပေသည်။"

ဟဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗိန်အဘီဘကရ် ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

"အဆ္ဟာဗေဆုဖ္ဖဟ်တို့သည် ဆင်းရဲနွမ်းပါးကြ၏။ တမန်တော်မြတ် ﷺ သည် ၎င်းတို့အား ကျွေးမွေးပေးကမ်းရန်အတွက် အခြားသော ဆွဟာဗဟ်များကို တစ်ဦးစီ၊ နှစ်ဦးစီ ခွဲသည်ဖြင့် တာဝန်ပေးလေ့

ရှိသည်။ သို့ပါ၍ ဆွဟာဗဟ်များသည် အခြေအနေအရ အဆွ်ဟားဗေ ဆွဖ္ဖဟ်ထဲမှ အနည်းဆုံး တစ်ယောက်စီကို မိမိနှင့်အတူကျွေးမွေးရန် အတွက် ခေါ်ဆောင်သွားလေ့ရှိခဲ့ကြပေသည်။

ဟဇ်ရသ်မိုဟမ္မဒ်ဗိန်စီရီးန် ﴿رحمة الله عليه﴾ သခင်က အမိန့်ရှိ ခဲ့သည်မှာ

တမန်တော်မြတ် ﷺ သည် မိုးချုပ်သောအခါ အဆွ်ဟားဗေ ဆွဖ္ဖဟ်ထဲမှ ပုဂ္ဂိုလ်များကို ဆွဟာဗဟ်များအား ခေါ်ဆောင်သွားစေတော် မူသည်။ ဆွဟာဗဟ်များသည် ၄င်းတို့အား မိမိတို့နှင့်အတူ တစ်ဦးစီ၊ နှစ်ဦးစီ စသည်ဖြင့် ခေါ်ဆောင်သွားကြလေ့ရှိသည်။ ဟဇ်ရသ်စအဒ်ဗိန် အူဘာဒဟ် ﷺ သခင်သည်မိမိနှင့်အတူ ကျွေးမွေးရန်အတွက် အဆွ်ဟား ဗေဆွဖ္ဖဟ်ထဲမှ ပုဂ္ဂိုလ်ပေါင်း (၈၀) အထိ ခေါ်ဆောင်သွားလေ့ရှိသည်။

ဟဇ်ရသ်အဘူဟူရိုင်ရဟ် ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

ကျွန်တော်သည်လည်း အဆွ်ဟားဗေဆွဖ္ဖဟ်ထဲမှာ ပါဝင်ပါ သည်။ မိုးချုပ်သောအခါ ကျွန်တော်တို့သည် တမန်တော်မြတ် ﷺ ထံသို့ ရောက်ရှိကြလေ့ရှိသည်။ တမန်တော်မြတ် ﷺ သည် ကျွန်တော်တို့အား ကျွေးမွေးရန်အတွက် ကြွယ်ဝချမ်းသာသောပုဂ္ဂိုလ်များကို တာဝန်ပေး ပြီးနောက် ကျန်ရှိသည့်ပုဂ္ဂိုလ်များအား မိမိနှင့်အတူ ကျွေးမွေးတော်မူ၏။ ကျွန်တော်တို့သည် စားသောက်ခြင်းအမှုကိုပြုပြီးနောက် ညအချိန်၌ "မတ်စ်ဂျိဒေနဗဝီ" တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော်၌ တည်းခိုလေ့ရှိကြကုန်သည်။

ဟဇ်ရသ်အဘူဟူရိုင်ရဟ် ﷺ သခင်က အမိန့်ရှိခဲ့ပြန်သည်မှာ

အလ္လာဟ်အရှင်မြတ်၏ကစမ်! ကျွန်တော်သည် အကြိမ်ပေါင်း များစွာ အစာဆာလောင်မှုကြောင့် အအေးဒဏ်ဖြင့် အစာဆာလောင်မှု၏ အပူဒဏ်ကို ပေါ့ပါးစေရန်အတွက် မိမိရင်ဘတ်နှင့်ဝမ်းဗိုက်ကို မြေကြီးနှင့် ကပ်ထားခဲ့ရပေသည်။ ထို့ပြင် မိမိခါးကိုဆန့်နိုင်ရန်အတွက် ဗိုက်ပေါ်၌ ကျောက်ခဲများကို ချည်နှောင်ထားခဲ့ရပါသည်။

သခင်ကြီးက ထပ်မံ၍ အမိန့်ရှိပြန်သည်မှာ

တစ်နေ့သ၌ ကျွန်တော်သည် အစာဆာလောင်မှုကြောင့် လမ်းထိပ်တွင် သွားရောက်ထိုင်နေခဲ့ပါသည်။ ထိုအချိန်တွင် ဟဇရတ်အဗူဗကရ် ﷺ သခင်မှာ ဤနေရာသို့ ရောက်ရှိလာခဲ့ပါသည်။ ကျွန်တော်သည် ၎င်းအား ကုရ်အာန်အာယတ်တော်တစ်ပိုဒ်၏ အတွင်းသဘောတရားများကို မေးမြန်းခဲ့ပါသည်။

ထိုသို့မေးမြန်းရခြင်း၏ရည်ရွယ်ချက်မှာ ကျွန်တော်သည် အစာဆာလောင်မွတ်သိပ်နေသည်ဖြစ်၍ ကျွန်တော့်မျက်နှာ၏အရိပ်အကဲကို ကြည့်ရှုပြီး ဟဇရတ်အဗူဗကရ် ﷺ သခင်သည် ကျွန်တော့်ကို အစားအစာ ကျွေးမွေးရန်အတွက် မိမိနှင့်အတူ ခေါ်ဆောင်သွားရန်သာ ဖြစ်ပါသည်။

သို့သော် အဗူဗကရ် ﷺ သခင်သည် ကျွန်တော်၏ ထိုအခက်အခဲကို ရိပ်မိသိရှိခြင်းမရှိခဲ့သောကြောင့် ကျွန်တော့်ကို မိမိနှင့်အတူ ခေါ်ဆောင်သွားခြင်းမရှိခဲ့ပေ။

ဟဇရတ်အဗူဗကရ် ﷺ သခင် ထွက်ခွာသွားပြီးနောက် ဤနေရာသို့ ဟဇရတ်အူမရ် ﷺ သခင် ရောက်ရှိလာခဲ့ပါသည်။ ဟဇရတ်အူမရ် ﷺ သခင်သည်လည်း အလားတူ ထွက်ခွာသွားခဲ့ပါသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဤနေရာသို့ ကြွမြန်းရောက်ရှိလာခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် ကျွန်တော့်မျက်နှာကို ရှုစားပြီး အခြေအနေအရပ်ရပ်ကို နားလည်စာနာစွာဖြင့် "အို ... အဗူဟူရိုင်ရဟ်! ငါနှင့်အတူလိုက်ခဲ့ပါ" ဟူ၍ အမိန့်ရှိလေ၏။

ကျွန်တော်သည် တမန်တော်မြတ် ﷺ နှင့်အတူ လိုက်ပါသွားခဲ့ပါသည်။ တမန်တော်မြတ် ﷺ ၏နေအိမ်သို့ ရောက်ရှိလာသောအခါ တမန်တော်မြတ် ﷺ အတွက် ပုဂ္ဂိုလ်တစ်ဦးက နို့တစ်ခွက် ဟဒ်ယဟ် လက်ဆောင်ပေးသွားသည်ဟု အိမ်သူများကဆိုကြပါသည်။ တမန်တော်မြတ် ﷺ သည် ကျွန်တော့်အား အဆွ်ဟားဗေဆွဖ္ဖဟ်တို့ကို ခေါ်ဆောင်လာခိုင်းတော်မူသည်။

နို့တစ်ခွက်သည် လူတစ်ယောက်စာအတွက်သာ လုံလောက်နိုင်သည့်အတွက်ကြောင့် ထိုနို့တစ်ခွက်မှာ ကျွန်တော့်အတွက်ပင် ထိုက်သင့်သည်ဟု ထင်မိပါသည်။ အခြားသူများကိုတိုက်ကျွေးရန်အတွက် ဤနို့တစ်ခွက်မှာ လုံလောက်မည်မဟုတ်ပါ။ တစ်ဖန် အခြားသူများကို ခေါ်ဆောင်လာပါသော်လည်း ၎င်းတို့အား ခွဲဝေပေးရန်အတွက် တမန်တော်မြတ် ﷺ က ကျွန်တော့်ကိုသာလျှင် အမိန့်ပေးတော်မူမည်ဟု စသည်ဖြင့် ဟိုဟိုဒီဒီအကြောင်းအရာများကို ကျွန်တော်သည် မိမိစိတ်ထဲတွင် အတွေးနယ်ချဲ့လျက်ရှိပါသည်။

သို့သော် တမန်တော်မြတ် ﷺ က အဆ်ွဟာဗေဆွဖ္ဖဟ်တို့ကို ခေါ်ဆောင်လာရန်အတွက် ပေးအပ်သောအမိန့်တော်ကိုလည်း နာခံရန် ကျွန်တော့်အတွက် အရေးကြီးပါသောကြောင့် ကျွန်တော်သည် တမန်တော်မြတ် ﷺ ၏အမိန့်တော်အရ အဆ်ွဟာဗေဆွဖ္ဖဟ်တို့ကို သွားရောက် ခေါ်ဆောင်လာခဲ့၏။

အဆ်ွဟာဗေဆွဖ္ဖဟ်တို့သည် အစ္စလာမ်သာသနာ၏ ဧည့်သည်တော်များဖြစ်ကြပါသည်။ ၎င်းတို့ရောက်ရှိလာသောအခါ တမန်တော်မြတ် ﷺ က အစ္စလာမ်သာသနာ၏ ထိုဧည့်သည်တော်များအား နို့တိုက်ကျွေးရန်အတွက် ကျွန်တော့်ကို အမိန့်ပေးတော်မူ၏။

ကျွန်တော်သည် တစ်ယောက်ပြီးတစ်ယောက် အားလုံးကို ဝ,လင်စွာ နို့တိုက်ကျွေးခဲ့ပါသည်။

တမန်တော်မြတ် ﷺ ၏ထံတော်ပါးသို့ ယခုအချိန်တွင် ရောက်ရှိလာခဲ့သော အဆ်ွဟာဗေဆွဖ္ဖဟ်အားလုံးတို့သည် နို့ကို ဝ,လင်စွာ သောက်သုံးပြီးသောအခါ တမန်တော်မြတ် ﷺ က ကျွန်တော့်ကို ကြည့်ရှု၍ ပြုံးတော်မူပြီး "ယခု ကျွန်တော်နှင့် အသင်ပင် ကျန်ရှိနေပါသည်" ဟုအမိန့်ရှိတော်မူရာ ကျွန်တော်က "ဟုတ်မှန်ပါသည်" ဟု ပြောကြားခဲ့၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် ကျွန်တော့်ကို နို့သောက်ရန်အတွက် အမိန့်ရှိရာ ကျွန်တော်က နို့ကိုသောက်သုံးခဲ့ပါသည်။

တမန်တော် မြတ် ﷺ သည် ကျွန်တော့်ကို အကြိမ်ကြိမ်အမိန့်ရှိတော်မူ၍ ကျွန်တော်သည် အကြိမ်ကြိမ် နို့ကို ဝ,လင်စွာ သောက်သုံးခဲ့ရပါသည်။

နောက်ဆုံးတွင် ကျွန်တော်က "ယားရစူးလလ္လားဟ်! ကိုယ်တော့်အား အမှန်တရားနှင့်တကွ ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်သည် နို့ကို ဝ,လင်စွာ သောက်သုံးခဲ့ပါသည်။ ကျွန်တော့်ဗိုက်ထဲတွင် နေရာမဆံ့တော့ပါ" ဟူ၍ လျှောက်တင်ခဲ့ရာ တမန်တော်မြတ် ﷺ က နို့ခွက်ကိုယူ၍ ပထမဆုံး အလ္လာဟ်အရှင်မြတ်ကို ချီးကျူးတော်မူသည်။ တစ်ဖန် ဗိစ်မိလ္လာဟ်ဟု ဆိုကာ နို့ကိုသုံးဆောင်ခဲ့တော်မူ၏။

## အဿ်ဟားဗေဿဖ္ဖဟ်၏ အရည်အချင်း

တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူခဲ့သည်မှာ

"ငါတမန်တော်မြတ် ﷺ ၏ အမွှသ်သားများထဲ၌ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ခြင်းခံရသော အဆင့်မြင့် လက်ရွေးစင်ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကောင်းကင်တမန်ကြီးများက ငါတမန်တော်မြတ်ကို ရှင်းပြခဲ့သည်မှာ

ထိုပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ်၏ အလွန်ကျယ်ပြန့်သော ရဟ်မသ်တော်ကို မျှော်လင့်ကြ၍ အပြင်၌ ရယ်မောရွှင်ပျနေကြသော်လည်း ၎င်းတို့၏နှလုံးသားများသည် အလ္လာဟ်အရှင်မြတ်၏ အဇားဗ်ကို ကြောက်ရွံ့ကြ၍ အတွင်း၌ မျက်ရည်ကျကာ ငိုကြွေးနေကြပေသည်။

၎င်းတို့သည် အရုဏ်ဦးမှစ၍ နေဝင်မိုးချုပ်သည့် ညအချိန်အထိ မိမိတို့၏နေအိမ်များနှင့် ဗလီများတွင် အလွန်တရာသန့်ရှင်းစင်ကြယ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို တ,သကြပေသည်။

၎င်းတို့၏နှုတ်လျှာများသည် ချမ်းသာခွင့်ရရှိမှု၏ မျှော်လင့်ချက်နှင့်လည်းကောင်း၊ အရေးယူခံရခြင်း၏ ကြောက်လန့်မှုများကြောင့်

လည်းကောင်း၊ အမြဲတစေ အလ္လာဟ်အရှင်မြတ်ကို တ,သခေါ်ဆိုကြပြီး ၎င်းတို့၏နှလုံးသားများသည် အလ္လာဟ်အရှင်မြတ်နှင့်တွေ့ဆုံရန်သာ မက်မောစွာ တောင့်တ,နေကြပါသည်။

၎င်းတို့သည် မိမိတို့၏နဖ်စ်များအတွက် အလွန်တရာလေးလံကြပြီး အခြားသူတစ်ပါးတို့အပေါ် အလွန်ပေါ့ပါးကြပါသည်။ ၎င်းတို့သည် မြေပထဝီပေါ်တွင် မာန်မာနနှင့်ကြွားဝါပြီး လမ်းလျှောက်ခြင်း မရှိကြချေ။ ၎င်းတို့သည် ပုစွက်ဆိတ်များကဲ့သို့ မိမိတို့ကိုယ်ကို ချိုးနှိမ်စွာ လမ်းလျှောက်ကြပေသည်။

၎င်းတို့သည် ကျမ်းမြတ်ကူရ်အာန်ကို "သိလာဝသ်"ပြု ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဟောင်းနွမ်းသောအဝတ်ကိုသာလျှင် ဆင်မြန်းကြသည်။ ၎င်းတို့၏ "ရူးဟ်" ဝိညာဉ်များသည် လောကတွင်ရှိကြသော်လည်း ထိုသူများ၏နှလုံးသားများတွင်မူ "အာခိရသ်"နောင်တမလွန်၏ သောကများမှအပ အခြားမည်သည့်ရည်ရွယ်ချက်ဆန္ဒမျှ မရှိကြပါ။ ၎င်းတို့သည် အစဉ်အမြဲ ကဗရ်နှင့်ဟာရှရ်အတွက် အဆင်သင့်ရှိကြပါသည်။

ထို့နောက် တမန်တော် မြတ် ﷺ သည် ကျမ်းမြတ်ကူရ်အာန်၏ အာယသ်တော်တစ်ပုဒ်ဖြစ်သော

"ဇားလိက လိမန်ခါးဖ မကားမီး ဝခါးဖ ဝအီးဒ်"

**ဆိုလိုသည်မှာ** "ဤအဆင့်အတန်းနှင့် ဤကတိသည် ငါအလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်ခြင်းနှင့် ငါအရှင်မြတ်၏ ခြိမ်းခြောက်မှုသတင်းများကို ကြောက်ရွံ့ကြသော ပုဂ္ဂိုလ်များအတွက်သာ ဖြစ်ပါသည်" ဟူ၍ ရွတ်ဆိုတော်မူ၏။

အဆွ်ဟားဗေဆွဖ္ဖဟ်တို့သည် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံကြသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

☆☆☆☆☆

## အဆွ်ဟားဗေဆွဖ္ဖဟ်၏အရေအတွက်

အခြေအနေအရ အခါအားလျော်စွာ အဆွ်ဟားဗေဆွဖ္ဖဟ်၏ လူဦးရေမှာ အပြောင်းအလဲဖြစ်လေ့ရှိခဲ့ပါသည်။

ဟာဇ်ရသ်ရှိင်းခ်ရိဟာဘ္ဗဒ်ဒီးန်စဟ်ရဝရ်ဒီ (رحمة الله عليه) သခင်ကြီးက "အဝါရိဖုလ်မအာရိဖ်" ကျမ်းတွင် အဆွ်ဟားဗေဆွဖ္ဖဟ်၏ ဦးရေမှာ (၄၀၀) အထိ ရေးသားဖော်ပြခဲ့ပါသည်။

အီမာမ်ဟာဖိဇ်အဘူနအီးမ်အဆ္ဖဟာနီ (رحمة الله عليه) နှင့် အီမာမ်ဟာဖိဇ်အီဗ်နေဟဂျရ်အတ်စ်ကလာနီ (رحمة الله عليه) တို့က မိမိတို့၏ကျမ်းစာအုပ်များတွင် အဆွ်ဟားဗေဆွဖ္ဖဟ်၏အကြောင်းအရာ များကို အကျယ်တဝင့်ရေးသားခဲ့ကြပေသည်။

ဤနေရာတွင် အချို့သောအဆွ်ဟားဗေဆွဖ္ဖဟ်တို့၏ အမည်စာရင်းကို ရေးသားတင်ပြပါမည်။ ထိုအမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်
(၂) ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူမရ် ﷺ သခင်
(၃) ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူနိုင်းစ် ﷺ သခင်
(၄) ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဇိုင်းဒ်ဂျုဟာနီ ﷺ သခင်
(၅) ဟာဇ်ရသ်အဘူအူဗိုင်ဒဟ်အာမိရ်ဗိန်ဂျရ်ရားဟ် ﷺ သခင်
(၆) ဟာဇ်ရသ်အဘူဒ်ဒရ်ဒါးအ်အူဝိုင်မရ်ဗိန်အာမိရ် ﷺ သခင်
(၇) ဟာဇ်ရသ်အဘူယတ်ကဇ္ဇါးန်အမ္မားရ်ဗိန်ယာစိရ် ﷺ သခင်
(၈) ဟာဇ်ရသ်အဘူမူရ်စိဒ်ကန္နားဇ်ဗိန်ဟူဆိုင်းန်အဒဝီ ﷺ သခင်
(၉) ဟာဇ်ရသ်အဘူကဗရဟ်မော်လားရစူးလီလ္လာဟ် ﷺ သခင်
(၁၀) ဟာဇ်ရသ်အဘူဘာရရ်ကအဗ်ဗိန်အမရ် ﷺ သခင်
(၁၁) ဟာဇ်ရသ်အဘူအဗ်စ်ဗိန်ဂျဗရ် ﷺ သခင်

(၁၂) ဟာဇရသ်အဘူဟူရိုင်ရဟ်ဒေါင်စီ رضي الله عنه သခင်
(၁၃) ဟာဇရသ်အဘူလူဘာဘဟ် رضي الله عنه သခင်
(၁၄) ဟာဇရသ်အူမိုင်းရ်ဗိန်အောဖ် رضي الله عنه သခင်
(၁၅) ဟာဇရသ်အူဝိုင်းမ်ဗိန်စာအိဒဟ် رضي الله عنه သခင်
(၁၆) ဟာဇရသ်အူကာရှဟ်ဗိန်မူဟ်ဆွိန် رضي الله عنه သခင်
(၁၇) ဟာဇရသ်အွသ်ဗဟ်ဗိန်မတ်စ်အူးဒ်ဟူဇလီ رضي الله عنه သခင်
(၁၈) ဟာဇရသ်ဗိလားလ်ဗိန်ရူဗားဟ် رضي الله عنه သခင်
(၁၉) ဟာဇရသ်စာဗိသ်ဗိန်ဝဒီအဟ် رضي الله عنه သခင်
(၂၀) ဟာဇရသ်စာလိမ့်ဗိန်အူမိုင်းရ် رضي الله عنه သခင်
(၂၁) ဟာဇရသ်စာလိမ့်မော်လာအဘီဟူဇိုင်ဖဟ် رضي الله عنه သခင်
(၂၂) ဟာဇရသ်စာအိဗ်ဗိန်ခလ္လားဒ် رضي الله عنه သခင်
(၂၃) ဟာဇရသ်စောက်ဗါးန်မော်လာရစူးလီလ္လာဟ် رضي الله عنه သခင်
(၂၄) ဟာဇရသ်စလ်မားန်အိဗ်နူလ်အစ္စလာမ် (ဖါရိစီ) رضي الله عنه သခင်
(၂၅) ဟာဇရသ်ဆူဟိုင်းဗ်ဗိန်စနားန်ရူမီ رضي الله عنه သခင်
(၂၆) ဟာဇရသ်ဆွဖ်ဝါးန်ဗိန်ဗိုင်ဍါးအ် رضي الله عنه သခင်
(၂၇) ဟာဇရသ်ဠျန်ဒုဗ်ဗိန်ဂျူနာဒဟ် (အဘူဇရ်ဂိဖါရီ) رضي الله عنه သခင်
(၂၈) ဟာဇရသ်ဟူဇိုင်ဖဟ်ဗိန်ယမားန် رضي الله عنه သခင်
(၂၉) ဟာဇရသ်ဟာဂျ်ဂျားဂျ်ဗိန်အမရ်အတ်စ်လမီ رضي الله عنه သခင်
(၃၀) ဟာဇရသ်ခဗ္ဗါးဗ်ဗိန်အရသ် رضي الله عنه သခင်
(၃၁) ဟာဇရသ်ခူဗိုင်းဗ်ဗိန်စိုက်ယားဖ် رضي الله عنه သခင်
(၃၂) ဟာဇရသ်ဇိုင်းဒ်ဗိန်ခတ္တားဗ် رضي الله عنه သခင်
(၃၃) ဟာဇရသ်မစ်ကဒါးဒ်ဗိန်အမရ် رضي الله عنه သခင်
(၃၄) ဟာဇရသ်မိစ်တွဟ်ဗိန်အစာစဟ် رضي الله عنه သခင်
(၃၅) ဟာဇရသ်မတ်စ်အူးဒ်ဗိန်ရဘီးအ် رضي الله عنه သခင်
(၃၆) ဟာဇရသ်မအားဇ်ဗိန်ဟာရိစ် رضي الله عنه သခင်

(မွတ်စ်သဒ်ရတ်ကာကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၁၈)

## အခန်း (၁၉)

## ဂဇ္ဇဝဟ် နှင့် စရီယျဟ်

အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးတမန်တော် ကျွန်ုပ်တို့၏ နှစ်ဘဝသခင်ကျေးဇူးတော်ရှင် တမန်တော်မြတ် မိုဟမ္မဒ်ရ်ရစူးလွလ္လာဟ် ﷺ သည် မက္ကဟ်မြို့တွင် "နူဗူဝသ်" ရရှိပြီးနောက် (၁၃) နှစ်တိုင်တိုင် အကြင်ဒုက္ခဘေးအန္တရာယ်များကို တွေ့ကြုံရင်ဆိုင်ခဲ့ရပြီး မက္ကဟ်မြို့သူ မြို့သားများအား အလ္လာဟ်အရှင်မြတ်ဘက်သို့ "ဒအ်ဝသ်" ဖိတ်ခေါ် တော်မူသည့်အကြောင်းရာများကို ပထမတွဲနှင့်ဒုတိယတွဲတို့၏ စာမျက်နှာများတွင် အကျယ်တဝင့် ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များသည် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ဟိဂျ်ရသ်ပြု ရွှေ့ပြောင်းသွားပြီးနောက် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ "ရန်သူများနှင့် ပြန်လည်ခုခံ ရင်ဆိုင်ခွင့်" ၏အမိန့်တော် ကျရောက်လာခဲ့ပါသည်။

တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ပါဝင်တော်မူခဲ့သော ခုခံရင်ဆိုင်မှုများကို အစ္စလာမ့်သမိုင်းတွင် "ဂဇ္ဇဝဟ်" ဟုခေါ်တွင်ပြီး တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ပါဝင်ခြင်းမရှိဘဲ ဆွဟာဗဟ်များကိုသာ စေလွှတ်တော်မူခဲ့သော ခုခံရင်ဆိုင်မှုများကို အစ္စလာမ့်သမိုင်းတွင် "စရီယျဟ်" ဟု ခေါ်ဆိုကြပါသည်။

မူဆာဗိန်အကာဗဟ် ﴿رحمة الله عليه﴾၊ မိုဟမ္မဒ်ဗိန်အိစ်ဟာ:က် ﴿رحمة الله عليه﴾၊ ဝါကီဒီ ﴿رحمة الله عليه﴾၊ ဒိမ်ယာတွီ ﴿رحمة الله عليه﴾၊ အိဗ်နေ့စအဒ် ﴿رحمة الله عليه﴾ နှင့် အိဗ်နေဂျော်ဇီ ﴿رحمة الله عليه﴾ စသည့် ပညာရှင်သခင်ကြီးများ၏အဆိုအရ "ဂဇ္ဇဝဟ်" များ၏အရေအတွက်မှာ (၂၇) ခုဖြစ်ပါသည်။

ဟာဇ်ရသ်စအီးဒ်ဗိန်မုစိုက်ယဗ် ﷺ သခင်ကြီး၏အဆိုအရ (၂၄) ခုဖြစ်ပြီး၊ ဟာဇ်ရသ်ဂျာဗိရ်ဗိန်အဗ်ဒုလ္လာဟ် ﷺ သခင်ကြီး၏အဆိုအရ (၂၁)ခုဟု လည်းကောင်း၊ ဟာဇ်ရသ်ဇိုင်းဒ်ဗိန်အရ်ကမ် ﷺ သခင်၏ အဆိုအရ "ဂဇ်ဝဟ်" များ၏အရေအတွက်မှာ (၁၉)ခုဟုလည်းကောင်း၊ အသီးသီး ကွဲ မိန့်ရှိခဲ့ကြပါသည်။

အဆိုပါ 'ဂဇ်ဝဟ်'များထဲမှ 'ဂဇ်ဝဟ်' (၉)ခု၌ပင် ရန်သူများနှင့် ရင်ဆိုင်မှုများဖြစ်ပွါးခဲ့ပါသည်။ ကျန်ဂဇ်ဝဟ်များတွင် ရင်ဆိုင်မှုများမဖြစ်ပွါးခဲ့ပေ။

အလားတူ "စရီယ္ယဟ်"များ၏အရေအတွက်နှင့်စပ်လျဉ်း၍ အစ္စလာမ့်သမိုင်း ပညာရှင်များ၏အဆိုများတွင် ကွဲလွဲမှုများရှိပါသည်။

အိဗ်နေရျောင်ဇီ ﴿رحمة الله عليه﴾ ၏အဆိုအရ စရီယ္ယဟ်၏ အရေအတွက်မှာ (၅၆)ခုဖြစ်ပါသည်။ ဝါကီဒီ ﴿رحمة الله عليه﴾ ၏ အဆိုအရ (၄၈)ခုဟု လည်းကောင်း၊ အိဗ်နေစအဒ် ﴿رحمة الله عليه﴾ ၏အဆိုအရ (၄၀) ခုလည်းကောင်း၊ မိုဟမ္မဒ်ဗိန်အိစ်ဟာက် ﴿رحمة الله عليه﴾၏ အဆိုအရ (၃၈) ခုဟုလည်းကောင်း၊ အိဗ်နေအဗ်ဒုလ်ဘရ် ﴿رحمة الله عليه﴾ ၏အဆိုအရ စရီယ္ယဟ်များ၏ အရေအတွက်မှာ (၃၅)ခုဖြစ်သည်ဟုလည်းကောင်း အသီးသီးလာရှိပေသည်။

ဤခုခံရင်ဆိုင်မှုများတွင် မွတ်စ်လင်မ်များ၏လူဦးရေမှာ နည်းပါးပြီး လက်နက်ကိရိယာများ စုံလင်စွာမရှိကြသော်လည်း မွတ်စ်လင်မ်များဘက်တွင် အလ္လာဟ်အရှင်မြတ်၏ "နုဆ္ရသ်" ကူညီမှုရှိခဲ့၍ နေရာတိုင်းတွင်ပင် မွတ်စ်လင်မ်များသည် အောင်မြင်မှုကို ဆွတ်ခူးရရှိခဲ့ကြောင်းမှာ လွန်စွာအံ့သြဖွယ်ရာ ကောင်းလှပေသည်။

သို့ရာတွင် "ဂဇ်ဝဟ်အုဟုဒ်"၌ မွတ်စ်လင်မ်များထဲမှ အုပ်စုတစ်စုသည် အတွေးအခေါ်များယွင်းပြီး ခုခံမှုမပြီးစီးမီ တမန်တော်မြတ် ﷺ က ၎င်းတို့အားပေးအပ်တော်မူခဲ့သော တာဝန်ကို လက်လွတ်ခဲ့သောကြောင့်လည်းကောင်း၊ ဂဇ်ဝဟ်ဟူနိုင်းန်တွင် အချို့သော မွတ်စ်လင်မ်များ

သည် မိမိတို့၏အင်အားကြီးမားမှုဘက်သို့ အာရုံပြုခဲ့သောကြောင့်လည်းကောင်း အလ္လာဟ်အရှင်မြတ်ဘက်မှ သတိပေးနှိုးဆော်သောအနေဖြင့် အဆိုပါနှစ်ပွဲစလုံးတွင် မွတ်စ်လင်မ်တို့သည် နှစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရပေသည်။

## ဂဇ်ဝဟ်စဖ်ဝါးန်

တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် မက္ကဟ်မြို့မှ ဟိဂျ်ရသ်ပြု၍ မဒီနဟ်မြို့သို့ ရွှေ့ပြောင်းလာလိုက်သော်လည်း ရန်သူများသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့် တမန်တော်မြတ် ﷺ ၏ ဆွဟာဗဟ်များကို မဒီနဟ်၌လည်း စိတ်အေးချမ်းသာစွာ နေထိုင်ခွင့်မပေးကြပေ။

အဘယ်ကြောင့်ဆိုသော် ဟိဂျ်ရီ (၂) ခုနှစ်တွင် အစ္စလာမ်သာသနာ၌ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ "ရန်သူများနှင့် ပြန်လည်ခုခံရင်ဆိုင်ခြင်း" ၏ ခွင့်ပြုချက် ကျရောက်လာပြီးနောက် "ဂျုမာဒလ်အူလာ" လတွင် "ကုရ်ဇ်ဗိန်ဂျာဗိရ်ဖိဟ်ရီ" မည်သော ကုရိုင်းရှ်အမျိုးသားခေါင်းဆောင်တစ်ဦးသည် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ရောက်ရှိလာခဲ့ပေသည်။

သူသည် ညအချိန်အခါတွင် မဒီနဟ်မြို့၏စားကျက်ကွင်းထဲသို့ သွားရောက်ပြီး ရပ်ရွာများရှိ လူများပိုင်ဆိုင်သော ဆိတ်နှင့် ကုလားအုတ်များကို မောင်းယူသွားခဲ့လေ၏။

တမန်တော်မြတ် ﷺ က ဤသတင်းကို ကြားသိတော်မူသောအခါ "ဟဇ်ရသ်ဇိုင်းဒ်ဗိန်ဟာရိစဟ်" ﷺ သခင်ကို မဒီနဟ်မြို့တွင် မိမိကိုယ်စားအဖြစ်ထားရစ်ပြီး ဆွဟာဗဟ်များထဲမှ အုပ်စုလေးတစ်စုနှင့်အတူတကွ အဆိုပါကုရိုင်ရှ်ခေါင်းဆောင်ဖြစ်သူ ကုရ်ဇ်ဗိန်ဂျာဗိရ်ဖိဟ်ရီကို အရေးယူရန်အတွက် မဒီနဟ်မြို့မှ ထွက်ခွာလာခဲ့ပါသည်။

မဒီနဟ်မြို့မှ မိုင်ပေါင်း(၈၀)ခန့် ကွာဝေးသော "စဖ်ဝါးန်" အမည်ရှိနေရာသို့ မရောက်မီအလျင် ကုရ်ဇ်ဗိန်ဂျာဗိရ်ဖိဟ်ရီမှာ မက္ကဟ်မြို့သို့ ထွက်ပြေးသွားခဲ့ပါသည်။ သို့ပါ၍ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များမှာ မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြပေသည်။

အဆိုပါ ကုရ်ဇ်ဗိန်ဂျာဗိရ်ဖိဟရီသည် ယခုအချိန်အထိ အစ္စလာမ်သာသနာကို လက်ခံခြင်းမရှိသေးပေ။ နောက်ပိုင်းတွင် သူသည် အစ္စလာမ်သာသနာကို လက်ခံခဲ့ပြီး မက္ကဟ်မြို့ကို အောင်နိုင်ချိန်တွင် ရှဟီးဒ်ဖြစ်ခဲ့ပါသည်။

## စရိယ္ယဟ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟရှ်

တမန်တော်မြတ် ﷺ သည် အထက်ပါ"ဂဇ်ဝဟ်စဖ်ဝါးန်" မှ ပြန်လည်ရောက်ရှိလာပြီးနောက် ဟီဂျ်ရီ (၂)ခုနှစ်၊ ရဂျဗ်လတွင် မုဟာဂျိရ် ဆွဟာဗဟ် (၁၂ ) ဦးတို့၏ အုပ်စုတစ်စုအား "ကုရိုင်းရှ်"အမျိုးသားတို့၏ အခြေအနေများကိုစုံစမ်း၍ သတင်းပေးပို့ရန်အတွက် တာဝန်ပေးအပ်ကာ ရပ်ဝေးဒေသတစ်ခုဘက်သို့ စေလွှတ်ရန် အစီအစဉ်ပြုလုပ်တော်မူသည်။

တမန်တော်မြတ် ﷺ သည် ဤဂျမာအသ်အုပ်စုကို စေလွှတ်ရန်အတွက် ရည်ရွယ်သောအခါ ၎င်းဂျမာအသ်အုပ်စုတွင် ပါဝင်ကြဂုန်သော ဆွဟာဗဟ်များအား "ကျွန်တော်သည် အသင်တို့ထဲမှ အစာရေငတ်ဆာလောင်မွတ်သိပ်မှုဒဏ်ကို အများဆုံးသည်းခံနိုင်သောပုဂ္ဂိုလ်အား အသင်တို့အဖို့ "အမီရ်" ခေါင်းဆောင်အကြီးအကဲ တာဝန်ခံအဖြစ် သတ်မှတ်ပေးမည်" ဟူ၍ တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟရှ် ؓ သခင်ကို ဤဂျမာအသ်၏အမီရ်အဖြစ် ခန့်အပ်ပေးတော်မူ၏။ အစ္စလာမ်သာသနာတွင် ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟရှ် ؓ သခင် သည် တမန်တော်မြတ် ﷺ က ခန့်အပ်တော်မူသော ပထမဆုံး "အမီရ်" ဖြစ်ခဲ့ပါသည်။

အဆိုပါဂျမာအသ်သည် မဒီနဟ်မြို့မှထွက်ခွာနေသောအချိန်တွင် တမန်တော်မြတ် ﷺ က ဂျမာအသ်၏ "အမီရ်" ဖြစ်သူ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟရှ် ؓ သခင်ကို ချိတ်ပိတ်စာလွှာတစ်စောင် ပေးတော်မူ၏။ နောက်နှစ်ရက်လွန်မြောက်သောအခါ ၎င်းစာလွှာကိုဖွင့်

ကြည့်၍ စာထဲတွင်ပါရှိသည့်အတိုင်း ကိစ္စရပ်ကိုဆောင်ရွက်ရန်အတွက် တမန်တော်မြတ် ﷺ က "ဟိဒါယသ်" အမှာစကားတွင် ထည့်သွင်း မိန့်ကြားတော်မူသည်။

၎င်းနောက် ထိုဂျမာအသ်အုပ်စုသည် မဒီနဟ်မြို့မှ ရပ်ဝေးဒေသ ဟတ်ခုဘက်သို့ ထွက်ခွာသွားခဲ့ပါသည်။

တမန်တော်မြတ် ﷺ ၏ ဟိဒါယသ် မှာကြားချက်အရ နှစ်ရက်လွန်မြောက်သောအခါ ဂျမာအသ်၏အမီရ်ခေါင်းဆောင်ဖြစ်သူ ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်ဂျဟ္ရ် ﷺ သခင်သည် ချိတ်ပိတ်စာလွှာကို ဖွင့်ပြီး ဖတ်ကြည့်လေ၏။ ထိုအခါ စာလွှာထဲတွင် မက္ကဟ်မြို့နှင့် တွာအိဖ်၏ အလယ်ကြား၌ တမန်တော်မြတ် ﷺ တွာအိဖ်မှအပြန် "ဂျိန္နားသ်"များက အီမာန်လက်ခံခဲ့ကြသော "နတ်ခ်လဟ်" အမည်ရှိ နေရာသို့ သွားရောက်၍ စခန်းချနေထိုင်ကာ အခြေအနေများကို လေ့လာ ရန်အတွက်လည်းကောင်း၊ တမန်တော်မြတ် ﷺ ထံသို့ သတင်းများပေးပို့ ရန်အတွက်လည်းကောင်း စသည့်အမိန့်တော်များကို ရေးသားထားသည့် အပြင် ပြန်လိုသောပုဂ္ဂိုလ်များကို ပြန်ခွင့်ပေးရန်လည်း ရေးသားထား သည်ကို တွေ့မြင်ခဲ့ပြီး

"စမ့်အန် ဝတွားအသန်"

**ဆိုလိုသည်မှာ** ကျွန်တော်သည် ကိုယ်တော်၏အမိန့်ကိုနားထောင်ပြီး နာခံ လိုက်လေသည်" ဟုဆိုကာ မိမိအပေါင်းအပါများအား စာထဲ၌ ရေးသား ထားသည့် အကြောင်းအရာအလုံးစုံတို့ကို ရှင်းပြလေ၏။

ထိုအခါ အပေါင်းအပါအားလုံးတို့သည် အလွန်ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် ရှေ့တိုးရန်အတွက် ဆုံးဖြတ်ကြလေ၏။

လမ်းခရီးတစ်နေရာတွင် ဤအုပ်စုထဲမှ ဟဇ်ရသ်စအဒ်ဗိန်အဘီ ဝပ်ကားဆ် ﷺ သခင်နှင့် ဟဇ်ရသ်အွသ်ဗဟ်ဗိန်ဂဇ်ဝါးန် ﷺ သခင်တို့ ၏ ကုလားအုတ်များမှာ ပျောက်ဆုံးသွားကြပေသည်။

သို့ပါ၍ ဟဇ်ရသ်စအဒ် ﷺ သခင်နှင့် ဟဇ်ရသ်အွသ်ဗဟ် ﷺ သခင်တို့သည် မိမိတို့၏ကုလားအုတ်များကို ရှာဖွေရန်အတွက် ထွက်ခွာ သွားကြရာ ၎င်းတို့ပါ နောက်ကျပြီး ပျောက်ဆုံးသွားကြလေ၏။

ကျန်ပုဂ္ဂိုလ်များသည် မက္ကာဟ်နှင့်တာအိဖ်အလယ်ကြားရှိ "နတ်ခ်လဟ်" မည်သော အဆိုပါနေရာသို့ရောက်ရှိပြီး ဇခန်းချကာ ကုရိုင်းရှ်တို့ကို စောင့်ဆိုင်းနေကြပေသည်။

အစ္စလာမ်သာသနာတွင် ရဂျဗ်လသည် ရင်ဆိုင်မှုများ ဟာရာမ်ဖြစ်သောလများတွင် ပါဝင်ပါသည်။ ဆီးရီးယားနိုင်ငံမှ ပြန်လာနေသော မက္ကာဟ်မြို့၏ ကုန်သည်တစ်စုသည် ယခုအချိန် ရဂျဗ်လ၏ (၃၀)ရက်နေ့တွင် ဤနေရာသို့ ရောက်ရှိလာခဲ့ပြီး ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟရှ် ﷺ သခင်၏အုပ်စုနှင့် တိုက်ရိုက် ထိပ်တိုက်တွေ့ဆုံကြလေ၏။ အဆိုပါဆွဟာဗဟ်များသည် အထင်မှားကာ ရဂျဗ်လ၏(၃၀)ရက်နေ့ကို ရှအ်ဗါန်လဆန်း(၁)ရက်နေ့ဖြစ်သည်ဟု ထင်မှတ်ပြီး ကုန်သည်အုပ်စုကို ရင်ဆိုင်ကြပေသည်။

ဟဇ်ရသ် ဝါကိဒ်ဗိန် အဗ်ဒူလ္လာဟ် ﷺ သခင်သည် ကုန်သည်အုပ်စု၏ခေါင်းဆောင်ဖြစ်သူ "အမရ်ဟဇ်ရမီ"အား မြားတံတစ်ချောင်းဖြင့်ပင် အဆုံးသတ်ပေးခဲ့ပါသည်။

တမန်တော်မြတ် ﷺ ၏ ခေတ်ကာလ၌ အစ္စလာမ်သာသနာ၏ "ရန်သူများနှင့် ပြန်လည်ခုခံရင်ဆိုင်မှု" များတွင် ပထမဆုံး ကျဆုံးခဲ့သော "ကာဖိရ်"မှာ "အမရ်ဟဇ်ရမီ" ဖြစ်ပါသည်။

ဟဇ်ရသ်ဝါကိဒ်ဗိန်အဗ်ဒူလ္လာဟ် ﷺ သခင်၏မြားဖြင့် ကုန်သည်အုပ်စုခေါင်းဆောင်ဖြစ်သူ "အမရ်ဟဇ်ရမီ" ကျဆုံးသွားသောအခါ ကုန်သည်အုပ်စုမှာ ထိတ်လန့်တုန်လှုပ်ကာ ကစဉ့်ကလျားဖြစ်ပြီး မိမိတို့၏ ဥစ္စာပစ္စည်းများကို စွန့်လွှတ်ထားရစ်၍ ထွက်ပြေးကြလေ၏။

ထိုအချိန်တွင် မွတ်စ်လင်မ်များသည် "အွတ်စ်မာန်ဗိန်အဗ်ဒူလ္လာဟ်"နှင့် "ဟာကမ်ဗိန်ကိုင်စာန်" တို့ကို သုံ့ပန်းအဖြစ်ထိန်းသိမ်းခဲ့ပြီး ဥစ္စာပစ္စည်းများကို သုံ့ပန်းပစ္စည်းများအဖြစ် ယူဆောင်ခဲ့ကြပေသည်။

**ဤသည်မှာ အစ္စလာမ်သာသနာတွင် ပထမဆုံးသုံ့ပန်းများနှင့် သုံ့ပန်းပစ္စည်းများ ဖြစ်ကြပါသည်။**

ယခုအချိန်အထိ အစ္စလာမ်သာသနာတွင် သုံ့ပန်းပစ္စည်းများနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ မည်သည့် အမိန့်ဆုံးဖြတ်ချက်မျှ ကျရောက်လာခြင်း မရှိသေးပေ။

သို့ပါ၍ "အမီရေဂျမာအသ်" အုပ်စုခေါင်းဆောင် ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟာရှ် ﷺ သခင်သည် မိမိ၏ "အိဂျ်သိဟားဒ်" သာသနာ့အတွေးအခေါ်အရ အဆိုပါရင်ဆိုင်မှုတွင်ရရှိခဲ့သော သုံ့ပန်းပစ္စည်းများကို (၅)ပုံခွဲ၍ တမန်တော်မြတ် ﷺ အတွက် (၁)ပုံကိုဖယ်ကာ ကျန် (၄)ပုံ ကို ဤစရိယ္ယဟ်၌ပါဝင်ခဲ့သော "မုဂျာဟိဒ်" များအား ခွဲဝေပေးခဲ့ပါသည်။

အဆိုပါ "စရိယ္ယဟ်" တွင်ပါဝင်ခဲ့သော ဆွဟာဗဟ်များသည် မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာပြီးနောက် အကြောင်းအရာအလုံးစုံတို့ကို တမန်တော်မြတ် ﷺ ၏ထံတော်ပါးတွင် အစီရင်ခံခဲ့ကြပါသည်။

တမန်တော်မြတ် ﷺ သည် ထိုအကြောင်းအရာအလုံးစုံတို့ကို နားဆင်တော်မူပြီး "ငါသည် အသင်တို့အား "ဟရာမ်" လတွင် ခုခံရင်ဆိုင်ရန်အတွက်အမိန့်မပေးခဲ့ပါ။ သို့ပါ၍ ယင်းကိစ္စနှင့်ပတ်သက်ပြီး အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ အမိန့်ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မကျရောက်လာမီအချိန်အထိ သုံ့ပန်းများနှင့် သုံ့ပန်းပစ္စည်းများကို သိမ်းဆည်းထားကြကုန်" ဟူ၍ မိန့်ကြားတော်မူ၏။

ထိုအခါ ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟာရှ် ﷺ သခင်နှင့် အပေါင်းအပါများသည် လွန်စွာမှ ရှက်ရွံ့သွားကြ[illegible] ယဟူဒီများနှင့် မွရှ်ရစ်က်များသည် "မိုဟမ္မဒ်နှင့် သူ၏နောက်လိုက်များက ဟရာမ်လထဲတွင် တိုက်ခိုက်မှုများကို ဟလာလ်ပြုလုပ်လိုက်သည်"ဟု စွပ်စွဲပြောဆိုလာကြပေသည်။

ထိုအချိန်တွင် အထက်ပါကိစ္စများနှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကုရ်အာန်ထဲမှ စူရဟ် "ဗကရဟ်"၏ အာယသ်တော် နံပါတ်(၂၁၇)ကို ချမှတ်ပေးကာ ယဟူဒီများနှင့် မွရှ်ရစ်က်များ၏ အထက်ပါစွပ်စွဲချက်ကို ပယ်ချတော်မူ၏။

အဆိုပါအာယသ်တော် ကျရောက်လာပြီးနောက် တမန်တော်မြတ် ﷺ သည် သုံ့ပန်းပစ္စည်း ငါးပုံတစ်ပုံ (၁/၅) ကို လက်ခံရယူပြီး ကျန်ပစ္စည်းများကို သက်ဆိုင်ရာပုဂ္ဂိုလ်များအား ခွဲဝေပေးတော်မူ၏။

အဆိုပါအာယသ်တော် ကျရောက်လာသောအခါ ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်ဂျဟရ် ؓ သခင်နှင့် အပေါင်းအဖော်များမှာ လွန်စွာဝမ်းမြောက်ရွှင်မြူးသွားခဲ့ကြ၏။

တစ်ဖန် ၄င်းတို့က တမန်တော်မြတ် ﷺ အား "ယာ်းရစူးလလ္လာဟ်! ကျွန်တော်တို့သည် ဤစရိယ္ယဟ်အပေါ် ကုသိုလ်အကျိုးများ ရရှိကြပါမည်လော" ဟု မေးလျှောက်ကြရာ အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကူရ်အာန်ထဲမှ "စူရဟ်ဗကရဟ်"၏ အာယသ်တော် နံပါတ် (၂၁၇) နှင့် (၂၁၈) ကို ချပေးတော်မူ၏။

အထက်ပါ အာယသ်တော်နှစ်ပုဒ်ထဲမှ ပထမအာယသ်တော် နံပါတ် (၂၁၇)၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"အို..မိုဟမ္မဒ်! ဟရာမ်လတွင် ခုခံရင်ဆိုင်မှုနှင့်ပတ်သက်ပြီး စောဒကတက်သူများက အသင့်အား မေးမြန်းလျက်ရှိကြပါသည်။ သိနားလည်လျက် ဟရာမ်လတွင် ခုခံရင်ဆိုင်မှုမှာ ကြီးကျယ်သော အပြစ်ငရဲပင်ဖြစ်ကြောင်း အသင်သည် ၄င်းတို့ကို ပြန်လည်ဖြေကြားပါလေ။

သို့သော် အလ္လာဟ့်လမ်းမှ တားဆီးခြင်း၊ ထိုအရှင်မြတ်၏ အမိန့်တော်များကို ငြင်းဆိုခြင်း၊ မတ်စ်ဂျိဒေဟရားမ်တွင် အသွားအလာများကို ပိတ်ဆို့ခြင်း၊ မတ်စ်ဂျိဒေဟရားမ်၏ လူများကို နှင်ထုတ်ခြင်းသည် ဟရာမ် လတွင် ခုခံရင်ဆိုင်မှု၏အပြစ်ငရဲထက် လွန်စွာကြီးမားလှပါသည်။ "ဖိသ်နဟ်" ပြဿနာအရှုပ်အထွေးများသည် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးတွင် ခုခံရင်ဆိုင်မှု၏အပြစ်ထက် အဆိုးဆုံး ကြီးမား သောအပြစ်ပင်ဖြစ်ပါသည်။

အို..အီမာန်ရှင်အပေါင်းတို့! ကာဖိရ်၊ မွရှ်ရစ်က်များသည် အသင်တို့အား အသင်တို့၏ "ဒီန်" သာသနာမှ ဖြားယောင်းသွေးဆောင်ပြီး ၄င်းတို့၏ကူဖ်ရ်နှင့် ရှစ်ရ်က်ဘက်သို့ မပြောင်းနိုင်သော အချိန်ကာလအထိ ၄င်းတို့သည် အသင်တို့နှင့်ရင်ဆိုင်ကြမည်"။

ဤသည် ပထမအာယသ်တော် နံပါတ်(၂၁၇)၏ အဓိပ္ပါယ်ဖြစ်ပါသည်။

ဒုတိယအာယသ်တော်နံပါတ်(၂၁၈)၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"မုချဧကန် အကြင်သူများသည် အီမာန်သက်ဝင်ယုံကြည်၍ ဟိဂျ်ရသ်ပြုပြီး အလ္လာဟ့်လမ်းတော်တွင် ကြိုးပမ်းကြသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ "ရဟ်မသ်" သနားကြင်နာမှုကို မျှော်ကိုးနိုင်ကြပါသည်။ မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူ၏"။

ဤသည် ဒုတိယအာယသ်တော် နံပါတ်(၂၁၈)၏ အဓိပ္ပါယ်ဖြစ်ပါသည်။

သေဆုံးခဲ့သော "အမရ်ဟဇ္ဇရမီ"၏အုပ်စုသည် မက္ကာဟ်မြို့သို့ ရောက်ရှိလာ၍ အကြောင်းအရာများကို ရှင်းပြခဲ့သောအခါ ကူရိုင်းရှ် အမျိုးသားတို့က အွတ်စ်မားန်ဗင်န်အဗ်ဒုလ္လာဟ်နှင့် ဟကမ့်ဗင်န်ကိုင်စာန်တို့အတွက် "ဖိဒ်ယဟ်" သုံ့ပန်းများကိုရွေးယူရန် ငွေကြေးငွေများကို မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ထံသို့ ဆက်သကြလေ၏။

သို့သော်လည်း တမန်တော်မြတ် ﷺ က "ကျွန်တော်၏လူနှစ်ယောက်ဖြစ်သော စအဒ်ဗင်န်အဘီဝပ်ကာ့ဆ် رضي الله عنه နှင့် အွသ်ဗဟ်ဗင်န်ဂဇ်ဝါးန် رضي الله عنه တို့ ပြန်မရောက်မီအချိန်အထိ ကျွန်တော်သည်လည်း အသင်တို့၏လူနှစ်ယောက်ကို လွှတ်ပေးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် သုံ့ပန်းရွေးခကြေးငွေများ ယူဆောင်ပြီး အသင်တို့၏လူများကို လွှတ်ပေးလိုက်ပါက အသင်တို့သည် ကျွန်တော့်လူများကို သတ်ဖြတ်မည့်အလားအလာရှိပါသည်။ အကယ်၍ အသင်တို့သည် ကျွန်တော့်လူများကို သတ်ဖြတ်ပါက ကျွန်တော်သည်လည်း အသင်တို့၏လူများကို ရှင်းလင်းလိုက်ပါမည်" ဟု အမိန့်ရှိတော်မူ၏။

ထို့နောက် များမကြာမီအချိန်ကာလတွင် အဗ်ဒုလ္လာဟ်ဗင်န်ဂျဟ်ရှ် رضي الله عنه သခင်၏ ဂူမာအသ်ထဲမှ ပျောက်ဆုံးခဲ့ကြသော မုဂျာဟိဒ်နှစ်ဦးဖြစ်သည့် ဟာဇ်ရသ်စအဒ်ဗင်န်အဘီဝပ်ကာ့ဆ် رضي الله عنه သခင်နှင့် ဟာဇ်ရသ်

အ ဗဟ်ဗိန်ဂဇ်ဝါးန် ﷺ သခင်တို့သည်လည်း မဒီနဟ်မြို့သို့ ပြန်လည် ရောက်ရှိလာခဲ့ကြပေသည်။

ထိုအချိန်တွင် ဟမန်တော်မြတ် ﷺ သည် "ဖိဒ်ယဟ်" သုံ့ပန်း ရွေးခကြေးငွေကို လက်ခံခဲ့ပြီး အွတ်စ်မားန်ဗိန်အဗ်ဒူလ္လာဟ်နှင့် ဟကမ့် ဗိန်ဂ စားန်တို့ကို လွှတ်ပေးခဲ့တော်မူသည်။

ဟကမ့်ဗိန်ကိုင်စားန်သည် လွှတ်လပ်ခွင့်ရရှိပြီးနောက် အစ္စလာမ် သာသနာကိုလက်ခံခဲ့ပြီး မဒီနဟ်မြို့၌ပင် နေထိုင်ခဲ့ပါသည်။ အွတ်စ် မာန်းဗိန်အဗ်ဒူလ္လာဟ်သည် မက္ကဟ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ကာဖိရ် အဖြစ်နှင့်ပင် သေဆုံးသွားခဲ့ပါသည်။

(ဇိဗ်နေဟ်ဂျမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၊
ဇုရ်ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၃၉၀)

စရိယ္ယဟ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ်၌ စေလွှတ်ခြင်းခံရသော ဆွဟာ ဗဟ်များ၏အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ် ﷺ သခင်
(၂) ဟဇ်ရသ်အဘူဟုဇိုင်ဖဟ်ဗိန်အွသ်ဗဟ် ﷺ သခင်
(၃) ဟဇ်ရသ်အာမိရ်ဗိန်ရဘီအဟ် ﷺ သခင်
(၄) ဟဇ်ရသ်အာ [illegible] န်အယားစ် ﷺ သခင်
(၅) ဟဇ်ရသ်အူကာရှဟ်ဗိန်မူဟ်ဆွိန် ﷺ သခင်
(၆) ဟဇ်ရသ်အွသ်ဗဟ်ဗိန်ဂဇ်ဝါးန် ﷺ သခင်
(၇) ဟဇ်ရသ်ခါလိဒ်ဗိန်ဘူကိုင်းရ် ﷺ သခင်
(၈) ဟဇ်ရသ်ဝါကိဒ်ဗိန်အဗ်ဒူလ္လာဟ် ﷺ သခင်
(၉) ဟဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆွ် ﷺ သခင်
(၁၀) ဟဇ်ရသ်ဇူဟိုင်းလ်ဗိန်ဘိုင်ဒါးအ် ﷺ သခင်
(၁၁) ဟဇ်ရသ်မစ်ကဒ်ဒါးဒ်ဗိန်အမရ် ﷺ သခင်

(ဇုရ်ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၃၉၇)

## ဂစ်ဝဟ်အူရှိုင်ရဟ်

ဟီဂျ်ရီ (၂) ခုနှစ်၊ ဂျုမာဒလ်အူလာလတွင် အဘူစွဖ်ယာန် ခေါင်းဆောင်သော ကုန်သည်အုပ်စုကြီးတစ်စုသည် မက္ကာဟ်မြို့မှ ဆီးရီး ယားနိုင်ငံသို့ ထွက်ခွာခဲ့ပါသည်။ ထိုအုပ်စုကြီးတွင် မက္ကာဟ်မြို့သူ မြို့သား တိုင်းက မိမိတို့၏အရင်းအနှီးများကို ထည့်ဝင်ထားခဲ့ပါသည်။ သို့ပါ၍ မက္ကာဟ်မြို့သူမြို့သားတိုင်းအတွက် အထက်ပါအုပ်စုမှာ အလွန်အရေး ပါသော အုပ်စုတစ်စုဖြစ်ခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ၎င်းအုပ်စုကြီးနှင့်ပတ်သက်၍ သတင်းရရှိသောအခါ အဘူစလမဟ်ဗိန်အဗ်ဒူလ်အစဒ် ﷺ သခင်ကို မဒီနဟ်မြို့တွင် မိမိကိုယ်စားအဖြစ် ခန့်အပ်၍ အဆိုပါကုန်သည်အုပ်စု ကြီးအား အရေးယူပြီး မိမိတို့ထံမှမောင်းယူသွားသော ကုလားအုတ်များ နှင့်ဆိတ်များအစား ၎င်းတို့၏ပစ္စည်းများကို လျော်ကြေးအဖြစ်ယူဆောင် ရန်အတွက် မုဟာဂျီရ်ဆွဟာဗဟ်ပေါင်း (၂၀၀) နှင့်အတူတကွ မဒီနဟ် မြို့မှ ထွက်ခွာတော်မူသည်။

တမန်တော်မြတ် ﷺ က "အူရှိုင်ရဟ်" အမည်ရှိ နေရာသို့မရောက် မီ ရက်ပိုင်းအလျင် အဆိုပါကုန်သည်အုပ်စုကြီးမှာ ဆီးရီးယားနိုင်ငံ ဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် "အူရှိုင်ရဟ်" စခန်း၌ ဂျုမာဒလ် အူလာလ အဆုံးအထိနေထိုင်၍ ဂျုမာဒလ်အာခိရ်လအစတွင် မည်သည့် ရင်ဆိုင်မှုမျှမရှိဘဲ အပြန်ခရီးဆက်တော်မူ၏။

ထိုအပြန်ခရီးတွင် "ဗနီဇမ္မရဟ်" အမျိုးသားများနှင့် ငြိမ်းချမ်းရေး ကတိစာချုပ် ချုပ်ဆိုတော်မူသည်။ "ဗနီဇမ္မရဟ်" တို့နှင့် ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးကတိစာချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ဗိစ်မိလ္လား ဟာစ်ရ် ရဟ်မား နှစ်ရ်ရဟီးမ်"

"ဟားဇား ကိသားဘူမ် မိမ့်မုဟမ္မဒိန် ရဆူးလိလ္လားဟိ လိဗနီး

ဇမုရသ ဘိအန္နဟူမ် အားမိနူးန အလား အမ့်ဝါးလ်ဟ်မ် ဝအန့်ဖ် ဖုစိဟိမ် ဝအန္န လဟူမွန့် နဆွ်ရ အလား မန့်ရားမဟူမ် အန့်လား ယုဟားရိဘူး ဖိးဒိးနိလ္လားဟိ မားဘလ္လ ဘဟ်ရှန် ဆူးဖသန် ဝအန်နန့် နဗိယ္လ အိဓ်ဒအားဟူမ် လိနဆွ်ရိဟိး အဂျားဘူး အလိုက်ဟိမ် ဘိဇားလိက ဓိမ္မသူလ္လားဟိ ဝဓိမ္မသု ရဆူးလိဟိး ဝလဟုမွန့်နဆွ်ရ အလား မန့်ဗရ်ရ ဝသ်သကား" **ဆိုလိုသည်မှာ**

"အလွန်တရာ သနားကြင်နာတော်မူသော မဟာကရုဏာရှင် အလ္လာဟ်အရှင်မြတ်၏ အမည်နာမတော်ဖြင့် အစပြုပါအံ့"

ဤသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်မိုဟမ္မဒ် ﷺ နှင့် ဗနီဇမ္မရဟ်အမျိုးသားတို့၏ အသက်၊ အိုးအိမ်၊ ဥစ္စာပစ္စည်းများ အကာအကွယ်ရရှိရန်အတွက် ငြိမ်းချမ်းရေးကတိစာချုပ်ဖြစ်ပါသည်။

၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ "ဒီန်" သာသနာကို မတိုက်ခိုက်မီအချိန်ကာလအထိ ၎င်းတို့ကို တိုက်ခိုက်မည့်ရန်သူများကို ချေမှုန်းရာတွင် မွတ်စ်လင်မ်များမှာ ၎င်းတို့အား ကူညီအားပေးရမည်။

တမန်တော်မြတ် ﷺ က ၎င်းတို့အား ဖိတ်ခေါ်သည့်အချိန်ကာလတွင် လာရောက်ကြရမြီး ၎င်းတို့သည်လည်း တမန်တော်မြတ် ﷺ ကို ကူညီအားပေးရမည်။

၎င်းတို့ထဲမှ အပြစ်များကိုရှောင်ကြဉ်သော သူတော်ကောင်းများကို ကူညီရမည်။ ဤသည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ဘက်မှ ၎င်းတို့အဖို့ အစဉ်အမြဲအတွက် ကတိသစ္စာဖြစ်ပါသည်။

✱ ✱ ✱ ✱ ✱ ✱ ✱ ✱ ✱ ✱ ✱

တမန်တော်မြတ် ﷺ သည် "ဗနီဇမ္မရဟ်"တို့နှင့် အထက်ပါအတိုင်း ငြိမ်းချမ်းရေးကတိစာချုပ်ကို ချုပ်ဆိုပြီးနောက် မဒီနဟ်မြို့သို့ ပြန်လည်ကြွမြန်း ရောက်ရှိလာတော်မူ၏။

(ဗုခါရီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၁၉၄)

## ကုန်သည်အုပ်စုကြီး၏ အပြန်ခရီး

ဟိဂျ်ရီ (၂) ခုနှစ်၊ ဂျမာဒလ်အူလာလ၌ အဘူစွဖ်ယာန်၏ ဦးဆောင်မှုဖြင့် မက္ကာဟ်မြို့မှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့သော ကုန်သည်အုပ်စုကြီးသည် ဆီးရီးယားနိုင်ငံသို့ရောက်ရှိခဲ့ပြီး မိမိတို့၏ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းကိစ္စများ ပြီးစီးခဲ့သောအခါ မက္ကာဟ် မြို့သို့ပြန်ရန်အတွက် များစွာသောပစ္စည်းမျိုးစုံနှင့်တကွ ဆီးရီးယား နိုင်ငံမှ ထွက်ခွာလာခဲ့၏။

တမန်တော်မြတ် ﷺ သည် မဒီနဟ်မြို့၌ ရမဇာန်လမြတ်၏ အစတွင် ဤသတင်းကိုကြားသိတော်မူပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ဆွဟာဗဟ်များကိုလည်း အကြောင်းကြားတော်မူ၏။ မိမိတို့ဆုံးရှုံးခဲ့ရ သော ဆိတ်များနှင့် ကုလားအုတ်များအစား ထိုအုပ်စုကြီးကိုရင်ဆိုင်ပြီး ထိုကိစ္စကိုရှင်းလင်းရန်အတွက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ် များနှင့် "မရှ်ဝရဟ်" ပြု တိုင်ပင်ဆွေးနွေးပြီးနောက် ဆုံးဖြတ်ချက်ကို အတည်ပြုတော်မူပါသည်။ *(ဇူရ်ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၁၀)*

## အဘူစွဖ်ယာန်၏စိုးရိမ်မှုနှင့်ဇွာမ်ဇွာမ်ဂိဖါရီ

အထက်ပါကုန်သည်အုပ်စုကြီးသည် ဆီးရီးယားနိုင်ငံမှ ထွက်ခွာ လာပြီး "ဟိဂျားဇ်" အရဗ်နယ်မြေ၏အနီးအနားသို့ ရောက်ရှိလာသော အခါ ကုန်သည်အုပ်စုကြီး၏ခေါင်းဆောင်ဖြစ်သူ အဘူစွဖ်ယာန်သည် မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များကို စိုးရိမ်နေ၍ လမ်း၌တွေ့ရှိသမျှသော ခရီးသည်များနှင့် မဒီနဟ်မြို့ဘက်မှထွက်လာသူ တိုင်းအား တမန်တော်မြတ် ﷺ နှင့်ပတ်သက်၍ သတင်းများနှင့် အကြောင်းအရာများကို စုံစမ်းမေးမြန်းလျက်ရှိခဲ့ပါသည်။

အဘူစွဖ်ယာန်က အချို့ခရီးသည်များထံမှ တမန်တော်မြတ် ﷺ သည် ကူရိုင်းရှ်တို့ကျူးလွန်ထားသော အပြစ်များနှင့် မိမိတို့ထံမှ မောင်းယူသွားသော ဆိတ်များနှင့် ကုလားအုတ်များအစား ကုန်သည်အုပ်စုကို ရင်ဆိုင်ရန်အတွက် အမိန့်ရှိသည်ဟု သတင်းရရှိခဲ့ပါသည်။

သို့ပါ၍ အဘူစွဖ်ယာန်သည် မိမိကုန်သည်အုပ်စု၏အန္တရာယ်ကို ကြိုတင်ကာကွယ်ရန်အတွက် "ဇွာမ်ဇွာမ်ဂိဖါရီ" ဟု အမည်ရှိသော ပုဂ္ဂိုလ်အား အခကြေးငွေများပေးဆောင်၍ ကူရိုင်းရှ်တို့ထံသို့ အမြန်ဆုံး သတင်းပို့ရန်အတွက် မက္ကာဟ်မြို့သို့ စေလွှတ်ခဲ့ပါသည်။

## မက္ကာဟ်မြို့ရှိ အာသိကာဟ်၏အိပ်မက်

ကုန်သည်အုပ်စုသတင်းသည် ကူရိုင်းရှ်တို့ထံသို့ မရောက်ရှိမီ အလျင် မက္ကာဟ်မြို့ရှိ တမန်တော်မြတ် ﷺ ၏ "ဖူဖီ" အဖေဘက်မှ အဒေါ်ဖြစ်သူ "အာသိကာဟ်ဗိန်သေအဗ်ဒူလ်မွတ္တာလိဗ်" က အိပ်မက်မြင်မက်ခဲ့သည်မှာ

ကုလားအုတ်စီးနင်းလာသော ပုဂ္ဂိုလ်တစ်ဦးသည် "အဗ်တွဟ်" မည်သောနေရာသို့ ရောက်ရှိလာ၍ မိမိကုလားအုတ်ကို ထိုင်စေကာ

"ယားအားလ ဂဒ်ရီန် အိန့်ဖိရူး လိမဆွားရိအိကူမ် ဖီးစလားစ်" **ဆိုလိုသည်မှာ** "အို...အလ္လာဟ်အရှင်မြတ်အား သစ္စာဖောက်သူအပေါင်းတို့! အသင်တို့သည် မိမိတို့လဲကျခြင်းခံရမည့်နေရာများသို့ သုံးရက်အတွင်း ထွက်ခွာသွားကြကုန်"ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်ပြောဆိုလျက်ရှိပါသည်။

လူအများက ထိုပုဂ္ဂိုလ်ထံသို့ ဝိုင်းအုံလာကြသောအခါ ၄င်းသည် မိမိကုလားအုတ်ကိုဆွဲ၍ "ကအ်ဗဟ်" ကျောင်းတော်သို့ သွားရောက်ပြီး အလားတူ အော်ဟစ်ခဲ့ပါသည်။

ထို့နောက် "ဂျဗလေအဘီကူဗိုင်းစ်" တောင်ပေါ်သို့ တက်ရောက်၍ ကျောက်ပြားကြီးတစ်ချပ်ကို တောင်ပေါ်မှပစ်ချခဲ့ပေသည်။

ထိုကျောက်ပြားကြီးသည် အောက်သို့ကျလာသောအခါ အစိတ်စိတ် အမြွာမြွာဖြစ်သွားပြီး မက္ကာမြို့တွင် တစ်အိမ်မကျန် အိမ်တိုင်း၌ ထိုကျောက်ပြားကြီး၏အပိုင်းအစများ ကျရောက်သွားခဲ့သည်ဟူ၏။

အာသိကဟ်သည် အထက်ပါ အိပ်မက်အကြောင်းကို ၄င်း၏ ညီမောင်ဖြစ်သူ ဟဇရတ်အဗ္ဗါးစ်ဗီန်အဗ်ဒူလ်မွတ္တလိဗ် ﷺ အား တင်ပြခဲ့ပြီး "အလ္လာဟ်အရှင်မြတ်၏ ကစမ်! အသင့်အမျိုးသားများအပေါ်သို့ ဘေးအန္တရာယ်များ ကျရောက်လာမည်ကို ကျွန်တော်မ စိုးရိမ်မိပါသည်" ဟုဆိုကာ ဤအိပ်မက်ကို အခြားသူများအား မပြောပြရန်အတွက်လည်း တားမြစ်ခဲ့ပါသည်။

ဟဇရတ်အဗ္ဗါးစ် ﷺ သခင်သည် အစ်မ၏အိပ်မက်အကြောင်းကို မိမိ၏ အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်သူ ဝလီးဒ်ဗီန်အွတ်ဗဟ်အား အစအဆုံးပြောပြခဲ့ပြီး အခြားသူများအား ဤအိပ်မက်အကြောင်းကို မပြောပြရန်အတွက် ဝလီးဒ်ကို တားဆီးပိတ်ပင်ခဲ့ပါသည်။

သို့သော်လည်း ဝလီးဒ်သည် မိမိဖခင် အွတ်ဗဟ်အား အကြောင်းအရာအလုံးစုံတို့ကို ပြောပြလိုက်လေ၏။ သို့ရှိရာ ထိုအိပ်မက်အကြောင်းသည် တဖြည်းဖြည်းနှင့် မက္ကာမြို့တစ်မြို့လုံးသို့တိုင် ပြန့်နှံ့သွားခဲ့ပါသည်။

အာသိကဟ်က အိပ်မက်မြင်မက်ခဲ့ပြီး ဒုတိယ သို့မဟုတ် တတိယမြောက်နေ့တွင် ဟဇရတ်အဗ္ဗါးစ် ﷺ သခင်သည် ကအ်ဗဟ်ကျောင်းတော်သို့ ရောက်ရှိလာသောအခါ ထိုနေရာတွင် အဘူဂျဟလ်အား လူတစ်စုနှင့်အတူ ထိုင်လျက်ရှိသည်ကို တွေ့မြင်လေ၏။

ထိုအချိန်တွင် အဘူဂျဟလ်သည် ဟဇရတ်အဗ္ဗါးစ် ﷺ သခင်အား တွေ့မြင်သွားပြီး "အို..အဘူလ်ဖဇလ်! အသင်တို့ထဲ၌ ယခင်က ယောကျ်ားအမျိုးသားပင် နဗီတမန်တော်ဖြစ်ကြောင်း အရေးဆိုခဲ့ပါသည်။ ယခုတစ်ဖန် အမျိုးသမီးကလည်း နဗီဖြစ်ကြောင်း အရေးဆိုနေသည်" ဟု ခနဲ့ဗွာ စောင်းမြောင်းပြောဆိုလေ၏။

ဟာဇိရသ် အဗ္ဗါးစ် ﷺ သခင်သည် အကြောင်းရင်းကိုစုံစမ်းရာ အဘူဂျဟလ်က အာသိကဟ်၏ အိပ်မက်အကြောင်းကို ပြောပြခဲ့ပါသည်။

အဘူဂျဟလ်သည် ဟာဇိရသ်အဗ္ဗါးစ် ﷺ သခင်အား အာသိကဟ်၏အိပ်မက်အကြောင်းကို ခနော်ခနဲ့စွာ ပြောဆိုနေသည့်အချိန်၌ပင် အဘူစွဖ်ယာန်၏ဦးဆောင်မှုဖြင့် မက္ကာဟ်မြို့မှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့သော ကုန်သည်အုပ်စုကြီး၏သတင်းမှာ မက္ကာဟ်မြို့သို့ ရောက်ရှိခဲ့ပါသည်။

ထို့နောက်တွင် အဘူဂျဟလ်နှင့် သူ၏နောက်လိုက်များသည် "ဗဒရ်" သို့ရောက်ရှိခဲ့ပြီး အာသိကဟ်၏အိပ်မက်သဘောကို မျက်ဝါးထင်ထင် တွေ့ကြုံရင်ဆိုင်ခဲ့ရလေသည်။

*(မွတ်စ်သဒ်ရက်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၃၉)*

## ဇွာမ်ဇွာမ်၏သွေးဆူမှုပေါ် ကုရိုင်းရှ်တို့၏လှုပ်ရှားမှု

အဘူဂျဟလ်က ဟာဇိရသ်အဗ္ဗါးစ်သခင် ﷺ ကို အာသိကဟ်၏ အိပ်မက်နှင့်ပတ်သက်၍ ဝေဖန်နေချိန်တွင် အဘူစွဖ်ယာန်ကစေလွှတ်ခဲ့သော "ဇွာမ်ဇွာမ်ဂိဖာရီ"သည် ဆွေးမြည့်နွမ်းပါးသော အဝတ်အစားများကို ဝတ်ဆင်၍ နှာခေါင်းလှီးဖြတ်ထားသည့် ကုလားအုတ်ကို စီးနင်းကာ ကူရိုင်းရှ်တို့ကိုသတင်းပေးရန်အတွက် မမျှော်လင့်ဘဲ ရုတ်တရက် မက္ကာဟ်မြို့သို့ ဝင်ရောက်လာခဲ့လေ၏။ "ဇွာမ်ဇွာမ်ဂိဖာရီ"သည် လူတိုင်းအာရုံပြုစေသောနည်းဖြင့် ရောက်ရှိလာပြီး

"အို..ကူရိုင်းရှ် အမျိုးသားအပေါင်းတို့! အလွန်အရေးကြီးသော အရေးပေါ်သတင်းတစ်ရပ်ကို အာရုံပြုပြီး နားဆင်ကြပါ။ ဤသတင်းသည် အသင်တို့ထဲ၌ လူတိုင်းက မိမိတို့၏အရင်းအနှီးများကို ထည့်ဝင်ထားကြသော ယခုအချိန်တွင် ဆီးရီယားနိုင်ငံမှပြန်လာနေသော ကုန်သည်အုပ်စုကြီးနှင့်ပတ်သက်သည့် သတင်းတစ်ရပ်ပင်ဖြစ်ပါသည်။

မဒီနဟ်မြို့ရှိ မိုဟမ္မဒ်သည် အသင်တို့၏ ကုန်သည်အုပ်စုကြီးကို ရင်ဆိုင်ပြီး ၎င်းတို့ထံမှ အသင်တို့က မောင်းယူသွားသော ကုလားအုတ်များနှင့်ဆိတ်များအစား အသင်တို့၏ဥစ္စာပစ္စည်းများကို လျော်ကြေး အဖြစ်ယူဆောင်ရန်အတွက် မိမိ၏ဆွဟာဗဟ်များကို အမိန့်ထုတ်ပြန်ခဲ့သောကြောင့် အသင်တို့၏ ကုန်သည်အုပ်စုကြီးအတွက် ကြီးစွာသော အန္တရာယ်ရှိပါသည်။

သို့ပါ၍ အဗူစုဖ်ယာန်ဦးဆောင်သော မိမိတို့၏ ကုန်သည်အုပ်စုကြီးကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် မက္ကဟ်မြို့မှ အမြန်ဆုံးထွက်ခွာကြရန် လိုအပ်ပါသည်" ဟု အလွန်အရုပ်ဆိုးသောနည်းဖြင့် သတိပေးပြီး မက္ကဟ်မြို့သူမြို့သားများကို သွေးဆွပေးခဲ့ပါသည်။

ဍွမ်ဍွမ်ဂိဖာရီက မက္ကဟ်မြို့သူမြို့သားများကို အထက်ပါအတိုင်း သွေးဆွပေးခဲ့သောကြောင့် ကူရိုင်းရှ်အမျိုးသားတို့သည် မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များအပေါ် အမျက်တော်ရှကာ မကျေမချမ်းဖြစ်ပြီး ၎င်းတို့ကို တိုက်ခိုက်ချေမှုန်းရန်အတွက် မြင်းကောင်ရေ (၂၀၀)၊ ကုလားအုတ်ကောင်ရေ(၇၀၀)နှင့် စစ်သည်တော်တစ်ထောင်တို့ကိုစုဆောင်း၍ ပျော်တော်ဆက် "ဝါလန်တီယာ" အမျိုးသား၊ အမျိုးသမီးများ၏ "ဝါလန်တီယာ" တပ်နှင့်တကွ မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ချီတက်ရန်အတွက် အစီအစဉ်ပြုလုပ်ကြပေသည်။ အဗူဂျဟလ်သည် ထိုအုပ်စုကိုဦးဆောင်သော ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။

မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် အဗူဂျဟလ်ဦးဆောင်သော ဤအဖွဲ့တွင် အမျိုးသားခေါင်းဆောင်များအားလုံး ပါဝင်ကြပါသည်။

သို့သော်လည်း အဗူလဟဗ်သည် ထိုအရေးတွင် မပါဝင်နိုင်ခဲ့ပေ။ အဗူလဟဗ်သည် အဗူဂျဟလ်၏ညီအရင်းဖြစ်သူ အားဆွ်ဗိန်ဟိရှာမ်ထံမှ ငွေဒင်္ဂါးလေးထောင် အကြွေးရရန်ရှိပါသည်။ သို့ပါ၍

အဘူလဟာဗ်သည် မိမိကိုယ်စား အားဆွ်ဗိန်ဟိရှားမ်ကို ထည့်ပေးခဲ့ပါသည်။ အားဆွ်ဗိန်ဟိရှားမ်ကလည်း ထိုအကြွေးများကိုမပေးဆပ်နိုင်၍ အဘူလဟာဗ်၏ကိုယ်စား မိမိကိုယ်တိုင် မွတ်စ်လင်မ်များကိုတိုက်ခိုက်ချေမှုန်းရာတွင် တစ်တပ်တစ်အားပါဝင်၍ အဘူလဟာဗ်၏အကြွေးများကိုထိုနည်းဖြင့်ဆပ်ခဲ့ပါသည်။

*(တွာဗ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇)*

## အူမိုက်ယဟ်ဗိန်ခလဖ်နှင့်ဗဒရ်ကွင်းပြင်

အူမိုက်ယဟ်ဗိန်ခလဖ်သည် မက္ကဟ်မြို့တွင် အကြီးအကဲခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ ၎င်းသည် အဘူဂျဟလ်၏အုပ်စုနှင့်အတူ မဒီနဟ်မြို့သို့ချီတက်ရန်အတွက် စိတ်ဆန္ဒလုံးဝမရှိခဲ့ပေ။

အကြောင်းရင်းမှာ အတိတ်ခေတ်အချိန်ကာလတွင် မက္ကဟ်မြို့မှအူမိုက်ယဟ်ဗိန်ခလဖ်နှင့် မဒီနဟ်မြို့မှ စအဒ်ဗိန်မအားဇ် ﷺ သခင်တို့သည် အချင်းချင်း မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြပါသည်။ အူမိုက်ယဟ်ဗိန်ခလဖ်သည် ရောင်းဝယ်ဖောက်ကားမှုကိစ္စများအတွက် မက္ကဟ်မြို့မှ ဆီးရီးယားနိုင်ငံသို့ အသွားအပြန်လမ်းခရီးတွင် မဒီနဟ်မြို့ရှိ စအဒ်ဗိန်မအားဇ် ﷺ သခင်ထံ၌ တည်းခိုလေ့ရှိပြီး အလားတူစအဒ်ဗိန်မအားဇ် ﷺ ကလည်း မက္ကဟ်မြို့သို့လာသောအခါများ၌အူမိုက်ယဟ်ဗိန်ခလဖ်ထံတွင် တည်းခိုလေ့ရှိခဲ့ပါသည်။

တမန်တော်မြတ် ﷺ က မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ဟိဂျ်ရသ်ပြု ရွှေ့ပြောင်းလာတော်မူပြီးနောက် တစ်နေ့သောအခါဝယ် ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်သည် အွမ်ရဟ်ပြုရန်အတွက် မဒီနဟ်မြို့သို့ရောက်ရှိလာခဲ့၏။ သူသည် အစဉ်အလာအတိုင်း မိမိ၏မိတ်ဆွေဟောင်းဖြစ်သူ အူမိုက်ယဟ်ဗိန်ခလဖ်ထံ၌ပင် တည်းခိုခဲ့ပါသည်။

ညေ့သည် ဟာဇ်ရည်စအဒ်ဗိန်မအားဇ် ﷺ သခင်က အိမ်ရှင်ဖြစ်သူ အူမိုက်ယဟ်ဗိန်ခလဖ်အား "ကျွန်တော့်ကို "တွဝါးဖ်" လှည့်ရန်အတွက် "ဟရမ်" ထဲမှာ လူချောင်သောအချိန်တွင် ခေါ်ဆောင်သွားပါ" ဟူ၍ မေတ္တာရပ်ခံခဲ့ပါသည်။

သို့ပါ၍ အူမိုက်ယဟ်က ဟာဇ်ရည်စအဒ် ﷺ ကို နေ့လည်ပိုင်း၌ ဟရမ် ထဲတွင် လူချောင်နေသောအချိန်တွင် ခေါ်ဆောင်သွားခဲ့ပါသည်။ တွဝါးဖ်လှည့်နေသောအခါ ရုတ်တရက်မမျှော်လင့်ဘဲ ထိုနေရာသို့ အဘူဂျဟလ် ရောက်ရှိလာပြီး ဟာဇ်ရည်စအဒ်ဗိန်မအားဇ် ﷺ သခင်ကို အူမိုက်ယဟ်ဗိန်ခလဖ်နှင့်အတူ တွေ့မြင်ခဲ့၍ အဘူဂျဟလ်က အူမိုက်ယဟ်ဗိန်ခလဖ်အား

"အို... အဘူဆွဖ်ဝါးန်! အသင်နှင့်အတူ စိတ်အေးချမ်းသာစွာ တွဝါးဖ်လှည့်နေသောဤပုဂ္ဂိုလ်မှာ အဘယ်သူဖြစ်ပါသနည်း" ဟု မေးမြန်းရာ အူမိုက်ယဟ်ဗိန်ခလဖ်က "ဤပုဂ္ဂိုလ်မှာ မဒီနဟ်မြို့မှ ကျွန်တော့်မိတ်ဆွေဟောင်း စအဒ်ဗိန်မအားဇ်ဖြစ်သည်" ဟူ၍ ဖြေကြားလေ၏။

ထိုအခါ အဘူဂျဟလ်က အူမိုက်ယဟ်ဗိန်ခလဖ်အား "အို...အဘူဆွဖ်ဝါးန်! အသင်သည် မိမိထံတွင် ဤသာသနာပျက်သူများကို တည်းခိုခွင့်ပေးသည်လော" ဟု ဆိုကာ

တစ်ဖန် ဟာဇ်ရည်စအဒ် ﷺ သခင်ဘက်သို့ မျက်နှာလှည့်၍ အဘူဂျဟလ်က ဟာဇ်ရည်စအဒ်ဗိန်မအားဇ် ﷺ သခင်အား "အို.. စအဒ်! အကယ်၍ အသင်နှင့်အတူ အဘူဆွဖ်ဝါးန် (အူမိုက်ယဟ်ဗိန်ခလဖ်) မပါရှိခဲ့ပါက အသင်သည် ဤနေရာမှ မဒီနဟ်မြို့သို့ ကျမ်းမာချမ်းသာစွာဖြင့် ပြန်ရောက်နိုင်မည်မဟုတ်ပါ" ဟူ၍ ပြောဆိုလေ၏။

ဟာဇ်ရည်စအဒ် ﷺ သခင်သည် အဘူဂျဟလ်၏ အပြောအဆိုများကို နားထောင်ပြီးနောက် "အို..အဘူဂျဟလ်! အသင်တို့သည် ကျွန်တော်များကို ကအ်ဗဟ်ကျောင်းတော်၏ တွဝါးဖ်လှည့်ခြင်းမှ အတား

အဆီးပြုလုပ်ပါက ကျွန်တော်များသည်လည်း အသင်တို့အတွက် ဆီးရိုး ယားနိုင်ငံသို့ အသွားအလာလမ်းကို မဒီနဟ်မြို့တွင် ပိတ်ပင်လိုက်မည်" ဟူ၍ အသံကျယ်လောင်စွာဖြင့် ဖြေကြားလေ၏။

ထိုအချိန်တွင် အူမိုက်ယဟ်ဗိန်ခလဖ်က ဟစ်ရသ်စအဒ်ဗိန် မအားဇ် ﷺ အား "အို..စအဒ်! အဘူလ်ဟကမ် (အဘူဂျဟလ်) သည် ဤနယ်မြေ၏အကြီးအကဲခေါင်းဆောင်ဖြစ်၍ အသင်သည် ၎င်းအား အသံကျယ်လောင်စွာဖြင့် အော်ဟစ်ပြီး မပြောဆိုပါနှင့်" ဟု ကြားဝင် ပြောဆိုလေ၏။

ဟစ်ရသ်စအဒ် ﷺ သခင်သည် အူမိုက်ယဟ်၏စကားများကို နားထောင်ပြီး ဒေါသထွက်ကာ အူမိုက်ယဟ်အား "အသင် ဆိတ်ဆိတ် နေလေကုန်။ အသင်သည် ဆွဟာဗဟ်များ၏လက်ထဲတွင် ကျဆုံးသွား လိမ့်မည်ဟူ၍ တမန်တော်မြတ် ﷺ ၏ အမိန့်ရှိသည်ကို ကျွန်တော်ကြား ခဲ့ရပါသည်" ဟု တင်ပြလိုက်လေ၏။

အူမိုက်ယဟ်သည် ဟစ်ရသ်စအဒ် ﷺ ထံမှ ယင်းအကြောင်းကို ကြားသိသောအခါ ဟစ်ရသ်စအဒ် ﷺ အား မိမိကျဆုံးခြင်းခံရမည့်နေရာ ကို မေးမြန်းရာ ဟစ်ရသ်စအဒ် ﷺ က "ကျွန်တော်သည် ထိုနေရာကို မသိပါ" ဟူ၍ ဖြေကြားလေ၏။

ထိုအခါ အူမိုက်ယဟ်က "မားကဇိဗမုဟမ္မဒူန်" **ဆိုလိုသည်မှာ** "မိုဟမ္မဒ်သည် မုသားပြောဆိုသူမဟုတ်ပါ" ဟူ၍ ပြောဆိုလေ၏။ ထို့နောက် သူသည် အလွန်စိုးထိတ်သွားခဲ့ပြီး မသေဆုံးရန်အတွက် ထိုနေ့မှစပြီး မက္ကဟ်မြို့၏အပြင်သို့ အသွားအလာ လုံးဝမပြုလုပ်ရန် အတွက် အပြီးတိုင် ဆုံးဖြတ်လိုက်လေ၏။

"ကူရိုင်းရှ်"တို့က မဒီနဟ်မြို့သို့ချီတက်ပြီး မွတ်စ်လင်မ်များကို သတ်ဖြတ်ချေမှုန်းရန်အတွက်ပြုလုပ်ကြသော အစီအစဉ်အရ အူမိုက်ယဟ် သည် မက္ကဟ်မြို့၏အပြင်ဒေသသို့ ထွက်ခွာသွားရန်အတွက် စိတ်ဆန္ဒ လုံးဝမရှိခဲ့ပေ။

အူမိုက်ယဟ်ဗီန်ခလဖ်သည် မိမိအတွက် မက္ကဟ်မြို့၏အပြင်၌ အသက်အန္တရာယ်ကို စိုးရိမ်နေခဲ့၏။ အဘူဂျဟလ်က ဤအကြောင်းကို ကြားသိခဲ့သောအခါ ၎င်းအား "အသင်သည် အမျိုးသားခေါင်းဆောင် တစ်ဦးဖြစ်ပြီး ဤအရေးထဲမှနောက်ဆုတ်ပါလျှင် ဤအင်အားကြီးမား သော အုပ်စုကြီးမှာ ပြိုကွဲမှု၏အန္တရာယ်ရှိပါသည်။ အသင်စိုးရိမ်နေသော အန္တရာယ်မှ လွတ်ကင်းနိုင်ရေးအတွက် ကျွန်တော်သည် အသင့်ကို အကောင်းဆုံးသောမြင်းတစ်ကောင်ဝယ်ပေးပြီး စီးနင်းစေပါမည်။ အသင် သည် မိမိအတွက် ကြောက်ရွံ့စိုးထိတ်နေသော အန္တရာယ်၏အရိပ် လက္ခဏာကို တွေ့မြင်ပါက အချိန်အခါ နေရာဌာနမရွေး ချက်ချင်း ပြန်လာနိုင်ပါသည်။ သို့သော် ယခုအချိန်တွင် အထွက်မှာ အားလုံးနှင့် အတူပါဝင်ပြီး တညီတညွတ်တည်းထွက်ရန်လိုအပ်ပါသည်" ဟု အကျပ် ကိုင်ပြီး စည်းရုံးလေ၏။

ထိုအခါ အူမိုက်ယဟ်က ၎င်းတို့နှင့်အတူ မက္ကဟ်မြို့မှ အထွက် ပြုပြီး နေရာအနီးအနားမှ မိမိနေအိမ်သို့ပြန်လာမည်ဟု စိတ်ကူး၍ ယခု အချိန်တွင် အဘူဂျဟလ်တို့နှင့်အတူ ထွက်ခွာသွားမှုကို သဘောတူ လက်ခံလိုက်လေ၏။

သို့ပါ၍ အူမိုက်ယဟ်သည် မိမိနေအိမ်သို့ပြန်လာပြီး မိမိဇနီး သည်ဖြစ်သူ "အွမ်မေဆွဖ်ဝါးန်" အား မိမိအတွက် ခရီးဆောင်ပစ္စည်း များကိုစီစဉ်ပေးရန် ပြောဆိုလေ၏။

အွမ်မေဆွဖ်ဝါးန်က အူမိုက်ယဟ်အား "ရှင်သည် မဒီနဟ်မြို့ သားဖြစ်သော ရှင့်မိတ်ဆွေ၏ဟောကိန်းကို မေ့နေပြီလော" ဟု ဆိုကာ စအဒ်ဗီန်မအားဇ် ﷺ က အူမိုက်ယဟ်ဗီန်ခလဖ်အား ပြောဆိုသွားခဲ့သော အကြောင်းကို ပြန်လည်ပြောပြပြီး အွမ်မေဆွဖ်ဝါးန်က မိမိခင်ပွန်းသည် ဖြစ်သူ အူမိုက်ယဟ်ဗီန်ခလဖ်အား သတိပေးလေ၏။

အူမိုက်ယဟ်က မိမိဇနီးသည်အား "ကျွန်တော်သည် နေရာအနီး အနားမှပင် ပြန်လာပါမည်" ဟုဆိုကာ အဘူဂျဟလ်နှင့်အတူတကွ ထွက်ခွာသွားခဲ့ပေသည်။

အူမိုက်ယဟ်ဗိန်ခလဖ်သည် "ကိယာမသ်" နေ့အထိ မက္ကာဟ်မြို့သို့ ဦးမလှည့်နိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်က ဆုံးဖြတ်ထားတော်မူ၍ အူမိုက်ယဟ်သည် စခန်းတိုင်းမှာ မိမိကုလားအုတ်ကို အနီးအနားတွင်ချည်နှောင်ပြီး အကွက်ကောင်းယူ၍ ချက်ချင်းပြန်ထွက်လာရန်အတွက် အကြိမ်ကြိမ်အဖန်ဖန် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရသည်။

နောက်ဆုံးတွင် အူမိုက်ယဟ်ဗိန်ခလဖ်သည် အဘူဂျဟလ်နှင့်အတူတကွ မွတ်စ်လင်မ်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် "ဗဒရ်" သို့ရောက်ရှိလာခဲ့၏။ ထို့နောက် ဟဇ်ရသ်စအဒ်ဗိန်မအာဇ် ﷺ သခင်က ကြိုတင်သတင်းပေးခဲ့သည့်အတိုင်း အူမိုက်ယဟ်ဗိန်ခလဖ်သည် "ဂဇ္ဇဝဟ်ဗဒရ်" တွင် ဆွဟာဗဟ်များ၏ ခုခံရင်ဆိုင်မှုဖြင့် ကျဆုံးသွားခဲ့ပေသည်။

(ဗုခါရီ ဟဒီးဆ် ကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၂၀)

## အခန်း (၂၀)

## ဂဇ်ဝဟ်ဗဒရ်

မဒီနဟ်မြို့မှ မိုင်ပေါင်း (၈၀)ခန့်ဝေးကွာသောနေရာတွင် ရွာတစ်ရွာရှိခဲ့၏။ ထိုရွာ၏အမည်မှာ ဗဒရ်ဖြစ်သည်။ အဆိုပါရွာ၏အမည်မှာ ဗဒရ်ဖြစ်ကြောင်းနှင့်ပတ်သက်၍ အချို့သော သမိုင်းပညာရှင်များက "ဗဒရ်ဗိန်ယခ်လဒ်ဗိန်နဇ္ဇရ်ဗိန်ကိနာနဟ်" ကလည်းကောင်း၊ အချို့သော ပညာရှင်များက "ဗဒရ်ဗိန်ဟာရိဇ်"ကလည်းကောင်း ရွာတည်ခဲ့၍ ထိုသူတို့၏အမည်များဖြင့် ယင်းနေရာကို "ဗဒရ်" ဟုခေါ်ဆိုရကြောင်း အဆိုများ အသီးသီးလာရှိပေသည်။

နောက်အဆိုတစ်ရပ်တွင်မူ ထိုနေရာ၌ ဗဒရ်အမည်ဖြင့် ရေတွင်းတစ်တွင်းရှိခဲ့၍ ထိုရေတွင်း၏အမည်ဖြင့် ၎င်းရပ်ကွက်ကို "ဗဒရ်"ဟု ခေါ်ဆိုကြသည်ဟူ၍လည်း လာရှိပေသည်။

အစ္စလာမ့်သမိုင်းတွင် အလွန်ကျော်ကြားသော "ဂဇ်ဝဟ်ဗဒရ်" ဟူသည့် အမှန်တရားနှင့် မမှန်ကန်သောမူဝါဒလမ်းစဉ်များ၏ အလယ်ကြားတွင် ထင်ရှားစွာ ခြားနားခွဲခြားလိုက်သော ဤစုခံရင်ဆိုင်မှုသည် အဆိုပါနေရာတွင် ဖြစ်ပွါးခဲ့၍ "ဗဒရ်" မှာလည်း အစ္စလာမ့်သမိုင်းဝင်နေရာဖြစ်လာခဲ့ပေသည်။

ဤဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ် အစ္စလာမ်သာသနာဝင်များသည် လူနည်းစုဖြစ်သည့်အပြင် ၎င်းတို့ထံ၌ ဥစ္စာပစ္စည်းများနှင့် လက်နက်ကိရိယာများ ပြည့်ဝစုံလင်စွာ မရှိခဲ့သော်လည်း အလ္လာဟ်အရှင်မြတ်ထံမှ "နုဆွ်ရသ်" ကူညီအားပေးမှုဖြင့် မက္ကဟ်မြို့မှမဒီနဟ်မြို့သို့ ချီတက်လာသော အဘက်ဘက်မှ အင်အားတောင့်တင်းသည့် "ကူရိုင်းရှ်" အုပ်စုကြီးအပေါ် အောင်နိုင်မှုရရှိခဲ့ပါသည်။

"ဂဇ်ဝဟ်ဗဒရ်" သည်အမှန်တရား မူဝါဒလမ်းစဉ်နှင့် မမှန်ကန်သောမူဝါဒလမ်းစဉ်များ၏ အလယ်ကြားတွင် ခွဲခြား ခြားနားမှုအတွက် အကြောင်းခံဖြစ်၍ ကျမ်းမြတ်ကူရ်အာန်ထဲ၌ ၎င်းနေ့ရက်၏အမည်မှာ "ယောက်မူလ်ဖူရ်ကားန်" "ခွဲခြားခြားနားမှုနေ့" ဟူ၍ လာရှိပါသည်။

ဟီဂျ်ရီ (၂) ခုနှစ်၊ ရှအ်ဗာန်လတွင် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်များ ဖရဇ်ဖြစ်ကြောင်း အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ အမိန့်တော်ကျရောက်လာခဲ့ပါသည်။

သို့ပါ၍ အဆိုပါ ရှအ်ဗာန်လကုန်ဆုံးပြီးနောက် ရှေ့ရမဇာန်လမြတ်တွင် အစ္စလာမ်သာသနာဝင်များသည် လမြတ်ရမဇာန်၏ ရိုဇဟ်ဥပုသ်ကို စောင့်ထိန်းလျက်ရှိကြပေသည်။ တမန်တော်မြတ် ﷺ သည် ရမဇာန်လ၏အစတွင် အဘူစွဖ်ယာန် ဦးဆောင်လာနေသော ကုန်သည်အုပ်စုကြီး၏ အပြန်ခရီးသတင်းကို ကြားသိပြီး ၎င်းအုပ်စုနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ဆုံးဖြတ်ချက်အကြောင်းကို အထက်၌ "ကုန်သည်အုပ်စုကြီး၏အပြန်ခရီး" ခေါင်းစဉ်ပါအကြောင်းတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

## ဟီဂျ်ရီ (၂) ခုနှစ်၊ လမြတ်ရမဇာန် (၁၂) ရက်နေ့

"ကုန်သည်အုပ်စုကြီး၏အပြန်ခရီး" ခေါင်းစဉ်တွင် ရေးသားတင်ပြခဲ့သည့်အတိုင်း "မရ်ဝရဟ်"ပြု နီးနှောဖလှယ်ပွဲ၌ အတည်ပြုခဲ့သောဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်ပေါင်း(၃၁၃)ဦးနှင့်အတူ လမြတ်ရမဇာန် (၁၂)ရက်နေ့တွင် မဒီနဟ်မြို့မှ အပြင်ဘက်သို့ထွက်ခွာတော်မူ၏။ ဤဂျမာအသ်ထဲတွင် အချို့လူငယ်လေးများလည်း ပါဝင်လာခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ နှင့် အတူတကွထွက်ခွာလာခဲ့သော ဆွဟာဗဟ်များ၏အဆိုပါအုပ်စုထံတွင် အစီးအနင်းများအဖြစ် ကုလား

အုတ်အကောင်းရေ (၇၀)နှင့် မြင်း (၂)ကောင်သာရှိခဲ့ပါသည်။ ထိုမြင်းနှစ်ကောင်၏ပိုင်ရှင်များမှာ ဟဇရတ်ဇူဗိုင်း၏ ﷺ သခင်နှင့် ဟဇရတ်မစ်ကဒါး၏ ﷺ သခင်တို့ ဖြစ်ကြပါသည်။

ကုလားအုတ်တစ်ကောင်ကို လူ(၂)ယောက်၊ (၃)ယောက်တို့က အလှည့်ကျစီးနင်းကြရပါသည်။ တမန်တော်မြတ် ﷺ ၏ ကုလားအုတ်မှာ ဟဇရတ်အလီ ﷺ သခင်နှင့် ဟဇရတ်အဘူလူဘာဘဟ် ﷺ သခင်တို့ စပ်တူများဖြစ်ကြပါသည်။

အဆိုပါ ဂျမာအသ်အုပ်စုတွင် အလံတော်သုံးခုရှိခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် ထိုအလံတော်များကို ဟဇရတ်အလီဗိန်အဘီတွာလိဗ် ﷺ သခင်၊ ဟဇရတ်မတ်ဆွဲအဗ်ဗိန်အူမိုင်း၏ ﷺ သခင်နှင့် အခြား အန်ဆွာရီ ဆွဟာဗီတို့အား အသီးသီး ပေးအပ်ချီးမြှင့်တော်မူ၏။

မဒီနဟ်မြို့ပြင်ရှိ မြို့နှင့် တစ်မိုင်ခန့်ဝေးကွာသော "ဗီအ်ရေ အဘီအူဘိုင်ဒဟ်" အမည်ရှိနေရာသို့ ရောက်ရှိသောအခါ တမန်တော်မြတ် ﷺ သည် မိမိအုပ်စုမှ ဂျမာအသ်သားများကို စစ်ဆေးပြီး အသက်အရွယ်ငယ်သော လူငယ်များကို ရွေးချယ်၍ မိမိတို့၏နေအိမ်များသို့ ပြန်သွားခိုင်းတော်မူ၏။

အူမိုင်းရ်ဗိန်အဘီဝပ်ကားဆွဲ ﷺ သခင်သည် အသက်အရွယ်ငယ်သဖြင့် ပြန်သွားခိုင်းရာ ငိုကြွေးနေလေ၏။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ၎င်းအား လိုက်ပါခွင့်ပြုလိုက်လေ၏။

တစ်ဖန် မဒီနဟ်မြို့မှ မိုင်(၂၀)ခန့်ဝေးကွာသော "ရောင်ဟား" အမည်ရှိ နေရာသို့ ရောက်ရှိခဲ့သောအခါ တမန်တော်မြတ် ﷺ သည် ဟဇရတ်အဘူလူဘာဘဟ် ﷺ သခင်ကို "အမီရ်" အဖြစ်ခန့်အပ်ပြီး မဒီနဟ်မြို့သို့ ပြန်လည်စေလွှတ်တော်မူသည်။

*(ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၂၅)*

☆☆☆☆☆

## အဘူဂျဟယ်လ်၏အုပ်စု မက္ကဟ်မြို့မှမဒီနဟ်မြို့သို့

တမန်တော်မြတ် ﷺ သည် "ရောင်ဟား"အမည်ရှိ နေရာဌာနမှ ထွက်ခွာတော်မူပြီး ရှေ့တွင် "ဆွဖ်ရားအ်"အမည်ရှိ နေရာသို့ မရောက်ရှိမီ အလျင် ကုန်သည်အုပ်စုကြီး၏သတင်းများကို စုံစမ်းရန်အတွက် ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်တော်မူ၏။

ထိုအဖွဲ့၏အဖွဲ့ဝင်များမှာ ဟဇရသ်ဗိစ်ဗိစ်ဗိန်အမရ်ဂျုဟာနီ ﷺ သခင်နှင့် ဟဇရသ်အဒီးဗိန်အဘီရဂ်ဘာအ် ﷺ သခင်တို့ ဖြစ်ကြပါသည်။ ထိုထောက်လှမ်းရေးအဖွဲ့၏ အဓိကတာဝန်မှာ ကုန်သည်အုပ်စုကြီး၏သတင်းများကို စုံစမ်းထောက်လှမ်းရန်ပင် ဖြစ်ပါသည်။

သို့သော် ကုန်သည်အုပ်စုကြီး၏သတင်းများ မရရှိမီအလျင် လမ်းခရီးတွင် မက္ကဟ်မြို့ဘက်မှလာနေသော ခရီးသည်များထံမှ "ကူရိုင်းရှ်"တို့က မက္ကဟ်မြို့မှ မဒီနဟ်မြို့ဘက်သို့ ချီတက်လာနေကြောင်း သတင်း ရရှိခဲ့ပါသည်။

တစ်ဖန် အဆိုပါထောက်လှမ်းရေးအဖွဲ့သည် မဒီနဟ်မြို့ဘက်မှ မိုင်(၈၀)အကွာတွင်ရှိသော "ဗဒရ်"သို့ ရောက်ရှိလာခဲ့လေ၏။ ၎င်းတို့သည် ကုန်းလေးတစ်ခု၏အောက်ခြေတွင်ရှိသော ရေအိုင်တစ်ဘက်သို့ လာရောက်ပြီး မိမိတို့၏ကုလားအုတ်များပေါ်မှ ဆင်းသက်လိုက်ကြပေသည်။

ထိုရေအိုင်၏နောက်တစ်ဘက်တွင် "မဂ်ဒီးဗိန်အမရ်ဂျုဟာနီ" ဆိုသူလည်း ရှိနေခဲ့ပါသည်။ ထိုအချိန်တွင် ဤနေရာ၌ အမျိုးသမီးနှစ်ဦး ရောက်ရှိလာ၍ အချင်းချင်း အကြွေးတောင်းလေ၏။ အကြွေးယူခဲ့သော အမျိုးသမီးက အကြွေးရှင်အမျိုးသမီးအား "များမကြာမီ အချိန်ကာလ (၂)ရက် (၃)ရက်အတွင်း၌ ဆီးရီးယားနိုင်ငံမှပြန်လာနေသော ကူရိုင်းရှ်တို့၏ ကုန်သည်အုပ်စုကြီးသည် ဤနေရာသို့ရောက်ရှိလာပါလိမ့်မည်။ ကျွန်မသည် ထိုကုန်သည်အုပ်စုကြီးထံတွင် အလုပ်လုပ်ပြီး အသင်မ၏

ကြွေးမြီများကို ပေးဆပ်ပါဖည်" ဟု ဖြေကြားလေ၏။ မဂ်ုဒီးဗိန်အမရ်ဂျုဟာနီက ထိုအမျိုးသမီးနှစ်ဦးစလုံးကို ဖြောင်းဖျ ဖျန်ဖြေပြီး ပြဿနာကို ဖြေရှင်းပေးခဲ့ပါသည်။

ရေအိုင်တစ်ဘက်တွင် ရောက်ရှိနေခဲ့ကြကုန်သော တမန်တော်မြတ် ﷺ ၏ ထောက်လှမ်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဟဇ်ရသ်ဗီစ်ဗီစ် ؓ သခင်နှင့် ဟဇ်ရသ်အဒီး ؓ သခင်တို့သည် ဤအကြောင်းကိုကြားသိပြီး ချက်ချင်းပင် မိမိတို့၏ကုလားအုတ်များကို စီးနင်း၍ ထိုအချိန်တွင် "ဆွဖ်ရားအ်" စခန်းသို့ ရောက်ရှိလာတော်မူသော တမန်တော်မြတ် ﷺ ၏အပါးတော်ဝယ် အမြန်ဆုံး ဝင်ရောက်ခစားပြီး အဘူဂျဟလ်၏အုပ်စုကြီး ချီတက်လာနေကြောင်းနှင့် ကုန်သည်အုပ်စုကြီး၏သတင်းများကို အသေးစိတ် အကျယ်တဝင့် အစီရင်ခံခဲ့ကြပါသည်။

## ကုန်သည်အုပ်စုကြီး မဒီနဟ်မြို့မှမက္ကဟ်မြို့သို့

ဟဇ်ရသ်ဗီစ်ဗီစ် ؓ သခင်နှင့် ဟဇ်ရသ်အဒီး ؓ သခင်တို့သည် အဆိုပါရေအိုင်နားမှ ထွက်ခွာသွားပြီးနောက် မကြာမီအချိန်တွင် ကုန်သည်အုပ်စုကြီး၏ခေါင်းဆောင် အဘူစွဖ်ယာန်သည် တမန်တော်မြတ် ﷺ ၏လှုပ်ရှားမှုများကို ထောက်လှမ်းရန်အတွက် ထိုရေအိုင်နားသို့ ရောက်ရှိလာခဲ့ပေသည်။

အဘူစွဖ်ယာန်သည် ရေအိုင်နားတွင် "မဂ်ုဒီးဗိန်အမရ်ဂျုဟာနီ"ကို တွေ့မြင်၍ ၎င်းအား "ဤနေရာတွင် အခြားသူများကို တွေ့မြင်ခဲ့ပါသလား" ဟု မေးမြန်းရာ "မဂ်ုဒီး"က "လူနှစ်ယောက်သည် ရေအိုင်အနားသို့လာရောက်၍ မိမိတို့၏ကုလားအုတ်များကို ရေတိုက်ကျွေးကာ ရေအိတ်များကို ရေခပ်ဖြည့်၍ ပြန်သွားကြသည်ကို တွေ့မြင်ခဲ့ကြောင်း" ပြောပြလေ၏။

အဘူစွဖ်ယာန်သည် ဤအကြောင်းကိုကြားသိပြီး ချက်ချင်းပင် ရေအိုင်တစ်ဘက်သို့ သွားရောက်ကြည့်ရှုရာ ထိုနေရာတွင် ကုလားအုတ်၏မစင်များကို တွေ့မြင်ခဲ့ပါသည်။ အဘူစွဖ်ယာန်သည် ကုလားအုတ်၏မစင်ကို ချေ၍ မစင်ထဲမှ စွန်ပလွံစေ့ကိုတွေ့မြင်ကာ "အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤအစေ့သည် မဒီနဟ်၏စွန်ပလွံစေ့ဖြစ်ကြောင်းမှာ ဒွိဟသံသယမရှိနိုင်ပါ"ဟု ဆိုကာ တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ မိမိစိုးရိမ်နေသော အခြေအနေများကို ခန့်မှန်းလိုက်လေသည်။

သို့ပါ၍ အဘူစွဖ်ယာန်သည် ထိုနေရာမှ မိမိအုပ်စုရှိရာသို့ အမြန်ဆုံးပြန်လာပြီး မိမိတို့လာနေကြသည့်လမ်းကြောင်းကို ချက်ချင်းလွှဲပြောင်း၍ ပင်လယ်ကမ်းနားလမ်းဖြင့် ရှောင်ထွက်သွားခဲ့ပါသည်။ အဘူစွဖ်ယာန်၏ဦးဆောင်မှုဖြင့် ကုန်သည်အုပ်စုကြီးမှာ ဘေးအန္တရာယ်ကင်းရှင်း၍ ချောမောစွာ မက္ကာဟ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပေသည်။

အဘူစွဖ်ယာန်သည် မိမိဦးဆောင်မှုတွင်ရှိသော ကုန်သည်အုပ်စုကြီးနှင့်အတူ မက္ကာဟ်မြို့သို့မရောက်ရှိမီအလျင် အဘူဂျဟလ်၏ ဦးဆောင်မှုဖြင့် ကူရိုင်းရှ်တို့သည် မွတ်စ်လင်မ်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် မက္ကာဟ်မြို့မှ မဒီနဟ်မြို့ဘက်သို့ ချီတက်သွားခဲ့ကြပေသည်။

## ကူရိုင်းရှ်တို့ကို ပြန်လာရန်အတွက်အကြောင်းကြားခြင်း

အဘူစွဖ်ယာန်သည် မိမိအုပ်စုနှင့်အတူ မက္ကာဟ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် အဘူဂျဟလ်၏ဦးဆောင်မှုဖြင့် မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ထွက်ခွာသွားခဲ့သော "ကူရိုင်းရှ်"တို့၏အုပ်စုကြီးအား

"အိန္နကုမ် ဒိုန္န မားခရဂျ်သူမ် လိသမ့်နအ်ူး အီးရကုမ် ဝရိဂျား လကုမ် ဝအမ့်ဝါးလကုမ် ဖောင်နဂျားဟလ္လားဟု ဖရ်ဂျိအူး"

**ဆိုလိုသည်မှာ** "အို..ကူရိုင်းရှ်အမျိုးသားအပေါင်းတို့! မုချဧကန် အသင်တို့သည် မိမိတို့၏ကုန်သည်အုပ်စု၊ မိမိတို့၏လူများနှင့် မိမိတို့၏ဥစ္စာပစ္စည်းများကို ကာကွယ်ရန်အတွက်သာ ထွက်ခွာလာကြပေသည်။ ယခု အလ္လာဟ်အရှင်မြတ်သည် ယင်းကိစ္စနှင့်စပ်လျဉ်းပြီး လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူခဲ့၍ အသင်တို့အားလုံးသည် မိမိတို့၏နေရပ်ဌာနေသို့ ပြန်လာသင့်သည်" ဟူ၍ သတင်းမို့ပြီး အကြောင်းကြားခဲ့ပါသည်။

အဘူစွဖ်ယာန်ထံမှ အထက်ပါအကြောင်းနှင့်ပတ်သက်၍ ညွှန်ကြားလွှာသည် မဒီနဟ်သို့ချီတက်နေကြသော အုပ်စုထံသို့ ရောက်ရှိခဲ့သောအခါ အဖွဲ့ခေါင်းဆောင်ဖြစ်သူ အဘူဂျဟလ်က "ကျွန်တော်များသည် "ဗဒရ်" ကွင်းပြင်သို့ရောက်ပြီး သုံးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲကျင်းပ၍ စားသောက်သီဆို ပျော်ဖြေမှုများ၏ စည်းစိမ်အရသာများကို မခံစားရမီအလျင် မက္ကာဟ်မြို့သို့ လုံးဝပြန်လာကြမည်မဟုတ်ပါ" ဟုဆိုကာ အဘူစွဖ်ယာန်၏အကြောင်းကြားစာကို လက်မခံဘဲ ပယ်ချလိုက်လေ၏။

## "ဗနီဇုဟ်ရဟ်" က အုပ်စုခွဲပြီးထွက်ခွာသွားခြင်း

အဘူစွဖ်ယာန်၏ညွှန်ကြားလွှာတွင်ပါရှိသော မှာကြားချက်ကို မဒီနာမြို့သို့ချီတက်လာသော ကူရိုင်းရှ်အုပ်စုခေါင်းဆောင် အဘူဂျဟလ်က အထက်ပါအတိုင်း ငြင်းဆိုပယ်ချမှုကို ကူရိုင်းရှ်အုပ်စုကြီးထဲမှ မြောက်မြားစွာသောပုဂ္ဂိုလ်များက လက်ခံခြင်းမရှိကြပေ။

၎င်းတို့ထဲမှ "ဗနီဇုဟ်ရဟ်"တို့၏ အမျိုးသားခေါင်းဆောင်ဖြစ်သူ "အတ်ခ်နတ်စ်ဗိန်ရှုရိုင်းက်"က မိမိအမျိုးသားများအား "အို..ဗနီဇုဟ်ရဟ် အမျိုးသားအပေါင်းတို့! အသင်တို့သည် မိမိတို့၏ ကုန်သည်အုပ်စုကြီးနှင့် ဥစ္စာပစ္စည်းများကို ကာကွယ်ရန်အတွက်ပင် ဤနေရာအထိ ထွက်ခွာလာကြခြင်းဖြစ်သည်။ ယခုအချိန်တွင် အလ္လာဟ်အရှင်

မြတ်သည် အသင်တို့၏ဥစ္စာပစ္စည်းများကို ကာကွယ်စောင့်ရှောက်တော်မူခဲ့၍ အကျိုးအကြောင်းမရှိဘဲ ဤလူ အဘူဂျဟလ်၏ အကျပ်ကိုင်မှုကို လိုက်နာလက်ခံကြပြီး မိမိကိုယ်ကိုမိမိ အသက်အန္တရာယ်များတွင် နှစ်မြှုပ်ပစ်ရန်မလိုအပ်ပေ။ သို့ပါ၍ အသင်တို့အားလုံး အဘူစွဖ်ယာန်၏ မှာကြားချက်ကို အကောင်အထည်ဖော်ရန်အတွက် ဤနေရာမှ မက္ကာဟ်မြို့သို့ လှည့်ပြန်ကြပါ”ဟု အမိန့်ပေးခဲ့ပါသည်။

“အတ်ခ်နတ်စ်ဗိန်ရှုရိုင်းက်”၏အမိန့်အရ ဗနီဇုဟ်ရဟ် အမျိုးသားတို့သည် တစ်ဦးမကျန် အားလုံး “ဂဇ်ဝဟ်ဗဒရ်”တွင်မပါဝင်ဘဲ တန်းစီပြီး မက္ကာဟ်မြို့ဘက်သို့ ပြန်သွားခဲ့ကြပေသည်။

အဘူဂျဟလ်ကို မက္ကာဟ်မြို့သို့ပြန်သွားရန်နှင့် ရှေ့သို့ ခရီးမဆက်ရန်အတွက် အခြားသောပုဂ္ဂိုလ်များကလည်း တိုက်တွန်း ပြောကြားခဲ့ပါသည်။

သို့သော်လည်း အသိခေါက်ခက် အဝင်နက်သည့် အဘူဂျဟလ်သည် မည်သူမျှ၏ပြောဆိုချက်နှင့် တားဆီးမှုကိုမျှ ဂရုပြု လက်ခံခြင်းမရှိခဲ့သည့်အပြင် “ဗဒရ်” ကွင်းပြင်သို့ဦးတည်၍ ရှေ့သို့ခရီးဆက်သွားခဲ့ပေသည်။

(ဖိဗ်နေဟိကျာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၄၊

အလ်ဘိဒါးယသုဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၆၆)

## ဂျုဟိုင်းမ်ဗိန်ဆွလသ်၏အိပ်မက်

ကုန်သည်အုပ်စုကြီး၏သတင်းကို ပို့ဆောင်ရန်အတွက် အဘူစွဖ်ယာန်၏ကိုယ်စားလှယ်ဖြစ်သူ “ဇွာမ်ဇွာမ်ဂိဖါရီ”သည် “ကူရိုင်းရှ်တို့ထံသို့မရောက်ရှိမီ သုံးရက်အလျင် မက္ကာဟ်မြို့ရှိ “အာသိကာဟ်ဗိန်သေအဗ်ဒုလ်မွတ္တာလိဗ်”၏အိပ်မက်အကြောင်းကို “မက္ကာဟ်မြို့ရှိ အာသိကာဟ်၏အိပ်မက်” ဟူသော ခေါင်းစဉ်တွင် အကျယ်တဝင့် ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များကို တိုက်ခိုက်သတ်ဖြတ်ချေမှုန်းရန်အတွက် "ကူရိုင်းရှ်"အမျိုးသား ခေါင်းဆောင်များအပါအဝင် လူပေါင်းတစ်ထောင် (၁၀၀၀) တို့သည် လက်နက်ကိရိယာများ၊ စားနပ်ရိက္ခာများ စသည့် အင်အားအပြည့်အစုံနှင့်တကွ မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ချီတက်လာခဲ့ကြပေသည်။

အဘာက်ဘက်မှ အင်အားတောင့်တင်းသော အဆိုပါအုပ်စုကြီးသည် "ဟာဂျ်ဖဟ်" ဟူသည့် နေရာစခန်းသို့ ရောက်ရှိခဲ့သောအခါ ၎င်းတို့ထဲမှ "ဂျူဟိုင်းမ်ဗိနဆွလသ်" မည်သော ပုဂ္ဂိုလ်က အိပ်မက်မြင်မက်ခဲ့သည်မှာ

ပုဂ္ဂိုလ်တစ်ဦးသည် မြင်းစီးလာ၏။ ၎င်းသည် မိမိနှင့်အတူ ကုလားအုတ်တစ်ကောင်ကိုလည်း ယူဆောင်လာလေ၏။ ထိုပုဂ္ဂိုလ်ကြီးသည် "ကူရိုင်းရှ်" တို့ထဲမှ အမျိုးသားခေါင်းဆောင်များဖြစ်ကြသော အွသ်ဗဟ်ဗိန်ရဘီအဟ်၊ ရှိုက်ဗဟ်ဗိန်ရဘီအ်ဟ်၊ အဘူဂျဟာလ်ဗိန်ဟိရှားမ်၊ အူမိုက်ယဟ်ဗိန်ခလဖ်နှင့် အခြားသောခေါင်းဆောင်အသီးသီးတို့၏ အမည်များကိုခေါ်ကာ တစ်ဦးချင်းနှင့်ပတ်သက်ပြီး ကျဆုံးခြင်းခံရမည်ဟု ကြေညာခဲ့ပါသည်။

ထို့နောက် မိမိနှင့်အတူပါလာခဲ့သော ကုလားအုတ်ကို လှံနှင့် ထိုးဖောက်ပြီး အဆိုပါကူရိုင်းရှ်တို့၏အုပ်စုထဲသို့ မောင်းပေးလေ၏။ ထိုကုလားအုတ်၏ခန္ဓာကိုယ်ထဲမှ ပန်းထွက်နေသော သွေးစက်များသည် ကူရိုင်းရှ်တို့၏တဲကွပ်ပျစ်များ တစ်လုံးမကျန် အားလုံးပေါ်သို့ ထိပေခဲ့ပါသည်" ဟူ၏။

"ဂျူဟိုင်းမ်ဗိနဆွလသ်"၏ အိပ်မက်အကြောင်းသည် တဖြည်းဖြည်းနှင့် ကူရိုင်းရှ်တို့၏အုပ်စုတစ်ဖွဲ့လုံးသို့တိုင် ပြန့်နှံ့သွားခဲ့ပါသည်။ အဘူဂျဟာလ်သည် ယင်းအိပ်မက်အကြောင်းကို ကြားသိသောအခါ ဒေါသူပုန်ထပြီး ဤအိပ်မက်မြင်မက်သူသည် ဗနီအဗ်ဒုလ်မွတ္တလိဗ်ထဲမှ ဒုတိယနဗီတမန်တော်ဖြစ်သည်ဟုလည်းကောင်း၊ နံနက်ဖြန်တွင် အချင်း

ချင်း ရင်ဆိုင်ရမည့်အချိန်၌ အဘယ်သူများ အသတ်ခံရမည့်အကြောင်းကို ထင်ရှားစွာ သိရှိပါလိမ့်မည်ဟုလည်းကောင်း ပြောဆိုကာ ရှေ့သို့ ဆက်လက် ချီတက်ခဲ့လေ၏။

အဘူဂျဟာလ်နှင့် ကူရိုင်းရှ်တို့၏အုပ်စုကြီးသည် "ဗဒရ်" သို့ ရောက်ရှိခဲ့ပြီး ကောင်းမွေ့ဟူသောနေရာများကိုသာ ရွေးချယ်၍ စခန်းချလိုက်လေ၏။ ထိုအချိန်တွင်ပင် တမန်တော်မြတ် ﷺ သည် "ဆွဖ်ရားအ်" ဟူသောနေရာသို့ ရောက်ရှိတော်မူခဲ့ပါသည်။

*(အလ်ဘိဒါးယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၆၅)*

## တမန်တော်မြတ် ﷺ ဆွဟာဗဟ်များနှင့် မရှ်ဝရဟ်ပြု တိုင်ပင်ဆွေးနွေးခြင်း

တမန်တော်မြတ် ﷺ သည် "ဆွဖ်ရားအ်"မည်သော နေရာသို့ ရောက်ရှိလာတော်မူသောအခါ ကူရိုင်းရှ်တို့က မဒီနဟ်မြို့သို့ ချီတက်လာနေကြသည့်သတင်းကို ရရှိကြောင်းအား အထက်တွင် "အဘူဂျဟာလ်၏အုပ်စု မက္ကဟ်မြို့မှမဒီနဟ်မြို့သို့" ဟူသော ခေါင်းစဉ်တွင် ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ သည် အဆိုပါသတင်းကို ကြားသိတော်မူသောအခါ ကူရိုင်းရှ်တို့ဘက်မှ မိမိတို့အပေါ်သို့ ကျရောက်လာမည့် အန္တရာယ်များနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ဆွဟာဗဟ်များနှင့် မရှ်ဝရဟ်ပြု တိုင်ပင်ဆွေးနွေးတော်မူလေ၏။

☆☆☆☆☆

## ဟဇ်ရသ်အဘူဘကရ် ﷺ သခင်နှင့် ဟဇ်ရသ်အူမရ် ﷺ သခင်တို့၏အစီရင်ခံချက်များ

ထိုမရှ်ဝရဟ်ဆွေးနွေးပွဲတွင် ပထမဆုံး ဟဇ်ရသ်အဘူဘကရ် ﷺ သခင်က မတ်တတ်ရပ်ပြီး မိမိသည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကို တင်းပြည့်ကျပ်ပြည့်နာခံမည့်အကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏ ဒီန်သာသနာအတွက် မိမိအသက်ကို စတေးပါမည့်အကြောင်းအား အလွန်နှစ်ထောင်းအားရစွာဖြင့် စိတ်ဝင်စားဖွယ် အစီရင်ခံခဲ့ပါသည်။

ထို့နောက် ဖာရူးကေအအ်ဇွမ် ဟဇ်ရသ်အူမရ် ﷺ သခင်ကလည်း အလားတူ မတ်တတ်ရပ်၍ အစီရင်ခံခဲ့ပါသည်။

## ဟဇ်ရသ်မစ်ကဒါးဒ်ဗိန်အတ်စ်ဝဒ် ﷺ သခင်၏မိန့်ခွန်း

ဟဇ်ရသ်အဘူဘကရ်ဆိဒ်ဒီးက် ﷺ သခင်နှင့် ဟဇ်ရသ် အူမရ် ဖာရူးက် ﷺ သခင်တို့က အထက်ပါအတိုင်း အစီရင်ခံခဲ့ကြပြီးနောက် ဟဇ်ရသ်မစ်ကဒါးဒ်ဗိန်အတ်စ်ဝဒ် ﷺ သခင်က အောက်ပါအတိုင်း အစီရင်ခံတင်ပြခဲ့ပါသည်။ ဟဇ်ရသ်မစ်ကဒါးဒ် ﷺ သခင်က အစီရင်ခံခဲ့သည်မှာ

"အိမ့်ဒ္ဒိ လိမားအမရကလ္လားဟု ဖနဟ်န မအက ဝလ္လားဟိ လားနကူးလု ကမား ကားလသ် ဗနူးအိစ်ရားအီးလ လိမူးစား အိဇ်ဟဗ် အန့်သ ဝရဗ်ဗုက ဖကားသိလား အိန္နား ဟားဟုနား ကားအိဒူးန် ဝလားကိန့် နကားသိလု အန့်ယမီးနိက ဝအန့်ရှိမားလိက ဝဗိုက်န ယဒိုက်က ဝခလ်ဖက"

**ဆိုလိုသည်မှာ** "ယားရစူးလလ္လားဟ်! ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ရှိသည့်အတိုင်း ကိစ္စများကို ဆောင်ရွက်တော်မူပါ။ ကျွန်တော်

များသည် အခြေအနေ အချိန်အခါမရွေး ကိစ္စတိုင်းတွင် ကိုယ်တော်မြတ်နှင့်အတူရှိကြပါမည်။

ယားရစူးလလ္လာဟ်! ဗနီအစ်ရာအီးလ် အမျိုးသားများသည် တမန်တော်မူဆာ ﷺ အား "အို..မူဆာ! အသင်နှင့်တကွ အသင့်အရှင်မြတ်က သွား၍တိုက်ခိုက်ကြပါ။ ကျွန်ုပ်တို့သည် ဤနေရာတွင် ထိုင်နေကြမည်"ဟု ပြောဆိုခဲ့သည့်အတိုင်း ကျွန်တော်များက ပြောဆိုကြမည်မဟုတ်ပါ။ ကျွန်တော်များသည် မုချဧကန် ကိုယ်တော်မြတ်၏ ယာဘက်၊ ဝဲဘက်နှင့် အရှေ့အနောက် လေးဘက်လေးတန်မှနေပြီး ရန်သူများကို ရင်ဆိုင်ကြမည်"ဟူ၍ အလွန်အားရဖွယ်ရာ ကောင်းသောနည်းဖြင့် အစီရင်ခံခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဟဇ်ရတ်မစ်က်ဒါး ﷺ သခင်၏မိန့်ခွန်းကို နားဆင်တော်မူပြီး အလွန်နှစ်ထောင်းအားရခဲ့၍ ၎င်းအတွက် ဒိုအာဆုမွန်ကောင်းများ တောင်းပေးတော်မူခဲ့ပါသည်။

## ကျွန်ုပ်ဆွဲဟာဗဟ်များ၏ထောက်ခံချက်

ဟဇ်ရတ်အဘူအိုင်ယူးဗ်အန်ဆွာရီ ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

ကျွန်တော်များသည် မဒီနဟ်မြို့တွင် ရှိနေခဲ့စဉ်က ကူရိုင်းရှ်တို့၏ ကုန်သည်အုပ်စုကြီးမှာ ဆီးရီးယားနိုင်ငံမှပြန်လာနေသောအကြောင်းကို ကြားသိခဲ့ရပါသည်။ ထိုအုပ်စုကို ရင်ဆိုင်ပြီး ၎င်းတို့ မဒီနဟ်မြို့မှမောင်းယူသွားသော ကုလားအုတ်များနှင့် ဆိတ်များအစား လျော်ကြေးယူရန်အတွက် ကျွန်တော်များသည် တမန်တော်မြတ် ﷺ နှင့်အတူ မဒီနဟ်မြို့မှထွက်ခွာလာကြပါသည်။

အဆိုပါကိစ္စအတွက် ကြီးကျယ်သောလက်နက်အင်အား မလိုအပ်၍ကတစ်ကြောင်း၊ ရန်သူများနှင့်ရင်ဆိုင်ရန် အစီအစဉ်မရှိခဲ့သော

ကြောင့်တစ်ကြောင်း ကျွန်တော်များသည် မိမိတို့နှင့်အတူ လက်နက်ကိရိယာများကို အပြည့်အစုံယူဆောင်လာခြင်းမရှိကြပေ။

နှစ်ရက်ခန့် ခရီးလွန်မြောက်လာခဲ့သောအခါ ကူရိုင်းရှ်တို့သည် မွတ်စ်လင်မ်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် မဒီနဟ်ဘက်သို့ ချီတက်လာနေကြကြောင်း သိရှိခဲ့ရပါသည်။ သို့ပါ၍ ကူရိုင်းရှ်တို့နှင့် ရင်ဆိုင်မှုအတွက် အဆင်သင့်ရှိကြရန် တမန်တော်မြတ် ﷺ က ဆွဟာဗဟ်များကို အမိန့်ရှိတော်မူ၏။

ဆွဟာဗာများသည် မိမိတို့၏နေအိမ်များမှ ထွက်ခွာခဲ့ရာ၌ ရန်သူများအား ခုခံရင်ဆိုင်ရန်အတွက် အစီအစဉ်မရှိခဲ့၍ ဤအရေးပေါ်ကိစ္စနှင့်စပ်လျဉ်းပြီး အချို့ပုဂ္ဂိုလ်များက စဉ်းစားနေခဲ့သောအခါ တမန်တော်မြတ် ﷺ က လက်ရှိဆွဟာဗဟ်များအားလုံးနှင့် မရှ်ဝရဟ်ပြု တိုင်ပင်ဆွေးနွေးတော်မူ၏။ ၎င်းအစီအစဉ်တွင် ဟဇ်ရသ်မစ်က်ဒါးဒ် ﷺ သခင်က အထက်ပါအတိုင်း အစီရင်ခံခဲ့ပါသည်။

ဆွဟာဗီတိုင်း၏နှလုံးသားထဲတွင် ဟဇ်ရသ်မစ်က်ဒါးဒ် ﷺ သခင်ကဲ့သို့ပင် စိတ်ဆန္ဒများ ကိန်းအောင်းလျက်ရှိကြပါသည်။ သို့ပါ၍ ဟဇ်ရသ်မစ်က်ဒါးဒ် ﷺ သခင်၏မိန့်ခွန်းကို နားဆင်ခဲ့ပြီး ၎င်းတို့သည် ဟဇ်ရသ်မစ်က်ဒါးဒ် ﷺ သခင်ကဲ့သို့ပင် မိမိတို့၏ဆန္ဒများကို လှစ်ဟဖော်ပြခဲ့ကြပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဟဇ်ရသ်အဘူအိုင်ယူးဗ်အန်ဆွာရီ ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

"ကားလ အဆွ်ဟားဗု ရစူးလီလ္လားဟ် ဆွလ်လလ္လားဟုအလိုက်ဟိ ဝစလ္လမ လားနကူးလု ကမား ကားလသ် ဗနူးအီစ်ရာအီးလ ဝလားကိန်. အီန်တွလစ်က် အန့်သ ဝရဗ်ဗုက ဖကားသိလား အီန္နား မအကူမ်"

**ဆိုလိုသည်မှာ** "တမန်တော်မြတ် ﷺ ၏ အဆွ်ဟားဗ်တော်များသည် မိမိတို့၏စိတ်ဆန္ဒများကိုဖော်ပြရာတွင် အမိန့်ရှိခဲ့ကြသည်မှာ- ကျွန်တော်များသည် ဗနီအီစ်ရာအီးလ်အမျိုးသားများကဲ့သို့ ပြောဆိုကြမည်မဟုတ်ပါ။

ကျွန်တော်များသည် အခြေအနေ အချိန်အခါမရွေး ကိစ္စတိုင်းမှာ ကိုယ်တော်မြတ် ﷺ နှင့်အတူ မချေကန်ရှိကြပါမည်"ဟူ၍ အဆွဲဟားဗ်တော်များအားလုံးသည် မိမိတို့၏ဆန္ဒသဘောထားများကို အသီးသီးဖော်ပြပြီး တမန်တော်မြတ် ﷺ ကို တညီတညွတ်တည်း စိတ်အားထက်သန်စွာဖြင့် ထောက်ခံခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ က ထိုနေရာတွင်ရှိကြသော ဆွဟာဗဟ်များအားလုံးထံမှ ရရှိတော်မူသည့် ထောက်ခံချက်များသည် ရှေ့တွင်လာမည့်ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် လုံလောက်ပါသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ က တတိယအကြိမ်

"အရှီးရူး အလိုက်ယ အိုက်ယုဟန္နားစ်"

**ဆိုလိုသည်မှာ** "မိတ်ဆွေအပေါင်းတို့! ကျွန်တော့်ကို မရှ်ဝရဟ် အကြံဉာဏ်များပေးကြပါ" ဟူ၍ အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ ၏ ထိုလေးနက်သော "အိရှာရဟ်" အတွင်းညွှန်ကြားမှုကို အန်ဆွာရ်များ၏ခေါင်းဆောင် ဟာဇရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်က နားလည်သဘောပေါက်ခဲ့ပါသည်။

သို့ပါ၍ ဟာဇရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်က တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်သည် ကိုယ်တော်၏ဦးတည်ချက်မှာ အန်ဆွာရ်များဘက်သို့ဖြစ်သည်ကို ထင်မြင်ယူဆပါသည်"ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က ဟုတ်မှန်ကြောင်းအမိန့်ရှိတော်မူ၏။

ထိုအခါ ဟာဇရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်က မတ်တတ်ရပ်ပြီး တစ်ဖက်ပါအတိုင်း အစီရင်ခံ လျှောက်ထားခဲ့ပါသည်။

☆☆☆☆☆

## ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် رضي الله عنه သခင်၏မိန့်ခွန်း

"ယားရစူးလလ္လားဟ်! ကဒ်အားမန္နားဘိက ဝဆွဒ်ဒတ်က်နားက ဝရှဟ်ဒ်နား အန္န မားဂျိအ်သ ဘိဟီး ဟုဝလ်ဟတ်က်ကု ဝအအ်တွိုင့်နား က အလား ဇားလိက အုဟူးဒေါင့်ဝ် ဝမဝါးစီးက အလတ်စ်စမ့်အိ ဝသ်သွားအသိ ဝလအလ္လက ယားရစူးလလ္လားဟိ ခရဂျိသ လိအမ့်ရိန် ဖအဟ်ဒစလ္လားဟု ဂိုက်ရဟူး ဖမ့်ဒွိ လိမားရှိအ်သ ဝဆွိလ် ဟိဘားလ မန့်ရှိအ်သ ဝပ်က်တအ် ဟိဘားလ မန့်ရှိအ်သ ဝတားလိမ့် မန့်ရှိအ်သ ဝအားဒိ မန့်ရှိအ်သ ဝခုဇ်မိန့် အမ့်ဝါးလိနား မားရှိအ်သ ဝအအ်တွိနား မားရှိအ်သ ဝမားအခဇ်သ မိန္နား ကားန အဟာဗ္ဗ အိလိုက်နား မိမ္မား သရတ်က်သ ဝမားအမရ်သ ဘိဟီး မိန့်အမ်ရိနား ဖအမ့်ရနား သဗအူန် လိအမ်ရိက လအိန့်စိရ်သ ဟာသ္သား သအ်သိယ ဘရ်ကလ်ဂမားဒိ ဂါနစီးရန္န မအက ဝလ္လဇီး ဘအစက ဘိလ်ဟတ်က်ကိ လောက်အိစ် သအ်ရသ္သဘိနား ဟားဇလ် ဘဟ်ရ လခုဒွ်နားဟု ဝမားသခလ္လဖ မိန္နား ရဂျူလွန် ဝါးဟိဒူန် ဝမားနတ်က်ရဟု အန့်နူလ်ကိယ အဒုဝနား၊ အိန္နား လဆွဗ်ရူန့် အိန့်ဒလ်ဟာရ်ဗိ ဝဆွိဒ်ကူန် အိန့်ဒလ်လိကားအိ ဝလအလ် လလ္လားဟာ ယုရီးက ဘိနား မားသကရ်ရု ဘိဟီး အိုင့်နက ဖစိရ်ဘိနား အလားဗရ်ကသိလ္လားဟ်"

**ဆိုလိုသည်မှာ** "ယားရစူးလလ္လားဟ်! ကျွန်တော်များသည် ကိုယ်တော့်အပေါ် အီမာန်လက်ခံခဲ့ပါသည်။ ကိုယ်တော်သည် မှန်ကန်ကြောင်းကို ကျွန်တော်များသည် မိမိနှလုံးသားထဲတွင် သက်ဝင်ယုံကြည်ခဲ့ပါသည်။ ကိုယ်တော်က ယူဆောင်လာသော သာသနာမှာ မှန်ကန်ကြောင်းကို ကျွန်တော်များ သက်သေခံခဲ့ပါသည်။ အမိန့်နာခံမှုနှင့်ပတ်သက်၍ ကျွန်တော်များသည် ကိုယ်တော့်အား တည်တံ့သောကတိများ ပေးခဲ့ကြပါသည်။

ယားရစူးလလ္လားဟ်! ကိုယ်တော်သည် ကိစ္စတစ်ရပ်အတွက် ရည်စူးပြီး ထွက်ခွာလာတော်မူ၏။ အလ္လာဟ်အရှင်မြတ်က ထိုကိစ္စအစား

အခြားဒုတိယ ကိစ္စတစ်ရပ်ကို ပြောင်းလွှဲပေးတော်မူ၏ ။ သို့ပါ၍ ဖြစ်ပေါ်လာသည့်ကိစ္စရပ်ကို ကိုယ်တော်မြတ်သည် မိမိဆန္ဒတော်အတိုင်း ဆောင်ရွက်တော်မူပါ။

အဆက်အသွယ်ပြုလုပ်ခြင်း၊ အဆက်အသွယ်ကို ဖြတ်တောက်ခြင်း၊ ပြေလည်မှုရယူခြင်း၊ မိတ်ဆွေပြုလုပ်ခြင်းနှင့် ရန်သူအဖြစ် သတ်မှတ်ခြင်း စသည့်ကိစ္စဟူသမျှကို ကိုယ်တော်သည် မိမိဆန္ဒတော် အတိုင်း ဆုံးဖြတ်ဆောင်ရွက်တော်မူပါ။

ကျွန်တော်များသည် အခြေအနေနှင့် အချိန်အခါမရွေး ကိုယ်တော်မြတ်နှင့်အတူ ရှိကြပါမည်။ ကိုယ်တော်သည် ကျွန်တော်များ၏ ဥစ္စာပစ္စည်းများထဲမှ မိမိဆန္ဒတော်အတိုင်းယူ၍ သုံးဆောင်တော်မူပါ။ မိမိဆန္ဒတော်အတိုင်း ကျွန်တော်များကို ချီးမြှင့်တော်မူပါ။

ကျွန်တော်များထဲမှ ကိုယ်တော်က ယူ၍ သုံးဆောင်တော်မူမည့် ပစ္စည်းများသည် ကျွန်တော်များထံတွင် လက်ကျန်ပစ္စည်းများထက် သာပိုပြီး နှစ်မြို့ဖွယ်ရာများဖြစ်ကြပါမည်။ ကိုယ်တော်သည် ကျွန်တော် များအား "ဗရ်ကူလ်ဂမာဒ်" စခန်းအထိလည်း ခေါ်ဆောင်သွားတော်မူပါ က မုချကေန် ကျွန်တော်များသည် ကိုယ်တော်နှင့်အတူ လိုက်ပါသွားကြ ပါမည်။

ကိုယ်တော်မြတ်ကို အမှန်တရားနှင့်တကွ စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! အကယ်၍ ကိုယ်တော်မြတ်သည် ပင်လယ်သမုဒ္ဒရာထဲသို့ ခုန်ချရန်အတွက် အမိန့်ပေးတော်မူပါက ကျွန်တော်များသည် ပင်လယ်သမုဒ္ဒရာထဲသို့ ခုန်ချကြပါမည်။ ကျွန်တော် များထဲမှ မည်သူတစ်ဦးတစ်ယောက်မျှသည်လည်း ထိုကိစ္စအတွက် ဝန်လေးကြမည်မဟုတ်ပါ။

မုချကေန် ကျွန်တော်များသည် ရင်ဆိုင်မှုများတွင် အလွန် ခုခံနိုင်စွမ်းရှိသူများ ဖြစ်ကြပါသည်။ ရင်ဆိုင်မှုများတွင် စစ်မှန်သူများ လည်း ဖြစ်ကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်များမှ

တစ်ဆင့် တမန်တော်မြတ် ﷺ အား မျက်စိအေးမြပြီး စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော အကြောင်းအရာများကို ပြသပါမည်ဟု ကျွန်တော်များသည် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးတွင် မျှော်လင့် တောင့်တမိကြပါသည်။

ယခု အလ္လာဟ်အရှင်မြတ်၏ "ဗရ်ကသ်" မင်္ဂလာနှင့်တကွ ကျွန်တော်များကို မိမိနှင့်အတူ ခေါ်ဆောင်သွားတော်မူပါ"ဟု အကျယ်တဝင့် အစီရင်ခံ တင်ပြခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဟဇ်ရသ် စအဒ်ဗင်နမအားဇ် ﷺ သခင်၏ အထက်ပါမိန့်ခွန်းကို နားထောင်ပြီး အလွန်စိတ်ချမ်းမြေ့သာယာခဲ့၍ ၎င်းအတွက် ဒိုအာဆုမွန်ကောင်းများ မြောက်မြားစွာတောင်းဆိုပေးတော်မူ၏။

## တမန်တော်မြတ် ﷺ ဗဒရ်ကွင်းပြင်သို့

တမန်တော်မြတ် ﷺ သည် အထက်ပါအတိုင်း "ဆွဖ်ရားအ်" စခန်း၌ ဆွဟာဗဟ်များနှင့် "မရှ်ဝရဟ်"ပြု တိုင်ပင်ဆွေးနွေးပြီးနောက် ရှေ့သို့မရီးဆက်ရန်အတွက် ဆုံးဖြတ်ချက်ကို အတည်ပြုတော်မူ၏။

တစ်ဖန် အဆွ်ဟားဗ်တော်များအား အလ္လာဟ်အရှင်မြတ်၏ အမည်နာမကို မှတည်၍ "အသင်တို့ ရှေ့သို့ထွက်ကြပါ။ အလ္လာဟ်အရှင်မြတ်သည် မိမိထံမှ "နုဆွ်ရသ်" ကူညီမှုဖြင့် အသင်တို့အား အဘူစွဖ်ယာန် သို့မဟုတ် အဘူဂျဟလ်တို့၏ အုပ်စုနှစ်စုထဲမှ တစ်စုစုအပေါ် မုချဧကန် အောင်မြင်မှုချီးမြှင့်တော်မူပါမည်" ဟု သတင်းကောင်းပါးတော်မူ၏။ ရန်သူများ ကျဆုံးမည့်နေရာများကို အလ္လာဟ်အရှင်မြတ်က ကျွန်တော့်အား ပြသံတော်မူသည်ဟူ၍လည်း တစ်ဆက်တည်း အမိန့်ရှိတော်မူ၏။

ထို့နောက် ရမဇာန်လမြတ် (၁၅) ရက်နေ့တွင် တမန်တော်မြတ် ﷺ နှင့်အတူ ဆွဟာဗဟ်များသည် "ဆွဖ်ရားအ်"စခန်းမှ ထွက်ခွာပြီး "ဗဒရ်"ကွင်းပြင်သို့ ချီတက်လာခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ သည် "ဗဒရ်" ကွင်းပြင်သို့ မရောက်ရှိမီ အလျင် မက္ကဟ်မြို့မှချီတက်လာသော အဘူဂျဟလ်၏အုပ်စုသည် "ဗဒရ်" ကွင်းပြင်သို့ရောက်ရှိလာပြီး ကောင်းပေ့ဟူသည့်နေရာများတွင် စခန်းချ လိုက်သည့်အကြောင်းကို "ဂျူဟိုင်းမ်ဗိန်ဆွလသ်၏အိပ်မက်" ဟူသော ခေါင်းစဉ်အောက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

ယခုအချိန်တွင် တမန်တော်မြတ် ﷺ သည် "ဗဒရ်"သို့ ရောက်ရှိတော်မူသောအခါ နေရာကောင်းများ မကျန်ရှိတော့၍ သဲမြေပြင် ၌ပင် နေရာယူပြီး စခန်းချခဲ့ရပါသည်။ ဤနေရာတွင် ရေမရှိသည့်အပြင် သဲမြေဖြစ်၍ လမ်းလျှောက်ရန်လည်း ခက်ခဲသောနေရာဖြစ်ခဲ့ပါသည်။

## အလ္လာဟ်အရှင်မြတ်၏ရဟ်မသ်မိုး

ထိုနေရာသို့ တမန်တော်မြတ် ﷺ ကြွမြန်းလာတော်မူသော အခါ အလ္လာဟ်အရှင်မြတ်သည် မိမိတမန်တော်၏အခက်အခဲကို လွယ်ကူမှုဖြင့် ပြောင်းလဲပေးရန်အတွက် "ရဟ်မသ်" မိုးရေကို ရွာသွန်း စေတော်မူ၏။

ထိုမိုးရေဖြင့် သဲမြေများမှာ မာ,ခဲ့ပြီး နေရာကောင်းဖြစ်သွား လေသည်။ မွတ်စ်လင်မ်များသည် ရေကန်လေးများပြုလုပ်ပြီး ဝူဇူရေ သန့်စင်မှုနှင့် ဂုစူလ်ရေချိုးခြင်း စသည့်ကိစ္စများတွင် အသုံးပြုရန်အတွက် မိုးရေများကို စုဆောင်းထားခဲ့ပါသည်။

မွတ်စ်လင်မ်များသည် ဤရေများကို မိမိတို့အတွက်ပင် စုဆောင်းထားခဲ့ပါသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ သည် မိမိတို့၏အသက်ရန်သူ၊ အစ္စလာမ်သာသနာဝင်များ၏သွေးကို မွတ်သိပ်

စွာတောင့်တ,နေကြသော "ကူရိုင်းရှ်" တို့အားလည်း ထိုရေထဲမှ သဘော ထားကြီးစွာဖြင့် သုံးစွဲခွင့်ပေးတော်မူ၏။

ထိုမိုးရေကြောင့် တစ်ဘက်အုပ်စု၏နေရာများတွင် ရွှံ့ဗွက်များ ဖြစ်ပေါ်ပြီး အသွားအလာနှင့် လမ်းလျှောက်ရန်အတွက် အခက်အခဲများ ပေါ်ပေါက်လာခဲ့ရပေသည်။

## ထောက်လှမ်းရေးအဖွဲ့

တမန်တော်မြတ် ﷺ သည် "ဗဒရ်" ကွင်းပြင်သို့ ရောက်ရှိလာ သောနေ့တွင် မိုးချုပ်သောအခါ ကူရိုင်းရှ်တို့၏သတင်းများကို စုံစမ်းရန် အတွက် ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးအပ်၍ စေလွှတ် တော်မူသည်။

ထိုအဖွဲ့တွင် ဟဇရတ်အလီဗိန်အဘီတွာလိဗ် ﷺ သခင်၊ ဟဇရတ် ဇူဗိုင်းရ်ဗိန်အဝ်ဝါးမ် ﷺ သခင်၊ ဟဇရတ်စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်နှင့် အခြားသောဆွဟာဗဟ်များ ပါဝင်ကြပါသည်။

ဤထောက်လှမ်းရေးအဖွဲ့သည် ကူရိုင်းရှ်တို့၏ကျွန်နှစ်ဦးကို ဖမ်းမိခဲ့ပါသည်။ ၎င်းတို့အား မိမိတို့၏စခန်းသို့ ခေါ်ဆောင်လာပြီး စစ်ဆေးကြရာ ထိုကျွန်များက "ကျွန်တော်တို့သည် မိမိတို့၏အုပ်စု အတွက်ရေထမ်းသမားများဖြစ်သည်" ဟူ၍ ဖြေကြားကြလေ၏။

ဆွဟာဗဟ်များသည် ၎င်းတို့၏ဖြေကြားချက်ကို ယုံကြည် ခြင်းမရှိ၍ ရိုက်နှက်ပြီး မေးမြန်းကြရာ ၎င်းတို့က တစ်ဘက်၏ စိတ် ဆန္ဒများအတိုင်း မိမိတို့သည် အဘူစွဖ်ယာန်၏ကုန်သည်အုပ်စုထဲမှဖြစ် သည်ဟု ဝန်ခံကြပေသည်။ ထိုအချိန်၌ တမန်တော်မြတ် ﷺ သည် နမားဇ်ဝတ်ပြုလျက်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ နမားဇ်ဝတ်ပြုခြင်းပြီးဆုံးသွားပြီးနောက် ဆွဟာဗဟ်များအား "အသင်တို့သည် ဤလူများက မှန်ကန်စွာ ဖြေဆို

ကြသောအခါ ၄င်းတို့အား ရိုက်နှက်ခဲ့ကြသည်။ ယခုတစ်ဖန် မှသားသုံး၍ ဖြေဆိုခဲ့ရာ လွှတ်ပေးကြသည်။ ဤပုဂ္ဂိုလ်များသည် အဘူဂျဟလ်၏ အုပ်စုထဲမှလူများဖြစ်ကြပါသည်။ အဘူစွဖ်ယာန်၏အုပ်စုထဲမှ လုံးဝ မဟုတ်ပါ"ဟု အမိန့်ရှိကာ ၄င်းတို့အား တမန်တော်မြတ် ﷺ ကိုယ်တော် တိုင် စစ်ဆေးမေးမြန်းတော်မူ၏။

တမန်တော်မြတ် ﷺ သည် ၄င်းတို့အား ကူရိုင်းရှ်တို့၏ အုပ်စုမှာ အဘယ်နေရာတွင်ရှိပါသနည်းဟု မေးမြန်းရာ ၄င်းတို့က အရှေ့ကုန်းမြေတစ်ဘက်တွင် ရှိသည်ဟုလည်းကောင်း၊ တစ်ဖန် ကူရိုင်းရှ် တို့၏အုပ်စုတွင် လူဦးရေအခြေအနေမှာ အဘယ်သို့ရှိပါသနည်းဟု မေးမြန်းရာ ၄င်းတို့က ကျွန်တော်များသည် လူဦးရေအတိအကျကို မသိရှိကြပါ။ သို့ရာတွင် လူအလွန်ပင်များပြားလှပါသည်ဟု လည်း ကောင်း၊ တစ်ဖန် တမန်တော်မြတ် ﷺ က ကူရိုင်းရှ်တို့သည် တစ်ရက် ထဲ၌ စားသောက်ရန်အတွက် ကုလားအုတ်အကောင်ရေ မည်မျှလှီးဖြတ် ကြပါသနည်းဟု မေးမြန်းရာ ၄င်းတို့က ကုလားအုတ်(၉)ကောင်၊ (၁၀)ကောင်လှီးဖြတ်ကြပါသည်ဟုလည်းကောင်း ဖြေကြားကြလေ၏။

သို့ဖြစ်၍ တမန်တော်မြတ် ﷺ သည် ကူရိုင်းရှ်တို့၏လူဦးရေကို (၉၀၀)နှင့် (၁၀၀၀)အထိ ခန့်မှန်းတော်မူသည်။

တစ်ဖန် တမန်တော်မြတ် ﷺ က ထိုအုပ်စုတွင် ခေါင်းဆောင် များထဲမှ အဘယ်ပုဂ္ဂိုလ်များပါဝင်ခဲ့ကြပါသနည်းဟု မေးမြန်းရာ ၄င်းတို့ က

(၁) အွသ်ဗဟ်ဗိန်ရဘီအဟ်
(၂) ရှိုက်ဗဟ်ဗိန်ရဘီအဟ်
(၃) အဘူဂျဟလ်ဗိန်ဟိရှာမ်
(၄) အဘူလ်ဗခ်သရီဗိန်ဟိရှာမ်
(၅) ဟကီးမ်ဗိန်ဟိဇာမ်
(၆) နောဖ်ဖလ်ဗိန်ခုဝိုင်လဒ်

(၇) ခမ်အဟ်ဗိန်အတ်ခ်ဝဒ်
(၈) ဟာရိစ်ဗိန်အာမိရ်
(၉) နဖွရ်ဗိန်ဟာရိစ်
(၁၀) တူအိုင်မဟ်ဗိန်အဒီ
(၁၁) အူမိုက်ယဟ်ဗိန်ခလဖ်
(၁၂) နဗီးဟ်ဗိန်ဟဂျ်ဂျားဂျ်
(၁၃) မူနဗ္ဗဟ်ဗိန်ဟဂျ်ဂျားဂျ်
(၁၄) ဇူဟိုင်းလ်ဗိန်အမရ် နှင့်
(၁၅) အမရ်ဗိန်အဗ်ဒေဝဒ် တို့ပါဝင်လာကြသည်ဟူ၍ မှန်ကန်စွာ ဖြေကြားကြပေသည်။

တမန်တော်မြတ် ﷺ သည် အဆိုပါ ကျွန်နှစ်ယောက်ထံမှ ကူရိုင်းရှ်တို့နှင့်ပတ်သက်၍ အထက်ပါအကြောင်းအရာများကို သိရှိတော်မူပြီး ဆွဟာဗဟ်များအား "မက္ကဟ်မြို့သည် မိမိအသည်းနှလုံးသားများ အားလုံးကိုရွေးချယ်ပြီး ယနေ့ အသင်တို့ဘက်သို့ ပစ်ချပေးလိုက်သည်" ဟု အမိန့်ရှိတော်မူ၏။

(ဗွုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၉၊
ဇုရ်ကာနီကျမ်း အတွဲ-၁၊ စာမျက်နှာ-၄၃၄၊ ၄၁၆၊)

## ခုခံရင်ဆိုင်ရန်အတွက် စီစဉ်မှု

လမြတ်ရမဇာန် (၁၆)ရက်နေ့တွင် နံနက်မိုးသောက် အရုဏ်ရောက်ပြီးနောက် တမန်တော်မြတ် ﷺ သည် ကူရိုင်းရှ်တို့နှင့် ရင်ဆိုင်ရန်အတွက် လိုအပ်သောအစီအစဉ်များကို ပြုလုပ်တော်မူ၏။

ဟဇ်ရတ်စအဒ်ဗိန်မအားဇ် ﷺ သခင်၏ "မရ်ဝရဟ်" အကြံပေးချက်အရ ကွင်းပြင်တစ်ပြင်လုံးကို ကောင်းမွန်စွာတွေ့မြင်နိုင်သည့် ကုန်းမြင့်တစ်နေရာတွင် တမန်တော်မြတ် ﷺ အတွက် တဲတစ်လုံး

ဆောက်လုပ်ကြပေသည်။ ထိုတဲ၏အမိုးမှာ စွန်ပလွံအကိုင်းအရွက်များကို အသုံးပြုကြပေသည်။

မွတ်စ်လင်မ်ကျမ်းတွင် ဟာဇ်ရသ်အူမရ် ﷺ သခင်ထံမှ တစ်ဆင့် ဟာဇ်ရသ်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်မှုတစ်ရပ်လာရှိသည်မှာ

"ဂဇ်ဝဟ်ဗဒရ်" ၏အကြိုညတွင် တမန်တော်မြတ် ﷺ သည် ကျွန်တော့်အား ကွင်းပြင်သို့ခေါ်ဆောင်သွား၍ မက္ကာဟ်မြို့သားများ လဲကျသေဆုံးကြမည့် နေရာအသီးသီးကို ပြသတော်မူခဲ့သည်။ တမန်တော်မြတ် ﷺ ကို အမှန်တရားနှင့်တကွ စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! တမန်တော်မြတ် ﷺ ပြသခဲ့သော နေရာများမှာ ဆံချည်မျှင်တစ်နေရာစာမျှ ရွေ့ပြောင်းခြင်းမရှိဘဲ သတ်မှတ်ပြသခဲ့သောနေရာများ၌ပင် ရန်သူများမှာ လဲကျသေဆုံး ကုန်ကြပေသည် ဟူ၏။

ထို့နောက် တမန်တော်မြတ် ﷺ နှင့် ဟာဇ်ရသ်အဘူဘကရ် ဆိဒ်ဒီးက် ﷺ သခင်တို့သည် တမန်တော်မြတ် ﷺ အတွက် ဆောက်လုပ်ထားသောတဲထဲသို့ ဝင်ရောက်လာပြီး နမားဇ်နှစ်ရတ်ကအသ်စီ ဝတ်ပြုကြပါသည်။ ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်က ဓါးရှည်ကို ကိုင်ဆောင်ပြီး တဲတံခါးရှေ့တွင် တမန်တော်မြတ် ﷺ အား စောင့်ရှောက်ရန်အတွက် မတ်တတ်ရပ်နေလေ၏။

တွင်ရာနီကျမ်း၏ ရိဝါယသ်တစ်ပုဒ်တွင် ဟာဇ်ရသ်အလီ ﷺ သခင်က အမိန့်ရှိသည်မှာ

"ဂဇ်ဝဟ်ဗဒရ်" အကြိုညတွင် ကျွန်တော်တို့အားလုံးသည် တစ်ညလုံး အိပ်မောကျနေကြသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ တစ်ဦးတည်းသည် နမားဇ်၊ ဒိုအာနှင့်အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးဝယ် ငိုယိုရင်းဖြင့် တစ်ညတာအချိန်ကာလ ကုန်ဆုံးခဲ့တော်မူ၏။ ဖဂျရ်အချိန် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ က

"အဆွဲဆွလာႏသု အတ်စ်ဆွလာႏသု ယာႏအိဗာႏဒလ္လာႏဟ်"

**ဆိုလိုသည်မှာ** "အို..အလ္လာဟ်အရှင်မြတ်၏ဗန်ဒဟ်အပေါင်းတို့! နမာဇ်အချိန် ကျရောက်လာပြီ။ သို့ပါ၍ နမာဇ်ဝတ်ပြုရန်အတွက် ထကြပါ" ဟူ၍ အမိန့်ရှိပါသည်။

ဆွဟာဗဟ်များက တမန်တော်မြတ် ﷺ ၏ အသံကိုကြားသိပြီး အားလုံးထ၍ စုရုံးကြပါသည်။ တမန်တော်မြတ် ﷺ သည် သစ်ပင် တစ်ပင်အောက်တွင် ဖဂျရ်နမာဇ်ကို ဝတ်ပြုပေးတော်မူသည်။

ယနေ့ လမြတ်ရမဇာန် (၁၇)ရက်၊ ဂျုမ္မအဟ် သောကြာနေ့ ဖြစ်ပါသည်။ နမာဇ်ဝတ်ပြုပြီးနောက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များအား အလ္လာဟ့်အတွက် ရန်သူများနှင့် ပြန်လည်ခုခံရင် ဆိုင်ခြင်း၏ "ဖဇီလသ်" အကျိုးကျေးဇူးများကို တင်ပြပြီးလက်ရှိအခြေ အနေတွင် တည်ကြည်ကြံ့ခိုင်စွာနေထိုင်ပြီး စိတ်အားထက်သန်စွာဖြင့် ကြိုးစားအားထုတ်ကြရန်အတွက် တိုက်တွန်းမှာကြားတော်မူ၏။

တမန်တော်မြတ် ﷺ သည် "ဟိဒါယားသ်" အမှာစကားများ မိန့်မြွက်မှာကြားတော်မူပြီးနောက် "မလာအိကဟ်" ကောင်းကင်တမန် များက လိုင်းစီတန်းကြသည့်အတိုင်း ၄င်းတို့၏လိုင်းများကဲ့သို့ တမန် တော်မြတ် ﷺ သည် မိမိအဆွ်ဟာဗ်တော်များကို လိုင်းစီတန်းစေ တော်မူ၏။ "မုဂျာဟိဒ်"များကို လိုင်းစီတန်းပေးရာ၌ တမန်တော်မြတ် ﷺ သည် မြားတံတစ်ချောင်းကို ကိုင်ဆောင်ထားလျက်ရှိတော်မူ၏။

ဟဇ်ရသ် စဝါးဒ်ဗိန်ဂုဇိုင်းဟ် ﷺ သခင်သည် လိုင်းမှ အနည်း ငယ် ရှေ့သို့ထွက်နေလျက်ရှိ၍ တမန်တော်မြတ် ﷺ သည် ၄င်းအား ကျီစားပြီး မြားတံနှင့် ဝမ်းဗိုက်ကို မထိတထိထိုး၍

"အိစ်သဝိ ယားစဝါးဒ်"

**ဆိုလိုသည်မှာ** "အို..စဝါးဒ်! လိုင်းတည့်တည့်နေပါ"ဟူ၍ အမိန့်ရှိတော်မူ၏။ ထိုအချိန်တွင် ဟဇ်ရသ်စဝါးဒ်ဗိန်ဂုဇိုင်းဟ် ﷺ သခင်က အခွင့်ကောင်း ယူပြီး

"ယားရစူးလလ္လားဟိ အောက်ဂျအ်သနီး ဝကာဒ်ဗအစကလ္လားဟု ဘီလ်ဟတ်က်ကိ ဝလ်အဒ်လိ ဖအကိဒ်နီး"

ဆိုလိုသည်မှာ "ယားရဆူးလလ္လားဟ်! ကိုယ်တော်မြတ် ﷺ သည် ကျွန်တော့်ကို အနာတရဖြစ်စေတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော့်အား မှန်ကန်မှု၊ တရားမျှတမှုနှင့်တကွ စေလွှတ်တော်မူသည်။ သို့ပါ၍ ကျွန်တော့်ကို မိမိအနာ၏ အစားပေးတော်မူပါ"ဟု လျှောက်ထားဆို လေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က မိမိဝမ်းဗိုက်ပေါ်မှ အင်္ကျီကို လှန်၍ "အို..စဝါးဒ်! မိမိအနာ၏အစားယူပါ"ဟူ၍ အမိန့်ရှိတော်မူ၏။ ဟာဇရဲစဝါးဒ် ؓ သခင်သည် ကိုယ်တော်မြတ် ﷺ ၏ ဝမ်းဗိုက်ကို လည်ပင်းဖက်၍ နမ်းရှုပ်ခဲ့ပြီး "ယားရဆူးလလ္လားဟ်! ဤသည် နောက်ဆုံး တွေ့ဆုံခြင်းဖြစ်တတ်ပါသည်"ဟု ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ သည် ဟာဇရဲစဝါးဒ်ဗိန်ဂူဇိုင်းဟ် ؓ သခင်၏ ထိုအမူအရာအပေါ် အလွန်နှစ်မြို့တော်မူပြီး ၎င်းအတွက် ဒိုအာဆုမွန်ကောင်းများ မြောက်မြားစွာ တောင်းပေးတော်မူ၏။

*(အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၇၊*

*အီဆွာဗဟ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၄၅)။*

## ဟီဂျ်ရီ(၂)ခုနှစ်၊ လမြတ်ရမဇာန်(၁၇)ရက်၊ သောကြာနေ့

ယနေ့ ဟီဂျ်ရီ(၂)ခုနှစ်၊ ရမဇာန်လ (၁၇)ရက် သောကြာနေ့ သည် အမှန်တရားနှင့် မမှန်ကန်မှုကိုခွဲခြားပေးမည့် "ဂဇ်ဝဟ်ဗဒရ်"နေ့ ဖြစ်ပါသည်။

တမန်တော်မြတ် ﷺ သည် အစ္စလာမ်သာသနာဝင် "မူဂျာဟိဒ်" များကို လိုင်းတန်းစီပေးခဲ့ပြီးနောက် ရုတ်တရက် ကူရိုင်းရှ်တို့သည် ကွင်းတစ်ဘက်မှ ထွက်လာကြပေသည်။ ကူရိုင်းရှ်တို့က မိမိတို့၏ အင်အားအပြည့်အစုံနှင့် ကွင်းထဲသို့ ဝင်ရောက်လာကြသည်ကို တမန် တော်မြတ် ﷺ က တွေ့မြင်တော်မူခဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင်

"အလ္လာဟုမ္မ ဟားဇိဟီး ကူရိုင်းရှုန်. ကဒ်အတ်က်ဘလသ်ဘိခုယ်လာ လားအိဟား ဝဖတ်ခ်ရိဟား သုအားဒုက ဝသုကဇ်ဇိဘု ရစူးလက အလ္လာဟုမ္မ ဖဘိနဆွ်ရိကလ္လဇီး ဝအဒ်သနီး အလ္လာဟုမ္မ အဟိန်.ဟုမုလ်ဂဒါးသ"

**ဆိုလိုသည်မှာ** "အို..အလ္လာဟ်အရှင်မြတ်! ဤကူရိုင်းရှ်အုပ်စုသည် မိမိတို့၏ မာနထောင်လွှားမှု၊ ဘဝင်မြင့်မားမှုများနှင့်တကွ ရှေ့သို့တိုးလာခဲ့ပေသည်။ ဤသူများသည် အလ္လာဟ်အရှင်မြတ်ကို ဗီဆန်ဆန့်ကျင်ပြီး အလ္လာဟ့် တမန်တော်ကို ငြင်းဆိုကြသည်။ အို..အလ္လာဟ်အရှင်မြတ်! မိမိကတိတော် အတိုင်း မိမိကူညီမှုဖြင့် ဤအင်အားများသောအုပ်စုကြီးအပေါ် ကျွန်တော် တို့ကို အောင်မြင်မှုချီးမြင့်တော်မူပါ။ အို..အလ္လာဟ်အရှင်! ဤမတရား ဒုက္ခပေးသူများကို နှိမ်နင်းပေးတော်မူပါ" ဟူ၍ ဒိုအာဆုမွန် တောင်းဆို တော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ နှင့် ဟဇ်ရသ် အဘူဘကရ်ဆီဒ္ဒီးက် ﷺ သခင်တို့သည် မိမိတို့၏တဲထဲသို့ ဝင်ရောက်လာကြပေသည်။ အစီအစဉ်အတိုင်း ဟဇ်ရသ်စအဒ်ဗိန်မအား ﷺ သခင်သည် တမန် တော်မြတ် ﷺ ကို စောင့်ရှောက်ရန်အတွက် တဲရှေ့တံခါးပေါက်၌ ဓားရှည်ကိုင်၍ မတ်တတ်ရပ်လိုက်လေ၏။

"ဗဒရ်" ကွင်းတစ်ဘက်မှ ထွက်ပေါ်လာသော ကူရိုင်းရှ်တို့သည် ကွင်းထဲ၌ အတိအကျနေရာတွင် ခြေကုပ်စခန်းယူပြီးနောက် မွတ်စ်လင်မ် များ၏အင်အားကို ခန့်မှန်းရန်အတွက် မိမိတို့ထဲမှ "အူမိုင်းရ်ဗိန်ဝဟဗ် ဂျမ်ဟီ"ကို စေလွှတ်ကြလေ၏။

၎င်းသည် မြင်းစီး၍ မွတ်စ်လင်မ်များ၏အနီးအနားသို့လာရောက် ကာ မွတ်စ်လင်မ်များကိုကြည့်ပြီး ပြန်သွားလေ၏။ ထို့နောက် သူသည် မိမိအုပ်စုရှိရာသို့ ပြန်လည်ရောက်ရှိလာပြီး "မွတ်စ်လင်မ်များ၏ လက်ရှိ အင်အားမှာ သုံးရာခန့်ရှိပါသည်။ သို့သော် အကွယ်အင်အားရှိ၊ မရှိကို ကျွန်တော် မသိနိုင်ခဲ့ပေ။ သို့ပါ၍ ကျွန်တော့်ကို အသင်တို့က အချိန်

အနည်းငယ်ပေးကြပါ။ ဤကိစ္စကိုလည်း လေ့လာစုံစမ်းပြီး သတင်းအစုံအလင်ကို ဆက်လက်အစီရင်ခံပါမည်" ဟုဆိုကာ တစ်ဖန် မြင်းစီး၍ ထွက်သွားလေ၏။

"အူမိုင်းရ်" သည် အလွန်ဝေးကွာသောနေရာမှ တစ်ပတ်လှည့်၍ မိမိအုပ်စုရှိရာသို့ပြန်လာပြီး မွတ်စ်လင်မ်များ၏အကွယ်၌ အခြားသော အင်အားမရှိကြောင်းကို တင်ပြအစီရင်ခံခဲ့ပါသည်။

တစ်ဖန် အူမိုင်းရ်က မိမိအုပ်စုဝင်များအား "အို..ကူရိုင်းရှ် အမျိုးသားအပေါင်းတို့! ဤမွတ်စ်လင်မ်များသည် အင်အားနည်းပြီး ၎င်းတို့၏အနောက်တွင် အကွယ်၌ ၎င်းတို့အတွက် အခြားသော အထောက်အကူ အင်အားမရှိသော်လည်း မဒီနဟ်၏ကုလားအုတ်များ သည် နီရဲနေသော "မောဝ်သ်"အား ထမ်းရွက်ထားသည်ကို တွေ့မြင်နေရ သည်။ အဘယ်ကြောင့်ဆိုသော် ဤလူမျိုးများထံတွင် ၎င်းတို့၏ ဓားရှည် များမှအပ အခြားမည်သည့်အားကိုးခိုလှုံစရာမျှ မရှိပါ။ အလ္လာဟ်အရှင် မြတ်၏ ကစမ်! မုချဧကန် ဤပုဂ္ဂိုလ်များသည် မိမိတို့နှင့် ရင်ဆိုင် တိုက်ခိုက်သူများကို မသတ်ဖြတ်နိုင်မီအလျှင် ကိုယ်တိုင်အသေခံမည့် ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ အကယ်၍ ၎င်းတို့နှင့် ကျွန်တော်တို့သည် ညီမျှစွာကျဆုံးကြပါက အဘယ်သို့သောအကျိုးအမြတ်နှင့် အရသာများ ရှိမည်ကို နားလည်သဘောပေါက်ပြီး အကျိုးရှိသောဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အတည်ပြု၍ ပြုလုပ်သင့်သည်များကို ဆောင်ရွက်ရန် လိုအပ်ပါသည်" ဟူ၍ အကျယ်တဝင့်ရှင်းပြခဲ့ပါသည်။

"ဟကီးမ်ဗိန်ဟိဇားမ်"သည် "အူမိုင်းရ်ဗိန်ဝဟဗ်"၏ ပြောဆို တင်ပြချက်များကို နားထောင်ပြီး ထိုပြောဆိုချက်အားလုံးမှာ မှန်ကန် ကြောင်း ထောက်ခံလေ၏။ ထို့နောက် သူသည် အွှသ်ဗဟ်ဗိန်ရာဘီအဟ် ထံသို့ သွားရောက်၍ "အို..အဗူလ်ဝလီးဒ်! အသင်သည် ကူရိုင်းရှ်တို့၏ မျက်နှာဖုံး ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။ အသင့်အကြောင်း အရာများအား ကောင်းမှုနှင့်တကွ အစဉ်အမြဲပြောဆိုရန်ကို နှစ်သက်

မည်လောဟု မေးမြန်းရာ အွသ်ဗဟ်က ဟာကီးမ်ဗိန်ဟိဇါးမ်အား "အသင်သည် မိမိရည်ရွယ်ချက်ကို တင်ပြပါ." ဟု ဆိုလေ၏။

ထိုအခါ ဟာကီးမ်ဗိန်ဟိဇါးမ်က ၎င်းအား အုမိုင်းရ်ဗိန်ဝဟာဗ်၏ ရှင်းလင်းချက်များကို တင်ပြခဲ့ပြီးနောက် အသင်သည် "စရိယ္ယဟ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရှ်" ၌ ကျဆုံးခဲ့သော "အမရ်ဟာဇ်ရမီ" ၏ "ဒီယသ်" သွေးအစားကို မိမိကိုယ်တိုင် တာဝန်ယူပြီး ကုရိုင်းရှ်တို့ကို ဦးဆောင်နေရာတွင် မွတ်စ်လင်မ်များအား မတိုက်စေဘဲ ပြန်လည် ခေါ်ဆောင်သွားပါဟူ၍ မိမိရည်ရွယ်ချက်ကို ရှင်းလင်းစွာ တင်ပြလေ၏။

အွသ်ဗဟ်သည် ဟာကီးမ်ဗိန်ဟိဇါးမ်၏ တင်ပြချက်ကို နားထောင်၍ အခြေအနေများကို နားလည်သဘောပေါက်ပြီးနောက် "ကျွန်တော်သည် "အမရ်ဟာဇ်ရမီ" ၏ "ဒီယသ်" သွေးအစားကို ပေးဆပ်ရန်အတွက် မိမိကိုယ်တိုင် တာဝန်ယူပါသည်။ သို့ရာတွင် အသင်တို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ အဘူဂျဟလ်နှင့်လည်း "မရ်ဂရဟ်" ပြု တိုင်ပင်ဆွေးနွေးလိုက်ပါ" ဟူ၍ ဖြေကြားခဲ့လေ၏။

(ရှေ့ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၁၆)

## ဗဒရ်ကွင်းပြင်၌ ကုရိုင်းရှ်တို့၏ရှေ့မှောက်တွင် အွသ်ဗဟ်၏ မိန့်ခွန်း

အွသ်ဗဟ်ဗိန်ရဘီအဟ်သည် ဟာကီးမ်ဗိန်ဟိဇါးမ်ကို အထက်ပါအတိုင်း အဖြေပေးခဲ့ပြီးနောက် တိုက်ပွဲမစမီအလျှင် မိမိကိုယ်တိုင် ကုရိုင်းရှ်တို့ကို အောက်ပါအတိုင်း မိန့်ခွန်းမြွက်ကြားခဲ့ပါသည်။ အွသ်ဗဟ်က မိန့်ခွန်းမြွက်ကြားခဲ့သည်မှာ

"အို... ကုရိုင်းရှ် အမျိုးသားအပေါင်းတို့! မိုဟမ္မဒ်နှင့် ၎င်း၏နောက်လိုက် မွတ်စ်လင်မ်များအားလုံးသည် အသင်တို့၏ ဆွေမျိုးသားချင်းများနှင့် အရင်းချင်း ညီအစ်ကိုများပင် ဖြစ်ကြပါသည်။

အသင်တို့အတွက် ၎င်းတို့နှင့်တိုက်ခိုက်ခြင်းမှာ ညီအစ်ကိုဆွေမျိုးသားချင်း များကို အချင်းချင်း သတ်ဖြတ်ခြင်းပင်ဖြစ်သည့်အပြင် အခြားမည်သည့် အကျိုးမျှမရှိပါ။

မိုဟာမ္မဒ်နှင့် ၎င်း၏ကိစ္စများကို အရပ်တစ်မျိုးသားလုံးအပေါ် လွှတ်ပေးထားကြပါ၊ အကယ်၍ အရပ်များသည် မိုဟာမ္မဒ်ကို နှိမ်နင်းနိုင်ပါက အသင်တို့လိုလားနေသော စိတ်ဆန္ဒကို မိမိတို့ပင်ပန်းခြင်း၊ ဒုက္ခရောက်ခြင်းမရှိဘဲ မိမိနေအိမ်မှာထိုင်နေပြီး လွယ်ကူစွာရရှိကြမည်။ သို့မဟုတ် မိုဟာမ္မဒ်သည် အရပ်ကိုလွှမ်းမိုးနိုင်ခဲ့လျှင် အသင်တို့အတွက် မည်သည့်ဆုံးရှုံးမှုမျှမရှိပါ။

အဘယ်ကြောင့်ဆိုသော် မိုဟာမ္မဒ်သည် မိမိတို့ထဲမှဖြစ်၍ ၎င်း၏ အောင်မြင်မှုနှင့် ဂုဏ်သိက္ခာများသည် မိမိတို့၏အောင်မြင်မှုနှင့် ဂုဏ်သိက္ခာများပင် ဖြစ်ကြလိမ့်မည်။ အသင်တို့သည် ကျွန်ုပ်၏ ဆုံးမစကားများကို မငြင်းပယ်ကြပါနှင့်။ ကျွန်ုပ်အပေါ် စွပ်စွဲချက်များလည်း မတင်ကြပါနှင့်" ဟူ၏။

အွသ်ဗဟ်က ကုရိုင်းရှ်တို့ကို အထက်ပါအတိုင်း လမ်းညွှန်ခဲ့ပါသည်။ ဟကီးမ်ဗ်နီဟိဇါးမ်က အမိန့်ရှိခဲ့သည်မှာ "အွသ်ဗဟ်သည် ကျွန်တော်၏ ပြောဆိုချက်များကို လက်ခံတာဝန်ယူပြီးနောက် ၎င်း၏ ညွှန်ကြားချက်အတိုင်း ကျွန်တော်သည် အဘူဂျဟာလ်ထံသို့ တိုင်ပင်ဆွေးနွေးရန်အတွက် သွားရောက်ခဲ့ပါသည်။ ထိုအချိန်တွင် အဘူဂျဟာလ်သည် တိုက်ပွဲအတွက် စစ်ဝတ်စုံများကို ဝတ်ဆင်လျက်ရှိပါသည်။ ဟကီးမ်ဗ်နီဟိဇါးမ်သည် အွသ်ဗဟ်နှင့်ပတ်သက်သော အကြောင်းအရာများကို အဘူဂျဟာလ်အား ပြောပြရာ အဘူဂျဟာလ်က အမျက်ဒေါသ ခြောင်းခြောင်းထွက်ကာ "အွသ်ဗဟ်၏သား အဘူဟူဇိုင်ဖဟ်သည် အစ္စလာမ်သာသနာကို လက်ခံခဲ့ပြီး ယခုအချိန်တွင် မွတ်စ်လင်မ်များနှင့် အတူ မဒီနာမြို့၌ရှိနေပါ၍ အွသ်ဗဟ်က ဤကိစ္စကို ယှဉ်ခင်မှုပင် ဆန့်ကျင်နေပါသည်" ဟုဆိုကာ "ဗနီယွဉ်ရ်ဟ်အမ်ရ်ညူလ်ဟ်ဗ်နီဂျဟ်ရှ်" တွင်

ကျဆုံးခဲ့သော အမရ်ဟာဇ်ရမီ၏ညီဖြစ်သူ အာမိရ်ဟာဇ်ရမီကို သွေးဆွပေးခဲ့ပါသည်။

အဘူဂျဟာလ်၏ သွေးဆွပေးမှုကြောင့် အာမိရ်ဟာဇ်ရမီသည် "ဝါးအမရားဟ်" ဟူ၍ အော်ဟစ်ခဲ့လေ၏။ ထို့ကြောင့် အွသ်ဗဟ်သည် ပြဿနာကို ထိန်းသိမ်းရန်အတွက် ကြိုးစားခဲ့သောအခါ ကူရိုင်းရှ်တို့သည် အာမိရ်ကိုသနားညှာတာပြီး မွတ်စ်လင်မ်များကို ချေမှုန်းရန်အလို့ငှာ အားလုံးအဆင်သင့် ဖြစ်ခဲ့ကြပေသည်။

*(အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၆)*

## ပထမဆုံးထိပ်တိုက်ရင်ဆိုင်မှုတွင် အွသ်ဗဟ်နှင့်တကွ ၄င်း၏သားတော်မောင်နှင့် ညီတော်မောင်တို့ ကျဆုံးခြင်း

မက္ကဟ်မြို့မှ ချီတက်လာသော အဘူဂျဟာလ်၏အုပ်စုအတွက် ဆုံးရှုံးမှုများမှ ရှောင်ကြဉ်နိုင်ရေးလမ်းစများ မကျန်ရှိတော့ပေ။ အဘူဂျဟာလ်၏ အကြိမ်ကြိမ်အဖန်ဖန် ခနဲ့ခွာပြောဆိုမှုများကြောင့် အွသ်ဗဟ်ဗိန်ရဘီအဟ်သည် အခုက်ဒေါသထွက်ကာ စစ်ဝတ်စုံကို ဝတ်ဆင်လိုက်လေ၏။

အွသ်ဗဟ်သည် မိမိသားကြီး ဝလီးဒ်နှင့် မိမိညီတော် ရှိုက်ဗဟ်ဗိန်ရဘီအဟ်တို့ကို ခေါ်ဆောင်၍ ဆွဟာဗဟ်များ၏အုပ်စုရှေ့သို့ သွားရောက်ပြီး "ဟာလ်မိမ့်မုဘားရိဇ်" **ဆိုလိုသည်မှာ** "ကျွန်တော်တို့နှင့် ရင်ဆိုင်တိုက်ခိုက်နိုင်သူများရှိပါသလား" ဟု စတင်စိန်ခေါ်လေ၏။

ဤသုံးဦးအုပ်စုသည် အဘူဂျဟာလ်၏အုပ်စုထဲမှ ပထမဆုံးထွက်ပေါ်လာသော အုပ်စုဖြစ်ပါသည်။ အွသ်ဗဟ်တို့အုပ်စုသည် ဆွဟာဗဟ်များ၏အုပ်စုကို အထက်ပါအတိုင်း စတင်စိန်ခေါ်ခဲ့သောအခါ မွတ်စ်လင်မ်များထဲမှ ဟာဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်ရဝါဟဟ် (رض) သခင်၊ ဟာဇ်ရသ် အေအာဖ်ဗိန်ဟာရိစ် (رض) သခင်နှင့် ဟာဇ်ရသ်မုအဗ်ဝဇ်ဗိန်ဟာရိစ်

ﷺ သခင်တို့သည် အွသ်ဗဟ်၏စိန်ခေါ်မှုကိုလက်ခံပြီး ထွက်လာကြပေသည်။

ထိုအချိန်တွင်အွသ်ဗဟ်က ၎င်းတို့အား "အသင်တို့သည် အဘယ်သူများ ဖြစ်ကြပါသနည်း" ဟု မေးမြန်းရာ ထိုသူတို့က

"ရဟာသူမ် မိနလ်အန်ဆွာရ်"

**ဆိုလိုသည်မှာ** ကျွန်တော်တို့သည် အန်ဆွာရ်ထဲမှ အုပ်စုလေးတစ်စု ဖြစ်ကြပါသည်ဟု ဖြေကြားလေ၏။ ၎င်းတို့အား အွသ်ဗဟ်က

"မားလနားဘိကုမ် မိန်ဟားဂျသိန်"

**ဆိုလိုသည်မှာ** "ကျွန်တော်များထဲတွင်အသင်တို့အလိုမရှိပါ။ ကျွန်တော်များထဲတွင် မိမိတို့၏အမျိုးသားများသာ အလိုရှိပါသည်"ဟုဆိုလေ၏။

အခြားပုဂ္ဂိုလ်တစ်ဦးက

"ယာ်မုဟမ္မဒ် အခ်ရိဂျ် အိလိုက်နား အတ်က်ဖာအနား မိန်ကောက်မိနား"

**ဆိုလိုသည်မှာ** "အို..မိုဟမ္မဒ်! ကျွန်တော်တို့၏ အမျိုးသားများထဲမှ ကျွန်တော်တို့နှင့် ဘန်းတူရည်တူရှိသော ပုဂ္ဂိုလ်များကို ရွေးထုတ်ပေးပါဟု" ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ သည် အန်ဆွာရ်များကို ပြန်လာခိုင်းပြီး ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်၊ ဟဇ်ရသ်အလီ ﷺ သခင်နှင့် ဟဇ်ရသ် အူဗိုင်ဒဟ်ဗိန်ဟာရိစ် ﷺ သခင်တို့အား စတင်စိန်ခေါ်သော အွသ်ဗဟ်တို့ အုပ်စုနှင့် ရင်ဆိုင်ကြရန်အတွက် အသီးသီးအမည်ခေါ်ပြီး အမိန့်ပေးတော်မူ၏။

အဆိုပါပုဂ္ဂိုလ်များသည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်အတိုင်း ချက်ချင်းပင် ထွက်လာကြပေသည်။ ၎င်းတို့သည် မျက်နှာဖုံးများ စွပ်ထားကြသောကြောင့် အွသ်ဗဟ်က လူကိုမသိရှိနိုင်၍ "အသင်တို့ အဘယ်သူများ ဖြစ်ကြပါသနည်း" ဟု မေးမြန်းရာ ဆွဟာဗဟ်များက မိမိတို့၏အမည်အသီးသီးကို ထင်ပြကြပေသည်။

ထိုအခါ အွသ်ဗဟ်က

"နအမ့် အတ်က်ဖါးအွန် ကိရားမ်" **ဆိုလိုသည်မှာ** သိက္ခာရှိသော တန်းတူရည်တူ ပုဂ္ဂိုလ်များဖြစ်ကြပါသည်ဟု ပြောဆိုလေ၏။

**ထို့နောက် ခုခံရင်ဆိုင်မှုစတင်သွားလေ၏။**

ဟဇ်ရသ်အုဗိုင်ဒဟ် ؓ သခင်က အွသ်ဗဟ်နှင့်လည်းကောင်း၊ ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်က ရှိက်ဗဟ်နှင့်လည်းကောင်း၊ ဟဇ်ရသ်အလီ ؓ သခင်က ဝလီးဒ်နှင့်လည်းကောင်း၊ အသီးသီး ထိပ်တိုက်ရင်ဆိုင်ကြရပေသည်။

ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်နှင့် ဟဇ်ရသ်အလီ ؓ သခင်တို့သည် မိမိတို့၏ပြိုင်ဘက်များဖြစ်ကြသော ရှိက်ဗဟ်နှင့် ဝလီးဒ်တို့ကို ပထမတစ်ချီတည်းဖြင့်ပင် ချေမှုန်းနိုင်ခဲ့ပေသည်။

သို့သော် အွသ်ဗဟ်နှင့် ဟဇ်ရသ်အုဗိုင်ဒဟ် ؓ သခင်တို့သည် နှစ်ဦးနှစ်ဘက် ဒဏ်ရာများရရှိခဲ့ကြသော်လည်း ယှဉ်ပြိုင်မှုမှာ ပြီးဆုံးခြင်းမရှိသေးပေ။

အွသ်ဗဟ်၏လက်ချက်ဖြင့် ဟဇ်ရသ်အုဗိုင်ဒဟ် ؓ ၏ ခြေထောက်တစ်ဖက်တွင် အလွန်ပြင်းထန်သော ဒဏ်ရာရရှိခဲ့ပါသည်။ ဟဇ်ရသ်အလီ ؓ သခင်နှင့် ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်တို့သည် မိမိတို့၏ပြိုင်ဘက်များကို သုတ်သင်ရှင်းလင်းပြီးနောက် ဟဇ်ရသ်အုဗိုင်ဒဟ် ؓ သခင်ကို ကူညီရန်အတွက် လာရောက်၍ အွသ်ဗဟ်ဗိန်ရဘီအဟ်ကိုလည်း သုတ်သင်ရှင်းလင်းပစ်လိုက်ကြလေ၏။

ထို့နောက် ဟဇ်ရသ်အုဗိုင်ဒဟ် ؓ သခင်ကို ထမ်းမ၍ တမန်တော်မြတ် ﷺ ၏ အပါးတော်သို့ ခေါ်ဆောင်လာကြပေသည်။ ဟဇ်ရသ်အုဗိုင်ဒဟ်ဗိန်ဟာရိစ် ؓ သခင်သည် ၎င်းဒဏ်ရာဖြင့်ပင် ဗဒရ်မှအပြန် "ဆွဖ်ရားအ်" စခန်းသို့ရောက်ရှိချိန်တွင် "ရှဟီးဒ်"ဖြစ် အလ္လာဟ့်အမိန့်ခံသွားခဲ့ရသည်။ ၎င်းဆွဟာဗီအား ထိုနေရာ၌ပင်ဒဖန်ပြုလုပ်ခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် မဒီနဟ်မြို့သို့ ဟိဂျ်ရသ်ပြုရောက်ရှိလာပြီးနောက် တစ်နေ့သောအခါ၌ မိမိအဆွဟာဗ်တော်များနှင့်အတူ ဆွဖ်ရားအ်စခန်းသို့ ရောက်ရှိတော်မူသည်။

ထိုအချိန်တွင် ၎င်းနေရာ၌ ဆွဟာဗဟ်များသည် အလွန်မွေးကြိုင်သင်းပျံ့သော ကတိုး၏အနံ့အသက်ကို ရှူရှိုက်မိကြ၍ တမန်တော်မြတ် ﷺ အား အကြောင်းဖြစ်အင်ကို မေးမြန်းလျှောက်ထားကြလေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က "ဤအခြင်းအရာသည် အံ့သြဖွယ်ရာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် "ဟာဇ်ရဲသ် အဘူမုအာဝိယဟ်အူဗိုင်ဒဟ်ဇီန်ဟာရိစ်" ၏ ကဗရ်ဗိမာန်ရှိသည်ဟူ၍ မိန့်ကြားတော်မူ၏။

ထိုပုဂ္ဂိုလ်မှာ ယခု ဆွပ်ရားအ်စခန်းတွင် ဒဖန်ပြုလုပ်ခဲ့သော တမန်တော်မြတ် ﷺ က အထက်ပါအတိုင်း ကြိုတင်အမိန့်ရှိခဲ့သည့် ဟာဇ်ရဲသ်အူဗိုင်ဒဟ်ဇီန်ဟာရိစ် ﷺ သခင်ပင် ဖြစ်ပါသည်။

*(ဇိန်သီအားဗ်ကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၄၂၅)*

## အဘူဂျဟာလ်၏ဆုတောင်းမှု

အထက်ပါ အွသ်ဗဟ်ဗီန်ရဘီအဟ်၊ ရှိုက်ဗဟ်ဗီန်ရဘီအဟ်၊ ဝလီးဒ်ဗီန်အွသ်ဗဟ်ဗီန်ရဘီအဟ်တို့သည် ရေတွင်းအဲ၌ ပထမဆုံးကျဆုံးခဲ့ကြသောအခါ အဘူဂျဟာလ်က မိမိအုပ်စုကို ထိန်းသိမ်းရန် အတွက်

"မိတ်ဆွေအပေါင်းတို့ခင်ဗျား !

အွသ်ဗဟ်နှင့်ဝလီးဒ်တို့သည် အလျင်စလိုပြုမူကြသောကြောင့် ကျဆုံးခဲ့ကြခြင်းဖြစ်ပါသည်။ အဆိုပါပုဂ္ဂိုလ်များကျဆုံးခဲ့ကြသောကြောင့် အသင်တို့သည် မိမိတို့၏စိတ်ဓာတ်ကို ခိုင်မာစွာထားကြပါ။ စိတ်ဓာတ်များကို လုံးဝလျှော့ချခြင်းမပြုကြပါနှင့်။ "လားသ်နှင့်အွဇ်ဇာ" ၏ကတိစမ်! ကျွန်တော်တို့သည် မွတ်စ်လင်မ်များကို ဖမ်းဆီးချုပ်နှောင်ခြင်း မပြုနိုင်မီ အလျင် မက္ကာဟ်မြို့သို့ လုံးဝပြန်သွားမည်မဟုတ်ပါ" ဟူ၍ အားပေးစကားများပြောကြားကာ အောက်ပါအတိုင်း ဆုတောင်းခဲ့ပါသည်။ အဘူဂျဟာလ်က ဆုတောင်းခဲ့သည်မှာ

"အို..အလ္လာဟ်အရှင် ! ကျွန်တော်တို့ထဲ၌ ဆွေမျိုးသားချင်း အဆက်အသွယ်ကို ဖြတ်တောက်သူများနှင့် မတရားမှုကျူးလွန်နေကြသူများကို ဖျက်ဆီးတော်မူပါ။ ကျွန်တော်တို့ထဲ၌ အလ္လာဟ်အရှင်မြတ်နှစ်မြို့ချစ်ခင်တော်မူသော ပုဂ္ဂိုလ်များကို အောင်မြင်မှု ချီးမြှင့်တော်မူပါ" ဟူ၏။

အဘူဂျဟလ်သည် အီမာန်ရှင်မဟုတ်ပါ။ သို့သော် အရပ်ဝေါဟာရမှာ ထိုအချိန်တွင်လည်း "အလ္လာဟ်" အရှင်မြတ်၏ အမည်နာမတော်ကို သုံးလေ့သုံးထရှိခဲ့ပါသည်။ မြောက်မြားစွာသော နေရာများတွင် အီမာန်ရှင်မဟုတ်သော ကာဖိရ် မွရှိရစ်က်များသည် မိမိတို့၏ ဝေါဟာရ ဓလေ့ထုံးစံအရ "အလ္လာဟ်အရှင်မြတ်၏ ကစမ်" ဟူသောစကားရပ်များ ပြောဆိုအသုံးပြုထားသည်ကိုတွေ့ရပါလိမ့်မည်။

သို့သော် ဤကဲ့သို့ ပုဂ္ဂိုလ်များသည် အစ္စလာမ်သာသနာက လမ်းညွှန်ထားသည့်အတိုင်း အီမာန်ကိုလက်မခံခဲ့၍ အီမာန်ရှင်များမဟုတ်ကြပေ။ အဘူဂျဟလ်သည်လည်း ထို့အတူပင်ဖြစ်ပါသည်။ သာသနာ့အသိဉာဏ်နှင့် သာသနာ့အခြေခံ အသိပညာနည်းပါးသော ပုဂ္ဂိုလ်များသည် မှားယွင်းမှုဖြစ်မည်စိုး၍ ဤရှင်းလင်းချက်ကလေးကို ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ အကျယ်ကိုသိလိုပါက "အူလမာ" သာသနာ့ပညာရှင်ကြီးများထံသို့ ချဉ်းကပ်၍ အသေးစိတ် သင်ယူဆည်းပူးနိုင်ပါသည်။

အဘူဂျဟလ်သည် အထက်ပါဒိုအာဆုမွန်ကို မိမိတို့အတွက်ပင် တောင်းဆိုခဲ့ပါသည်။ ၎င်း၏ ထင်မြင်ယူဆချက်အရ မိမိတို့သာလျှင် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ခြင်းခံရသော အလ္လာဟ့်အချစ်တော်သူတော်ကောင်းများပင်ဖြစ်ကြပါသည်။ သို့ပါ၍ အောင်မြင်မှုသည် မိမိတို့အတွက်သာလျှင်ဖြစ်ရမည်ဟု ယူဆလျက်ရှိခဲ့ပါသည်။

ဤသည်မှာ ၎င်း၏ထင်ရှားသောအမှားပင် ဖြစ်သည်။ သို့ပါ၍ ၎င်း၏ဒိုအာမှာ ဆန့်ကျင်ဘက်ဖြစ်ကြောင်းကို ဖော်ထုတ်ပြသရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ကျမ်းမြတ်ကူရ်အာန်ထဲ၌ စူရဟ် "အန်ဖါးလ်" ၏အာယသ်တော်နံပါတ် (၁၉)ကို ချပေးတော်မူ၏။

အဘူဂျဟလ်၏ တိုက်တွန်းသွေးဆွပေးမှုကြောင့် ကူရိုင်းရှ်တို့၏ အုပ်စုကြီးသည် အင်အားဖိသုံးပြီး မွတ်စလင်မ်များအပေါ် ပြင်းပြင်း

ထန်ထန် ရင်ဆိုင်လာကြ၏။ တစ်ဘက်တွင် မွတ်စ်လင်မ်များသည်လည်း ရှေ့တိုး၍ ရန်သူများ၏အလယ်ကြားသို့ဝင်ကာ အလွန်ပြင်းထန်စွာ ခုခံ ရင်ဆိုင်လျက်ရှိကြပါသည်။

နှစ်ဘက်စလုံးတွင် လူများသည် အချင်းချင်း ရောယှက်သွား၍ ရင်ဆိုင်မှု၏အခြေအနေများကို ခန့်မှန်းရန် ခဲယဉ်းလှပေသည်။

သို့သော် မွတ်စ်လင်မ်များသည် လူနည်းစုဖြစ်သည့်အပြင် ၄င်းတို့ထံ၌ အင်အားနည်းပါး၍ အပြင်ပိုင်းအနေဖြင့် မွတ်စ်လင်မ်များ အတွက် စိုးရိမ်မှုသည် သဘာဝနှင့်ကိုက်ညီသော အစဉ်အလာတစ်ရပ် ဖြစ်ပါသည်။

အစ္စလာမ်သာသနာ၏ "အကီဒဟ်" ယုံကြည်ချက်အရ အောင်မြင်မှုနှင့် ဆုံးရှုံးမှုများသည် အလ္လာဟ်အရှင်မြတ်၏ ဆုံးဖြတ်ချက်အပေါ်တွင်မူတည်၍ မွတ်စ်လင်မ်များသည် မိမိတို့၏ "အကီဒဟ်" ယုံကြည်မှုနှင့် ဆန့်ကျင်သော မည်သည့်အကြောင်းအရာကိုမျှ မိမိတို့၏နှလုံးသားများ တွင် တွေးတောခွင့်မပြုကြချေ။

သို့ပါ၍ လူနည်းစုပင်ဖြစ်ပြီး လက်နက်ကိရိယာများ ပြည့်စုံလင်စွာ မရှိခဲ့သော်ငြားလည်း ဤကြီးကျယ်သောအုပ်စုနှင့် ရင်ဆိုင်မှုကို ဝန်လေးခြင်းမရှိခဲ့ကြပေ။

*(အလ်ဘိဒါယဟ်ဝန်နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၈၂)*

## တမန်တော်မြတ် ﷺ အလ္လာဟ်ထံသို့ ကူညီမှုတောင်းခံခြင်း

အွသ်ဗဟ်နှင့်ရှိကဗဟ် ညီနောင်နှစ်ဦးတို့သည် ကုရိုင်းရှ်တို့၏ ခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထိပ်တိုက်ရင်ဆိုင်မှုတွင် ပထမဆုံး ဤခေါင်းဆောင်များကျဆုံးခဲ့၍ ကုရိုင်းရှ်တို့သည် အမျက်ဒေါသ ခြောင်းခြောင်းထွက်ကာ မွတ်စ်လင်မ်များကို အင်အားသုံးပြီး ချေမှုန်းပစ်ရန်အတွက် ကြိုးစားခဲ့သော်လည်း မိမိတို့သာလျှင်ဆုံးရှုံးမှုနှင့် ရင်ဆိုင်နေကြရလေ၏။

ရင်ဆိုင်ခုခံမှုအခြေအနေမှာ ဤကဲ့သို့ ပြင်းထန်နေသောအခါ တမန်တော်မြတ် ﷺ သည် မိမိတဲထဲမှ ထွက်ခွာလာတော်မူ၍ ဆွဟာဗဟ်များ၏ လိုင်းများကို ပြုပြင်ပေးပြီး ဟဇ်ရသ်အဘူဘကရ် ﷺ သခင်နှင့်အတူ တဲထဲသို့ ပြန်လည်ဝင်ရောက်လာတော်မူ၏။ ဟဇ်ရသ်စအဒ်ဗင်န် မအားဇ် ﷺ သခင်က ဓါးရှည်ကိုကိုင်ဆောင်၍ တဲတံခါးရှေ့၌ မတ်တတ်ရပ်လိုက်လေသည်။

တမန်တော်မြတ် ﷺ သည် နမားဇ်နှစ်ရကာအသ် ဝတ်ပြုပြီးနောက် လက်ဖြန့်၍ အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးတွင်

"အလ္လားဟုမ္မ အိန္နီး အွန်ရှိဒုက အဟ်ဒက ဝအအ်ဒက အလ္လားဟုမ္မ အိန်ရှီအ်သ လမ်သုအ်ဗဒ်"

**ဆိုလိုသည်မှာ** "အို...အလ္လာဟ်အရှင်မြတ်! ကျွန်တော်သည်အရှင်မြတ်ထံတွင် မိမိကတိနှင့်ကူညီမှုများကို တောင်းခံပါသည်။ အလ္လာဟ်အရှင်မြတ်၏ အိဗာဒသ်ကိုးကွယ်မှုများမှာ မဖြစ်လိုလျှင်လည်း ဖြစ်နိုင်ပါသည်" ဟူ၍ အကြိမ်ကြိမ်အဖန်ဖန် တောင်းဆိုတော်မူ၏။

ဟဇ်ရသ် အူမရ် ﷺ သခင်က အမိန့်ရှိသည်မှာ

"ဂဇ်ဝဟ်ဗဒရ်"နေ့တွင်"ကူရိုင်းရ်"တို့၏ အုပ်စုကြီးမှာ လူပေါင်း (၁၀၀၀) နှင့် မွတ်စ်လင်မ်များဘက်မှာ လူပေါင်း(၃၀၀)ကျော်တို့၏ အင်အားကိုရှုစားပြီး တမန်တော်မြတ် ﷺ သည် မိမိတဲထဲသို့ဝင်ရောက်လာတော်မူသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါး၌

"အလ္လားဟုမ္မ အန်ဂျိဇ်လီး မားဝအသ်သနီး အလ္လားဟုမ္မ အိန်သုဟ်လတ်က် ဟားဇီဟိလ် အဆွားဘသု မိန်အဟ်လိလ်အိစ်လားမိ လားသုအ်ဗဒု ဖိလ်အရ်ဒွိ"

**ဆိုလိုသည်မှာ** "အို..အလ္လာဟ်အရှင်မြတ်! ကျွန်တော်မျိုးအား မိမိကတိတော်အတိုင်းအောင်မြင်မှုချီးမြှင့်တော်မူပါ။ အို..အလ္လာဟ်အရှင်မြတ်! အကယ်၍ အစ္စလာမ်သာသနာဝင် ဤအုပ်စုကလေးမှာ ပျက်သုဉ်းသွားခဲ့ပါက မြေပထဝီပေါ်တွင် အလ္လာဟ်အရှင်မြတ်ကို ဝပ်ကိုးကွယ်မှုကျန်ရှိတော့မည် မဟုတ်ပါ"ဟူ၍ ဒိုအာဆုမွန် တောင်းဆိုတော်မူလေ၏။

ဟဇ်ရသ်အလီ رضي الله عنه သခင်က အမိန့်ရှိသည်မှာ

ကျွန်တော်သည် "ဂဇ်ဝဟ်ဗဒရ်"နေ့ ရင်ဆိုင်ခုခံမှုအချိန်တွင် တမန်တော်မြတ် ﷺ ကို ကြည့်ရှုရန်အတွက် သုံးကြိမ်အထိ မကြာခဏ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ရောက်ရှိခဲ့ပါသည်။ ကျွန်တော်သည် တမန်တော်မြတ် ﷺ အား လာရောက်ကြည့်ရှုသောအကြိမ်တိုင်း၌ တမန်တော်မြတ် ﷺ သည် စိဂျ်ဒဟ်ထဲတွင်"ယားဟိုင့်ယု၊ ယားကိုက်ယူးမ်" ဟု ဆိုလျက်ရှိတော်မူသည်ကို တွေ့မြင်ခဲ့ပါသည်။ ကျွန်တော်သည် စတုတ္ထအကြိမ် လာရောက်ကြည့်ရှုသောအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ အား အောင်မြင်မှု ချီးမြှင့်တော်မူသည်။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် အချိန်အလွန်ကြာမြင့်စွာ လက်မြှောက်၍ ဒိုအာဆုမွန် တောင်းဆိုတော်မူ၏။ ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် အလွန်ကျိုးနွံစွာ ဒိုအာဆုမွန်တောင်းဆိုခြင်း၌ နစ်မွန်းလျက်ရှိ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ ၏ ပခုံးပေါ်မှ စောင်မှာ အကြိမ်ကြိမ်လျှောကျခဲ့၍ ဟဇ်ရသ်အဘူဘကရ်ဆိဒ်ဒီးက် رضي الله عنه သခင်က စောင်ကို ပခုံးပေါ်သို့ ပြန်တင်ပေးလျက်ရှိခဲ့ပါသည်။

ဟဇ်ရသ်အဘူဘကရ် رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ ၏ ဒိုအာတောင်းခြင်း အခြေအနေကို ကြည့်ရှုပြီး အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ တောင်းဆိုချက်များကို လက်ခံလိုက်သည် ဟူ၍ တစ်ထစ်ချယုံကြည်ခဲ့ပေသည်။

သို့ပါ၍ ဟဇ်ရသ်အဘူဘကရ် رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ ၏ ခါးကိုဖက်ပြီး

"ဟတ်စ်ဘုက ဖကဒ် အလ်ဟဟ်သ အလားရဗ်ဗိက"

**ဆိုလိုသည်မှာ** "ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် မြှောက်မြှားစွာငိုကြွေးတော်မူ၏။ မှချကေန် ဤသည်မှာကိုယ်တော့်အတွက် လုံလောက်ပါသည်" ဟုလည်းကောင်း၊

"ကဖါးကမုနား ရဒသုက ရဗ်ဗက ဖအိန္နဟူး စယူနိဂျိဗ္ဗ လက မားဝအဒက"

**ဆိုလိုသည်မှာ** အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးတွင် ကိုယ်တော်၏ တောင်းခံခြင်းပုံစံမှာ လုံလောက်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိကတိတော်အတိုင်း ကိုယ်တော့်အား အောင်မြင်မှု ချီးမြှင့်တော်မူပါမည်" ဟု အမိန့်ရှိခဲ့ကြောင်း ဗုခါရီနှင့်မွတ်စ်လင်မ်ကျမ်းများတွင် လာရှိပါသည်။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် အထက်ပါအတိုင်း ဒိုအာဆုမွန်တောင်းခံရင်းဖြင့် ထိုနေရာတွင် ခေတ္တခဏအိပ်ပျော်သွားတော်မူ၏။ နိုးကြားလာပြီးနောက် ဟဇ်ရသ် အဗူဗကရ် (رضي الله عنه) သခင်အား

"အဗ်ရှိရ် ယားအဘားဗာတ်ကဲရီန် အသားက နဆ်ရုလ္လားဟိ ဟားဇား ဂျိဗ်ရအီးလု အားခိဇုန် ဘိအိနားနိ ဖရစိဟီး ယကူးဒုဟူး၊ အလားစနား ယားဟူလ်ဂုဘားရ်"

**ဆိုလိုသည်မှာ** "အို...အဗူဗကရ်! သတင်းကောင်းယူပါ။ အလ္လာဟ်အရှင်မြတ်၏ ကူညီမှုသည် အသင့်ထံသို့ ရောက်ရှိလာပြီ။ ဤသည် အရှေ့မှာ ကောင်းကင်တမန်ချုပ် ဂျိဗ်ရီးလ် (عليه السلام) သည် မိမိ၏ မြင်းဇက်ကြိုးကိုကိုင်ဆွဲကာ မောင်းနှင်လာပြီး ၎င်း၏မြင်းအရှေ့သွားများအပေါ် ဖုန်လူပေးနေသည်" ဟူ၍ အမိန့်ရှိတော်မူ၏။

*(ဆူယူနွလ်အဗူဒါဝူဒ်ကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၃၅၅၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၄၂)*

## မလာအိကဟ်ကောင်းကင်တမန်များဆင်းသက်လာခြင်း

အင်အားနည်းပါးသောမွတ်စ်လင်မ်များကို သုတ်သင်ရှင်းလင်းရန်အတွက် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ချီတက်လာသော ရန်သူများအား ကူညီအားပေးရန်အတွက် "အိဗ်လီးစ်" မိစ္ဆာကောင်သည် "ဆူရာကဟ်ဗိန်

မာလစ်က်" မည်သောပုဂ္ဂိုလ်ယောင်ဆောင်ခင်ကာ မိမိတပည့် အခြား "ရှိက်တွာန်"မိစ္ဆာကောင်များကို "ဗနီမွဒ်လက်ဂျ်"အမျိုးသားယောင်ဆောင်စေကာ မိမိကိုယ်တိုင်ဦးဆောင်ပြီး တပ်သားများနှင့်အတူ"ဗဒရ်"သို့ချီတက်လာကြပေသည်။

သို့ပါ၍ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ဒိုအာဆုမွန်ကိုလက်ခံတော်မူပြီး ဟဇ်ရသ်ဂျိဗ်ရီးလ် ﷺ၊ ဟဇ်ရသ်မီကာအီးလ် ﷺ နှင့် ဟဇ်ရသ်အိစ်ရာဖီးလ် ﷺ တို့၏ ဦးဆောင်မှုဖြင့် "မလာအိကဟ်" ကောင်းကင်တမန်များကို အင်အားနည်းပါးသောမွတ်စ်လင်မ်လူနည်းစုအား ကူညီအားပေးရန်အတွက် စေလွှတ်တော်မူသည်။

ကောင်းကင်တမန်များသည် အဝါရောင်ခေါင်းပေါင်းများ ပေါင်းထားကြသည်ဟူ၍ "ဒလာအိလေဗိုင်ဟကီ" နှင့် "ဒလာအိလေအာဘိနအီးမ်" ကျမ်းများတွင် လာရှိပါသည်။

"ဂဇ်ဝဟ်ဗဒရ်"တွင်ပါဝင်ခဲ့ကြကုန်သော မလာအိကဟ် ကောင်းကင်တမန်များထဲမှ အချို့သည် မွတ်စ်လင်မ်များ၏စိတ်ဓာတ်ကို တည်ကြည်ကြံ့ခိုင်စေရန်အတွက်လည်းကောင်း၊ အချို့သည် သီးသန့် တမန်တော်မြတ် ﷺ ကို စောင့်ရှောက်ကြရန်အတွက်လည်းကောင်း၊ အချို့သည် ကာဖိရ်များနှင့် ရင်ဆိုင်ခုခံရန်အတွက်လည်းကောင်း၊ အသီးသီး ရောက်ရှိလာကြပေသည်။

မလာအိကဟ် ကောင်းကင်တမန်များသည် လူသားများ၏ တိုက်ခိုက်မှုနည်းစနစ်များကို မသိရှိကြ၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ရန်သူများ၏ ဇက်နှင့်လက်ချောင်းများကို ရိုက်နှက်ရန်အတွက် အမိန့်ရှိတော်မူ၏။

ကျမ်းမြတ်ကုရ်အာန်ထဲ၌ "စူရဟ်အန်ဖားလ်"၏ အာယသ်တော်နံပါတ်(၁၂)တွင် ယင်းအကြောင်း လာရှိပါသည်။

ဗုခါရီကျမ်းတွင် ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗ်န်အဗ္ဗါးစ် ﷺ သခင်၏ ရိဝါယာသ် ဆင့်ပြန်မှုတစ်ရပ်၌ "တမန်တော်မြတ် ﷺ က

"ဟားဇား ဂျိဗ်ရအီးလု အားခိဇူန် ဘိ ရအ်စိ ဖရစိဟီး အလိုက်ဟိ အဒါးသူလ် ဟရ်ဘို"

**ဆိုလိုသည်မှာ** "ဤသည်ကောင်းကင်တမန်ချုပ် ဂျိဗ်ရီးလ် ﷺ က မိမိ မြင်းခေါင်းကို ကိုင်ထားလျက်ရှိကြောင်း၊ ထိုမြင်းအပေါ်တွင် လက်နက် ကိရိယာများရှိသည်"ဟု အမိန့်ရှိကြောင်းလာရှိပါသည်။

မွတ်စ်လင်မ်ကျမ်း၌ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အဗ္ဗါးစ် ﷺ သခင်၏ ဆင့်ပြန်မှုတွင် အန်ဆွာရီဆွဟာဗီတစ်ဦးက ရန်သူတစ်ဦးကို အနောက်မှလိုက်ခဲ့သောအခါ အပေါ်ဘက်မှ

"သကတ်ဒ်ဒမ် ယားဟိုင်ဇူးမ်"

**ဆိုလိုသည်မှာ** "အို…ဟိုင်ဇူးမ်! ရှေ့တိုးပါ" ဟုဆိုကာ သံဆူးကြိုးနှင့် ရိုက်နက်သည့်အသံကို ကြားခဲ့ရပါသည်။ ထိုအချိန်တွင် အဆိုပါရန်သူမှာ အနောက်သို့လန်ကျသွားပြီး ၎င်း၏မျက်နှာနှင့် နှာခေါင်းပေါ် ၌နေသော သံဆူးကြိုးဖြင့်ရိုက်နက်ထားသည့် မည်းနက်နေသောဒဏ်ရာကို တွေ့မြင်ခဲ့ရပါသည်။

တမန်တော်မြတ် ﷺ ကို ဤအကြောင်းပြောပြသောအခါ တမန်တော်မြတ် ﷺ က ဤသည် မိုးကောင်းကင်တတိယထပ်အပေါ်မှ အကူအညီပင်ဖြစ်သည်ဟု အမိန့်ရှိကြောင်း လာရှိပါသည်။

ဖသ်ဟူလ်ဘာရီကျမ်းတွင် ဟဇ်ရသ်ရဗီးအ်ဗိန်အနတ်စ် ﷺ သခင်၏ ဆင့်ပြန်မှုတစ်ရပ်၌ ဂဇ်ဝဟ်ပဒရ်နေ့တွင် လူသားများက ရင်ဆိုင်ခဲ့သော သေသူများနှင့် ကောင်းကင်တမန်များက ရင်ဆိုင်ခဲ့သော သေသူများကြားမှာ ကောင်းကင်တမန်များက ရင်ဆိုင်ခဲ့သော သေသူများ၏ ဇက်နှင့်လက်ချောင်းထိပ်များတွင် မီးလောင်ထားသကဲ့သို့ မည်းနက်နေသော အထူးလက္ခဏာများရှိခဲ့သည်ဟူ၍ လာရှိပေသည်။

"ဗိုင်ဟကီ"နှင့်"အဘူနအီးမ်" ကျမ်းများတွင် ဟဇ်ရသ်စူဟိုင်းလ်ဗိန်ဟနီးဖ် ﷺ သခင်၏ ရိဝါယသ်ဆင့်ပြန်မှုတစ်ရပ်၌ "ကျွန်တော်များသည် ရန်သူတစ်ဦးတစ်ယောက်ကို ရင်ဆိုင်ရန်အတွက် ကျွန်တော်များ၏ ဓါးရှည်များမှာ ထိုရန်သူအပေါ် မရောက်မီအလျင် ၎င်း၏ ဦးခေါင်းမှာ ပြတ်ကျသွားလျက်ရှိသည်"ဟု လာရှိပါသည်။

တွဗ်ရာနီကျမ်းတွင်လာရှိသည်မှာ

ဟာဇ်ရသ်အဘူအုစိုင်းဒ် ﷺ သခင်က ဟာဇ်ရသ်စဟာလ်ဗီန် စအဒ် ﷺ သခင်အား "အို...ကျွန်ုပ်၏တူတော်မောင်! အကယ်၍ ကျွန်ုပ်နှင့် အသင်သည် ယခုအချိန်တွင် ဗဒရ်မှာရှိခဲ့ပါလျှင် ကျွန်တော်များကို ကူညီအားပေးကြရန်အတွက် မလာအိကဟ် ကောင်းကင်တမန်များက ထွက်လာကြကုန်သော တောင်ကြားနေရာကို အသင့်အား ကျွန်ုပ်ပြသနိုင်ဖွယ်ရာ အကြောင်းရှိသည်ဟု အမိန့်ရှိတော်မူသည်" ဟူ၏။

အချုပ်အားဖြင့်ဆိုရသော် ဂဇ်ဝဟ်ဗဒရ်တွင် မွတ်စ်လင်မ်များကို ကူညီအားပေးကြရန်အတွက် မလာအိကဟ်ကောင်းကင်တမန်များ ဆင်းသက်လာခြင်းအကြောင်းမှာ ဒွိဟာသံသယ ဖြစ်နိုင်ဖွယ်ရာမရှိပါ။ ဤအကြောင်းသည် ကျမ်းမြတ်ကူရ်အာန်နှင့် ဟဒီးဆ် တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်များတွင် လာရှိပါသည်။

(ဗုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၄၂၇၊
ဗဲဟှဂ်ီ ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၄၂)

## အောင်မြင်မှုနှင့်ဆုံးရှုံးမှု

"ဂဇ်ဝဟ်ဗဒရ်" ၌ "ကူရိုင်းရှ်" တို့နှင့် မွတ်စ်လင်မ်များအကြားတွင် ရင်ဆိုင်မှုအလွန်ပြင်းထန်လာသောအခါ ကောင်းကင်တမန်ချုပ် ဟာဇ်ရသ်ဂျိဗ်ရီးလ် ﷺ ၏ ညွှန်ကြားချက်အရ တမန်တော်မြတ် ﷺ သည် မြေကြီးတစ်ဆုပ်ယူဆောင်၍ "ရှာဟာသိလ် ဝုဂျူးဟ်"

**ဆိုလိုသည်မှာ** "ဤမျက်နှာများ ပျက်စီးပါစေ" ဟုသုံးကြိမ်သုံးဖန်ရွတ်ဆိုပြီး ရန်သူများဘက်သို့ ပစ်ကြဲလိုက်တော်မူ၏။

ထိုမြေကြီးများသည် ဂဇ်ဝဟ်ဗဒရ်၌ ရှိကြကုန်သော ရန်သူတိုင်း၏ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်များပေါ်သို့ ကျရောက်ခဲ့လေသည်။ ရန်သူများ၏ မျက်နှာများပေါ်သို့ မြေကြီးကျရောက်ခဲ့သောအချိန်မှစပြီး ၄င်းတို့မှာစိတ်ဓာတ်များကျဆင်းကာ ကစဉ့်ကလျား ဖြစ်ကုန်ကြပေသည်။

တမန်တော်မြတ် ﷺ ၏ အားပေးမှုနှင့် အမိန့်တော်ဖြင့် မွတ်စ်လင်မ်များသည် ယခုအချိန်မှစ၍ ထိုးစစ်ဆင်ရင်ဆိုင်လာကြပေသည်။ ကူရိုင်းရှ်တို့သည် ဤထိုးစစ်၏ဒဏ်ကို မခံနိုင်သောကြောင့် မိမိတို့၏အသက်များကို ကာကွယ်ရန်အတွက် ဂဇ်ဝဟ်ဗဒရ်ထဲမှ အလွန်မကျေမချမ်းဖြစ်ကာ ဆုတ်ခွာထွက်ပြေးခဲ့ကြရပါသည်။

အဘူဂျဟလ်သည် မိမိအုပ်စုကိုထိန်းသိမ်းရန်အတွက် ကြိုးစားခဲ့သော်လည်း ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့၍ ကြီးမားသောဆုံးရှုံးမှုနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရလေသည်။ ထိုအချိန်တွင် ဆွဟာဗဟ်များသည် ရန်သူတို့၏ခေါင်းဆောင်များနှင့်တကွ လူပေါင်း(၇၀)ကို သုတ်သင်ရှင်းလင်းပြီး အခြားလူပေါင်း(၇၀)ကို သုံ့ပန်းအဖြစ် ထိန်းသိမ်းနိုင်လိုက်လေသည်။

ကူရိုင်းရှ်တို့ကရှုံးနိမ့်ခဲ့သောအခါ ဆွဟာဗဟ်များသည် ရန်သူတို့အား ထိန်းသိမ်းလျက်ရှိကြောင်းကို ကြည့်ရှုပြီး တမန်တော်မြတ် ﷺ ၏ သက်တော်စောင့် ဟဇ်ရသ်စအဒ်ဗိန်မအားဇ် ؓ သခင်၏ မျက်နှာပေါ်တွင် မကျေမချမ်းရိပ်မှာ အထင်းသားပေါ်လွင်နေသည်ကို တွေ့မြင်ခဲ့၍ တမန်တော်မြတ် ﷺ က ၎င်းအား "အို... စအဒ်! အသင်သည် ရန်သူများအား ထိန်းသိမ်းမှုကို သဘောတော်မမျှပါသလော"ဟု မေးမြန်းရာ ဟဇ်ရသ်စအဒ်ဗိန်မအားဇ် ؓ သခင်က

"အဂျလ် ဝလ္လားဟိ ယားရစူးလလ္လားဟိ ကားနသ် အဝ်ဝလ ဝပ်က်အသိန် အောက်ကအ ဟလ္လားဟု သအားလား ဘိအဟ်လိရှ် ရှိရ်ကိ ဖကားနလ် အိစ်ခါးနု ဖိလ်ကသ်လိ အဟာဗ်ဘု အိလိုက်ယမိန့်အိစ်သိဗ်ကား အိရ်ရိဂျားလိ"

**ဆိုလိုသည်မှာ** "ယားရစူးလလ္လားဟ်! မှန်လှပါသည်။ အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤသည်မွရှ်ရစ်က်များအပေါ်သို့ အလ္လာဟ်အရှင်မြတ်က ချပေးတော်မူသော ပထမဆုံးဘေးဘလာဖြစ်ပါသည်။ သို့ပါ၍ ဤအချိန်ကျွန်တော့်ထံတွင် ရန်သူများကိုထိန်းသိမ်းမှုဖြင့် ချန်လှပ်ထားခြင်းထက် ၎င်းတို့ကို သုတ်သင်ခြင်းသည်သာ ပိုမိုကောင်းမွန်ပါသည်" ဟု လျှောက်ထားလေ၏။

*(အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၈)*

## ဂဇ်ဝဟ်ဗဒရ်မှာ မွတ်စ်လင်မ်များဘက်မှ ကျဆုံးရှဟီးဒ်ဖြစ်ခဲ့သော ဆွဟာဗဟ်များနှင့် ကုရိုင်းရှ်တို့ဘက်မှ အဖမ်းခံရသော အချို့သုံ့ပန်းများ၏အမည်စာရင်း

ဤဂဇ်ဝဟ်ဗဒရ်တွင် ဆွဟာဗဟ်ပေါင်း(၁၄)ဦး ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြပါသည်။ ရှဟီးဒ်ဖြစ်ခဲ့ကြကုန်သော ဆွဟာဗဟ်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အုဗိုင်ဒဟ်ဗိန်ဟာရိစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ်မုဟာဂျိရိ ﷺ သခင်
(၂) အုမိုင်းရ်ဗိန်အဘီဝပ်ကားဆ် မုဟာဂျိရိ ﷺ သခင်
(၃) ဇုရှ်ရှိမာလိုင်းန် မုဟာဂျိရိ ﷺ သခင်
(၄) အာကိလ်ဗိန်ဘုကိုင်းရ် မုဟာဂျိရိ ﷺ သခင်
(၅) မဟ်ဂျအ်ဗိန်ဆွာလေဟ် မုဟာဂျိရိ ﷺ သခင်
(၆) ဆွဖ်ဝါးန်ဗိန်ဘိုင်ဍါးအ် မုဟာဂျိရိ ﷺ သခင်
(၇) စအဒ်ဗိန်ခုဝိုင်မဟ် အန်ဆွာရီ ﷺ သခင်
(၈) မုဘရှ်ရှိရ်ဗိန်အဗ်ဒုလ်မွန်ဇိရ် အန်ဆွာရီ ﷺ သခင်
(၉) ယဇီးဒ်ဗိန်ဟာရိစ် အန်ဆွာရီ ﷺ သခင်
(၁၀) အုမိုင်းရ်ဗိန်ဟမ္မာမ် အန်ဆွာရီ ﷺ သခင်
(၁၁) ရာဖိအ်ဗိန်မုအလ္လာ အန်ဆွာရီ ﷺ သခင်
(၁၂) ဟာရိစဟ်ဗိန်ဆုရာကဟ် အန်ဆွာရီ ﷺ သခင်
(၁၃) အောဖ်ဗိန်ဟာရိစ် အန်ဆွာရီ ﷺ သခင်
(၁၄) မုအဝ်ဝဇ်ဗိန်ဟာရိစ် အန်ဆွာရီ ﷺ သခင်

တို့ဖြစ်ကြပါသည်။

အလားတူ ကုရိုင်းရှ်တို့ဘက်မှ လူပေါင်း (၇၀) ကျဆုံးခဲ့ပြီး အခြားလူပေါင်း (၇၀) တို့မှာ ထိန်းသိမ်းခြင်းခံရပေသည်။ ထိန်းသိမ်းခြင်း ခံခဲ့ရသော အချို့သုံ့ပန်းများ၏ အမည်စာရင်းမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

(၁) ဟာဇ်ရသ် အဗ္ဗါးစ်ဗိန် အဗ်ဒုလ်မွတ္တလိဗ်
(၂) အကီးလ်ဗိန်အဘီတွာလိဗ်
(၃) နောင်ဖလ်ဗိန်ဟာရိစ်
(၄) အဘူလ်အားဆ်ဗိန်ရဘီးအ်
(၅) အူဗိုင်းရ်ဗိန်အူမိုင်းရ်
(၆) တာအိဗ်ဗိန်အဘီဟူဘိုင်းရ်
(၇) အဘူအသွားအ်အဗ်ဒုလ္လာဟ်ဗိန်တာအိဗ်
(၈) မွတ္တလိဗ်ဗိန်ဟာန်တွဗ်
(၉) အဘူဝီဒါအဟ်စဟ်မီ
(၁၀) အဗ်ဒုလ္လာဟ်ဗိန်အူမိုက်ဗိန်ခလဖ်
(၁၁) ဝဟာဗ်ဗိန်အူမိုင်းရ်
(၁၂) ရူဟိုင်းလ်ဗိန်အမရ်
(၁၃) အဗ်ဒ်ဗိန်ဇမ်အဟ်
(၁၄) ကိုင်းစ်ဗိန်တာအိဗ်
(၁၅) နတ်စ်တွားစ် (အူမိုက်ယဟ်ဗိန်ခလဖ်၏ကျွန်)
(၁၆) တာအိဗ်ဗိန်အူဗိုင်းဒ်
(၁၇) နူအ်မားန်ဗိန်အမရ်
(၁၈) အမရ်ဗိန်အဘီစွဖ်ယာန်ဗိန်ဟာရဗ်
(၁၉) အဘူလ်အားဆ်ဗိန်နောင်ဖလ်
(၂၀) အဘူရှီရဟ်ဗိန်အဘီအူမရ်
(၂၁) အမရ်ဗိန်အဇ်ရတ်က်
(၂၂) အွတ်က်ဗဟ်ဗိန်အဗ်ဒုလ်ဟာရိစ်
(၂၃) အဒီဗိန်အဂ်ယားရ်
(၂၄) အွတ်စ်မားန်ဗိန်အဗ်ဒေရှမ်စ်
(၂၅) အတ်စ်ဝဒ်ဗိန်အာမိရ်
(၂၆) အဘူစောရ်
(၂၇) ဟူဝိုင်ရတ်စ်ဗိန်အူဗ်ဗါးဒ်

(၂၈) စာလိမ့်ဗီန်ရှဒ်ဒါးခ်
(၂၉) ခါလိဒ်ဗီန်ဟိရှားမ်
(၃၀) ဝလီးဒ်ဗီန်ဝလီးဒ်ဗီန်မူဂီရဟ်
(၃၁) အူမိုင်သဟ်ဗီန်အဘီဟူဇိုင်ဖဟ်
(၃၂) ဆိုင်ဖီးဗီန်အဘီရူဖါအဟ်
(၃၃) အဘူလ်မွန်ဇိရ်ဗီန်အဘီရူဖါအဟ်
(၃၄) ခါလိဒ်ဗီန်အအ်လမ်
(၃၅) ဝရဒဟ်ဗီန်ကိုင်းစ်
(၃၆) ဟာန်ဖွလဟ်ဗီန်ကူကိုင်ဆဟ်
(၃၇) ရာဘီအဟ်ဗီန်ဒရ်ရားဂျ်
(၃၈) အဘူအွစ်ဇဟ်ဗီန်အမရ်
(၃၉) ဖါကိဟ် (အူမိုက်ယဟ်ဗီန်ခလဖ်၏ကျွန်)
(၄၀) တူမိုင်းလ်ဗီန်အဘီကူနိုင်းအ်
(၄၁) အွတ်ကဲဗဟ်ဗီန်အမရ် တို့ဖြစ်ကြပါသည်။

အထက်ပါ သုံ့ပန်းစာရင်းထဲတွင် ပါရှိသော ပုဂ္ဂိုလ်များထဲ၌ နံပါတ်စဉ် (၁) မှ (၁၄) အထိ ပါရှိကြကုန်သော ပုဂ္ဂိုလ်များသည် နောက်ပိုင်းတွင် အစ္စလာမ်သာသနာကို လက်ခံခဲ့ကြပေသည်။

*(ဇီဒွာဗဟ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၃၃၊*
*ဇောင်ဖူလ်အနဲ့ဖ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၀၆)*

## အထူးသြန်ကြားချက်

ကူရိုင်းရှ်တို့က မက္ကဟ်မြို့မှမဒီနဟ်မြို့သို့ ချီတက်ခဲ့ရာတွင် ဗနီဟာရှီမ်နှင့် အခြားသော အမျိုးအနွယ်များထဲမှ အချို့ပုဂ္ဂိုလ်များသည် မွတ်စ်လင်မ်များနှင့်တိုက်ခိုက်ရန် ရည်ရွယ်၍ လာခဲ့ကြသည်မဟုတ်ပေ။ ဤပုဂ္ဂိုလ်များသည် ကူရိုင်းရှ်တို့၏ အတင်းအဓမ္မအကျပ်ကိုင်မှုကြောင့်ပင် ဤနေရာအထိရောက်ရှိလာကြပေသည်။

သို့ပါ၍ ထိုကဲ့သို့ ပုဂ္ဂိုလ်များကို ရင်ဆိုင်ခြင်းမပြုကြရန်အတွက် တမန်တော်မြတ် ﷺ က ကြိုတင်ပြီး အမိန့်ထုတ်ပြန်ထားတော်မူ၏။ အထူးသဖြင့် ဟာဇရသ်အဗ္ဗါးစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ်နှင့် အဘူလ်ဗခ်သရီ ဗိန်ဟိရှားမ်တို့ကို ရင်ဆိုင်ခြင်းမပြုကြရန် အမိန့်ရှိတော်မူသည်။

တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့တွင်ရှိနေစဉ်အခါက အဘူလ်ဗခ်သရီဗိန်ဟိရှားမ်သည် အစ္စလာမ်သာသနာကို လက်ခံခြင်း မရှိခဲ့သော်လည်း တမန်တော်မြတ် ﷺ အပေါ် မညှိသည့် စိတ်အနှောင့် အယှက်ဖြစ်ဖွယ်ရာ တစ်စုံတစ်ရာကိုမျှ ပြုမူခြင်းအလျှင်းမရှိခဲ့ပေ။ ၎င်းသည် အစ္စလာမ်သာသနာကို လက်မခံခဲ့သော်လည်း တမန်တော် မြတ် ﷺ အား ကူညီအားပေးသူများတွင် ပါဝင်ပါသည်။

ကူရိုင်းရှ်တို့သည် တမန်တော်မြတ် ﷺ အတွက်ကြောင့် ဗနီ ဟာရှိမ်တို့နှင့် ဆွေမျိုးသားချင်း အဆက်အသွယ်ဖြတ်တောက်မှု၏ မတရား သောစာချုပ်ကို ရေးသားခဲ့ကြ၏။ ထိုစာချုပ်ရုပ်သိမ်းရေးကိစ္စ၌ အဘူလ် ဗခ်သရီဗိန်ဟိရှားမ်က ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်းကို ဒုတိယတွဲ အခန်း(၁၂)၌ "ဗနီဟာရှိမ်အမျိုးအနွယ်နှင့် အဆက်အသွယ်ဖြတ်တောက်မှု စာချုပ်" ဟူသောခေါင်းစဉ်အောက်တွင် အကျယ်တဝင့်ရေးသားဖော်ပြခဲ့ပြီး ဖြစ်သည်။

## အဘူလ်ဗခ်သရီဗိန်ဟိရှားမ်နှင့် ဂျူနာဒဟ်ဗိန်မူလိုက်ဟဟ်

ဂဇ်ဝဟ်ဗဒရ်တွင် တမန်တော်မြတ် ﷺ က အဆိုပါ အဘူလ် ဗခ်သရီဗိန်ဟိရှားမ်နှင့်ပတ်သက်ပြီး အထက်ပါအတိုင်း အမိန့်ရှိခဲ့သော ကြောင့် ဆွဟာဗဟ်များထဲမှ ဟာဇရသ်မူဂျဇ်ဇရ်ဗိန်ဇိယားဒ်အန်ဆွာရီ ﷺ သခင်က အဘူလ်ဗခ်သရီကိုတွေ့မြင်ပြီး "ကျွန်တော်များအား အသင့်ကို ရန်သူဟူ၍ မသတ်မှတ်ရန်အတွက် တမန်တော်မြတ် ﷺ က အမိန့်ရှိ တော်မူသည်။ သို့ပါ၍ ကျွန်တော်သည် အသင်နှင့် ရင်ဆိုင်မည်မဟုတ် ပါ" ဟု ပြောဆိုလေ၏။

ထိုနေရာတွင် အဘူလ်ဖခ်သရီနှင့်အတူ မက္ကာဟ်မြို့မှရောက်ရှိလာသော ၎င်း၏မိတ်ဆွေဖြစ်သူ "ဂျူနာဒဟ်ဗိန်မှုလိုက်ဟဟ်" လည်းရှိနေခဲ့ပါသည်။ အဘူလ်ဖခ်သရီက မိမိအကြည်တော် ဂျူနာဒဟ်ဗိန်မှုလိုက်ဟဟ်ကိုလည်း ရင်ဆိုင်ခြင်းမပြုရန်အတွက် တောင်းခံလေ၏။

ဟာဇ်ရသ်မူဂျဇိရ်ဗိန်ဇိယာဒ်အန်ဆွာရီ ﷺ သခင်က အဘူလ်ဖခ်သရီအား တမန်တော်မြတ် ﷺ ၏အမိန့်တော်အရ အသင်တစ်ယောက်တည်း အတွက်သာလျှင် အထက်ပါအခွင့်အရေးရှိပါ၍ အသင့်မိတ်ဆွေကို ထိုအခွင့်အရေး ပေးနိုင်မည်မဟုတ်ကြောင်း ရှင်းပြ၏။

ထိုအခါ အဘူလ်ဖခ်သရီက "ကျွန်တော်သည် မိမိမိတ်ဆွေ ဂျူနာဒဟ်ဗိန်မှုလိုက်ဟဟ်ကို အသင်နှင့်ရင်ဆိုင်စေပါက မက္ကာဟ်မြို့ရှိ အမျိုးသမီးများသည် ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ကို ကဲ့ရဲ့ရှုံ့ချကြမည်။ သို့ပါ၍ ကျွန်တော်သည် ဂျူနာဒဟ်အား အသင်နှင့်လုံးဝရင်ဆိုင်စေမည်မဟုတ်ဟုဆိုကာ မိမိကိုယ်တိုင် ဟာဇ်ရသ်မူဂျဇိရ်ဗိန်ဇိယာဒ် အန်ဆွာရီ ﷺ သခင်နှင့် ရင်ဆိုင်ရန်အတွက် ရှေ့သို့တိုးလာပေသည်။

ထိုသို့ရင်ဆိုင်ရာတွင် ဟာဇ်ရသ်မူဂျဇိရ်ဗိန်ဇိယာဒ် ﷺ သခင်သည် အဘူလ်ဖခ်သရီဗိန်ဟိရှားမ်ကို ပထမတချီတည်းတွင်ပင် အပြီးလုပ်ချနိုင်ခဲ့ပါသည်။ ဟာဇ်ရသ်မူဂျဇိရ်ဗိန်ဇိယာဒ်အန်ဆွာရီ ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏အပါးတော်သို့ ရောက်ရှိလာသောအခါ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အား

"ဝလ္လဒီး ဘအစက ဘိလ်ဟတ်က်ကိ လကာဒ် ဂျဟာဒ်သ အိုင့်ယူစ်သအ်စရ ဖအားသိယက ဘိဟီး ဖအဘား အိလ္လား အိုင့်ယူကား သိလနီး ဖကာသလ်သုဟူး"

**ဆိုလိုသည်မှာ** "ကိုယ်တော့်အား အမှန်တရားနှင့်တကွ စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်သည် အဘူလ်ဖခ်သရီကို ထိန်းသိမ်း၍ ကိုယ်တော့်ထံသို့ ခေါ်ဆောင်လာရန်အတွက် ကြိုးစားခဲ့ပါသည်။ သို့သော်လည်း ၎င်းမှာ ကျွန်တော်နှင့်ရင်ဆိုင်ခြင်း

မှအပ အခြားသောနည်းလမ်းကို ရွေးချယ်ခြင်းမရှိခဲ့၍ ကျွန်တော်သည် ၎င်းအား ရင်ဆိုင်ခဲ့ရပါသည်”ဟု လျှောက်ထားအစီရင်ခံခဲ့ပါသည်။

*(မဂျ်မအူဇ်ဇဝါအိဒ်ကျမ်း၊ အတွဲ-၆၊ စာမျက်နှာ-၈၄၊*

*အလ်ဗိဒါယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၈၅)*

## သားအဖနှစ်ဦး

မက္ကဟ်မြို့တွင် တမန်တော်မြတ် ﷺ ၏ရန်သူများ၌ အူမိုက် ယဟ်ဗိန်ခလဖ်မှာလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ၎င်း၏ အကြောင်း ကို ဤစာအုပ်ထဲ၌ နှစ်နေရာတွင် ရေးသားထားပါသည်။ ၎င်းမှာ ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်၏ မိတ်ဆွေဟောင်းဖြစ်ပါသည်။

အူမိုက်ယဟ်သည် မွတ်စ်လင်မ်များ၏လက်ထဲတွင် ကျဆုံး ရမည်ဟူ၍ ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်ထံမှ ကြိုတင်သတင်း ရထားသည့်အကြောင်းကို “အူမိုက်ယဟ်ဗိန်ခလဖ်ဗဒရ်ကွင်းပြင်သို့” ဟူသောခေါင်းစဉ်၌ အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

မက္ကဟ်မြို့၌ အတိတ်ခေတ်ကာလတွင် ဟာဇ်ရသ်အဗ်ဒုရ် ရဟ်မာန်ဗိန်အောဖ် ﷺ သခင်နှင့် အူမိုက်ယဟ်ဗိန်ခလဖ်တို့သည် အရင်းချင်း မိတ်ဆွေဟောင်းများ ဖြစ်ကြပါသည်။ မက္ကဟ်မြို့တွင်ရှိနေစဉ် အခါက အူမိုက်ယဟ်သည် ဟာဇ်ရသ်ဗိလားလ် ﷺ သခင်ကို ဒုက္ခအဖုံဖုံ ပေးခဲ့ကြောင်း ပထမအတွဲတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

ယနေ့ ဂဇ်ဝဟ်ဗဒရ်၌ ကုရိုင်းရှ်တို့ရှုံးနိမ့်သွားသောအခါ ဟာဇ်ရသ် အဗ်ဒုရ်ရဟ်မာန်ဗိန်အောဖ် ﷺ သခင်သည် လက်ထဲ၌ သုံ့ပန်းပစ္စည်း ဖြစ်သော သံချပ်အင်္ကျီများကို ကိုင်ဆောင်ထားချိန်တွင် အူမိုက်ယဟ်ဗိန် ခလဖ်နှင့် ၎င်း၏သားကို တွေ့မြင်သွားခဲ့ပါသည်။

ဟာဇ်ရသ် အဗ်ဒုရ်ရဟ်မာန်ဗိန်အောဖ် ﷺ သခင်သည် အူမိုက် ယဟ်တို့သားအဖကိုတွေ့မြင်ပြီး မိမိလက်ထဲတွင်ရှိသော သံချပ်အင်္ကျီများ

ကို ပစ်ချထားကာ ၄င်းတို့သားအဖနှစ်ဦးကို ဖမ်းဆီးလေ၏။ ဟာဇ်ရသ် အဗ်ဒူရ်ရဟ်မားန်ဗီန်အောဖ် ﷺ သခင်သည် အူမိုက်ယဟ်က နောင်တတရားရရှိပြီး အမြင်မှန်ရရှိရေးကိုမျှော်ကိုးပြီး ၄င်းအားရင်ဆိုင်ရန်အတွက် ဆန္ဒမရှိခဲ့ပေ။

ထိုအချိန်တွင် ဟာဇ်ရသ်ဗိလားလ် ﷺ သခင်သည် အူမိုက်ယဟ်ကို တွေ့မြင်သွားပြီး အန်ဆွာရ်တို့အား "ကူဖရ်"၏ခေါင်းဆောင် အူမိုက်ယဟ်မှာ လွတ်သွားခဲ့ပါက ကျွန်တော်သည် အသက်ချမ်းသာခွင့်ရရှိမည်မဟုတ်ပါ။ ကူဖရ်၏ခေါင်းဆောင် အူမိုက်ယဟ်ကို ဖမ်းဆီးကြပါဟူ၍ အော်ဟစ်ခေါ်ဆောင်လိုက်လေ၏။

ထိုအခါ အန်ဆွာရ်တို့မှာ ဟာဇ်ရသ်ဗိလားလ် ﷺ သခင်၏ အသံကိုကြားပြီး ဝိုင်းအုံလာကြပေသည်။ ထိုအချိန်တွင် ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗီန်အောဖ် ﷺ သခင်က အူမိုက်ယဟ်၏သားကို ရှေ့တိုးပေးရာ အန်ဆွာရီအုပ်စုသည် ၄င်းနှင့်ခုခံရင်ဆိုင်ပြီး တစ်ဖန် အူမိုက်ယဟ်ဘက်သို့ ပြန်လှည့်လာကြပေသည်။

ဟာဇ်ရသ် အဗ်ဒူရ်ရဟ်မားန်ဗီန်အောဖ် ﷺ သခင်သည် ဝမ်းလျားမှောက်၍ မိမိဝမ်းဗိုက်အောက်မှာ အူမိုက်ယဟ်ကို ကာကွယ်ရန်အတွက် ဝှက်ထားခဲ့သော်လည်း နောက်ဆုံးတွင် အူမိုက်ယဟ်မှာ အန်ဆွာရီတို့၏ခုခံရင်ဆိုင်မှုတွင် ကျဆုံးခဲ့ရလေ၏။

ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗီန်အောဖ် ﷺ သခင်သည် ဤဂဇ်ဝဟ်ဗဒရ်တွင် ခြေထောက်၌ဒဏ်ရာရရှိခဲ့၍ ထိုဒဏ်ရာမှာ အလွန်အချိန်ကြာမြင့်စွာ ရှိနေခဲ့ပါသည်။

ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗီန်အောဖ် ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

ဟာဇ်ရသ်ဗိလားလ် ﷺ သခင်ကို အလ္လာဟ်အရှင်မြတ်သနားပါစေ။ အဘယ်ကြောင့်ဆိုသော် ၄င်းကအန်ဆွာရ်တို့ကို အော်ဟစ်ခေါ်ဆောင်ခဲ့သည့်အတွက်ကြောင့် ကျွန်တော်၏သုံ့ပန်းစစ်သည်တော်

သေဆုံးပြီး သုံ့ပန်းပစ္စည်းဖြစ်သော သံချပ်အင်္ကျီများလည်း ဆုံးရှုံးခဲ့ပါသည်။

*(ဖဿ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၇၉)*

## ဖိရ်အောင်နူလ်အွမ္မည် လအ်နသူလွှားဟိအလိုင်းဟ်

"ဂဇ်ဝဟ်ဗဒရ်"နေ့၌ ရင်ဆိုင်ခုခံမှု ပြင်းထန်လာသောအခါ ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗိန်အောဖ် ﷺ သခင်သည် တစ်နေရာတွင် မတ်တတ်ရပ်နေလျက်ရှိခဲ့ပါသည်။ ရုတ်တရက်ထိုနေရာတွင် ယာဘက်နှင့် ဝဲဘက်မှ လူငယ်နှစ်ဦးရောက်ရှိလာလေ၏။

အဗ်ဒူရ်ရဟ်မားန်ဗိန်အောဖ် ﷺ သခင်က မိမိသည် ဤလူငယ်နှစ်ဦး၏အလယ်ကြားမှာရှိနေ၍ ရန်သူများသည် မိမိအား ဝိုင်းရံလာမည်ကို စိုးရိမ်နေချိန်တွင် အဆိုပါလူငယ်နှစ်ဦးထဲမှ တစ်ဦးက ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗိန်အောဖ် ﷺ သခင်အား "အို.. ကျာကျာ! အဘူဂျဟာလ်သည် မည်သူပါနည်း။ ကျွန်တော့်ကို ပြသပေးပါ "ဟူ၍ ပြောဆိုလေ၏။

ဟာဇ်ရသ် အဗ်ဒူရ်ရဟ်မားန်ဗိန်အောဖ် ﷺ သခင်က ၎င်းလူငယ်အား "အသင်သည် အဘူဂျဟာလ်အား အဘယ်သို့ ပြုလုပ်မည်နည်းဟု မေးမြန်းရာ လူငယ်လေးက"အဘူဂျဟာလ်သည် တမန်တော်မြတ် ﷺ ကို ဆဲဆို၊ပုတ်ခတ်ရှုတ်ချသည်ဟု ကျွန်တော်ကြားသိခဲ့ရပါသည်။ သို့ပါ၍ အလ္လာဟ်အရှင်မြတ်၏ကတိ! ကျွန်တော်သည် အဘူဂျဟာလ်ကို တွေ့ရှိပါက ၎င်းနှင့်အရိပ်ကဲ့သို့လိုက်ကပ်၍ နှစ်ဦးစလုံးထဲမှ တစ်ဦးက မကျဆုံးမချင်း လွှတ်ပေးမည်မဟုတ်ပါ"ဟု ပြောပြလေ၏။

အဆိုပါ လူငယ်များမှာ "မအားဇ်ဗိန်အဖ်ရားအ်" နှင့် "မူအဝ်ဝဇ်ဗိန်အဖ်ရားအ်" မည်သော ညီနောင်များပင်ဖြစ်ကြပါသည်။

ဟာဇ်ရသ်အဗ်ဒူရ်ရဟ်မားန်ဗိန်အောဖ် ﷺ သခင်သည် ထိုညီနောင်တို့အား အဘူဂျဟာလ်ကို ပြသပေးခဲ့ပါသည်။ ဤညီနောင်များ

သည် အဘူဂျဟလ်ကို သိမ်းငှက်များပမာ ထိုးစစ်ဆင်ရင်ဆိုင်ခုခံလာကြလေ၏။

ဤနေရာတွင် ဟာဇ်ရသ်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်လည်း ရောက်ရှိလာ၍ အဘူဂျဟလ်ကို ဝိုင်းဝန်းရင်ဆိုင်လေ၏။ ဟာဇ်ရသ်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်နှင့် အဆိုပါညီနောင်တို့သည် အဘူဂျဟလ်ကို ဝိုင်းဝန်းရင်ဆိုင်နေချိန်တွင် အဘူဂျဟလ်၏ သားဖြစ်သူ အစ်ကရမဟ်သည် ဟာဇ်ရသ်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်ကို တိုက်ခိုက်လာပြီး ဟာဇ်ရသ်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်၏ လက်ကို ဓါးထိမှန်၍ လက်တစ်ဖက်မှာ တွဲလောင်းကျလာပေသည်။ သို့သော်လည်း အဘူဂျဟလ်သည် ၎င်းတို့၏ခုခံရင်ဆိုင်မှုဖြင့်ပင် ကျဆုံးသွားခဲ့ရလေသည်။

အဘူဂျဟလ်၏ကိစ္စမှာ ရှင်းလင်းသွားပြီးနောက် ဟာဇ်ရသ်မူအဝ်ဝဇ်ဗိန်အဖ်ရားအ် ؓ သခင်သည် ရှေ့သို့တိုး၍ ရန်သူများကြားတွင် ဝင်ရောက်ရင်ဆိုင်ရင်း ရှဟီးဒ်ဖြစ်သွားခဲ့ပါသည်။ ဟာဇ်ရသ် မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်သည် မိုးချုပ်သည့်အချိန်အထိ လက်တစ်ချောင်းဖြင့်ပင် ရန်သူများနှင့်ရင်ဆိုင်နေခဲ့လေ၏။ နောက်ဆုံး၌ လက်မှဒဏ်ရာမှာ မခံမရပ်နိုင်ဖြစ်လာသောအခါ ဟာဇ်ရသ်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်သည် ထိုတွဲလောင်းကျနေသောလက်ကို မိမိခြေထောက်ဖြင့် အားကုန်နင်းပြီး ဖြုတ်လိုက်လေ၏။

ဟာဇ်ရသ် မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်သည် ဟာဇ်ရသ်အွတ်စ်မားန် ؓ သခင်၏ ခေတ်အချိန်ကာလအထိ လက်တစ်ဖက်ဖြင့်ပင် အသက်ထင်ရှားစွာရှိနေခဲ့ပါသည်။

မအားဇ်ဗိန်အဖ်ရားအ် ؓ သခင်၊ မူအဝ်ဝဇ်ဗိန်အဖ်ရားအ် ؓ သခင်နှင့်မအားဇ်ဗိန်အမရ်ဗိန်ဂျမူးဟ် ؓ သခင်တို့၏ ခုခံရင်ဆိုင်မှုဖြင့် အဘူဂျဟလ်သည် အလွန်ပြင်းထန်သောဒဏ်ရာများကြောင့် ကွင်းပြင်ထဲတွင် လဲကျနေလျက်ရှိသည်။ သို့သော်လည်း ယခုအချိန်အထိအပြီးတိုင်သေဆုံးခြင်း မရှိသေးပေ။

ကူရိုင်းရှ်တို့ ရှုံးနိမ့်ကာ ရင်ဆိုင်ခုခံမှုပြီးသွားသောအခါ တမန်တော်မြတ် ﷺ က အဗူဂျဟလ်၏ အခြေအနေကို ဝုံစမ်းရန်အတွက် အမိန့်ပေးတော်မူ၏။ ထိုအခါ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်သည် အလောင်းများတွင် အဗူဂျဟလ်၏အလောင်းကို ရှာဖွေခဲ့ရာ တစ်နေရာတွင် အဗူဂျဟလ်၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ အဗူဂျဟလ်၏ ခန္ဓာကိုယ်မှာ ယခုအချိန်အထိ နောက်ဆုံးထွက်သက် အနည်းငယ် ကျန်ရှိနေသေး၏။

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်က အဗူဂျဟလ်၏ ခန္ဓာကိုယ်ပေါ်တွင် တက်ထိုင်လိုက်လေသည်။ ထိုအချိန်တွင် အဗူဂျဟလ်က ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်အား "အို ... ဆိတ်ကျောင်းသား! အသင်သည် ယခုအချိန်တွင် အလွန်အဆင့်အတန်းမြင့်မားသောနေရာတွင် ထိုင်နေလျက်ရှိပါသည်။ ၎င်းနောက် အဘယ်အုပ်စုက အောင်မြင်မှုရရှိခဲ့ပါသနည်းဟု မေးမြန်းရာ ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်က အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်က အောင်မြင်မှုရရှိတော်မူသည်ဟု ပြောကြားလေ၏။

တစ်ဖန် အဗူဂျဟလ်က အသင့်ရည်ရွယ်ချက်မှာ အဘယ်သို့ ရှိပါသနည်းဟု မေးမြန်းရာ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ﷺ သခင်က ကျွန်တော်သည် အသင်၏ဦးခေါင်းကိုဖြတ်ယူရန် လာခဲ့သည်ဟူ၍ ပြောကြားလေ၏။

ထိုအခါ အဗူဂျဟလ်က "ကျွန်တော့်ဓါးရည်မှာ အလွန်ထက်ပါသည်။ အသင်သည် ကျွန်တော့်ဦးခေါင်းကို ၎င်းဓါးရည်ဖြင့် ဖြတ်ယူသွားပါ။ အသင့်ရည်ရွယ်ချက်မှာ အမြန်ဆုံးပြီးစီးအောင်မြင်သွားလိမ့်မည်။ အသင်သည် ကျွန်တော့်ဦးခေါင်းမှုဝိုက်၍ဖြတ်ပါ။ တွေ့မြင်သူများက ခေါင်းဆောင်အကြီးအကဲ၏ဦးခေါင်းဟု ချက်ချင်းသိရှိကြလိမ့်မည်။ အသင်သည် မိုဟမ္မဒ်ထံသို့ ပြန်လည်ရောက်ရှိသောအခါ ကျွန်တော့်နှလုံးသားတွင် ယခင်ကထက် ပိုမိုပြီး မိုဟမ္မဒ်အပေါ် ယနေ့စက်ဆုပ်ရွံရှာမှုမှာ အလွန်တရာများပြားလှသည်ဟု ပြောပြလိုက်ပါဟု မှာကြားလေ၏။

ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ؓ သခင်သည် အထက်ပါ အတိုင်း ပြောဆိုပြီးနောက်

"အန်ဇား ကလ္လားဟု ယားအဒုဝလ္လားဟိ"

**ဆိုလိုသည်မှာ** "အို .. အလ္လာဟ်အရှင်မြတ်၏ ရန်သူ! အလ္လာဟ်အရှင်မြတ်သည် အသင့်ကိုသေးသိမ်သောအဖြစ်နှင့် ထားတော်မူပါစေ" ဟုဆိုကာ ၎င်း၏ဇက်အပေါ်ခြေတင်၍ ဦးခေါင်းကို ဖြတ်လိုက်လေသည်။ ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ؓ သခင်သည် အဘူဂျဟလ်၏ ဦးခေါင်းကိုဖြတ်ယူလာပြီး တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင်

"ဟားဇား ရအ်စု အဒုဝိလ္လာဟိ အဘီးဂျဟ်လီန်"

**ဆိုလိုသည်မှာ** ယားရစူးလလ္လားဟ်! ဤသည် အလ္လာဟ်အရှင်မြတ်၏ ရန်သူအဘူဂျဟလ်၏ ဦးခေါင်းပင်ဖြစ်သည်ဟုဆိုကာ ဦးခေါင်းကို ပစ်ချလိုက်လေသည်။ တမန်တော်မြတ် ﷺ က ထိုဦးခေါင်းကိုတွေ့မြင်ပြီး

"ဝလ္လားဟိလ္လဇီး လားအိလားဟ အိလ္လားဟူး"

**ဆိုလိုသည်မှာ** အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤသည်အဘူဂျဟလ်၏ ဦးခေါင်းဟုတ်ပါသလားဟု အမိန့်ရှိရာ ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မတ်စ်အူးဒ် ؓ သခင်က

"နအမ် ဝလ္လား ဟိလ္လဇီး လားအိလားဟ ဂိုက်ရုဟူး"

**ဆိုလိုသည်မှာ** "ယားရစူးလလ္လားဟ်! မှန်လှပါသည်။ အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤသည် အဘူဂျဟလ်၏ ဦးခေါင်းပင်ဖြစ်ပါသည်"ဟု လျှောက်ထားလေ၏။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ က

"အလ်ဟမ်ဒုလိလ္လားဟိလ္လဇီး အအ်ဇ္ဇလ် အိစ်လားမ ဝအဟ်လဟူး"

**ဆိုလိုသည်မှာ** "ချီးမွမ်းထောမနာများသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင်ဖြစ်ပါသည်။ ထိုအရှင်မြတ်သည် အစ္စလာမ်သာသနာနှင့် အစ္စလာမ်သာသနာကို လက်ခံသူများအား ဂုဏ်သိက္ခာ ချီးမြှင့်တော်မူသည်"ဟူ၍ သုံးကြိမ်မိန့်မြွက်တော်မူ၏။ တစ်ဖန် နမားဇ်နှစ်ရတ်က်အသ် ဝတ်ပြုပြီး အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်တော်မူ၏။

အဘူဂျဟလ် သေဆုံးသွားသောအခါ တမန်တော်မြတ် ﷺ က "အဘူဂျဟလ်သည် ဤအုမ္မသ်သားများ၏ ဖိရ်အောင်န်ဖြစ်ပါသည်။ ဤအုမ္မသ်၏ ဖိရ်အောင်န်ဖြစ်သူ အဘူဂျဟလ်၏ ပြဿနာများသည် တမန်တော်မူဆာ (عليه السلام) ၏ ဖိရ်အောင်န် ပြဿနာများထက် ပိုမိုကြီးမား လှပါသည်။ တမန်တော် မူဆာ (عليه السلام) ၏ ဖိရ်အောင်န်သည် သေအံ့ဆဲဆဲ အချိန်တွင် ကလိမဟ်ရွတ်ဆိုရန် ကြိုးစားခဲ့ပါသည်။ ဤအုမ္မသ်၏ ဖိရ်အောင်န် အဘူဂျဟလ်သည် သေအံ့ဆဲဆဲအချိန်တွင် ပိုပြီး မာနကြီး လာသည်"ဟု အမိန့်ရှိတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် အဘူဂျဟလ်၏ ဓါးကို ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်မသ်စ်အူးဒ် (رضي الله عنه) သခင်အား ချီးမြှင့်တော်မူ၏။

(ဗုခါရီကျမ်း အတွဲ-၂၊ စာမျက်နှာ -၇၃၊

ဖသ်ဟူလ်ဘာရီကျမ်း အတွဲ-၇၊ စာမျက်နှာ-၂၃၊

အလ်ဘိဒါယဟ်ဝန်နိဟာယဟ်ကျမ်း အတွဲ-၃၊ စာမျက်နှာ-၂၈၉)

* * * * * * * * * * *

## အခန်း (၂၁)

## မှတ်သားဖွယ်ရာ အချို့သောအကြောင်းအရာများ

(၁) အူဗိုင်ဒဟ်ဗိန်စအီးဒ်ဗိန်အားဆွ်သည် ဟဇ်ရသ်အမရ်ဗိန် အားဆွ် رضي الله عنه သခင်၏ တူတော်မောင်ဖြစ်ပါသည်။ ဂဇ်ဝဟ်ဗဒရ်နေ့ တွင် ၎င်း၏မျက်လုံးများမှအပ တစ်ကိုယ်လုံးမှာ သံချပ်အင်္ကျီဖြင့် ဖုံးကွယ်လျက်ရှိ၏။ သို့ပါ၍ ၎င်း၏ခန္ဓာကိုယ်မှာ လုံခြုံစွာရှိနေခဲ့ပါသည်။ ရင်ဆိုင်မှုတွင် ဟဇ်ရသ်ဇူဗိုင်းရ်ဗိန်အဝ်ဝါးမ် رضي الله عنه သခင်သည် အူဗိုင်ဒဟ်ဗိန် စအီးဒ်ဗိန်အားဆွ်၏မျက်စိကို ချိန်ဆ၍ လှံဖြင့်ပစ်ပေါက်လိုက်လေသည်။

ဟဇ်ရသ်ဇူဗိုင်းရ် رضي الله عنه သခင် ပစ်ပေါက်လိုက်သော လှံသည် ပစ်မှတ်ကို လွဲချော်တိမ်းစောင်းခြင်းမရှိဘဲ အူဗိုင်ဒဟ်၏မျက်စိထဲသို့ တည့်မတ်စွာ စိုက်ဝင်သွားခဲ့ပေသည်။ အူဗိုင်ဒဟ်အား ၎င်း၏သံချပ် ဝတ်စုံက "မောဝ်သ်" သေခြင်းတရားမှ ကာကွယ်မှုပြုနိုင်ခြင်း မရှိခဲ့ပေ။

အူဗိုင်ဒဟ်သည် ၎င်းနေရာတွင်ပင်လဲကျပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ပါသည်။ အူဗိုင်ဒဟ်ဗိန်စအီးဒ် ကျဆုံးသွားသောအခါ ဟဇ်ရသ် ဇူဗိုင်းရ်ဗိန်အဝ်ဝါးမ် رضي الله عنه သခင်သည် အလွန် အင်အားသုံး၍ မိမိလှံကို ဆွဲနုတ်ခဲ့သောကြောင့် လှံထိပ်မှာတိမ်းကောက်သွားခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်ဇူဗိုင်းရ် رضي الله عنه သခင်ထံမှ ထိုလှံကို အမှတ်အသားအဖြစ်တောင်းယူပြီး မိမိထံပါး၌သိမ်းဆည်း ထားတော်မူ၏။

တမန်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် တစ်ခေတ်ပြီးတစ်ခေတ် အဆိုပါလှံသည် ဟဇ်ရသ်အဘူဘကရ် ဆိဒ်ဒီးက် رضي الله عنه သခင်၊ ဟဇ်ရသ် အူမရ် رضي الله عنه သခင်၊ ဟဇ်ရသ်အွတ်စ်မားန် رضي الله عنه သခင်၊ ဟဇ်ရသ်အလီ رضي الله عنه သခင် စသည့်သခင်ကြီးများ၏ထံတော်ပါး၌ သိမ်းဆည်းထားရှိခဲ့ပါ သည်။

ဟာဇ်ရသ်အလီ ﷜ သခင်၏နောက်ပိုင်းတွင် ထိုလှံကို ဟာဇ်ရသ် အဗ်ဒူလ္လာဟ်ဗင်န်ဇူဗိုင်းရ် ﷜ သခင်က ဆက်လက် သိမ်းဆည်းထားခဲ့ပါသည်။

(၂) ဟာဇ်ရသ်အူကာရှဟ်ဗင်န်မူဟ်ဆင်န် ﷜ သခင်သည် ဂဇ်ဝဟ်ဗဒရ်နေ့တွင် ရန်သူများနှင့်ခုခံရင်ဆိုင်ရင်းဖြင့် ၄င်း၏ဓါးရှည်မှာ ကျိုးသွားခဲ့လေ၏။ တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်အူကာရှဟ် ﷜ သခင်အား ရင်ဆိုင်မှုတွင် အသုံးပြုရန်အတွက် တောင်ဝှေးလက်ကိုင်တုတ်တစ်ချောင်း ချီးမြှင့်တော်မူ၏။

အဆိုပါ လက်ကိုင်တုတ်သည် ဟာဇ်ရသ်အူကာရှဟ် ﷜ သခင်၏ လက်ထဲသို့ရောက်ရှိသောအခါ အလွန်ထက်မြက်သော ဓါးတစ်လက်ဖြစ်သွားခဲ့ပါသည်။

ဤသည်မှာ တမန်တော်မြတ် ﷺ ၏ "မုအ်ဂျိဇဟ်" ဖြစ်ပါသည်။ ဟာဇ်ရသ်အူကာရှဟ် ﷜ သခင်သည် ဂဇ်ဝဟ်ဗဒရ်တွင်အောင်ပွဲခံရသည့်အချိန်အထိ ၄င်းဓါးရှည်ဖြင့်ပင်ခုခံရင်ဆိုင်ခဲ့ပါသည်။

အဆိုပါ ဓါးရှည်ကြီး၏အမည်မှာ "အောန်" ဖြစ်ပါသည်။ ဟာဇ်ရသ်အူကာရှဟ် ﷜ သခင်နှင့်အတူ ၄င်းဓါးရှည်မှာ ရန်သူများနှင့် ခုခံရင်ဆိုင်မှုတိုင်း၌ ပါသွားလေ့ရှိသည်။

(၃) ဂဇ်ဝဟ်ဗဒရ်တွင် ဟာဇ်ရသ်ဇူဗိုင်းရ်ဗင်န်အဝ်ဝါးမ် ﷜ သခင်မှာ အလွန်ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။ အနာများ ကောင်းမွန်သွားပြီးနောက် ထိုနေရာများတွင် နက်ရှိုင်းသောတွင်းချိုင့်များ ဖြစ်နေ၍ ဟာဇ်ရသ်ဇူဗိုင်းရ် ﷜ သခင်၏သားဖြစ်သူ ဟာဇ်ရသ်အူရ်ဝဟ်ဗင်န်ဇူဗိုင်းရ် ﷜ က ၄င်းတွင်းချိုင့်ခွက်ကလေးများတွင် လက်ထည့်ပြီး ကစားလေ့ရှိခဲ့ပေသည်။

(၄) တစ်နေ့သောအခါ "ဗနီအူမိုက်ယဟ်" ထဲမှ ခလီဖဟ် အဗ်ဒူလ်မလစ်က်ဗင်န်မရ်ဝါန်က ဟာဇ်ရသ်အူရ်ဝဟ်ဗင်န်ဇူဗိုင်းရ် ﷜ သခင်အား ဟာဇ်ရသ်ဇူဗိုင်းရ် ﷜ သခင်၏ဓါးမှာ အဘယ်သို့ ရှိပါသနည်းဟု မေးမြန်းလေ၏။ ထိုအခါ ဟာဇ်ရသ်အူရ်ဝဟ် ﷜ သခင်က ဟာဇ်ရသ်ဇူဗိုင်းရ် ﷜ သခင်သည် ဂဇ်ဝဟ်ဗဒရ်နေ့တွင် အလွန်ပြင်းထန်စွာ

ရင်ဆိုင်ခဲ့သောကြောင့် အဆိုပါခါးသွားမှာ လွှကဲ့သို့ဖြစ်ကုန်ကြပေသည် ဟု ဖြေကြားခဲ့ရာ ခလီဖဟ် အဗ်ဒုလ်မလစ်က်ဗိန်မရ်ဝါန်က ဟာဇ်ရသ် အူရ်ဝဟ် ﷺ သခင်၏ဖြေကြားချက်ကို လက်ခံခဲ့ပြီး

"လဟွန္န ဖူလူးလွန် မိန် ကိရားအိလ် ကသာဲအိဘိ"

**ဆိုလိုသည်မှာ** "အလွန်ကြီးကျယ်သောအုပ်စုကြီးများနှင့် ရင်ဆိုင်ခုခံခဲ့ ရ၍ ထိုဓါးရှည်များတွင် လွှ၏အသွားများပမာ ဖြစ်ပေါ်ကုန်သည်"ဟု ဆိုကာ ဟာဇ်ရသ်အူရ်ဝဟ်ဗိန်ဇူဗိုင်းရ် ﷺ သခင်၏အဆိုကို ထောက်ခံခဲ့ လေသည်။

(၅) ဂဇ်ဝဟ်ဗဒရ်တွင် ကူရိုင်းရှ်တို့ဘက်မှ လူပေါင်း(၇၀) ကျဆုံးခဲ့ပေသည်။ ၄င်းတို့ထဲမှ ကူရိုင်းရှ်တို့၏ အဓိပတိ ခေါင်းဆောင် (၂၄)ဦးတို့၏အလောင်းများကို သီးသန့်ရေတွင်းတစ်လုံးတွင်လည်းကောင်း၊ အခြားသေသူများ၏အလောင်းများကို အခြားရေတွင်းတစ်လုံးတွင် လည်းကောင်း ပစ်ထည့်ရန်အတွက် တမန်တော်မြတ် ﷺ က အမိန့်ပေး တော်မူ၏။

တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ ဆွဟာဗဟ်များသည် "ဖိရ်အောင်နူလ်အွမ္မသ် အဘူဂျဟလ်ဗိန်ဟိရှားမ် လအ်နသူလ္လာဟိ အလိုင်းဟ်" နှင့်တကွ အဓိပတိခေါင်းဆောင်(၂၄)ဦးတို့၏ အလောင်း များကို သီးသန့်ရေတွင်းတစ်လုံးတွင်လည်းကောင်း၊ ကျန်အလောင်းများကို အခြားရေတွင်းတစ်လုံးတွင် လည်းကောင်း အသီးသီးပစ်ချလိုက်ကြပေ သည်။

သို့သော်လည်း အူမိုက်ယဟ်ဗိန်ခလဖ်၏ အလောင်းမှာ အလွန် ပုပ်ပွနေခဲ့ပြီး ကိုယ်ပေါ်မှ သံချပ်အင်္ကျီကို ချွတ်လိုက်သောအခါ ၄င်း၏ အလောင်းမှာ အပိုင်းပိုင်းဖြစ်သွားခဲ့၍ အူမိုက်ယဟ်၏အလောင်းကို တစ်နေရာ၌ မြေကြီးထဲတွင်ပင် မြှုပ်နှံခဲ့ရလေသည်။

(၆) ဟာဇ်ရသ်အဘူဟုဇိုင်ဖဟ် ﷺ သခင်သည် ကူရိုင်းရှ်တို့၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်သူ အုတ်ဗဟ်ဗိန်ရဘီအဟ်၏ သားဖြစ် သည်။ အုတ်ဗဟ်ဗိန်ရဘီအဟ်သည် ဂဇ်ဝဟ်ဗဒရ်တွင်မပါဝင်လိုသော်

လည်း ဗိရုံအောင်နှလ်အွမ္မသ်အဘူဂျဟာလ်၏အကျပ်ကိုင်မှုနှင့် ခနဲ့မှုများကြောင့် မဒီနဟ်မြို့သို့ ချီဘက်သူများနှင့်အတူ လိုက်ပါလာခဲ့ရလေသည်။

အွသ်ဗဟ်နှင့်အတူ ၎င်း၏သားဖြစ်သူ ဝလီးဒ်ဗိန်အွသ်ဗဟ်နှင့် အွသ်ဗဟ်၏ညီအရင်းဖြစ်သူ ရှိုက်ဗဟ်ဗိန်ရဘီအဟ်တို့လည်း ပါဝင်လာကြပေသည်။ ဂဇ်ဝဟ်ဗဒရ်တွင် ထိုပုဂ္ဂိုလ်သုံးဦးတို့၏ ရင်ဆိုင်မှုကို အစပြုဖွင့်လှစ်ပြီး ရင်ဆိုင်မှု၌ ပထမဆုံးကျဆုံးခဲ့သော ပုဂ္ဂိုလ်များမှာလည်း ၎င်းတို့ပင် ဖြစ်ခဲ့ပါသည်။

ဟာဇ်ရသ်အဘူဟုဇိုင်ဖဟ်ဗိန်အွသ်ဗဟ် ﷺ သခင်သည် စစ်မှန်သော မွတ်စ်လင်မ်တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် အစ္စလာမ်သာသနာကို လက်ခံခဲ့ပြီး အခြားသောဆွဟာဗဟ်များကဲ့သို့ပင် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ဟိဂျ်ရသ်ပြု၍ ရွှေ့ပြောင်းလာသော ဆွဟာဗီတစ်ဦးဖြစ်ခဲ့ပါသည်။ ဂဇ်ဝဟ်ဗဒရ်၌ အွသ်ဗဟ်၏ရုပ်ကလာပ်ကို ရေတွင်းထဲသို့ ပစ်ချနေချိန်တွင် ဟာဇ်ရသ်အဘူဟုဇိုင်ဖဟ် ﷺ သခင်သည် မိမိဖခင်၏ ယင်းအခြေအနေမျိုးကိုတွေ့မြင်ပြီး အလွန်ဝမ်းနည်းခဲ့ပါသည်။

အဘူဟုဇိုင်ဖဟ် ﷺ သခင်၏ မျက်နှာပေါ်တွင် မိမိဖခင်အတွက် ဝမ်းနည်းမှု၏ အရိပ်အရောင်ကိုတွေ့မြင်၍ တမန်တော်မြတ် ﷺ သည် ယင်းကိစ္စနှင့်ပတ်သက်ပြီး ဟာဇ်ရသ်အဘူဟုဇိုင်ဖဟ် ﷺ သခင်ကို မေးမြန်းလေ၏။

ဟာဇ်ရသ် အဘူဟုဇိုင်ဖဟ် ﷺ သခင်က တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်၏ဖခင်မှာ ဉာဏ်အမြော်အမြင်၊ ဂုဏ်သိက္ခာနှင့် သည်းခံခြင်းတရားရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ဤအရည်အချင်းကောင်းများသည် ၎င်းအား အစ္စလာမ်သာသနာဘက်သို့ ဆွဲဆောင်လာမည်ဟု မျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း ယခုအချိန်တွင် ၎င်းမှာ ကူဖရ်ဘဝထဲ၌ပင် သေဆုံးခဲ့ပြီး ဤအခြေအနေဆိုးသို့ ဆိုက်ရောက်ခဲ့သည်ကိုတွေ့မြင်ရ၍ ကျွန်တော်သည် ၎င်းအတွက် ဝမ်းနည်းကြေကွဲမိသည်"ဟု လျှောက်ထားလေ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က ဟာဇ်ရသ်အဘူဟုဇိုင်ဖဟ် ﷺ သခင်အတွက် အထူးဒိုအာဆုမွန် တောင်းဆိုပေးတော်မူ၏။

(၇) တမန်တော်မြတ် ﷺ သည် ရင်ဆိုင်နှခံမှု အောင်မြင်ပြီးနောက် ဗဒရ်၌ သုံးရက်အထိနေထိုင်တော်မူခဲ့၏။ တတိယမြောက်နေ့တွင် တမန်တော်မြတ် ﷺ က ဆွဟာဗဟ်များအား မိမိတို့၏ အစီးအနင်းများကို ပြင်ဆင်ကြရန်အတွက် အမိန့်ပေးတော်မူသည်။

ဆွဟာဗဟ်များသည် အရေးပေါ်ကိစ္စ တစ်ခုတစ်ရာကြောင့် တမန်တော်မြတ် ﷺ က ဤကဲ့သို့ အမိန့်ရှိသည်ဟု ထင်မြင်ယူဆခဲ့ကြပေသည်။ တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ ဆွဟာဗဟ်များကလည်း မိမိတို့၏ အစီးအနင်းများကို အဆင်သင့်ပြုလုပ်ကြလေ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များနှင့်အတူ ကူရိုင်း၏ ခေါင်းဆောင်များကို ပစ်ချခဲ့သော ရေတွင်းအနားသို့ ကြွမြန်းတော်မူ၍ ကူရိုင်း၏ အမျိုးသားခေါင်းဆောင်များထဲမှ တစ်ဦးစီ၏ အမည်ကိုခေါ်ပြီး "အသင်တို့သည် မိမိတို့၏ နဗီတမန်တော်မြတ် ﷺ အပေါ် အလွန်မကောင်းသော အုပ်စုဖြစ်ခဲ့ပါသည်။ အသင်တို့သည် ကျွန်တော့်အပေါ် မတရားသောစွပ်စွဲချက်များတင်ခဲ့ပါသည်။ အခြားသူများက အီမာန်လက်ခံကြသည်။ အသင်တို့သည် ကျွန်တော့်ကို ရက်စက်စွာ ဒုက္ခပေးခဲ့ကြသည်။

အခြားသူများကမူ ကူညီအားပေးခဲ့ကြသည်။ အသင်တို့သည် ကျွန်တော့်ကို နှင်ထုတ်ခဲ့ကြသည်။ အခြားသူများက ခိုလှုံမှုပေးကြသည်။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်၏ အမိန့်များကို နာခံလိုက်နာခြင်းထဲတွင် မိမိတို့အတွက် ကောင်းမှုများကို တွေ့မြင်နိုင်ခြင်းမရှိခဲ့ပေ။ ယခု အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ ဆုံးဖြတ်ချက်ကျရောက်လာပါပြီ။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်အား မိမိကတိတော်အတိုင်း ပြည့်စုံသောအကျိုးအစားကို ပေးသနားတော်မူ၏။ "အို...တွင်းရှင်အပေါင်းတို့! အသင်တို့သည်လည်း ထိုအရှင်မြတ်၏ ကတိတော်အတိုင်း ပြည့်စုံသော အကျိုးအစားကို ခံစားရရှိပါသလော"ဟု မေးမြန်းတော်မူ၏။

တမန်တော်မြတ် ﷺ သည် ထိုအလောင်းများနှင့် စကားပြောဆိုနေသည်ကို တွေ့မြင်၍ ဟဇရတ်ဥမရ် ؓ သခင်က ယင်းကိစ္စနှင့်

စပ်လျဉ်းပြီး တမန်တော်မြတ် ﷺ အား မေးမြန်းလျှောက်ထားရာ တမန်တော်မြတ် ﷺ က "အကြင်အရှင်မြတ်၏ လက်ထဲတွင် ကျွန်တော့် အသက်ရှိပါသည်။ ထိုအရှင်မြတ်၏ ကာစမ်! အို...အုမရ်! အသင်တို့သည် ဤသူတို့ထက်ပို၍ ကြားသိမည်မဟုတ်ပါ" ဟု အမိန့်ရှိတော်မူ၏။

ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ဟဇ်ရသ်ဟတ်စ်စာန် ဗင်နစ်ဇာဗိသ် ؓ သခင်က ရှည်လျားသော ကဗျာတစ်ပုဒ်ကို ဖွဲ့နွဲ့စပ်ဆို ခဲ့ပါသည်။ ၄င်းကဗျာရှည်ထဲမှ ကဗျာသုံးပုဒ်၏အဓိပ္ပါယ်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(၁) ကျွန်တော်များသည် ထိုသူတို့ကို ရေတွင်းထဲသို့ ပစ်ချလိုက်သောအခါ တမန်တော်မြတ် ﷺ က ၄င်းတို့အား အော်ခေါ်ပြီး

(၂) အသင်တို့သည် ကျွန်တော့်စကားများကို မှန်ကန်စွာတွေ့မြင်ပြီလောဟု မေးမြန်းတော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် နှလုံးသားများ၏ ပိုင်ရှင်ဖြစ်တော်မူ၏။

(၃) ထိုသူများသည် အဖြေမပေးနိုင်၍ မပြောဆိုခဲ့ကြပေ။ ဤသူများသည် အကယ်၍ပြောဆိုနိုင်ကြပါက မုချကေန် ယားရစူးလလ္လားဟ်! ကိုယ်တော်သည် ကျွန်တော်များအား မှန်ရာကိုသာပြောဆိုခဲ့ သည်ဟု ဖြေကြားကြရန် အကြောင်းရှိပါသည်။

*(ဗုခါရီကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၄၃၃၊*

*အလ်ဘိဒါးယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၉၂)။*

## ဝမ်းနည်းမှုနှင့်ဝမ်းမြောက်မှု

တမန်တော်မြတ် ﷺ သည် ဟိဂျ်ရီ (၂)ခုနှစ်၊ ရမဇာန်လမြတ် (၁၂)ရက်နေ့တွင် မဒီနဟ်မြို့မှ ဗဒရ်ဘက်သို့ထွက်ခွာလာနေသောအခါ တမန်တော်မြတ် ﷺ ၏သမီးတော်၊ ဟဇ်ရသ်အွတ်စ်မာန် ؓ သခင်၏

ဇနီးကြင်ယာတော်ဖြစ်သူ ဟဇ်ရသ်"ရုကီယျဟ်" ﷺ သခင်မသည် အလွန် မမာမကျန်းဖြစ်နေ၍ ၄င်းအားကြည့်ရှုပြုစုရန်အတွက် တမန်တော် မြတ် ﷺ က ဟဇ်ရသ်အွတ်စ်မာန် ﷺ သခင်ကို မဒီနဟ်မြို့၌ပင် နေရစ် စေခဲ့ပေသည်။

သို့ပါ၍ ဟဇ်ရသ်အွတ်စ်မာန် ﷺ သခင်သည်ဂဇ်ဝဟ်ဗဒရ် တွင် မပါဝင်နိုင်ခဲ့ပေ။ သို့သော်လည်း တမန်တော်မြတ် ﷺ ၏ အမိန့် တော်ဖြင့် နေရစ်ခဲ့သောကြောင့် ဟဇ်ရသ်အွတ်စ်မာန် ﷺ သခင်သည် လည်း "အဆွ်ဟာဗေဗဒရ်" စာရင်းထဲတွင် ပါဝင်ပါသည်။ ဟဇ်ရသ် ရုကီယျဟ် ﷺ သခင်မမှာ ထိုရောဂါဖြင့်ပင် ဝဖါးသ်ပြု အလ္လာဟ့်အမိန့် ခံသွားခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဗဒရ်တွင် အောင်မြင်မှုရရှိပြီး အပြန် ခရီးအတွက် အစီအစဉ်ပြုလုပ်နေသောအခါ မဒီနဟ်မြို့၏ အပေါ်ပိုင်းမှာ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ရဝါဟဟ် ﷺ သခင်ကိုလည်းကောင်း၊ အောက်ပိုင်း မှာ ဟဇ်ရသ်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်ကိုလည်းကောင်း မဒီနဟ်မြို့သူ မြို့သားများထံသို့ သတင်းကောင်းပါးရန်အတွက် အသီးသီးစေလွှတ်တော် မူ၏။

အဆိုပါ ဆွဟာဗီနှစ်ဦးသည် မိမိတို့တာဝန်ကျရာအပိုင်းများသို့ သွားရောက်၍ မဒီနဟ်မြို့သူမြို့သားများအား အနိုင်ရရှိခြင်း သတင်း ကောင်းကိုပါးကြပေသည်။

ဟဇ်ရသ်အူစာမဟ်ဗိန်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်က အမိန့်ရှိခဲ့ သည်မှာ

ကျွန်တော်များသည် တမန်တော်မြတ် ﷺ ၏ သမီးတော် ဟဇ်ရသ်ရုကီယျဟ် ﷺ သခင်မကို ဒဖန်ပြုသ်ဂြိုဟ်နေချိန်တွင် သတင်း ကောင်း ယူဆောင်လာသူများသည် မဒီနဟ်မြို့သို့ ရောက်ရှိလာပြီး သတင်းကောင်းများကို ကြေညာခဲ့ပါသည်။ ဟဇ်ရသ်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်ကို မြို့သူမြို့သားများက ဝိုင်းရံထားလျက်ရှိသည်။ ဟဇ်ရသ် ဇိုင်းဒ် ﷺ သခင်သည် လူအုပ်များကြားမှ "ဓူဆွလ္လာ"ပေါ်တွင် မတ်တတ်

ရပ်၍ အဘူဂျဟာလ်ဗင်န်ဟိရှားမ် ကျဆုံးခဲ့သည်။ အွသ်ဗဟ်ဗင်န်ရာဘီအဟ် ကျဆုံးခဲ့သည်။ ရှိက်ဗဟ်ဗင်န်ရာဘီအဟ် ကျဆုံးခဲ့သည်။ ဇမ်အဟ်ဗင်န် အတ္တ်စ်ဝဒ် ကျဆုံးခဲ့သည်။ အဘူလ်ဗခ်သရီဗင်န်ဟိရှားမ် ကျဆုံးခဲ့သည်။ အူမိုက်ယဟ်ဗင်န်ခလဖ် ကျဆုံးခဲ့သည်။ နဗီးဟ်ဗင်န်ဟဂ်ဂျားဂ်နှင့် မူနဗ္ဗဟ်ဗင်န် ဟဂ်ဂျားဂ်တို့ ကျဆုံးခဲ့ကြသည်ဟု ကြေညာခဲ့ပေသည်။

ဟဇ်ရသ်အူစားမဟ် ﷺ သခင်က ဆက်လက်၍ အမိန့်ရှိသည်မှာ

ကျွန်တော့်ဖခင် ဟဇ်ရသ်ဇိုင်းဗင်န်ဟာရိဇဟ် ﷺ သခင်သည် ဤသတင်းကို ကြေညာခဲ့သောအခါ ကျွန်တော်ကမိမိဖခင်အား အဆိုပါ သတင်းမှာ မှန်ကန်ပါသလားဟု မေးမြန်းရာ ဖခင်ဖြစ်သူ ဟဇ်ရသ် ဇိုင်းဒ်ဗင်န်ဟာရိဇဟ် ﷺ သခင်က အလ္လာဟ်အရှင်မြတ်၏ကစမ်! အဆိုပါ သတင်းမှာ အစမှအဆုံးတိုင်မှန်ကန်ပါသည်ဟု ဖြေကြားခဲ့လေသည်။

တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်ဇိုင်းဒ်ဗင်န်ဟာရိဇဟ် ﷺ သခင်နှင့် ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗင်န်ရဝါဟဟ် ﷺ သခင်တို့အား မဒီနဟ်မြို့သို့စေလွှတ်တော်မူပြီး သုံ့ပန်းပစ္စည်းများအားလုံးကို ဟဇ်ရသ် အဗ်ဒူလ္လာဟ်ဗင်န်ကအဗ်အန်ဆွာရီ ﷺ သခင်အား အပ်နှံ၍ သုံ့ပန်းများနှင့် အတူ မဒီနဟ်မြို့ဘက်သို့ ကြွမြန်းတော်မူသည်။

"ရောင်ဟာ"စခန်းသို့ ရောက်ရှိလာသောအခါ မဒီနဟ်ဘက်မှ ရောက်ရှိလာသော အချို့မွတ်စ်လင်မ်များနှင့် တွေ့ဆုံလေသည်။ ၎င်းတို့သည် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များအား ရင်ဆိုင်ခုခံမှု၌ အနိုင်ရခဲ့ခြင်းအတွက် ကောင်းချီးသြဘာပေးကြပေသည်။

ဟဇ်ရသ် စလမဟ်ဗင်န်စလာမဟ် ﷺ သခင်က ၎င်းတို့အား "အသင်တို့သည် ကျွန်တော်များအား အဘယ်သို့သော ကိစ္စရပ်အပေါ်၌ ကောင်းချီးသြဘာပေးနေပါသနည်း။ ကျွန်တော်များသည် ကောင်းချီး သြဘာပေးထိုက်သော လုပ်ရပ်ကို လုပ်ဆောင်ခဲ့ခြင်းမရှိပါ။ အလ္လာဟ် အရှင်မြတ်၏ကစမ် ! ကျွန်တော်တို့သည် အမယ်အိုများကဲ့သို့ အုပ်စုနှင့် ရင်ဆိုင်ခဲ့ရသည်။ အားလုံးကို ကုလားအုတ်ကဲ့သို့သုတ်ချိ၍ အဆုံးသတ်ပေးခဲ့သည်"ဟု ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်စလမဟ်ဗိန်စလာမဟ် ؓ သခင်၏ အားဆေးပမာ အစွမ်းထက်မြက်လှသော စကားများကိုကြား၍ ပြုံးတော်မူပြီး ဤပုဂ္ဂိုလ်များသည်ပင် မက္ကာဟ်မြို့၏ အဓိပတိ အကြီးအကဲ ခေါင်းဆောင်များ ဖြစ်ကြသည်ဟု အမိန့်ရှိတော်မူ၏။

*(အလ်ဘိဒါးယသုဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၃၀၇)*

## ဗဒရ်မှ မဒီနဟ်မြို့သို့ အပြန်ခရီး

တမန်တော်မြတ် ﷺ သည် မိမိစည်းကမ်းအတိုင်း သုံးရက်ကြာမြင့်ပြီးနောက် "ဗဒရ်" မှ မဒီနဟ်မြို့ဘက်သို့ အပြန်ခရီးဆက်တော်မူသည်။ "ဆွဖ်ရာအ်" စခန်းသို့ ရောက်ရှိလာတော်မူသောအခါ ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်ကအဗ်အန်ဆွာရီ ؓ သခင်ထံ၌ အပ်နှံထားသော သုံ့ပန်း ပစ္စည်းအားလုံးကို ရင်ဆိုင်ခုခံမှုတွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်အားလုံးအား အညီအမျှ ဝေစုများ ခွဲဝေပေးတော်မူ၏။

တမန်တော်မြတ် ﷺ ၏ အမိန့်တော်ဖြင့် ဂဇ်ဝဟ်ဗဒရ်တွင် မပါဝင်ဘဲ အခြားအရေးကြီးသည့် ကိစ္စများကို ဆောင်ရွက်ရန်အတွက် ကျန်ရစ်ခဲ့သော အောက်ပါပုဂ္ဂိုလ် (၈) ဦးတို့ကိုလည်း အထက်ပါသုံ့ပန်း ပစ္စည်းများထဲမှ ဝေစုများချီးမြှင့်တော်မူသည်။ ၎င်းတို့မှာ

(၁) ဟဇ်ရသ် အွတ်စ်မာန်ဗိန်အဖ္ဖါန်း ؓ သခင်
(၂) ဟဇ်ရသ် တွလ်ဟဟ်ဗိန်အုဗိုင်ဒိလ္လာဟ် ؓ သခင်
(၃) ဟဇ်ရသ် စအီးဒ်ဗိန်ဇိုင်းဒ် ؓ သခင်
(၄) ဟဇ်ရသ် အဘူလူဘာဘဟ်ဗိန်အဗ်ဒုလ်မွန်ဇိရ် ؓ သခင်
(၅) ဟဇ်ရသ် အာဆွိမ်ဗိန်အဒီ ؓ သခင်
(၆) ဟဇ်ရသ် ဟာရိစ်ဗိန်ဟာတွိဗ် ؓ သခင်
(၇) ဟဇ်ရသ် ဟာရိစ်ဗိန်ဆွိမ်မဟ် ؓ သခင်
(၈) ဟဇ်ရသ် ခတ်ဝါးသ်ဗိန်ဂျုဗိုင်းရ် ؓ သခင်

တို့ဖြစ်ကြပါသည်။

ထိုပုဂ္ဂိုလ်များသည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်ဖြင့် ဂဇ်ဝဟ်ဗဒရ်တွင် မပါဝင်ခဲ့သော်လည်း "အဆ္ဟာဗေဗဒရ်" စာရင်းထဲတွင် ပါဝင်ကြပေသည်။

"ဆွဖ်ရာအ်"စခန်းသို့ ရောက်ရှိလာသောအခါ သုံ့ပန်းပစ္စည်းများ ခွဲဝေပေးပြီးနောက် တမန်တော်မြတ် ﷺ သည် သုံ့ပန်းများထဲမှ ရန်သူတော်ကြီး "နဇ္ဇရ်ဗင်န်ဟာရိဆ်"ကို သေဒဏ်ပေးရန်အတွက် အမိန့်တစ်ရပ် ထုတ်ပြန်တော်မူ၏။ ဟဇ်ရသ်အလီဗင်န်အဘီတွာလိဗ် ﷺ သခင်သည် နဇ္ဇရ်ဗင်န်ဟာရိဆ်ကို ထိုနေရာ၌ပင် မိမိဓါးရည်ဖြင့်ဘဝနိဂုံးချုပ်ပေးခဲ့လေသည်။

"ဂဇ်ဝဟ်ဗဒရ်" မဖြစ်ပွားမီအလျင် တစ်နေ့သောအခါ တမန်တော်မြတ် ﷺ သည် မိမိအဆ္ဟာဗ်တော်များနှင့်အတူ ထိုနေရာတွင် စခန်းချတော်မူ၏။ ထိုနေရာတွင် "မွရ်ှက်" အမွှေးအကြိုင်အနံ့များကို ရရှိနေ၍ ဆွဟာဗဟ်များက တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်တို့သည် "မွရ်ှက်" ကတိုး ၏အမွှေးအကြိုင်အနံ့ကို ရရှိနေသည်"ဟု လျှောက်ထားကြလေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က ဤသည်အံ့သြဖွယ်ရာ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် အဘူမုအာဝီယဟ် အဗိုင်ဒဟ်ဗင်န်ဟာရိဆ် ﷺ သခင်၏ ကဗရ်ဗိမာန်ရှိသည်ဟူ၍ အမိန့်ရှိတော်မူ၏။

ဂဇ်ဝဟ်ဗဒရ်၌ ရန်သူများနှင့်ပထမဆုံးရင်ဆိုင်ခဲ့သော ပုဂ္ဂိုလ်များတွင် ဟဇ်ရသ်အဗိုင်ဒဟ်ဗင်န်ဟာရိဆ် ﷺ သခင်လည်း ပါဝင်ပါသည်။ အွသ်ဗဟ်ဗင်န်ရဘီအဟ်၏တိုက်ခိုက်မှုကြောင့် ဟဇ်ရသ် အဘူမုအာဝီယဟ် အဗိုင်ဒဟ်ဗင်န်ဟာရိဆ် ﷺ သခင်၏ ခြေထောက်တစ်ဖက် ပြတ်တောက်သွားခဲ့သည့်အကြောင်းကို အထက်တစ်နေရာတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ သည် ဗဒရ်မှပြန်လာနေသောအခါ ဒဏ်ရာရရှိခဲ့သော ဟဇ်ရသ်အဗိုင်ဒဟ်ဗင်န်ဟာရိဆ် ﷺ သခင်သည်လည်း

တမန်တော်မြတ် ﷺ နှင့်အတူပါလာခဲ့ပေသည်။ ဆွဖ်ရားအ်စခန်းသို့ ရောက်ရှိလာကြသောအခါ ရင်ဆိုင်မှု၌ အွသ်ဗဟ်ဗီနီ ရဘီအဟ်၏ လက်ချက်ဖြင့် ဒဏ်ရာရရှိခဲ့သော ဟာဇ်ရသ်အူဗိုင်ဒဟ်ဗီန်ဟာရိစ် ﷺ သခင်မှာ "ရုဟီးဒ်"ဖြစ် အလ္လာဟ်အမိန့်ခံသွားခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်အူဗိုင်ဒဟ်ဗီန်ဟာရိစ် ﷺ သခင်ကို "ဆွဖ်ရားအ်" စခန်း၌ပင် ဒဖန်ပြုသဂြိုဟ်တော်မူခဲ့၏။

တစ်ချိန်က တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များကို ဤနေရာတွင် အဘူမူအာဝီယဟ်အူဗိုင်ဒဟ်ဗီန်ဟာရိစ် ﷺ သခင်၏ ကဗရ်ဝိမာန်ရှိသည်ဟု သတင်းေးတော်မူခဲ့သော အကြောင်းမှာ အလ္လာဟ် အရှင်မြတ်၏စီမံကိန်းအရ ယနေ့လက်တွေ့ အကောင်အထည်ပေါ်လာခဲ့ ပေသည်။ ဤသည်မှာလည်း တမန်တော်မြတ် ﷺ မှာမှန်ကန်သော တမန်တော်ဖြစ်ကြောင်းအတွက် အထောက်အထားတစ်ရပ်ပင် ဖြစ်ပါ သည်။

တမန်တော်မြတ် ﷺ သည် "ဆွဖ်ရားအ်" စခန်းမှ ထွက်ခွာ ပြီး "အီရ်ကူဇ်ဇွဗီယဟ်" အမည်ရှိ စခန်းသို့ရောက်ရှိတော်မူသောအခါ "အွတ်ကဗ်ဗဟ်ဗီန်အဘီမူအိုးတွ်" ကို သေဒဏ်ပေးရန်အတွက် အမိန့်ရှိတော် မူ၏။ ဟာဇ်ရသ်အာဆွိမ့်ဗီန်စာဗိသ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ မိမိဓါးရည်ဖြင့် အွတ်ကဗ်ဗဟ်ဗီန်အဘီမူအိုးတွ် ရန်သူတော်ကြီးကို ၎င်းနေရာတွင်ပင်အဆုံးသတ်ပေးခဲ့ပါသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ကျန်သုံ့ပန်းများကို မိမိနှင့်အတူ မဒီနဟ်မြို့သို့ ခေါ်ဆောင်လာတော်မူ၏။ တမန်တော် မြတ် ﷺ သည် မဒီနဟ်မြို့သို့ ရောက်ရှိတော်မူသောအခါ မိမိနှင့်အတူ ပါလာခဲ့သောသုံ့ပန်းများကို ကျွေးမွေးထိန်းသိမ်းရန်အတွက် ဆွဟာဗဟ် များအား ဝေငှပေးတော်မူပြီး

"အိစ်သောက်ဆွူး ဘိလ်အူစားရား ခိုက်ရန်"

**ဆိုလိုသည်မှာ** "သုံ့ပန်းများအပေါ် ကောင်းမွန်စွာဆက်ဆံကြပါ" ဟူ၍အမိန့်ရှိတော်မူ၏။ ဆွဟာဗဟ်များကလည်း တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကို တင်းပြည့်ကျပ်ပြည့် နာခံခဲ့ကြပေသည်။

သုံ့ပန်းကာဝန်ခံ ဆွဟာဗဟ်များသည် သုံ့ပန်းများအား အစာမကျွေးမီအလျင် မိမိတို့ကိုယ်တိုင်စားသောက်ခြင်းမရှိခဲ့ကြပေ။ သုံ့ပန်းများကို အစားအစာကျွေးမွေးပြီးနောက် အိမ်ရှင်များအတွက် အစားအစာမကျန်ရှိခဲ့လျှင် အိမ်ရှင်များသည် စွန်ပလွံသီးများကို စားသောက်၍ နေလိုက်ကြသည့် အခြေအနေမျိုးများလည်းမြောက်မြားစွာ ဖြစ်ပေါ်ခဲ့ပါသည်။

ဟာဇ်ရတ်မတ်ဆွ်အဗ်ဗီန်အူမိုင်းရ် ﷺ သခင်၏ ညီအရင်းဖြစ်သူ အဘူအူဇိုင်းရ်ဗီန်အူမိုင်းရ်သည်လည်း သုံ့ပန်းများအုပ်စုတွင် ပါဝင်ပါသည်။ ၎င်းကတင်ပြခဲ့သည်မှာ

"ကျွန်တော့်အိမ်ရှင် အန်ဆွာရီဆွဟာဗီ၏နေအိမ်၌ ညမနက်နှစ်ချိန်စလုံးတွင် ချက်ပြုတ်ကြသော အစားအစာများကို ကျွန်တော့်အား ကျွေးမွေးပြီး အိမ်ရှင်များကိုယ်တိုင် စွန်ပလွံသီးများစားသောက်၍ တစ်နေ့လုံး နေထိုင်တော်မူကြပေသည်။

ကျွန်တော်သည် ထိုအခြေအနေကို ကြည့်ရှုပြီး မိမိစိတ်ထဲတွင် ရှက်မိ၍ အိမ်ရှင်များအား အစာစားသောက်ကြရန်အတွက် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့သော်လည်း အိမ်ရှင်က တမန်တော်မြတ် ﷺသည် ကျွန်တော်များကို သုံ့ပန်းများအားကျွေးမွေးရန်နှင့် ကောင်းမွန်စွာဆက်ဆံရန်အတွက် အမိန့်ရှိသည်ဟုဆိုကာ ကျွန်တော့်ကိုဝလင်စွာကျွေးမွေးပြီး ၎င်းတို့ကိုယ်တိုင် အစာမစားဘဲ နေခဲ့ကြလေသည်။"

ဆွဟာဗဟ်များဘက်မှ ထိုကဲ့သို့ဆက်ဆံရေးများကို မျက်ဝါးထင်ထင်တွေ့မြင်ကြပြီး မြောက်မြားစွာသော ပုဂ္ဂိုလ်များသည် တရားလမ်းမှန်ရရှိ၍ အစ္စလာမ်သာသနာကိုလက်ခံခဲ့ကြောင်း သမိုင်းရာဇဝင်ထဲတွင် မြောက်မြားစွာလာရှိပါသည်။

*(ရှူဂ်ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၄၉၊*

*ခဆွာအီဆွေကူဗ်ရာကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၀၇၊*

*အလ်ဘီဒါးယဟ်ဝန္နီဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၃၀၁၊ ၃၀၇၊*

*မဂ်မွာဇာဒ်ဇဝါအိဒ်ကျမ်း၊ အတွဲ-၆၊ စာမျက်နှာ-၈၆)*

## သုံ့ပန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်

တမန်တော်မြတ် ﷺ သည် ဗဒရ်မှ မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာတော်မူပြီး ရက်အနည်းငယ်နောက်ပိုင်းတွင် သုံ့ပန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်အတည်ပြုရေးအတွက် ဆွဟာဗဟ်များကိုခေါ်ဆောင်၍ မရှ်ဝရဟ်ပြုတိုင်ပင်ဆွေးနွေးတော်မူ၏။ ဤမရှ်ဝရဟ်ပြု နှီးနှောဖလှယ်ပွဲကို အစပြုသောအခါ တမန်တော်မြတ် ﷺ က-

"အိန့်နလ္လာဟ အမ့်ကနကုမ် မိန့်ဟုမ်"

**ဆိုလိုသည်မှာ** "မုချကေန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ၎င်းတို့အပေါ်အောင်မြင်မှုပေးတော်မူသည်" ဟုစကားဝှက်ဖြင့် အဖွင့်အမှာစကား မိန့်ကြားတော်မူ၏။

ဤမရှ်ဝရဟ် တိုင်ပင်ဆွေးနွေးပွဲတွင် သုံ့ပန်းများနှင့် ပတ်သက်၍ ဆွဟာဗဟ်များ၏ ဆန္ဒအတိုင်း ဆုံးဖြတ်ချက်ကို ချမှတ်အတည်ပြုရန်အတွက် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှ ဝဟီဗျာဒိတ်တော်ကျရောက်လာခဲ့ပေသည်။

တစ်ဖန် ဤဝဟီဗျာဒိတ်တော်ထဲ၌ အရှေ့နှစ်တွင် အသင်တို့ထဲမှလည်း လူပေါင်းအယောက် (၇၀) ရဟီးဒ်ဖြစ်ပြီး ဂျန္နသ်ထဲသို့ ဝင်ရောက်ကြရလိမ့်မည်ဟု ပါရှိပါသည်။ ဤသည် ရှေ့နှစ်တွင်ဖြစ်ပေါ်လာမည့် "ဂဇ်ဝဟ်အုဟုဒ်" နှင့်ပတ်သက်၍ ကြိုတင်သတင်းပေးချက်လည်း ဖြစ်ပါသည်။

"မရှ်ဝရဟ်" တိုင်ပင်ဆွေးနွေးပွဲတွင် "ဖာရူးကေအအ်ဇမ်" ဟာဇ်ရသ် အုမရ်ဗိန်ခတ္တာဗ် ﷺ သခင်က "ကုဖရ်" ၏ခေါင်းဆောင်များ ဖြစ်ကြသော ဤသုံ့ပန်းအုပ်စုကြီးကို သေဒဏ်ပေး၍ အပြီးရှင်းလင်းရန်အတွက် အကြံပေးပြီး မိမိ၏ဆွေမျိုးသားချင်းများကို မိမိကိုယ်တိုင်သုတ်သင်ရန် အတွက်လည်းကောင်း၊ ဟာဇ်ရသ်အလီဗိန်အဘီတွာလိဗ် ﷺ သခင်အား ၎င်း၏ဆွေမျိုးသားချင်းများကို ကိုယ်တိုင်သုတ်သင်ရန်နှင့် အခြားပုဂ္ဂိုလ်များ

ကိုလည်း မိမိတို့၏ဆွေမျိုးသားချင်းများအား မိမိတို့ကိုယ်တိုင်သုတ်သင်ရန်အတွက် လည်းကောင်း အခွင့်တောင်းဆိုလေ၏။

အန်ဆွာရ်ထဲမှ ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်ကလည်း အလားတူ အကြံပြုခဲ့ပါသည်။ ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ရဝါဟာ ﷺ သခင်က "ကူဖရ်"၏ ခေါင်းဆောင် ရှေ့ဆောင်များဖြစ်ကြသော ဤသုံ့ပန်းအုပ်စုဝင်အားလုံးကို မီးရှို့လိုက်ရန်အတွက်အကြံပြုခဲ့ပါသည်။ အဆိုပါဆွဟာဗဟ်များက အထက်ပါအတိုင်း မရှ်ဝရဟ်ပြုအကြံပေးခြင်း၏ရည်ရွယ်ချက်မှာ နောင်သောအခါ ဘွင် ကူဖရ်တို့သည် ကြောက်ရွံ့စေရန်နှင့် "ကူဖရ်"အပေါ် အစ္စလာမ်၏အရှိန်အဝါများကို လွှမ်းမိုးမြှင့်တင်ပေးစေရန်အတွက် ဖြစ်ပါသည်။

တမန်တော်မြတ် ﷺ သည် အထက်ပါ အကြံပြုချက်များကို နားဆင်တော်မူပြီး နှစ်မြို့တော်မူခြင်းမရှိ၍ ဒုတိယအကြိမ်

"ယားအိုက်ယူဟန္နားစု အိန်နလ္လာဟ ကဒ် အမ့်ကနကူမ် ဝအိန္န မားဟူမ် အစ်ခ်ဝါးနကူမ် ဘိလ်အမ်စိ"

**ဆိုလိုသည်မှာ** "အို..လူသားအပေါင်းတို့ ! အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ၄င်းတို့အပေါ် အောင်မြင်မှုပေးတော်မူသည်။ ဤပုဂ္ဂိုလ်များသည် ယမန်နေ့တွင် အသင်တို့၏ ညီအစ်ကို ဆွေမျိုးသားချင်းများပင်ဖြစ်ကြသည်" ဟူ၍ အမိန့်ရှိတော်မူ၏။

"ဆိဒ်ဒီးကေအတ်က်ဗရ်" ဟာဇ်ရသ်အဘူဘကရ် ﷺ သခင်က ၄င်းရန်သူများအပေါ် တမန်တော်မြတ် ﷺ ၏ မဟာကရုဏာတော်ထားရှိပုံကို ထောက်ရှု၍ သုံ့ပန်းများထံမှ "ဖိဒ်ယဟ်" အခကြေးငွေများ ယူဆောင်ကာ ၄င်းတို့ကိုလွှတ်ပေးလိုက်ရန်အတွက် အကြံပြု တင်ပြခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဤမရှ်ဝရဟ် အကြံပြုတင်ပြချက်ကို နှစ်မြို့လက်ခံတော်မူပြီး သုံ့ပန်းများထံမှ ငွေကြေးများကို ယူဆောင်၍ ၄င်းတို့အားလွှတ်ပေးရန်အတွက် ဆုံးဖြတ်ချက်ချမှတ် အတည်ပြုတော်မူ၏။

"ဖိဒ်ယဟ်" မှာ လူတစ်ယောက်အတွက် ၄င်း၏ငွေကြေးအင်အား အတိုင်းအတာအရ တစ်ထောင် (၁၀၀၀)မှ လေးထောင် (၄၀၀၀)အထိ သတ်မှတ်ခဲ့ပါသည်။

သုံ့ပန်းများထဲမှ စာပေရေးဖတ်တတ်သော ပုဂ္ဂိုလ်များအနေဖြင့် ကလေး(၁၀)ဦးစီကို စာပေရေးဖတ်တတ်လာအောင် သင်ကြားပေးခြင်း သည် ၄င်းတို့၏လွတ်မြောက်ရေးအတွက် အစားပင် ဖြစ်နိုင်ကြောင်းကို လည်း မရှ်ဝရဟ်အစည်းအဝေးက လက်ခံအတည်ပြုခဲ့ပါသည်။

ဟဇ်ရသ်ဇိုင်းဒ်ဗိန်စာဗိသ် ﷺ သခင်သည် ဤအုပ်စုထဲမှ စာပေရေးဖတ်ခြင်းအတတ်ကိုသင်ကြားတတ်မြောက်ခဲ့ပါသည်။ ထို့ပြင် လုံးဝ ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်များထံမှ အစား၊ ကြေးငွေများလုံးဝမယူဆောင် ဘဲ ၄င်းတို့အား အခမဲ့လွှတ်ပေးရန်အတွက်လည်း မရှ်ဝရဟ် နှီးနှော ဖလှယ်ပွဲက ဆုံးဖြတ်အတည်ပြုခဲ့ပါသည်။

*(အလ်ဘိဒါးယသုဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၉၈၊*

*ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၄၉၊*

*ဒူရ်ရေမန်ဆူးရ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၀၂၊*

*ဆွဗ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၄)*

## ဗဒရ်၏သတင်းမက္ကာဟ်မြို့သို့

မက္ကာဟ်မြို့သူမြို့သားများသည် ဂဇ်ဝဟ်ဗဒရ်၏ သတင်းများကို နားထောင်ရန်အတွက် အလွန်စိတ်ဝင်စားစွာ စောင့်ကစောင့်မျှော်နေချိန် တွင် ဂဇ်ဝဟ်ဗဒရ်ဖြစ်ပွားပြီးနောက် "ဟိုင်စမာန်နူဇာအီ" မည်သော ပုဂ္ဂိုလ်သည် ဗဒရ်မှမက္ကာဟ်မြို့သို့ ပထမဆုံးပုဂ္ဂိုလ်အဖြစ် ပြန်လည် ရောက်ရှိလာခဲ့ပါသည်။

"ဟိုင်စမားန်ခုဇာအီ" က မက္ကာဟ်မြို့သို့ ရောက်ရှိလာသော အခါ မြို့သူမြို့သားများသည် ဂဇ်ဝဟ်ဗဒရ် သတင်းနားဆင်ရန်အတွက် စိတ်ဝင်စားခြင်းကြီးစွာဖြင့် ၎င်းအားလာရောက် ဝိုင်းရံထားကြပေသည်။

"ဟိုင်စမားန်" က ကူရိုင်းရှ်တို့သည် မွတ်စ်လင်မ်များ နှင့်ရင်ဆိုင်ရာ၌ ရှုံးနိမ့်သည့်အပြင် အဘူဂျဟာလ်ဗိန်ဟိရှားမ်၊ အုသ်ဗဟ်ဗိန်ရဗီအဟ်၊ အဘူလ်ဗခ်သရီဗိန်ဟိရှားမ်၊ ရှိုက်ဗဟ်ဗိန်ရဗီအဟ်၊ ဝလီးဒ်ဗိန်အုသ်ဗဟ်၊ အုမိုက်ယဟ်ဗိန်ခလဖ်၊ ဇမ်အဟ်ဗိန်အတ်စ်ဝဒ်၊ နဗီးဟ်ဗိန်ဟဂျ်ဂျားဂျ် မုနဗ္ဗဟ်ဗိန်ဟဂျ်ဂျားဂျ်တို့နှင့် အခြားသော အကြီးအကဲ အမျိုးသား ခေါင်းဆောင်များအားလုံး ကျဆုံးခဲ့သည်ဟု အသေးစိတ်ရှင်းပြခဲ့ပါသည်။

ကူရိုင်းရှ်တို့သည် ဤသတင်းကိုကြားသိကြသောအခါ မိမိတို့၏ ဆွေမျိုးသားချင်းများနှင့် ခေါင်းဆောင်များအတွက် အလွန်ယူကျုံးမရ ဖြစ်ကာ ကြေကွဲပူဆွေးစွာငိုကြွေးနေကြလေ၏။ ထိုသတင်းကို ကြားသိပြီး မက္ကာဟ်မြို့တစ်မြို့လုံး တုန်လှုပ်ချောက်ချား သွားကြပေသည်။

ဟိုင်စမားန်ခုဇာအီသည် မက္ကာဟ်မြို့သူမြို့သားများကို အဆိုပါ သတင်းပြောပြနေချိန်တွင် အုမိုက်ယဟ်ဗိန်ခလဖ်၏သားကြီး "ဆွဖ်ဝါးန်" သည် "ဟတွီမ်"၌ထိုင်နေလျက်ရှိခဲ့ပါသည်။ ၎င်းသည် အဆိုပါသတင်းကို ကြားသိပြီး မယုံကြည်သည့်အပြင် ဟိုင်စမားန်အားရူးနေသည်ဟု ထင်မှတ်ကာ ၎င်းအားစမ်းသပ်ရန်အတွက် ဆွဖ်ဝါးန်မှာ အဘယ်သူပါ နည်းဟု မေးခိုင်းလေ၏။

ထိုအခါ ဟိုင်စမားန်က "ဟတွီမ်၌ ထိုင်လျက်ရှိသော ပုဂ္ဂိုလ်မှာ ဆွဖ်ဝါးန်ဗိန်အုမိုက်ယဟ် ဖြစ်ပါသည်ဟု ဖြေကြားပြီး ၎င်း၏ဖခင်နှင့် ညီတော်မောင်တို့ ကျဆုံးခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် မိမိမျက်စိ နှင့် တွေ့မြင်ခဲ့သည်" ဟူ၍ ပြောဆိုရှင်းပြခဲ့ပေသည်။

ဟာဇ်ရသ် အဘူရာဖိအ် (رضي الله عنه) သခင်က အမိန့်ရှိသည်မှာ

ဟာဇ်ရသ်အဗ္ဗါးစ် (رضي الله عنه) သခင်၏ မိသားစုအတွင်းသို့ အစ္စလာမ် သာသနာမှာ ပျံ့နှံ့ဝင်ရောက်လာခဲ့ပေသည်။ ၎င်းတို့သည် မိမိတို့ မွတ်စ်လင်မ်ဖြစ်ခဲ့ခြင်းအကြောင်းကို ဖုံးကွယ်ထားခဲ့ကြပါသည်။

ကုရိုင်းရှ်တို့သည် အဘူလ်ဂျဟလ်နှင့်အတူ ဗဒရ်တွင် ခွတ်စ်လင်မ်များ ကိုချေမှုန်းရန်အတွက် မဒီနဟ်မြို့ဘက်သို့ ချီတက်သွားကြသောအချိန်မှ စ၍ ကျွန်တော်များသည် ဂစ်ဝဟ်ဗဒရ်၏ သတင်းများကိုနားထောင်ရန် အတွက် စောင့်မျှော်လျက်ရှိကြပေသည်။

ဟိုင်စမားန်ခူဇာအီက လာရောက်ပြီး သတင်းပေးခဲ့သောအခါ ကုရိုင်းရှ်တို့၏ အရှုံးနှင့် တမန်တော်မြတ် ﷺ ၏ အောင်မြင်မှုသတင်း များကိုသိရှိခဲ့ပြီး ကျွန်တော်များသည် မိမိတို့၏စိတ်တွင် အလွန်ဝမ်းမြောက် မြူးတူးနေကြပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ဇမ်ဇမ်ရေတွင်း အမိုးအောက်ဝယ် ထိုင်လျက်ရှိခဲ့ပါသည်။ ၎င်းနေရာတွင် "အွမ်မွလ်ဖဇလ်" သခင်မလည်း ရှိနေခဲ့ပါသည်။ ထိုအချိန်တွင် အဘူလဟဗ် ရောက်ရှိလာပြီး သတင်းများ ကို စုံစမ်းလျက်ရှိနေခိုက် အဘူစွဖ်ယာန်ဗိန်ဟာရိစ်ဗိန်အဗ်ဒွလ်မွတ္တလိဗ် သည် ဗဒရ်မှပြန်လည်ရောက်ရှိလာပါသည်။ အဘူစွဖ်ယာန်ဗိန်ဟာရိစ် မှာ အဘူလဟဗ်၏ တူတော်မောင်အရင်းဖြစ်ပါသည်။ ဟဇ်ရသ်အဘူ ရာဖိအ် ﷺ သခင်က ဆက်လက်၍ အမိန့်ရှိသည်မှာ

အဘူလဟဗ်သည် မိမိတူတော်မောင် အဘူစွဖ်ယာန်ဗိန်ဟာရိစ် ဗိန်အဗ်ဒွလ်မွတ္တလိဗ်ကိုခေါ်၍ မိမိအနီးအနားတွင်ထိုင်စေပြီး ဂစ်ဝဟ်ဗဒရ် ၏သတင်းများကို မေးမြန်းလေ၏။ ထိုအခါ အဘူစွဖ်ယာန်ဗိန်ဟာရိစ်က

"ဝလ္လားဟိ မားဟုဝ အိလ္လား အန်လကီးနလ် ကောက်မ ဖမနဟ်နားဟူမ် အတ်ကဲသားဖနား ယဒွအူးနတ်စ်စီလားဟ မီနွား ဟိုက်စု ရားအူး ဝယအ်စိရူးနနား ကိုက်ဖ ရားအူး ဝအိုက်မူလ္လားဟိ မအဇါးလိက မားလူမ် သွနွားစ လကီးနား ရိဂျားလန် ဘီးသွာန် အလားခိုက်လီန် ဘလကီန် ဗိုင်းနတ်စ် စမားအိ ဝလ်အရ်ဒိ ဝလ္လားဟိ မားသလီးကူ ရှိုက်အန် ဝလား ယကူးမူ လဟား ရှိုက်အွန်"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်များ သည် လူမျိုးတစ်မျိုးနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ အကြင်လူမျိုးတို့အား ကျွန်တော်များသည် အလိုအလျောက် မိမိတို့၏ပခုံးများကို လွှဲအပ်ပေးခြင်း

ခံခဲ့ရပါသည်။ ၎င်းတို့သည် မိမိတို့၏လက်နက်များကို ကျွန်တော်များ၏ ခန္ဓာကိုယ်များအပေါ်ထား၍ သုံးဆောင်ကြပြီး ကျွန်တော်များကို ၎င်းတို့၏ ဆန္ဒအတိုင်း ဖမ်းဆီးချုပ်နှောင်ကြပေသည်။

အလ္လာဟ်အရှင်မြတ်၏ ကစမ်!

သို့ရာတွင် ကျွန်တော်သည် မိမိလူများအပေါ် အပြစ်တင်ခြင်း မရှိခဲ့ပါ။ ကျွန်တော်များက တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ဖြူဖွေးနေသော ပုဂ္ဂိုလ်များသည် မိုးနှင့်မြေအလယ်ကြားတွင် မြင်းကျားများကို စီးနင်းထား ကြပါသည်။ ၎င်းတို့သည် မည်သည့်အရာကိုမျှ ချန်လှပ်ထားခြင်းမရှိပါ။ ၎င်းတို့၏ရှေ့မှောက်တွင် မည်သည့်အရာမျှ ရပ်တည်နိုင်ခြင်းမရှိပါဟု အသေးစိတ်ရှင်းပြခဲ့ပါသည်။

ဟာဇ်ရသ်အဘူရာဖိအ် ﷺ သခင်က ဆက်လက်၍ အမိန့်ရှိခဲ့ သည်မှာ

ကျွန်တော်သည် အဘူစွဖ်ယာန်မိန်ဟာရိစ်၏ ရှင်းလင်းချက်များ ကို နားထောင်ပြီး

"ကူလ်သူ ဝလ္လာဟိ သိလ်ကလ်မလာအိကသူ"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်၏ကစမ် ! ထိုပုဂ္ဂိုလ်များမှာ ကောင်းကင်တမန်များဖြစ်ကြသည်" ဟုထောက်ခံခဲ့ပါသည်။

အဘူလဟဗ်သည် ဟာဇ်ရသ်အဘူရာဖိအ် ﷺ သခင်၏ ထောက် ခံချက်ကိုကြားသိပြီး အမျက်ဒေါသချောင်းချောင်းထွက်ကာ ဟာဇ်ရသ် အဘူရာဖိအ် ﷺ သခင်အား ပြင်းထန်စွာ ပါးရိုက်ခဲ့သည့်အပြင် ဆပ်မံ ရိုက်နှက်ရန်အတွက် ဟာဇ်ရသ်အဘူရာဖိအ် ﷺ သခင်ကို တွန်းချပြီး ၎င်း၏ရင်ဘတ်အပေါ်တွင် တက်ထိုင်လိုက်လေသည်။

ထိုအချိန်တွင် "အွမ်မွလ်ဖဇလ်" သခင်မက ၎င်းအား "ဟာဇ်ရသ် အဘူရာဖိအ် ﷺ သခင်၏ဖခင် ဟာဇ်ရသ်အဗ္ဗါးစ်သည် ယခုအချိန်တွင် ဤနေရာ၌မရှိခဲ့၍ အသင်သည် ၎င်းအားမတရားမှုကို ရက်စက်စွာ ကျူးလွန်နေပါသလော" ဟုဆိုကာ တိုင်တစ်ချောင်းနှင့်အဘူလဟဗ်၏ ဦးခေါင်းကိုရိုက်ခွဲလိုက်လေ၏။

ကူရိုင်းရှ်တို့သည် ဂစ်ဝဟ်ဗဒရ်၌ ရှုံးနိမ့်သွားခြင်းသတင်းမှာ မက္ကဟ်မြို့သို့ ပြန့်နှံ့ရောက်ရှိခဲ့ပြီး နောက်ရက်သတ္တတစ်ပါတ် အကြာတွင် အဘူလဟဗ်မှာ ရောဂါဝေဒနာဆိုးဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါသည်။ ဤအကြောင်းကို ပထမအတွဲတွင် "အဘူလဟဗ်" ဟူသော ခေါင်းစဉ်ဖြင့် ရှင်းလင်းစွာ ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

မက္ကဟ်မြို့တွင် ကူရိုင်းရှ်တို့သည် မိမိတို့၏လူများနှင့် ဥစ္စာပစ္စည်းများအတွက် တစ်လအထိ ဝမ်းနည်းကြေကွဲနေကြလေ၏။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် ယင်းသတင်းများကို ကြားသိ၍ အလွန်ဝမ်းမြောက်ကြမည်ဟု ထင်မှတ်ကာ အကြီးအကဲခေါင်းဆောင်များက မြို့သူမြို့သားများအား လုံးဝငိုပွဲဆင်ခြင်း မပြုကြရန်နှင့် မိမိတို့၏ အခြေအနေများကို ထိန်းသိမ်းကြရန်အတွက် ကြေညာခဲ့သည့်အပြင် သုံ့ပန်းများကိုလည်း ရွေးချယ်ခြင်းမပြုကြရန်အတွက် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

*(ဖူရ်ကာနီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၂၅၂၊ ၂၅၃၊*

*ခဆွာအိဆွေကုဗ်ရာကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၂၀၇၊*

*အလ်ဘိဒါးယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၃၀၉)*

## အချို့သောသုံ့ပန်းများအကြောင်း

မက္ကဟ်မြို့ရှိ ခေါင်းဆောင်များသည် သုံ့ပန်းများကို ရွေးချယ်ခြင်း မပြုကြရန်အတွက် အမိန့်ထုတ်ပြန်ထားသော်လည်း မြို့သူမြို့သားများသည် ထိုအမိန့်ကြေညာချက်ကိုလိုက်နာခြင်းမရှိကြဘဲ မိမိနည်း၊ မိမိဟန်ဖြင့် မိမိတို့၏ ဆွေမျိုးသားချင်းများကို ရွေးချယ်ခဲ့ကြပါသည်။

အဆိုပါ အမိန့်ကြေညာချက် ထုတ်ပြန်ပြီးနောက် မက္ကဟ်မြို့ထဲတွင် ပထမဆုံး "မွတ္တလိဗ်ဗိန်အဘူဝိဒါအဟ်" သည် ထိုအမိန့်ကို

ဖောက်ပြန်ပြီး ကုရိုင်းရှ်တို့မသိရှိစေရန် လျှို့ဝှက်စွာပုန်းကွယ်၍ ညအချိန်တွင် မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ထွက်ခွာသွားလေ၏။ မွတ္တလိဗ်သည် မဒီနဟ်မြို့သို့ရောက်ရှိခဲ့ပြီး "ဖိဒ်ယဟ်" ကြေးငွေလေးထောင် (၄၀၀၀) ပေးဆောင်၍ မိမိဖခင် အဘူဝိဒါအဟ်ကိုရွေးချယ်ပြီး မက္ကာဟ်မြို့သို့ ပြန်လည်ခေါ်ဆောင်လာခဲ့ပေသည်။ ဤသည်မှာအခြားသူများအတွက် ထိုကဲ့သို့ပြုမူရန် လမ်းစဖြစ်သောကြောင့် တဖြည်းဖြည်းနှင့် အခြားသူများသည်လည်း သတ်မှတ်ထားသော ဖိဒ်ယဟ်ကြေးငွေများကို ပေးဆောင်ပြီး မိမိတို့၏သုံ့ပန်း များကို ရွေးချယ်လာကြပေသည်။ မြို့သူမြို့သားများက အမိန့်ကြေညာချက်ကိုဆန့်ကျင်လာကြသော်လည်း ဤကိစ္စနှင့် ပတ်သက်၍ အကြီးအကဲများသည် မည်သို့မျှထပ်မံတားဆီးခြင်းမပြုခဲ့ပေ။

ဤနေရာတွင် အချို့သောသုံ့ပန်းများ၏ အကြောင်းကို ရေးသားတင်ပြပါမည်။

(၁) သုံ့ပန်းများတွင် "အမရ်ဗိန်အဘူစွဖ်ယာန်ဗိန်ဟရ်ဗ်" လည်း ပါဝင်ပါသည်။ ဂဇ်ဝဟ်ဗဒရ်တွင် ကုန်သည်အုပ်စု၏ခေါင်းဆောင် အဘူစွဖ်ယာန်ဗိန်ဟရ်ဗ်၏ သားနှစ်ဦးဖြစ်ကြသော "ဟန်ဇလဟ်ဗိန်အဘူစွဖ်ယာန်"နှင့် "အမရ်ဗိန်အဘူစွဖ်ယာန်"တို့လည်း ပါဝင်လာကြပေသည်။ ဟန်ဇလဟ်ဗိန်အဘူစွဖ်ယာန်မှာ ဂဇ်ဝဟ်ဗဒရ်၌ ကျဆုံးသွားခဲ့ပြီး အမရ်ဗိန်အဘူစွဖ်ယာန်ကမူ ထိန်းသိမ်းခြင်းခံခဲ့ရပေသည်။

လူအများက အဘူစွဖ်ယာန်အား မိမိသားတော်မောင်ကို ရွေးချယ်လိုက်ရန်အတွက် ပြောဆိုတိုက်တွန်းကြရာ အဘူစွဖ်ယာန်က ကျွန်တော်၏သားတစ်ယောက်ဖြစ်သော ဟန်ဇလဟ်မှာ ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးခဲ့ပါသည်။ ယခုတစ်ဖန် နောက်တစ်ယောက်ကို "ဖိဒ်ယဟ်" ပေးဆောင်၍ ရွေးရန်မလိုအပ်ပါ။ အမရ်ကို မွတ်စ်လင်မ်များသည် ထိန်းသိမ်းထားလိုသရွေ့ ထိန်းသိမ်းထားပါစေ။ ကျွန်တော်သည် ၎င်းအားရွေးချယ်မည် မဟုတ်ပါ"ဟုပြောဆိုလေ၏။

ဤအတောအတွင်းမှာပင် ဟဇ်ရသ်"စအဒ်ဗိန်နုအ်မားန်အန်ဆွာရီ ﷺ သခင်သည် "အွမ်ရဟ်" ပြုရန်အတွက် မဒီနဟ်မြို့မှ

မက္ကဟ်မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ အဘူစွဖ်ယာန်သည် မိမိသားတော်မောင် "အမရ်"၏အစား စအဒ်ဗိန်နုအ်မားန် အန်ဆွာရီ ﷺ သခင်ကို ဖမ်းဆီးလိုက်လေသည်။

သို့ပါ၍ တမန်တော်မြတ် ﷺ သည် ဟာဇရသ်စအဒ်ဗိန်နုအ်မားန် အန်ဆွာရီ ﷺ သခင်နှင့် အမရ်ဗိန်အဘူစွဖ်ယာန်တို့ကို အချင်းချင်း လဲလှယ်လိုက်တော်မူ၏။

(၂) သုံ့ပန်းများတွင် "စူဟိုင်းလ်ဗိန်အမရ်" လည်း ပါဝင်ပါသည်။ ထိုပုဂ္ဂိုလ်သည် စကားပြောဆိုရာတွင် လွန်စွာလိမ္မာပါးနပ်ပြီး အလွန်ဖြတ်လတ်တက်ကြွသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ စူဟိုင်းလ်ဗိန် အမရ်သည် လူစုလူဝေးများတွင် တမန်တော်မြတ် ﷺ ကို ပြက်ရယ်ပြုလေ့ရှိ၏။

၎င်းအား ထိန်းသိမ်းချုပ်နှောင်လာသောအခါ နောက်နောင်တွင် တမန်တော်မြတ် ﷺ ကို ပြက်ရယ်မပြုနိုင်ရေးအတွက် ၎င်း၏အောက်သွားနှစ်ချောင်းကို နုတ်ပစ်ခွင့်ပြုပါရန် ဟာဇရသ်အူမရ် ﷺ သခင်က တမန်တော်မြတ် ﷺ ထံ ပန်ကြားခဲ့၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က ဟာဇရသ်အူမရ် ﷺ သခင်အား "ဤပုဂ္ဂိုလ်ကို ချမ်းသာခွင့်ပေးလိုက်ကုန်။ ၎င်းကို အခြေခံပြီး အလ္လာဟ်အရှင်မြတ်သည် အသင့်အတွက် ဝမ်းမြောက်ဖွယ် တစ်စုံတစ်ရာကို ပြသနိုင်ပါသည်"ဟု အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ ၏ ဤသတင်းပေးချက်အရ "ဟူဒိုင်ဗိယ္ယဟ်" ငြိမ်းချမ်းရေးစာချုပ်မှာ ထိုစူဟိုင်းလ်ဗိန်အမရ်၏ ကြိုးပမ်းမှုဖြင့်ဖြစ်မြောက်သွားခဲ့ပါသည်။ ဤငြိမ်းချမ်းမှုကို အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကူရ်အာန်ထဲတွင် "ဖသ်ဟေမူဘီးန်" ထင်ရှားသော အောင်မြင်မှုဟူ၍ အမိန့်ရှိတော်မူ၏။ မက္ကဟ်မြို့ကို အောင်မြင်တော်မူသောအချိန်တွင် အဆိုပါစူဟိုင်းလ်ဗိန်အမရ်မှာ အစ္စလာမ်သာသနာကို လက်ခံခဲ့ပါသည်။

(၃) သုံ့ပန်းများတွင် တမန်တော်မြတ် ﷺ ၏ သမက်တော် ဟာဇရသ်ဘီဘီဇိုင်နဗ် ﷺ သခင်မ၏ခင်ပွန်းဖြစ်သူ "အဘူလ်အားဆွ်ဗိန်

ရဘီးအ်"လည်းပါဝင်ပါသည်။ အဘူလ်အားဆ္ဗ်ဗိန်ရဘီးအ်သည် ဟဇ်ရသ် ဘီဘီခဒီဂျဟ် ﷺ သခင်မ၏ အစ်မတော်ဘက်မှ တူတော်မောင် အရင်းဖြစ်ပြီး ဟဇ်ရသ်ခဒီဂျဟ် ﷺ သခင်မသည် အဘူလ်အားဆ္ဗ်ဗိန် ရဘီးအ်၏ အဒေါ်အရင်းဖြစ်ပါသည်။

ဟဇ်ရသ်ခဒီဂျဟ် ﷺ သခင်မသည် မိမိတူတော်မောင်ဖြစ်သူ အဘူလ်အားဆ္ဗ်ဗိန်ရဘီးအ်အား မိမိသားသမီးများကဲ့သို့ ချစ်မြတ်နိုးခဲ့ ပါသည်။ တမန်တော်မြတ် ﷺ "နုဗူဝသ်" ချီးမြှင့်ခြင်းမခံရမီအလျင် ဘီဘီခဒီဂျဟ် ﷺ သခင်မသည် တမန်တော် မြတ် ﷺ ထံ ခွင့်ပန်ပြီး မိမိ၏သမီးတော် ဟဇ်ရသ်ဘီဘီဇိုင်နဗ် ﷺ သခင်မနှင့် အဘူလ်အားဆ္ဗ်ဗိန် ရဘီးအ်ကို "နိကာဟ်" ပြုထိမ်းမြားပေးခဲ့ပါသည်။

အဘူလ်အားဆ္ဗ်သည် သစ္စာသမာဓိရှိသော ကုန်သည်သူဌေးကြီး တစ်ဦးဖြစ်ပါသည်။ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ် ထံမှ "နုဗူဝသ်" ချီးမြှင့်ခြင်းခံရပြီးနောက် သမီးတော်အားလုံးသည် အီမာန်သက်ဝင် ယုံကြည်ကြလေ၏။ သို့သော် အဘူလ်အားဆ္ဗ်သည် အီမာန်သက်ဝင်ယုံကြည်မှုမရှိဘဲ "ရှစ်ရ်က်" ဘဝထဲ၌ပင် ကျင်လည် နေခဲ့ပေသည်။

ကုရိုင်းရှ်တို့သည် အဘူလ်အားဆ္ဗ်အား အဘူလဟဗ်၏ သားများကဲ့သို့ အသင်သည်လည်း မိုဟမ္မဒ်၏သမီးတော် ဇိုင်နဗ်ကို "တွလားက်"ပေးကွာရှင်းလိုက်ပါ။ ကျွန်တော်တို့သည် အသင့်အား အသင့် ဆန္ဒအတိုင်း "နိကာဟ်" ပြု ထပ်မံထိမ်းမြားပေးပါမည်ဟု မက်လုံးပေး တိုက်တွန်းကြပေသည်။

သို့သော် အဘူလ်အားဆ္ဗ်ကမူ ဇိုင်နဗ်ကဲ့သို့ ကောင်းမွန်သော မိန်းကလေးကို စွန့်လွှတ်ပြီး အခြားသူတစ်ယောက်ဖြင့် အစားထိုးရန် ကျွန်တော့်ထံတွင် အလိုဆန္ဒမရှိပါဟု ဖြေကြားလေ၏။ ဟိဂျ်ရသ်၏ နောက်ပိုင်းတွင် ဟဇ်ရသ်ဇိုင်နဗ် ﷺ သခင်မသည် မိမိခင်ပွန်းသည် အဘူလ်အားဆ္ဗ်နှင့်အတူ မက္ကဟ်မြို့၌ပင်ရှိနေခဲ့ပါသည်။

ကုရိုင်းရှ်တို့နှင့်အတူ အဘူလ်အားဆ္ဗ်သည်လည်း ဂဇ်ဝဟ်ဗဒရ်၌

ပါဝင်ခဲ့ပါသည်။ ကူရိုင်းရှ်တို့ရှုံးနိမ့်သွားကြသောအခါ အခြားသုံ့ပန်းများနှင့် အတူ အဘူလ်အားဆ်သည်လည်း ထိန်းသိမ်းခြင်းခံရပြီး မဒီနဟ်မြို့သို့ ရောက်ရှိလာခဲ့ပေသည်။

မက္ကဟ်မြို့သူမြို့သားများက စုပေါင်း၍ မိမိတို့၏ သုံ့ပန်းများကို ရွေးချယ်ရန်အတွက် မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ထံသို့ငွေကြေးများ ပို့ဆောင်ကြပေသည်။ ထိုငွေကြေးများ ပို့ဆောင်ရာတွင် ဟဇရတ်ဇိုင်နဗ် ﷺ သခင်မက မိမိခင်ပွန်းသည် အဘူလ်အားဆ်ကို ရွေးချယ်ရန်အတွက် ထည့်ပေးလိုက်သော ဘယက်လည်းပါလာခဲ့ပါသည်။ ထိုပစ္စည်းသည် ဟဇရတ်ဇိုင်နဗ် ﷺ သခင်မ၏ နိကာဟ်ထိမ်းမြားမင်္ဂလာတွင် သခင်မကို မိခင်ဟဇရတ်ခဒီဂျဟ် ﷺ သခင်မက ထည့်ပေးခဲ့သော ပစ္စည်း ဖြစ်ပါသည်။

ထိုဘယက်ကို ယနေ့တွေ့မြင်ခဲ့သောအခါ တမန်တော်မြတ် ﷺ ၏ မျက်ဝန်းများတွင် မျက်ရည်များ အိုင်ထွန်းလာလေ၏။ထိုအချိန်တွင် တမန်တော်မြတ် ﷺ က ဆွဟာဗဟ်များအား “အကယ်၍ အသင်တို့သည် ကောင်းသော အမြင်မျိုးရှိကြပါက ဤပစ္စည်းကို ပြန်ပေး၍ ဤပုဂ္ဂိုလ်အား ပြန်လွှတ်ပေးနိုင်ပါသည်” ဟု အမိန့်ရှိတော်မူ၏။

ထိုအခါ ဆွဟာဗဟ်များက ဝမ်းမြောက်ကြည်ဖြူစွာဖြင့် ဟဇရတ်ဇိုင်နဗ် ﷺ သခင်မ၏ ဘယက်ကိုပြန်ပေးပြီး အဘူလ်အားဆ်အား လွှတ်ပေးရန်အတွက် သဘောတူ ဆုံးဖြတ်လိုက်ကြလေသည်။ တမန်တော်မြတ် ﷺ သည် အဘူလ်အားဆ်ထံမှ ဟဇရတ်ဘီဘီဇိုင်နဗ် ﷺ သခင်မကို မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ စေလွှတ်ပေးရန်အတွက် ကတိကဝတ်ယူပြီး ၄င်းအား လွှတ်ပေးတော်မူ၏။

အဘူလ်အားဆ်သည် မက္ကဟ်မြို့သို့ပြန်လည်ရောက်ရှိလာသော အခါ မိမိကတိအတိုင်း တမန်တော်မြတ် ﷺ ၏သမီးတော် ဟဇရတ်ဇိုင်နဗ် ﷺ သခင်မကို မဒီနဟ်မြို့ရှိ မိမိဖခင်ထံသို့ သွားရောက်ရန် ခွင့်ပြုပြီး မိမိ၏ညီအရင်းဖြစ်သူ ကိနာနဟ်ဗိန်ရဘီးအ်အား သခင်မကို မဒီနဟ်မြို့သို့ လိုက်ပါပို့ဆောင်ပေးရန်အတွက် တာဝန်လွှဲအပ်ပေးခဲ့ပါ

သည်။ "ကီနာနဟ်" သည် ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မအား ကုလားအုတ် အပေါ်ထိုင်စေ၍ ဒူးလေးနှင့်မြားကိုကိုင်စွဲပြီး နေ့လည်အချိန်တွင် မက္ကာဟ် မြို့မှ ထွက်ခွာလာခဲ့ပေသည်။

တမန်တော်မြတ် ﷺ ၏ သမီးတော်သည် ထင်ရှားစွာ ဤကဲ့သို့ နေ့လည်အချိန်တွင် ထွက်ခွာလာခြင်းမှာ ကူရိုင်းရှ်တို့အတွက် အလွန်ရင်လေးဖွယ်ရာ အကြောင်းတစ်ရပ်ဖြစ်ပါသည်။

မက္ကာဟ်မြို့အပြင်ရှိ "ဇီတဝါ" မည်သောနေရာသို့ ရောက်ရှိသော အခါ "ဟဗ္ဗါးရ်ဗိန် အတ်စ်ဝဒ်" က လာရောက်ပြီး ကုလားအုတ်သွားရာ လမ်းကို ပိတ်ဆို့လေ၏။ ထိုအချိန်တွင်ကီနာနဟ်က မြားနှင့်ဒူးလေးကို အသင့်ကိုင်ဆောင်ပြီး "ကုလားအုတ်အနားသို့ကပ်မည့်သူအား မြားဖြင့် ပစ်ခတ်၍ ဇကာလုပ်လိုက်မည်" ဟုသတိပေးလေ၏။

"ဟဗ္ဗါးရ်"၏ ကြမ်းတမ်းစွာ ခြိမ်းခြောက်မှုကြောင့် သခင်မမှာ ကိုယ်ဝန်ပျက်ကျသွားခဲ့ရပေသည်။ တစ်ဖန်ထိုနေရာသို့ အဘူစွဖ်ယာန် ရောက်ရှိလာပြီး ကီနာနဟ်ကိုတားဆီး၍ "ကျွန်တော်များသည် မိုဟမ္မဒ်၏ သမီးတော်အား ပိတ်ပင်တားဆီးရန်မလိုအပ်ပါ။ သို့သော် နေ့လည်အချိန် တွင် ဤကဲ့သို့ထင်ရှားစွာ ထွက်ခွာသွားခြင်းဖြင့် ကျွန်တော်များ၏ သိက္ခာ မှာ များစွာကျဆင်းသွားပါမည်။ သို့ပါ၍ ယခုအသင်သည် မက္ကာဟ်မြို့သို့ ပြန်သွားလိုက်ပါ။ ညအချိန်မှသာ သူမကိုခေါ်ဆောင်သွားပါ"ဟုအေးဆေး ညင်သာစွာ ဖြန်ဖြေပြောဆိုခဲ့လေသည်။

ထို့ကြောင့် ကီနာနဟ်သည် အဘူစွဖ်ယာန်၏စကားကို လက်ခံ ခဲ့ပြီး မက္ကာဟ်မြို့သို့ပြန်လာ၍(၂)ရက်၊ (၃)ရက်နေပြီးနောက် ညအချိန် တွင် မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ထွက်ခွာလာခဲ့ပါသည်။ သမီးတော် ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မကို ကြိုဆိုခေါ်ဆောင်လာရန်အတွက် တမန် တော်မြတ် ﷺ သည် ဟဇ်ရတ်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်နှင့် အန်ဆွာရီ တစ်ဦးတို့ကို မဒီနဟ်မြို့အပြင်ရှိ "ယာဟိဂျ်" မည်သောနေရာသို့ သွားရောက်စောင့်ဆိုင်းနေကြရန်အတွက် တာဝန်ပေးအပ်တော်မူ၏။

တမန်တော်မြတ် ﷺ ၏ တာဝန်ပေးချက်အရ ဟဇ်ရတ်ဇိုင်းဒ်ဗိန် ဟာရိဇဟ် ﷺ သခင်နှင့် အဆိုပါ အန်ဆွာရီတို့သည် "ယာဟိဂ်" မည်သောစခန်းသို့ ရောက်ရှိခဲ့ပြီး စောင့်မျှော်လျက်ရှိကြပေသည်။ တစ်ဘက်တွင် မက္ကာဟ်မြို့မှ ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မကို ခေါ်ဆောင်လာသော ကီနာနဟ်သည် ဤနေရာသို့ ရောက်ရှိလာပြီး သမီးတော်ကို ဟဇ်ရတ်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်အား လွှဲပြောင်းပေးအပ်၍ ကီနာနဟ်ဗိန်ရဘီးအ်သည် ဤနေရာမှပင် မက္ကာဟ်မြို့သို့ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

ဟဇ်ရတ်ဇိုင်းဒ်ဗိန်ဟာရိဇဟ် ﷺ သခင်သည် ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မကို ဆက်လက်ခေါ်ဆောင်လာပြီး တမန်တော်မြတ် ﷺ ထံသို့ ပို့ဆောင်တော်မူသည်။

ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မသည် ဂဇ်ဝဟ်ဗဒရ်ဖြစ်ပွားပြီး တစ်လကြာမြင့်သောအချိန်ကာလတွင် မက္ကာဟ်မြို့မှ မဒီနဟ်မြို့ရှိ မိမိ၏ဖခင်ထံသို့ ရောက်ရှိလာခဲ့ပါသည်။ သခင်မသည် မဒီနဟ်မြို့တွင် မိမိဖခင် တမန်တော်မြတ် ﷺ ထံ၌ နေထိုင်လျက်ရှိပြီး ခင်ပွန်းသည် အဘူလ်အားဆ်မှာ မက္ကာဟ်မြို့၌ပင် ကျန်ရစ်ခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့ကို မအောင်နိုင်မီအလျင် တရံရောအခါက အဘူလ်အားဆ်သည် မိမိပစ္စည်းများနှင့်အတူ အခြားသူများ၏ ပစ္စည်းများကို တာဝန်ယူဆောင်ပြီး ရောင်းဝယ်ဖောက်ကားမှုအတွက် မက္ကာဟ်မြို့မှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။

အပြန်ခရီးတွင် ရင်ဆိုင်ခုခံမှုတစ်ခုနှင့်ပတ်သက်၍ ထွက်ခွာသွားခဲ့သော မွတ်စ်လင်မ်အုပ်စုလေးတစ်စုသည် အဘူလ်အားဆ်၏ ဥစ္စာပစ္စည်းများ အားလုံးကို သိမ်းပိုက်လိုက်၍ အဘူလ်အားဆ်သည် လျှို့ဝှက်စွာ ပုန်းကွယ်၍ မိမိဇနီးသည် ဟဇ်ရတ်ဇိုင်နဗ် ﷺ သခင်မထံသို့ ရောက်ရှိလာခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် ဖဂျရ်နမားဇ်ဝတ်ပြုရန်အတွက် ဗလီဝတ်ကျောင်းတော်သို့ ကြွမြန်းလာတော်မူသောအခါ ဟဇ်ရတ် ဇိုင်နဗ်

ﷺ သခင်မက အမျိုးသမီးအဆောင်ထဲမှနေ၍ "လေးစားအပ်သော သူတော်စင်များရှင့်! ကျွန်မသည် အဘူလ်အားဆ်ကို ခိုလှုံမှုပေးခဲ့ပါသည်" ဟု အသိပေးကြေညာခဲ့ပေသည်။ နမားဇ်ဝတ်ပြုပြီးနောက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များဘက်သို့ မျက်နှာမူကာ

"အိုက်ယုဟန္နားစု ဟလ်စမိအ်ှသုမ် မားစမိအ်ှသု ကားလူး နအမ် ကွားလ အဝမား ဝလ္လဇီး နဖ်စီး ဘိယဒိဟီး မားအလိမ်ှသု ဘိရိုက်အိမ် မိန်ဇ္ဇါးလိက ဟသ္သား စမိအ်ှသု မားစမိအ်ှသုမ် အိန္နဟူး ယူဂျိီးရု အလလ်မွတ်စ်လိမီးန အဒ်နားဟူမ်"

**ဆိုလိုသည်မှာ** "မိတ်ဆွေအပေါင်းတို့! ယခုကျွန်တော် ကြားသိခဲ့သည့် အကြောင်းကို အသင်တို့လည်း ကြားသိခဲ့ပါသလား" ဟု မေးမြန်းရာ ဆွဟာဗဟ်များက "မှန်လှပါ ယားရစူးလလ္လားဟ်! ကျွန်တော်များလည်း ကြားသိခဲ့ပါသည်" ဟု ဖြေကြားလျှောက်ထားကြလေ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က "ကျွန်တော့်အသက်ကို စိုးမိုးပိုင်ဆိုင်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်သည် ဤအကြောင်းနှင့် ပတ်သက်၍ ယခုအလျင်က ဘာမျှသိခဲ့ရခြင်းမရှိပါ။ ယခုအချိန်တွင် အသင်တို့ကြားသိခဲ့သောအကြောင်းကို ကျွန်တော်လည်း ယခုအချိန်၌ပင်ကြားသိခဲ့ရပါသည်။ အဆင့်အတန်းနိမ့်သော မွတ်စ်လင်မ် တိုင်းအတွက်လည်း မွတ်စ်လင်မ်အကြီးအကဲများကဲ့သို့ ခိုလှုံမှုပေးနိုင်ခွင့်ရှိသည်"ဟု အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ သည် ဗလီဝတ်ကျောင်းတော်မှထွက်ခွာပြီး သမီးတော်ထံသို့ကြွမြန်းကာ အဘူလ်အားဆ်ကို ပြုစုရန်နှင့် ၎င်းနှင့်အတူ မနေရန်အတွက် အမှာစကားများ မိန့်ကြားတော်မူ၏။

တစ်ဖန် "အဟ်လေစီရ်ယဟ်" ရန်သူများအားခုခံရန်အတွက် ထွက်ခွာသွားခဲ့ပြီး အဘူလ်အားဆ်၏ပစ္စည်းများကို သိမ်းပိုက်လိုက်သော မွတ်စ်လင်မ် မုဂျာဟိဒ်များ၏ အုပ်စုကလေးနှင့်အတွေ့ခံ၍ "ကျွန်တော်နှင့် အဘူလ်အားဆ်၏တော်စပ်သော အဆက်အသွယ်ကို အသင်တို့လည်း

သိရှိကြပါသည်။ အကယ်၍ အသင်တို့သည် ကောင်းသောအထင်အမြင် မျိုးရှိကြပါက ၎င်း၏ပစ္စည်းများကို ၎င်းအားပြန်လည်ပေးအပ်နိုင်ပါ သည်။ သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်သည် ဤပစ္စည်းများကို အသင်တို့အားချီးမြှင့်တော်မူ၍ ဤပစ္စည်းများနှင့် အသင်တို့ပင် ထိုက်သင့် ပေသည်" ဟု အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ ၏ ထိုအမိန့်တော်ကို ကြားသိပြီး သက်ဆိုင် သော ပုဂ္ဂိုလ်များသည် မိမိတို့သိမ်းပိုက်ခဲ့သော အဗူလ်အားဆ္၏ ဥစ္စာပစ္စည်းအားလုံးကို ၎င်းအား ပြန်လည်အပ်နှင်းလိုက်ကြလေသည်။

အဗူလ်အားဆ္သည် ယခု ဒုတိယအကြိမ် တမန်တော်မြတ် ﷺ နှင့် မွတ်စ်လင်မ်များ၏ ဆက်ဆံမှု၊ မှန်ကန်မှုနှင့် အမိန့်နာခံမှု ၏ အကြောင်းအရာများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ပြီး ၎င်း၏ စိတ်အတွင်း၌ ကြီးကျယ်သော အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်ခဲ့ပါသည်။ သို့ပါ၍ သူသည် ထိုပစ္စည်းများကို ယူဆောင်ပြီး သက်ဆိုင်သော ပစ္စည်းပိုင်ရှင်များအားလုံးကို ၎င်းတို့၏အရင်းနှင့်အမြတ် တစ်ပြားမကျန် တွက်ချက်ပေးအပ်ခဲ့ပြီးနောက် ၎င်းတို့အား

"ယားမအ်ရှရလ် ကူရိုင်းရှိန်! ဟလ်ဘကိယ လိအဟဒိမ် မိန်ကုမ် အိန်ဒီး မားလှုန် ယအ်ခုဇူဟူး ကားလူး လားဂျဇါးကလ္လားဟူ ခိုက်ရန် ဝဂျဒ်နားက ဝဖိယန် ကရီးမန် ကားလ ဖအန အရှ်ဟဒု အန်လားအိလားဟ အိလ်လလ္လားဟု ဝအန္န မုဟမ္မဒန် အဗ်ဒုဟူး ဝရစူးလုဟူး ဝလ္လားဟိ မားမနအနီး မိနလ်အိစ်လားမိ အိန်ဒဟူး အိလ္လား သခေါက်ဝုဖ အန်အားကုလ အမ့်ဝါးလကုမ် ဖလမ္မား အဒ်ဒါး ဟလ္လားဟူ အိလိုက်ကုမ် ဝဖရဂ်သု အန်ဟား အတ်စ်လမ့်သု"

**ဆိုလိုသည်မှာ** "အို… ကူရိုင်းရှ်အုပ်စုအပေါင်းတို့! အသင်တို့ ထံ၌ မိမိတို့၏ ပစ္စည်းများကို ကျွန်တော့်ထံမှ မရရှိခဲ့သော ပုဂ္ဂိုလ်များ ကျန်ရှိပါသလား"ဟု မေးမြန်းရာ ၎င်းတို့က "ကျွန်တော်တို့ထံ၌ အသင့် ထံမှ မိမိတို့၏ပစ္စည်းများကို ပြန်မရခဲ့သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ

မကျန်ရှိခဲ့ပါ။ မုချကောန် ကျွန်တော်တို့သည် အသင့်အား သစ္စာသမာဓိရှိသော ပုဂ္ဂိုလ်တစ်ဦး အဖြစ်ပင်တွေ့ရှိကြပါ၏။ အလ္လာဟ်အရှင်မြတ်သည် အသင့်ကို ကောင်းသောအစားကို ချီးမြှင့်တော်မူပါစေ" ဟုတညီတညွတ်တည်း ဖြေကြားကြလေ၏။

အဘူလ်အားဆွ်က အမိန့်ရှိခဲ့သည်မှာ

"ထို့နောက် ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခ,ဝပ့်ကိုးကွယ်ရာအရှင်မရှိ။ မုချကောန် မိုဟမ္မဒ်သခင် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်းကို သက်သေခံအပ်ပါသည်ဟုဆိုကာ မိမိသည် အီမာန်ယုံကြည်ခဲ့ကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ပါသည်" ဟူ၏။

တစ်ဖန် အဘူလ်အားဆွ်က ၎င်းတို့အား

"မိတ်ဆွေအပေါင်းတို့! ကျွန်တော်သည် အသင်တို့၏ဥစ္စာပစ္စည်းများကို မတရားမောင်ပိုင်စီးလိုက်သည်ဟု စွပ်စွဲမည်ကို စိုးရိမ်၍ တမန်တော်မြတ် ﷺ ထံသို့ ရောက်ရှိခဲ့သောအခါ အစ္စလာမ်သာသနာကို လက်ခံခြင်းမရှိခဲ့ပါ။ ယခု အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်အား အသင်တို့၏ ဥစ္စာပစ္စည်းများကို ပြန်လည်ပေးအပ်ရန်အတွက် သောင်ဝ်ဖီးက်စွမ်းအား ပေးသနားတော်မူ၍ ကျွန်တော်သည် တာဝန်ကျေပွန်စွာ လုပ်ဆောင်ခဲ့ပြီး ယခုအချိန်မှစ၍ အစ္စလာမ်သာသနာကို လက်ခံလိုက်သည်" ဟု ကြေညာခဲ့ပါသည်။

ဟာဇရတ်အဘူလ်အားဆွ်ဗိန်ရဘီးအ် ﷺ သခင်သည် မက္ကာဟ်မြို့တွင် မိမိကိစ္စများကို ရှင်းလင်းပြီးနောက် မက္ကာဟ်မြို့မှမဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ထံသို့ ဟီဂျ်ရတ်ပြု ရွှေ့ပြောင်းလာခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် သမီးတော် ဟာဇရတ်ဇိုင်နပ် ﷺ သခင်မနှင့် ဟာဇရတ်အဘူလ်အားဆွ် ﷺ သခင်တို့ ဇနီးမောင်နှံအား တစ်ဖန်နိကာဟ်အသစ် ပြုလုပ်ပေးပြီး ဇနီးမောင်နှံအဖြစ် ဆက်လက်နေထိုင်ခွင့်ပေးတော်မူ၏။

ဟာဇရတ်အဘူလ်အားဆွ်ဗိန်ရဘီးအ် ﷺ သခင်သည် တရား

လမ်းမှန်ရရှိပြီး အစ္စလာမ်သာသနာကို လက်ခံခဲ့သောကြောင့် ဆွဟာဗဟ် များက လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြလေသည်။

(၄) သုံ့ပန်းများတွင် တမန်တော်မြတ် ﷺ ၏ ဦးရီးတော်အရင်း ဖြစ်သူ ဟာဇ်ရသ် အဗ္ဗါးစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ်လည်း ပါဝင်ခဲ့ပါသည်။ ဟာဇ်ရသ်အဗ္ဗါးစ်သည် ခန္ဓာကိုယ်အလွန် ဝ,ဖြိုးပြီး အရပ်အမောင်း မြင့်မားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ ဟာဇ်ရသ်အဗ္ဗါးစ်ကိုထိန်းသိမ်း သော ဆွဟာဗီမှာ ဟာဇ်ရသ်ကအဗ်ဗိန်အမရ် ﷺ သခင် ဖြစ်ပါသည်။ ဟာဇ်ရသ်ကအဗ်ဗိန်အမရ် ﷺ သခင်သည် အင်အားနည်း၍ ပိန်ချုံးပြီး အရပ်ပုသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်ကအဗ်ဗိန်အမရ် ﷺ သခင် အား ဟာဇ်ရသ်အဗ္ဗါးစ်ကို အဘယ်သို့ထိန်းသိမ်းခဲ့ပါသနည်းဟု မေးမြန်း တော်မူ၏။ ထိုအခါ ဟာဇ်ရသ်ကအဗ် ﷺ သခင်က "ယားရစူးလလ္လာဟ်! ကျွန်တော်သည် မိမိအင်အားဖြင့် ဟာဇ်ရသ် အဗ္ဗါးစ်ကို ထိန်းသိမ်းနိုင်ရန် အကြောင်းမရှိပါ။ သို့သော် ပုဂ္ဂိုလ်တစ်ဦးက လာရောက်ကူညီ၍ ထိန်းသိမ်းပေးသောကြောင့် ကျွန်တော်သည် ဟာဇ်ရသ်အဗ္ဗါးစ်ကို ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် ၎င်းပုဂ္ဂိုလ်ကြီးအား ယခင်အချိန်အခါကလည်း တွေ့မြင်ဖူးခြင်းမရှိခဲ့ပါ။ သို့သော် ယခု အချိန်အထိလည်း မတွေ့မြင်ခဲ့ပါ" ဟုလျှောက်ထားလေ၏။ တမန်တော် မြတ် ﷺ သည် ဤအကြောင်းကို ကြားသိ၍

"လကဒ်အအားနကာ အလိုက်ဟိ မလကူန် ကရီးမ်"

**ဆိုလိုသည်မှာ** "အသင့်ကို ဤကိစ္စတွင် တန်ခိုးရှိသော ကောင်းကင် တမန်က ကူညီခဲ့သည်" ဟူ၍ အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်အဗ္ဗါးစ်ကို ချုပ်နှောင်ထားသောအခါ ညအချိန်တွင် ချုပ်နှောင်ထားမှုဒဏ်ကို မခံနိုင်၍ ညည်းညူနေသောကြောင့် တမန်တော် မြတ် ﷺ သည်လည်း အိပ်မပျော်နိုင်တော့ပေ။

သို့ပါ၍ ဆွဟာဗဟ်များသည် ဟာဇ်ရသ်အဗ္ဗါးစ်အား ချည်နှောင် ထားသော ကြိုးထုံးများကို ချောင်လည်အောင် ပြုလုပ်ပေးကြပေသည်။ တစ်ဖန် နံနက်မိုးလင်းသောအခါ အန်ဆွာရ်တို့က တမန်တော်

မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ဟာဇ်ရသ်အဗ္ဗါးစ်သည် ကျွန်တော်များ၏ တူတော်မောင်ဖြစ်၍ ၄င်း၏ဖီဒ်ယဟ်ကို ခွင့်လွှတ်ရန်အတွက် ကျွန်တော်တို့ထံတွင် ဆန္ဒရှိပါသည်"ဟု လျှောက်ထားကြလေ၏။

တမန်တော်မြတ် ﷺ က ၄င်းတို့အား ဟာဇ်ရသ်အဗ္ဗါးစ်၏ ဖီဒ်ယဟ်ကို တစ်ပြားမျှလျှော့ခြင်းမပြုပါနှင့်ဟု အမိန့်ရှိတော်မူ၏။ ဟာဇ်ရသ်အဗ္ဗါးစ်၏ ဖီဒ်ယဟ်ကို လေးထောင် (၄၀၀၀) အထိ သတ်မှတ်တော်မူသည်။

ဟာဇ်ရသ်အဗ္ဗါးစ်ထံမှ ဖီဒ်ယဟ်တောင်းသောခါ ၄င်းက မိမိဆင်းရဲနွမ်းပါးမှုကို အကြောင်းပြု၍ ဖီဒ်ယဟ်ပေးဆောင်ခြင်း မပြုရရန်ကြိုးစားလေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က မိမိ ဦးရီးတော်အား "အသင်နှင့် အသင့်ဇနီးသည် အွမ်မွလ်ဖဇ်လ်တို့ မြေကြီးထဲတွင်မြှုပ်နှံထားသော ပစ္စည်းများမှာ အဘယ်သို့ရှိပါသနည်း"ဟု မေးမြန်းတော်မူရာ ဟာဇ်ရသ်အဗ္ဗါးစ်သခင်မှာ အလွန်အံ့သြသွားခဲ့ပြီး "အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤကိစ္စကို ကျွန်တော်နှင့် အွမ်မွလ်ဖဇလ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှမသိပါ။ မုချကေန် ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်း သက်သေခံအပ်ပါသည်"ဟုဆိုကာ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။

ဟာဇ်ရသ်အဗ္ဗါးစ် ﷺ ၏ ဖီဒ်ယဟ်မှာ သုံ့ပန်းအားလုံးထဲတွင် အများဆုံးဖြစ်ခဲ့ပါသည်။

တမန်တော်မြတ် ﷺ အား ဟာဇ်ရသ်အဗ္ဗါးစ် ﷺ သခင်က "ကျွန်တော်သည် ဆွေမျိုးသားချင်းဖြစ်သော်လည်း ကိုယ်တော်သည် ကျွန်တော့်ဖီဒ်ယဟ်ကို လျှော့ချရမည့်အစား အားလုံးထက်ပို၍ မြှင့်တင်ခဲ့သည်"ဟု ပြောဆိုခဲ့ရာ ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်ထဲမှ "စူရဟ်အန်ဖါးလ်" ၏ အာယသ်တော်နံပါတ် (၇၀)ကျ ရောက်လာပေသည်။ ထိုအာယသ်တော်၏ အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

"အို.. နဗီတမန်တော်! မိမိလက်အောက်တွင် ရှိကြကုန်သော သုံ့ပန်းများကို ပြောပြလိုက်ပါ။ အသင်တို့သည် ဤဖီဒ်ယဟ်အပေါ်

ပမ်းမနည်းကြပါလေနှင့်။ အကယ်၍ အသင်တို့၏ နှလုံးသားအတွင်း၌ အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုကို တွေ့မြင်ခဲ့ပါက အသင်တို့ထံမှ ရယူခဲ့သော ပစ္စည်းများအစား ၎င်းထက်သာပို၍ ကောင်းမွန်သော အစားကို အသင်တို့အား ချီးမြှင့်တော်မူပါလိမ့်မည်။ ထို့ပြင် အသင်တို့၏ အပြစ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော မဟာကရုဏာရှင် ဖြစ်တော်မူ၏။"

ဟာဇ်ရတ်အဗ္ဗါးစ် ﷺ သခင်က အမိန့်ရှိခဲ့သည်မှာ

"အကယ်၍ အဆပေါင်းများစွာ ဖိဒ်ယဟ်ယူခဲ့လျှင် မိမိအတွက် သာပို၍ ကောင်းကျိုးရှိခဲ့လိမ့်မည်ဟု စိတ်မကော်မောမိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အောင်ကီယဟ်(၁၀၀) အစားတွင် အလ္လာဟ်အရှင်မြတ်သည် ဤဒွန္နယာလောကထဲ၌ပင် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာ ပညာရပ်ကို တတ်သိနားလည်သော ကျွန်ပေါင်း(၁၀၀)ကို ကျွန်တော့်အား ချီးမြှင့်တော်မူ၏။ ဤသည် အလ္လာဟ်အရှင်မြတ်၏ ပထမကတိဖြစ်ပါသည်။ အင်န်ရှာအလ္လာဟ် ဒုတိယကတိဖြစ်သော မဂ်ဖိရတ်ကို နောင်တမလွန်တွင် ရရှိပါလိမ့်မည်ဟု ယုံကြည်ယူဆမိပါသည်"ဟူ၏။

(၅) သုံ့ပန်းများတွင် "နောင်ဖလ်ဗိန်ဟာရိစ်" လည်း ပါဝင်ပါသည်။ တမန်တော်မြတ် ﷺ သည် နောင်ဖလ်ထံမှဖိဒ်ယဟ်တောင်းသော အခါ ၎င်းက ဖိဒ်ယဟ်ပေးနိုင်ရန်အတွက် မည်သည့်ပစ္စည်းမှမရှိပါဟု ငြင်းဆိုလေ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က အသင်သည် "ဂျိဒ်ဒဟ်" ၌ချန်ရစ်ထားခဲ့သော မိန်းလုံမှာ အဘယ်သို့ရှိပါသနည်းဟု မေးမြန်းရာ နောင့်ဖလ်မှာ အလွန်အံ့ဩသွားခဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ ကစမ်! ဤကိစ္စကို အလ္လာဟ်အရှင်မြတ်နှင့် ကျွန်တော်မှအပ အခြားမည်သူ တစ်ဦးတစ်ယောက်မျှသိရှိခြင်းမရှိပါ။ မုချကောန် ကိုယ်တော်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်းကို ကျွန်တော်သက်သေခံ အပ်ပါသည်ဟုဆိုကာ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။

ဟာဇ်ရသ် နောင်ဖလ်ဗိန်ဟာရိဇ် ﷺ သခင်သည် မိမိဖိဒ်ယဟ် အစား အဆိုပါလှံကို တမန်တော်မြတ် ﷺ အား လွှဲအပ်ပေးခဲ့ပါသည်။ ထိုလှံ၏ကာလတန်ကြေးမှာ ၄င်းအချိန်တွင် ငွေဒင်္ဂါး (၁၀၀၀) ရှိခဲ့ပါသည်။ အတိတ်ခေတ်ကာလတွင် ဟာဇ်ရသ်အဗ္ဗါးစ် ﷺ သခင်နှင့် ဟာဇ်ရသ် နောင်ဖလ်ဗိန်ဟာရိဇ် ﷺ သခင်တို့မှာ အချင်းချင်းမိတ်ဟောင်းဆွေဟောင်း နှင့် ကုန်သည်စပ်တူများ ဖြစ်ကြပါသည်။

ယခုအချိန်တွင် အစ္စလာမ်သာသနာကို လက်ခံခဲ့ကြပြီးနောက် တမန်တော်မြတ် ﷺ သည် ၄င်းတို့နှစ်ဦးအား အချင်းချင်း "မူဝါခါးသ်" ညီနောင်များအဖြစ် ပြုလုပ်ပေးတော်မူ၏။

(၆) သုံ့ပန်းများတွင် "ဝဟာဗ်ဗိန်အူမိုင်းရ်ဗိန်ဝဟာဗ်ဂျူမ်ဟီ" လည်း ပါဝင်ပါသည်။

အူမိုင်းရ်ဗိန်ဝဟာဗ်သည် အစ္စလာမ်သာသနာ၏ မဟာရန်သူများ ထဲမှ အလွန်ပြင်းထန်သော ရန်သူတစ်ဦးဖြစ်ပါသည်။ ဤပုဂ္ဂိုလ်သည် မက္ကဟ်မြို့တွင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များကို ပြောက်မြားစွာ ဒုက္ခပေးခဲ့ပါသည်။ ဂဇ်ဝဟ်ဗဒရ်တွင် ၄င်း၏သားဖြစ်သူ "ဝဟာဗ်ဗိန် အူမိုင်းရ်" မှာ သုံ့ပန်းအဖြစ် ထိန်းသိမ်းခြင်းခံခဲ့ရပါသည်။

ကူရိုင်းရှ်တို့မှာ ရှုံးနိမ့်ပြီး ဗဒရ်မှ မက္ကဟ်မြို့သို့ ရောက်ရှိလာခဲ့ပြီး နောက် တစ်နေ့သောအခါဝယ် အူမိုင်းရ်ဗိန်ဝဟာဗ်နှင့် ဆွဖ်ဝါးန်ဗိန် အူမိုက်ယဟ်တို့သည် "ဟာတွိမ်" ထဲတွင် ထိုင်လျက်ရှိကြပေသည်။

ဆွဖ်ဝါးန်ဗိန်အူမိုက်ယဟ်က ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးခဲ့ကြသော ပုဂ္ဂိုလ်များ၏ အကြောင်းကိုပြောဆိုရင်း "ယခု "ဇိန်ဒဂီ" အသက်ရှင် နေခြင်း၌ အရသာနှင့် စိတ်ပျော်ရွှင်ချမ်းသာမှုမရှိပါ" ဟု ပြောဆိုလေ၏။

ထိုအခါ အူမိုင်းရ်ဗိန်ဝဟာဗ်က "အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကူရိုင်းရှ်တို့၏ အကြီးအကဲခေါင်းဆောင်များ ကျဆုံးသွားခဲ့ပြီးနောက် အရသာများနှင့် စိတ်ပျော်ရွှင်ချမ်းသာမှုများကုန်ဆုံးသွားသည်။ အကယ်၍ ကျွန်ုပ်ထံတွင် ကြွေးမြီများ၏တာဝန်နှင့် ကလေးများ၏ သောကမရှိခဲ့ ပါက ကျွန်ုပ်သည် ယခုအချိန်တွင်ချက်ချင်း မဒီနဟ်မြို့သို့သွားရောက်

၍ မိုဟာမ္မဒ်ကို အပြီးအပိုင် သုတ်သင်ရှင်းလင်းလိုက်ရန် ဆန္ဒရှိသည်”ဟု ပြောဆိုလေ၏။

ဆွဖ်ဝါးန်ဗိန်အူမိုက်ယဟ်သည် အူမိုင်းရ်ဗိန်ဝဟဗ်၏ အပြော အဆိုများကို ကြားသိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အူမိုင်းရ်ဗိန်ဝဟဗ်၏ ကြွေးမြီများကို ပေးဆပ်ပေးရန်တာဝန်ယူပြီး ၎င်း၏သားသမီးများကို ကျွေးမွေး ထိန်းသိမ်းရန် ကတိပေးခဲ့ပါသည်။

ထို့နောက် ဓါးကိုထက်မြအောင်သွေး၍ အဆိပ်ရည်စိမ်ကာ မဒီနဟ်မြို့သို့ သွားရောက်ပြီး တမန်တော်မြတ် ﷺ ကို လုပ်ကြံသတ်ဖြတ်ရန်အတွက် အူမိုင်းရ်၏လက်ထဲသို့ အပ်နှံပေးခဲ့ပါသည်။

အူမိုင်းရ်ဗိန်ဝဟဗ်သည် ချက်ချင်းပင် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့သွားရောက်ပြီး“မတ်စ်ဂျိဒေနဗဝီ”တံခါးပေါက်ရှေ့တွင် ကုလားအုတ်ပေါ်မှ ဆင်းလာလေ၏။

ဟဇ်ရတ်အူမရ် ﷺ သခင်သည် အူမိုင်းရ်ဗိန်ဝဟဗ်၏ အခြေအနေကိုအကဲခတ်၍ ၎င်း၏မသမာသော ညစ်ညမ်းသည့်အကြံပက်စက်မှုကို ရိပ်စားမိပြီး အူမိုင်းရ်၏ဓါးကိုကိုင်ဆောင်ကာ ၎င်းအား တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာလေ၏။

တမန်တော်မြတ် ﷺ က ဟဇ်ရတ်အူမရ် ﷺ သခင်အား ၎င်းကို လွှတ်ပေးရန်အတွက် အမိန့်ရှိပြီး အူမိုင်းရ်ဗိန်ဝဟဗ်အား “အသင်သည် အဘယ်သို့သော ကိစ္စအတွက်ကြောင့် ရောက်ရှိလာပါသနည်း”ဟုမေးမြန်းတော်မူရာ အူမိုင်းရ်က မိမိသုံ့ပန်းကိုရွေးယူရန် လာရောက်ရပါသည်ဟု လိမ်လည်၍ဖြေကြားလေ၏။

တမန်တော်မြတ် ﷺ က အူမိုင်းရ်အား အသင်လာရောက်ရသည့် ရည်ရွယ်ချက်ကို မှန်မှန်ပြောပါဟူ၍ အမိန့်ရှိပြီး ဟတ္တီမ်ထဲ၌ ထိုင်ပြီး အသင်နှင့်ဆွဖ်ဝါးန်ဗိန်အူမိုက်ယဟ်တို့ အဘယ်ကဲ့သို့ တိုင်ပင်နှီးနှောခဲ့ကြသနည်းဟု မေးမြန်းတော်မူ၏။

ထိုအခါ အူမိုင်းရ်ဗိန်ဝဟဗ်က အလွန်ကြောက်ရွံ့ထိတ်လန့်သွားပြီး ကျွန်တော်သည် အဘယ်မရှိဝရဟ်ကို ပြုလုပ်ခဲ့ပါသနည်းဟု ပြန်လည် မေးမြန်းလေ၏။

"တမန်တော်မြတ် ﷺ က ဆွဖ်ဝါးန်ဗီန်အူမိုက်ယဟ်သည် အသင့် ကြွေးမြီများကိုဆပ်ပေးရန်နှင့် အသင့်မိသားစုကို ကြည့်ရှု စောင့်ရှောက်ရန် အတွက် ကတိပေးခဲ့သောကြောင့် အသင်သည် ကျွန်တော့်ကို အပြီးအပိုင် လုပ်ကြံသတ်ဖြတ်ရန်အတွက် တာဝန်ယူပြီး ရောက်ရှိလာသည်"ဟုဆိုကာ ၎င်းတို့၏အတွင်းကိစ္စကို အသေးစိတ်ရှင်းပြမိန့်ကြားတော်မူ၏။

ထိုအချိန်တွင် အူမိုင်းရ်ဗီန်ဝဟာဗ်မှာ အလွန်အံ့သြသွားပြီး ဤ လျှို့ဝှက်ကိစ္စကို ကျွန်တော်နှင့်ဆွဖ်ဝါးန်မှအပ အခြားမည်သူတစ်ဦး တစ်ယောက်မျှလည်း မသိရှိပါ။ မုချဧကန် ကိုယ်တော့်အား အလ္လာဟ် အရှင်မြတ်ကပင် အသိပေးအကြောင်းကြားတော်မူ၏။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိ ကြောင်းနှင့် မိုဟမ္မဒ်သခင် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန် တော် ဖြစ်ကြောင်းကို သက်သေခံအပ်ပါသည်ဟုဆိုကာ အစ္စလာမ် သာသနာကို လက်ခံလိုက်လေ၏။

တမန်တော်မြတ် ﷺ သည် အူမိုင်းရ်ဗီန်ဝဟာဗ်အား သာသနာ့ အကြောင်းအရာများနှင့် ကျမ်းမြတ်ကုရ်အာန် သင်ကြားပေးရန်လည်း ကောင်း၊ တစ်ဖန် ၎င်း၏သုံ့ပန်းကို လွှတ်ပေးရန်အတွက်လည်းကောင်း ဆွဟာဗဟ်များကို အမိန့်ရှိတော်မူ၏။

အူမိုင်းရ်ဗီန်ဝဟာဗ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ကို လုပ်ကြံသတ်ဖြတ်ရန်ရည်ရွယ်ချက်ဖြင့် မက္ကာဟ်မြို့မှ ထွက်ခွာခဲ့သောအခါ ဆွဖ်ဝါန်းဗီန်အူမိုက်ယဟ်က မက္ကာဟ်မြို့သူမြို့သားများအား မကြာမီ အချိန်ကာလတွင် ဗဒရ်၏ဝမ်းနည်းကြေကွဲမှုကို မေ့ပျောက်သွားစေနိုင် သော အလွန်ဝမ်းမြောက်ဖွယ်ရာကောင်းသည့် သတင်းထူးကို အသင်တို့ ကြားရလိမ့်မည်ဟုပြောဆိုခဲ့ပြီး မဒီနဟ်ဘက်မှ မက္ကာဟ်မြို့သို့ ရောက်ရှိလာ သောပုဂ္ဂိုလ်တိုင်းကို အူမိုင်းရ်ဗီန်ဝဟာဗ်နှင့် ပတ်သက်၍ သတင်းများ မေးမြန်းစုံစမ်းလျက်ရှိခဲ့ပေသည်။

ထိုအတောအတွင်းမှာပင် ဟာဇ်ရသ်အူမိုင်းရ်ဗိန်ဝဟာဗ် ﷺ သခင်က မဒီနဟ်မြို့တွင် တမန်တော်မြတ် ﷺ ထံသို့ရောက်ရှိခဲ့ပြီး အစ္စလာမ်သာသနာတော်ကို လက်ခံလိုက်သည့်သတင်းမှာ မဒီနဟ်မြို့မှ မက္ကာဟ်မြို့သို့ ပြန့်နှံ့ရောက်ရှိလာလေသည်။

ဆွဖ်ဝါန်းဗိန်အူမိုက်ယဟ်သည် ၎င်းသတင်းကို ကြားသိ၍ အမျက်ဒေါသခြောင်းခြောင်းထွက်ကာ အူမိုင်းရ်ဗိန်ဝဟာဗ် ﷺ သခင်နှင့် ခေါ်ပြောခြင်းမပြုရန် ဆုံးဖြတ်လိုက်လေ၏။ ဟာဇ်ရသ်အူမိုင်းရ်ဗိန်ဝဟာဗ် ﷺ သခင်သည် မက္ကာဟ်မြို့သို့ပြန်လာ၍ ၎င်း၏"ဒအ်ဝသ်"ပေး ဖိတ်ခေါ်မှုကြောင့် မြောက်မြားစွာသော ပုဂ္ဂိုလ်များသည် အမြင်မှန်ရရှိခဲ့ပြီး အစ္စလာမ်သာသနာကို လက်ခံလာကြလေသည်။

(၇) သုံပန်းများတွင် အဘူအွဇ်ဇဟ်အမရ်ဗိန်အဗ်ဒုလ္လာဟ်ဗိန် အွစ်မားန်လည်းပါဝင်ပါသည်။

၎င်းက တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်သည် မိသားစုရှိသော သူဆင်းရဲတစ်ဦးဖြစ်ကြောင်းကို ကိုယ်တော်သိရှိပါသည်။ သို့ပါ၍ ကိုယ်တော်သည် ကျွန်တော့်ကို သနားကြင်နာပါ"ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က အခြေအနေအရ ၎င်းထံမှ "ဖိဒ်ယဟ်" မယူဘဲ ၎င်းအား လွှတ်ပေးတော်မူသည်။

သို့သော် အစ္စလာမ်သာသနာနှင့် ပတ်သက်၍ ရန်သူများဘက်မှ မည်သည့်ဆန့်ကျင်မှုတွင်မှ မပါဝင်ရန်အတွက် တမန်တော်မြတ် ﷺ က ၎င်းအား ကတိတစ်ရပ် ထားတော်မူသည်။ အဘူအွဇ်ဇဟ်သည် ထိုအချက်ကိုလက်ခံခဲ့ပြီး တမန်တော်မြတ် ﷺ အား ချီးကျူးသော ကဗျာများကို ရွတ်ဆိုခဲ့ပါသည်။ သို့သော် အစ္စလာမ်သာသနာကို လက်ခံခြင်းမရှိခဲ့ချေ။ အဘူအွဇ်ဇဟ်သည် "ဂဇ်ဝဟ်အူဟုဒ်"တွင် "ကူဖရ်" ဘဝထဲ၌ပင် ကျဆုံးခဲ့ပါသည်။

အလားတူ တမန်တော်မြတ် ﷺ သည် မွတ္တလိဗ်ဗိန်ဟန်တွဗ်နှင့် ဆိုင်ဖီးဗိန်အဘီရူဟာအဟ်တို့ကိုလည်း ဆင်းရဲနွမ်းပါးသောကြောင့် "ဖိဒ်ယဟ်" မယူဘဲ လွှတ်ပေးတော်မူ၏။

တမန်တော်မြတ် ﷺ သည် ဗဒရ်မှပြန်လာပြီးနောက် လမြတ်ရမဇာန်ကုန်ဆုံးခဲ့သောအခါ "အီဒူလ်ဖိတ္တ်ရ်" ဝါကျွတ်အီးဒ်နမားဇ်ကို ဝတ်ပြုတော်မူသည်။ ဤသည် အစ္စလာမ်သာသနာတွင် ပထမဆုံး **''အီဒူလ်ဖိတ္တ်ရ်''** ဝါကျွတ်အီးဒ်နမားဇ်ပင် ဖြစ်ခဲ့ပါသည်။

*(ဗုခါရီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၅၄၊*
*ခဆွာအိဆွေကုဗ်ရာကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၂၀၂၊ ၂၀၈၊*
*အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၇၊ ၂၈၊*
*ဒူရ်ရေမန်ဆူးရ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၀၄၊*
*ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၄၈)*

* * * * * * * * * * *

## အခန်း (၂၂)

## ဒုတိယအုမ်မေဂျမီးလ် အဆ်ွမားအ်ယဟူဒီမ

မက္ကာဟ်မြို့တွင် တမန်တော်မြတ် ﷺ အား ကာဖိရ်၊ မွရှ်ရစ်က်များက မြောက်မြားစွာ ဒုက္ခပေးခဲ့ကြပါသည်။ မဒီနဟ်မြို့တွင် ဤဒုက္ခပေးခြင်းကိစ္စ၌ မဒီနဟ်မြို့ရှိ ယဟူဒီများသည် မက္ကာဟ်မြို့ရှိ ကာဖိရ်၊ မွရှ်ရစ်က်များနှင့် တန်းတူကြပါသည်။ နှုတ်အားဖြင့် တမန်တော်မြတ် ﷺ ကို ပုတ်ခတ်ရှုတ်ချသူများနှင့် အပြီးအပိုင် လုပ်ကြံသတ်ဖြတ်ရန်အတွက် ကြိုးစားခဲ့သော ယဟူဒီပေါင်း မြောက်မြားစွာရှိခဲ့ပါသည်။

မဒီနဟ်မြို့တွင် တမန်တော်မြတ် ﷺ ကို ပုတ်ခတ်ရှုတ်ချသူ ယဟူဒီ အမျိုးသမီးတစ်ဦး ရှိခဲ့ပါသည်။ သူမ၏အမည်မှာ "အဆ်ွမားအ်" ဖြစ်ပါသည်။ မက္ကာဟ်မြို့တွင် အဗူလဟာဗ်၏ဇနီးသည်ဖြစ်သူ အွမ်မေဂျမီးလ်ကဲ့သို့ပင် တမန်တော်မြတ် ﷺ ကို ပုတ်ခတ်ရှုတ်ချမှု၏ ကဗျာများ စပ်ဆိုသီကုံးခြင်းနှင့် အစ္စလာမ် သာသနာအပေါ် ရန်ရှာခြင်းများသည် သူမအတွက် အစာရေစာဖြစ်ခဲ့ပါသည်။

အမျိုးသမီးများ၏ မသန့်ရှင်းသောသွေးများနှင့် ညစ်ညမ်းနေသော အဝတ်အထည်များကို ဗလီဝတ်ကျောင်းတော်သို့ ယူဆောင်လာပြီး ပစ်ထည့်လေ့ရှိခဲ့ပေသည်။ အဆ်ွမားအ်သည် တမန်တော်မြတ် ﷺ အား မြောက်မြားစွာသော ဒုက္ခအဖုံဖုံကို ပေးခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် ယခုအချိန်အထိ ဗဒရ်မှပြန်လာခြင်း မရှိသေးပေ။ အဆ်ွမားအ် ယဟူဒီအမျိုးသမီးသည် တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ မကောင်းသောကဗျာများ စပ်ဆိုသီကုံးခဲ့ပေသည်။

မဒီနဟ်မြို့တွင် ဟဇ်ရသ်အုမိုင်းရ်ဗီန်အဒီ ؓ မည်သော မျက်မမြင် ဆွဟာဗီတစ်ဦးရှိခဲ့ပါသည်။ ထိုမျက်မမြင် ဆွဟာဗီ ဟဇ်ရသ်အုမိုင်းရ်ဗီန်အဒီ ؓ သခင်က အင်န်ရှာအလ္လာဟ် တမန်တော်မြတ် ﷺ

သည် ဗဒရ်မှချောမောစွာ ပြန်လည်ကြွမြန်းလာသည့်အခါ တမန်တော်မြတ် ﷺ အား စိတ်ဒုက္ခပေးလေ့ရှိသော ဒုတိယအွမ်မေဂျမီးလ် အဆွ်မားအ်ယဟူဒီအမျိုးသမီးကို အမျက်ဒေါသဖြစ်ကာ အပြီးအပိုင်သုတ်သင်ရှင်းလင်းရန်အတွက် "နဇရ်" ပြု ကိုးလိုက်လေ၏။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ "ရဟ်မသ်" ကျေးဇူးတော်ဖြင့် ဗဒရ်မှ မဒီနဟ်မြို့သို့ ချောမောစွာ ပြန်လည်ကြွမြန်းလာတော်မူသောအခါ မျက်မမြင် ဆွဟာဗီ ဟဇ်ရသ် အူမိုင်းရ်ဗိန်အဒီ ﷺ သခင်သည် ဟိဂျ်ရီ (၂) ခုနှစ် ရမဇာန်လ (၂၆) ရက်နေ့တွင် ညအချိန်၌ ဓါးရှည်ကိုင်ပြီး ထွက်ခွာသွားလေ၏။

ဟဇ်ရသ်အူမိုင်းရ်ဗိန်အဒီ ﷺ သခင်သည် အဆွ်မားအ်၏ နေအိမ်သို့သွားရောက်ပြီး ၄င်း၏နံဘေးတွင် အိပ်စက်နေကြသော ကလေးများကိုဘေးဖယ်၍ အဆွ်မားအ်၏ ရင်ဘတ်ပေါ်သို့ဓါးတင်၍ ဖိလိုက်သောအခါ ဓါးသည် ရင်ဘတ်မှဖြတ်ပြီး ကျောဘက်မှ ဇီဝိန်ချွေကာ ပြန်ထွက်လာလေသည်။ ဟဇ်ရသ် အူမိုင်းရ်ဗိန်အဒီ ﷺ သခင်သည် မိမိအလုပ်ပြီးစီးသွား၍ ပြန်လာပြီး ဖဂျ်ရ်နမားဇ်ကို တမန်တော်မြတ် ﷺ နှင့်အတူ ဝတ်ပြုခဲ့ပါသည်။

ဟဇ်ရသ်အူမိုင်းရ် ﷺ သခင်သည် ယင်းအကြောင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ကို သတင်းပေးသောအခါ တမန်တော်မြတ် ﷺ က အလွန် နှစ်ထောင်းအားရတော်မူပြီး ဆွဟာဗဟ်များအား "အကယ်မှ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ ရစူလ်တမန်တော်ကို ကူညီခဲ့သော ပုဂ္ဂိုလ်အား ကြည့်ရှုရန်ဆန္ဒရှိပါက အူမိုင်းရ်ဗိန်အဒီကို ရှုစားကြကုန်" ဟူ၍ အမိန့်ရှိတော်မူ၏။

ဟဇ်ရသ်အူမရ် ﷺ သခင်သည် ယင်းအကြောင်းကို ကြားသိပြီး ဤမျက်မမြင်သည် အလ္လာဟ်အမိန့်နာခံရန်အတွက် အဘယ်နည်းဖြင့် ထွက်ခွာသွားသည်ကို ကြည့်ရှုကြပါဟု ပြောဆိုလေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က "အူမိုင်းရ်သည် ပြင်ပ၌ မျက်မမြင် ဖြစ်သော်

လည်း အတွင်းတွင် မျက်စိမြင်သူတစ်ဦးဖြစ်ပါသည်ဟု အမိန့်ရှိတော်မူ၏။

(ဗုခါရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၄၅၃၊
တွဗ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၈)

## ဒုတိယအဘူလဟဗ် အဘူအဖတ်က်ယဟူဒီ

မက္ကဟ်မြို့တွင် တမန်တော်မြတ် ﷺ ကို အဘူလဟဗ်က ပုတ်ခတ်ရှုတ်ချ၍ စိတ်ဒုက္ခပေးသကဲ့သို့ပင် မဒီနဟ်မြို့တွင်လည်း တမန်တော်မြတ် ﷺ ကို ဒုတိယအဘူလဟဗ် အဘူအဖတ်က်ယဟူဒီက ပုတ်ခတ်ရှုတ်ချပြီး တမန်တော်မြတ် ﷺ နှင့်ပတ်သက်၍ မကောင်းသောကဗျာလင်္ကာများကို မြောက်မြားစွာ ရေးသားရွတ်ဆိုခဲ့ပါသည်။

အဘူအဖတ်က်ယဟူဒီသည် အသက် (၁၂၀) အရွယ်ရှိသော အဘိုးအိုတစ်ဦးဖြစ်သည်။ သူသည် မဒီနဟ်မြို့သူမြို့သားများကို ဆွပေး၍ တမန်တော်မြတ် ﷺ နှင့် ရန်တိုက်ပေးရန်အတွက် အစဉ်အမြဲကြိုးပမ်းအားထုတ်ခြင်းတွင် ရှေ့တန်းမှပါဝင်ခဲ့ပါသည်။

အဘူအဖတ်က်၏ နှုတ်ဖြင့်ဒုက္ခပေးမှုနှင့် အကြံပက်စက်မှုများသည် အလွန်အကျူး ဖြစ်လာသောအခါ တမန်တော်မြတ် ﷺ က

"မန့်လီး ဘိဟားဇလ် ခဘီးစ်"

**ဆိုလိုသည်မှာ** "ကျွန်ုပ်သိက္ခာကို ကာကွယ်ရန်အတွက် ဤသူယုတ်မာကို အဘယ်သူက ပွဲသိမ်းပေးမည်နည်း" ဟု အမိန့်ရှိတော်မူ၏။

ဟဇ်ရသ် စာလိမ်ဗိန်အူမိုင်းရ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကိုကြားသိပြီး "ယားရစူးလလ္လားဟ်! ကျွန်တော်သည် ဤသူယုတ်မာ အဘူအဖတ်က်ကို သုတ်သင်ရှင်းလင်းရန် သို့မဟုတ် ဤကိစ္စတွင် မိမိအသက်ကိုစွန့်လှူရန်အတွက် "နဇရ်" ပြုကိုးထားလျှက်ရှိပါသည်" ဟု ဆိုကာ ဓါးကိုင်ပြီး ချက်ချင်းထွက်ခွာသွား

လေ၏။ နွေရာသီတွင် အလွန်ပူပြင်းအိုက်စပ်သော ညအချိန်၌ အဘူ အဖတ်က်သည် မိမိနေအိမ်တွင် ဖိမ်ခံပြီး အိပ်စက်နေလေ၏။ ထိုအချိန် တွင် ဟာဇ်ရသ်စာလိမ့်ဗိန်အူမိုင်းရ် ﷺ သခင်သည် ဤနေရာသို့ ရောက်ရှိ လာပြီး ဒုတိယအဘူလဟာဗ် အဘူအဖတ်က်ယဟူဒီ ၏ ရင်ဘတ်ပေါ် တွင် ခါးတင်၍ အားနှင့်ဖိလိုက်သောအခါ ဓါးမှာရင်ဘတ်ကို ထုတ်ချင်း ဖောက်ဝင်၍ အိပ်ရာအထိ ရောက်ရှိသွားပေသည်။

ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရန်သူ အဘူအဖတ်က်သည် အသံကုန်အော်ဟစ်နေ၍ အိမ်နီးနားချင်းများက နေအိမ်များမှ ထွက်လာ ကြသောအခါ ဟာဇ်ရသ်စာလိမ့်ဗိန်အူမိုင်းရ် ﷺ သခင်က အဘူအဖတ်က် ကို ဓိဝိန်ချုပ်ငြိမ်းစေပြီး ရှောင်ထွက်လာခဲ့ပေသည်။

ဤသံသည်မှာ ဟိဂျ်ရီ (၂) ခုနှစ်၊ ရှောင်ဝ်ဝါလ်လတွင် ဖြစ်ပေါ်ခဲ့ သော အကြောင်းပင် ဖြစ်ပါသည်။

*(ဤမ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၉)*

## ဂဇ်ဝဟ်ကရ်ကရသူလ်ကုဒ်ရ်

တမန်တော်မြတ် ﷺ သည် ဗဒရ်မှ ပြန်လည်ကြွမြန်းလာပြီး နောက် ဟိဂျ်ရီ(၂)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ အစမှာပင် ဗနီစူလိုင်းမ်နှင့် ဗနီဂတ္တ်ဖါန်တို့သည် အစ္စလာမ်သာသနာဝင်များကို တိုက်ခိုက်ချေမှုန်းရန် အတွက် စုရုံးနေကြောင်း သတင်းရရှိတော်မူ၏။ သို့ပါ၍ တမန်တော် မြတ် ﷺ သည် ဆွဟာဗဟ်ပေါင်း နှစ်ရာ(၂၀၀)နှင့်အတူ ရန်သူများရှိရာ အရပ်သို့ ကြွချီတော်မူ၏။

ရန်သူများသည် တမန်တော်မြတ် ﷺ ကြွချီလာသည့် သတင်းကို ကြားသိပြီး ကြောက်ရွံ့ထိတ်လန့်ကာ ကစဥ့်ကလျား ဖြစ်ကုန်ကြပေ သည်။ တမန်တော်မြတ် ﷺ သည် "ကရ်ကရသူလ်ကုဒ်ရ်" အမည်ရှိ

ရေအိုင်ကြီးအနီးသို့ ရောက်ရှိတော်မူသောအခါ ရန်သူများ ထွက်ပြေး သွားသည့်သတင်းကို ရရှိတော်မူ၏။

တမန်တော်မြတ် ﷺ သည် ထိုနေရာတွင် စခန်းချပြီး(၃)ရက် အထိ နေထိုင်ခဲ့တော်မူသည်။ တမန်တော်မြတ် ﷺ နှင့်အတူ လိုက်ပါ သွားခဲ့သော ဆွဟာဗဟ်များထဲမှ အုပ်စုတစ်စုအား ရန်သူများ နောက်သို့ လိုက်ရန်အတွက် စေလွှတ်တော်မူ၏။ ဆွဟာဗဟ်များသည် ရန်သူတို့ကို ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့ချေ။ သို့ရာတွင် ရန်သူများ၏ ကုလားအုတ်ပေါင်း ငါးရာ (၅၀၀)ကို ဖမ်းမိခဲ့၍ မောင်းနှင်လာကြပေသည်။

ထို့နောက် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် ရန်သူများနှင့်ရင်ဆိုင်ရခြင်းမရှိဘဲ မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာ တော်မူ၏။

*(ရှုဂ်ကာနိကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၄၅၇)*

## ဗနီကိုင်နူကားအ်

"ဗနီကိုင်နူကားအ်" သည် မဒီနဟ်မြို့တွင် အလွန်အင်အား တောင့်တင်းသော ယဟူဒီအမျိုးသားများ ဖြစ်ကြပါသည်။ မဒီနဟ်မြို့ တွင် ရှိကြကုန်သော ဤယဟူဒီအမျိုးသားများသည် ပန်းပဲလုပ်ငန်း လုပ်ကိုင်ကြပြီး လွန်စွာသတ္တိပြောင်မြောက်သော လူမျိုးများဖြစ်ကြ သည်။ ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်စလာမ် ﷺ သခင်ကြီးသည် ထိုအမျိုး အနွယ်ထဲမှဖြစ်၏။

တမန်တော်မြတ် ﷺ သည် မဒီနဟ်မြို့သို့ ကြွမြန်းရောက်ရှိလာ တော်မူသောအခါ မဒီနဟ်မြို့တွင်ရှိကြသော "ဗနီကူရိုင်ဇွဟ်" "ဗနီနဒ္ဓီးရ်" ယဟူဒီအမျိုးများနှင့်အတူ "ဗနီကိုင်နူကားအ်" ယဟူဒီအမျိုးအနွယ်တို့သည် လည်း တမန်တော်မြတ် ﷺ နှင့်ကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဗဒရ်မှ ပြန်လည်ရောက်ရှိလာပြီး

နောက် ဟိဂျ်ရီ(၂)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၁၅)ရက်၊ စနေနေ့တွင် ဗနီကိုင်နူကားအ် တို့၏ဈေးသို့ ကြွမြန်းတော်မူ၍ ၎င်းတို့အား တစ်နေရာ၌ စုစည်းစေပြီး တရားဒေသနာများ ဟောကြားတော်မူရာ၌

"ယားမအ်ရှရ ယဟူးဒီန် အိဟ်ဇရူး မိနလ္လားဟိ မိစ်လ မားနဇလ ဘိကူရိုင်းရှိန် မိနန် နတ်က်မသိ ဝအတ်စ်လိမူး ဖအိန္နကူမ် ကဒ်အရဖ်သူမ် အိန္နီး နဗိယျူမ် မွရ်ရစလူန် သဂျိဒူးန ဖါးလိက ဖီးကိသားဘိကူမ် ဝအဟိဒလ္လားဟူ အိလိုက်ကူမ်"

ဆိုလိုသည်မှာ "အို..ယဟူဒီ အမျိုးသား အုပ်စုအပေါင်းတို့! ကူရိုင်းရှ် တို့အပေါ် အလ္လာဟ်အရှင်မြတ်ဘက်မှ ကျရောက်ခဲ့သော အဇားဗ် အပြစ်ဒဏ်သည် မိမိတို့အပေါ်၌လည်း ကျရောက်လာမည်ကို စိုးရိမ် ကြောက်ရွံ့ကြကုန်။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်ထံမှ စေလွှတ် ခြင်းခံခဲ့ရသော နဗီတမန်တော်ဖြစ်ကြောင်းကို အသင်တို့သည် ကျမ်း စာအုပ်ရရှိခဲ့၍ မုချဧကန် သိရှိကြပါသည်။ သို့ပါ၍ အသင်တို့သည် အစ္စလာမ်သာသနာကို လက်ခံလိုက်ကြပါ" ဟုဆိုကာ ဗနီကိုင်နူကားအ် တို့ကို အစ္စလာမ်သာသနာဘက်သို့ ဒအ်ဝသ်ပေးဖိတ်ခေါ်တော်မူ၏။

ဗနီကိုင်နူကားအ် ယဟူဒီအမျိုးသားတို့သည် ထိုဒအ်ဝသ် ဖိတ်ခေါ်မှုကို ကြားသိကြသောအခါ အမျက်ဒေါသခြောင်းခြောင်း ထွက်ကာ တမန်တော်မြတ် ﷺ အား "ကိုယ်တော်သည် ပညာဗဟုသုတ မရှိသော ကူရိုင်းရှ်တို့ကို အနိုင်ရရှိခဲ့သောကြောင့် ကျွန်ုပ်တော်တို့ကိုလည်း ထိုကဲ့သို့ အနိုင်ရရှိမည်ဟု မထင်မှတ်ပါနှင့်။ ကျွန်တော်တို့နှင့် ရင်ဆိုင်ရ မည့်အချိန်တွင် ကျွန်တော်တို့သည် ယောကျာ်းစင်စစ် ဖြစ်ကြောင်းကို သိရှိပါလိမ့်မည်" ဟု စော်ကားး၍ စိန်ခေါ်ကြလေ၏။

တမန်တော်မြတ် ﷺ နှင့် ကတိစာချုပ် ချုပ်ဆိုခဲ့ကြသော ယဟူဒီ အမျိုးအနွယ်များထဲမှ ကတိစာချုပ်ကို ပထမဆုံး ချိုးဖောက်ခဲ့သော အမျိုးအနွယ်မှာ ဗနီကိုင်နူကားအ် အမျိုးအနွယ်ပင် ဖြစ်ခဲ့ပါသည်။

အဆိုပါ ဗနီကိုင်နူကားအ် ယဟူဒီ အမျိုးသားများသည် မဒီနဟ်

မြို့အပြင်ရှိ နယ်မြေထဲတွင် နေထိုင်ကြလေ၏။ တမန်တော်မြတ် ﷺ သည် မဒီနဟ်မြို့တွင် ဟာဇ်ရသ်အဗူလုဘာဘာဟ်ဗီနီ အဗ်ဒူလ်မွန်ဇိရ် ﷺ သခင်ကို "အာမီလ်" ခန့်အပ်ပြီး ဗနီကိုင်နူကားအ် အမျိုးသားတို့ကို အရေးယူရန်အတွက် ၄င်းတို့၏နယ်မြေသို့ ကြွမြန်းတော်မူ၏။

တမန်တော်မြတ် ﷺ သည် ထိုနယ်မြေထဲသို့ ရောက်ရှိတော်မူသောအခါ ၄င်းတို့သည် မိမိတို့၏ နန်းတော်ထဲသို့ဝင်ပြီး တံခါးပေါက်များကို ပိတ်ပင်လိုက်လေ၏။ တမန်တော်မြတ် ﷺ သည် ရှောင်ဝ်ဝါလ်လ (၁၅)ရက်၊ တနင်္လာနေ့မှ ဇူလ်ကအ်ဒဟ်လဆန်း (၁) ရက်နေ့အထိ ဗနီကိုင်နူကားအ်တို့ကို နန်းတော်အပြင်တွင် ပိတ်ပင်ဝိုင်းရံထားတော်မူ၏။

ဗနီကိုင်နူကားအ်တို့သည် ဝိုင်းရံထားခြင်းခံရသောကြောင့် နောက်ဆုံးတွင် မခံမရပ်နိုင်ဖြစ်ကာ လက်နက်ချပြီး(၁၆) ရက်နေ့တွင် နန်းတော်ထဲမှ ထွက်လာကြပေသည်။

တမန်တော်မြတ် ﷺ သည် ၄င်းတို့ကို ထိန်းသိမ်းရန်အတွက် အမိန့်ပေးတော်မူ၏။ "ရအ်စူလ်မုနာဖိကီးန်" "အဗ်ဒူလ္လာဟ်ဗီန်အူဗိုက်ဗီန် စလူးလ်" က အလွန်ငိုကြွေးပြီး တောင်းပန်ခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည်ဗနီကိုင်နူကားအ်တို့ကို သေဒဏ်ပေးခြင်းမရှိခဲ့ပေ။ သို့သော် ဥစ္စာပစ္စည်းများကို သုံ့ပန်းပစ္စည်းများအဖြစ် ယူဆောင်ပြီး ၄င်းတို့အား မဒီနဟ်၏ နယ်မြေထဲမှနှင်ထုတ်၍ နယ်နှင်ဒဏ်ခတ်တော်မူ၏။

ဟာဇ်ရသ်အူဘာဒဟ်ဗီန်ဆွာမိသ် ﷺ သခင်က အမိန့်ရှိသည်မှာ

ကျွန်တော်သည် တစ်ချိန်တစ်ခါက ဗနီကိုင်နူကားအ်တို့နှင့် ချစ်ကြည်ရေး အဆက်အသွယ် ထားရှိခဲ့ပါသည်။ ၄င်းတို့၏ ကတိသစ္စာ ချိုးဖောက်မှုနှင့် မသမာမှုများကို တွေ့မြင်ခဲ့ပြီး ကျွန်တော်သည် ၄င်းတို့နှင့် အဆက်အသွယ်ထားရှိခြင်းကို ပယ်ဖျက်ပါသည်ဟု ကြေညာခဲ့သည် ဟူ၏။

(အလ်ဘိဒါးယာဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၃)

## ဂစ်ဝဟ်ဇဝီးက်

ဂစ်ဝဟ်ဗဒရ်တွင် ကုရိုင်းရှ်တို့သည် ကြီးမားသော ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရပြီး မက္ကဟ်မြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ အဘူစွဖ်ယာန်က မကျေမနပ်ဖြစ်ပြီး မဒီနဟ်မြို့ကို ပြန်လည်တိုက်ခိုက်ခြင်း မပြုသမျှ ကာလပတ်လုံး "ဂျနာဗဟ်" ၏ ရေချိုးခြင်းကိုပြုမည် မဟုတ်ကြောင်း ကစမ်ကျိန်ဆိုခဲ့ပါသည်။

အဘူစွဖ်ယာန်သည် မိမိကစမ်ကိုဖျက်ရန်အတွက် ဇိလ်ဟဂျ်လ အစတွင် လူပေါင်းနှစ်ရာ (၂၀၀)နှင့်အတူ တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ချီတက်လာခဲ့လေ၏။

မဒီနဟ်မြို့မှ သုံးမိုင်ခန့်အကွာတွင် "အူရိုင်းဇ်" မည်သော နေရာတစ်နေရာရှိပါသည်။ ထိုနေရာတွင် စွန်ပလွံခြံတစ်ခုထဲ၌ အန်ဆွာရီ တစ်ဦးသည် မိမိသူရင်းငှားနှင့်အတူ ခြံအလုပ်များကို လုပ်ကိုင်လျက် ရှိသည်။

အဘူစွဖ်ယာန်တို့အုပ်စုသည် ထိုခြံထဲသို့ဝင်ရောက်၍ ထို အန်ဆွာရီနှင့် ၎င်း၏သူရင်းငှားကိုသတ်ဖြတ်ပြီး မက္ကဟ်မြို့သို့ပြန်လည် ထွက်ခွာဆုတ်ပြေးကြလေ၏။

တမန်တော်မြတ် ﷺ သည် ဤသတင်းကိုကြားသိပြီး ဟိဂျ်ရီ (၂)ခုနှစ်၊ ဇိလ်ဟဂျ်လ(၅)ရက်၊ တနင်္ဂနွေနေ့တွင် ဆွဟာဗဟ်ပေါင်း (၂၀၀) ကို ခေါ်ဆောင်ပြီး အဆိုပါ "အူရိုင်းဇ်"စခန်းသို့ ကြွမြန်းလာ တော်မူ၏။ ထိုစခန်းသို့ရောက်ရှိသောအခါ အဘူစွဖ်ယာန်သည် မိမိအုပ်စု နှင့်အတူ မက္ကဟ်မြို့သို့ ပြန်လည်ထွက်ပြေးသွားကြောင်း သတင်းရရှိ တော်မူသည်။

အဘူစွဖ်ယာန်တို့သည် အပြန်ခရီးတွင် ဝန်ပေါ့ရန်အတွက် မိမိတို့၏ရိက္ခာအဖြစ် ယူဆောင်လာခဲ့သော ဂျုံကြမ်းအိတ်များကို ထိုနေရာ

၌ပင် ချန်ထားသွားကြပေသည်။ တမန်တော်မြတ် ﷺ သည် ၎င်းဂျုံကြမ်းအိတ်များကို သုံ့ပန်းပစ္စည်းအဖြစ် သိမ်းပိုက်လိုက်တော်မူ၏။

အရဗီဘာသာဝေါဟာရတွင် ဂျုံကြမ်းကို "စဝီးက်"ဟု ခေါ်ဆိုပါသည်။ ဤဂဇ်ဝဟ်တွင် ရန်သူများနှင့် ရင်ဆိုင်မှုမပြုခဲ့ရသော်လည်း သုံ့ပန်းပစ္စည်းများဖြစ်သော ဂျုံကြမ်းအိတ်များကို ရရှိခဲ့သောကြောင့် အဆိုပါအကြောင်းကို "ဂဇ်ဝဟ်စဝီးက်"ဟု ခေါ်ဆိုကြပေသည်။

တမန်တော်မြတ် ﷺ သည် ဟီဂျ်ရီ(၂)ခုနှစ်၊ ဇီလ်ဟဂျ်လ (၉)ရက်နေ့တွင် "ဂဇ်ဝဟ်စဝီးက်" ခရီးစဉ်မှ မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာတော်မူပြီး ဇီလ်ဟဂျ်လ(၁၀)ရက်နေ့တွင် **"အီဒုလ်အဿ်ဟာ"** ကူရ်ဘာနီအီးဒ် နမားဇ်နှစ်ရတ်က်အဿ်ကို ဝတ်ပြုတော်မူ၏။ နမားဇ် ဝတ်ပြုပြီးနောက် သိုးနှစ်ကောင်ကို ကူရ်ဘာနီ ပြုလုပ်တော်မူသည်။

ဤသည်မှာအစ္စလာမ်သာသနာတွင် ပထမဦးဆုံး **"အီဒုလ်အဿ်ဟာ"** နမားဇ်နှင့် **"ကူရ်ဘာနီ"** ဖြစ်ပါသည်။

*(ဇူရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၄၅၈၊ ၄၆၀)*

## ဟာဇ်ရသ်ဘီဘီဖွါတွေမဟ် رضي الله عنها သခင်မ၏ နိကာဟ်

ဟီဂျ်ရီ(၂)ခုနှစ်၌ပင် တမန်တော်မြတ် ﷺ သည် မိမိ၏ အထွေးဆုံး သမီးတော် ဟာဇ်ရသ်"ဖွါတွေမဟ်" رضي الله عنها သခင်မကို ဟာဇ်ရသ် အလီဗိန်အဘီတွာလိဗ် رضي الله عنه သခင်နှင့် နိကာဟ်ပြုထိမ်းမြားပေးတော်မူ၏။

ဟာဇ်ရသ်ဖွါတွေမဟ် رضي الله عنها သခင်မ၏ နိကာဟ်ဖြစ်မြောက်ခဲ့သော ခုနှစ်တွင် သမိုင်းပညာရှင်တို့၏အဆိုမှာ ညီညွတ်သော်လည်း 'လ'နှင့် ပတ်သက်၍ အဆိုများမှာ အကွဲအလွဲရှိပါသည်။ အချို့ကဆွဖရ်လ ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကဇီလ်ဟဂျ်လ၊ ဖြစ်သည်ဟူ၍လည်းကောင်း၊ အဆိုများအသီးသီးလာရှိပါသည်။

ဤနိကာဟ်ကိစ္စတွင် ပထမဆုံး ဟဇရတ်အဘူဘကရ် ﷜ သခင်နှင့် ဟဇရတ်ဥမရ် ﷜ သခင်တို့သည် မိမိတို့အတွက်တောင်းဦးချင်း ကြိုးစားခဲ့ကြပေသည်။ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ အမိန့်တစ်စုံတစ်ရာ ကျရောက်လာခြင်း မရှိခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည် ၎င်းတို့အား မည်သည့်အဖြေမျှ မပေးတော့ချေ။

"ရိဝါယသ်" တစ်ရပ်တွင် လာရှိသည်မှာ

ဟဇရတ်အဘူဘကရ်ဆိဒ္ဒီးက် ﷜ သခင်နှင့် ဟဇရတ်ဥမရ် ဖါရူးက် ﷜ သခင်တို့သည် ဟဇရတ်အလီ ﷜ သခင်အား အဆိုပါကိစ္စနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ထံသို့ လျှောက်တင်ရန်အတွက် တိုက်တွန်းကြပေသည်။ ဟဇရတ်အလီ ﷜ သခင်သည် ယင်းကိစ္စကို တမန်တော်မြတ် ﷺ အား လျှောက်တင်ခဲ့ရာ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ တမန်တော်မြတ် ﷺ အပေါ် ဟဇရတ်အလီ ﷜ သခင်၏ လျှောက်တင်မှုကို လက်ခံရန်အတွက် အမိန့်တော်ကျရောက်လာခဲ့ပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က ဟဇရတ်အလီ ﷜ သခင်၏ လျှောက်တင်မှုကို လက်ခံလိုက်လေ၏။

တမန်တော်မြတ် ﷺ သည် ဟဇရတ်အလီ ﷜ သခင်အား "အသင့်ထံတွင် "မဟရ်" ပေးရန်အတွက် တန်ရာတန်ကြေးများရှိပါသလား"ဟုမေးမြန်းရာ ဟဇရတ်အလီ ﷜ သခင်က "ယားရစူးလလ္လာဟ်! ကျွန်တော့်ထံတွင် "မဟရ်" ပေးရန်အတွက် မည်သည့်ပစ္စည်းမျှမရှိပါ"ဟု ဖြေကြားလေ၏။

တစ်ဖန် တမန်တော်မြတ် ﷺ က ဟဇရတ်အလီ ﷜ သခင်အား "ဂဇ်ဝဟ်ဗဒရ်တွင် အသင်ရရှိခဲ့သောသံချပ်အင်္ကျီမှာ အဘယ်သို့ရှိပါသနည်း" ဟု မေးမြန်းတော်မူရာ ဟဇရတ်အလီ ﷜ သခင်က "ထိုသံချပ်အင်္ကျီမှာ မိမိထံတွင်ရှိပါသည်"ဟု ဖြေကြားလေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က ထိုသံချပ်အင်္ကျီကို ဟဇရတ်ဖွါတေ့မဟ် ﷜ သခင်မအဖို့ "မဟရ်" အဖြစ်ပေးရန်အတွက် အမိန့်ရှိတော်မူ၏။

ဟာဇ်ရတ်အလီ ﷺ သခင်သည် ထိုသံချပ်အင်္ကျီကို ဟာဇ်ရတ်အွတ်စ်မာန် ﷺ သခင်ထံသို့ ငွေဒင်္ဂါး(၄၈၀)ဖြင့် ရောင်းချ၍ ရရှိခဲ့သော တန်ဖိုးငွေများ အားလုံးကို တမန်တော်မြတ် ﷺ ထံသို့ ယူဆောင်လာပေးခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် ဟာဇ်ရတ်အလီ ﷺ သခင်အား အဝတ်အစားများနှင့် အမွှေးအကြိုင်များ ဝယ်ယူရန်အတွက် အမိန့်ပေးတော်မူ၏။

တမန်တော်မြတ် ﷺ သည် မိမိသမီးတော် ဟာဇ်ရတ်ဖွါတွေမဟ် ﷺ သခင်မကို "ဂျဟီးဇ်" အဖြစ် ဂွမ်းစောင်(၁)ထည်၊ သားရေမွေ့ရာ(၁)ခု၊ ကြိတ်ဆုံ(၂)ခု၊ ရေအိတ်(၁)လုံးနှင့် မြေအိုး(၂)လုံးပေးတော်မူ၏။

နိကာဟ်ပြီးစီးပြီးနောက် တမန်တော်မြတ် ﷺ က ဟာဇ်ရတ်အလီ ﷺ သခင်အား နေအိမ်ငှားရမ်းရန်အတွက် အမိန့်ရှိ၍ သခင်သည် နေအိမ်ငှားရမ်းပြီး နေထိုင်လျက်ရှိသည်။ ဟာဇ်ရတ် ဘီဘီဖွါတွေမဟ် ﷺ သခင်မက ခင်ပွန်းသည် ဟာဇ်ရတ်အလီ ﷺ သခင်အား ဟာဇ်ရတ်ဟာရိဇဟ်ဗိန်နူအ်မာန် ﷺ သခင်ထံမှ နေအိမ်တစ်လုံး တောင်းယူရန်အတွက် မရှိဝရဟ်ပြုအကြံပေးလေ၏။ ဟာဇ်ရတ်အလီ ﷺ သခင်က ဤကိစ္စနှင့် ပတ်သက်၍ မိမိရှက်လှပါသည်ဟု ဆိုကာ ယခင်အတိုင်းပင် နေထိုင်နေလေ၏။

တဖြည်းဖြည်းနှင့် ဟာဇ်ရတ်ဟာရိဇဟ်ဗိန်နူအ်မာန် ﷺ သခင်သည် ထိုသတင်းကို ကြားသိသောအခါ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ခစား၍ "ယားရစူးလလ္လားဟ်! အလ္လာဟ်အရှင်မြတ်၏ ကာစမ်! ကျွန်တော့်ထံမှ ယူမည့်ပစ္စည်းသည် ကျန်ရှိနေမည့်ပစ္စည်းထက် ကျွန်တော့်အတွက် ပိုပြီးနှစ်သက်ဖွယ်ရာ ဖြစ်ပါသည်" ဟု လျှောက်တင်ခဲ့ပြီးနောက် မိမိကိုယ်တိုင်မိသားစုနှင့်အတူ အခြားနေရာသို့ ရွှေ့ပြောင်းသွားပြီး ဟာဇ်ရတ်အလီ ﷺ သခင်နှင့် ဟာဇ်ရတ်ဘီဘီဖွါတွေမဟ် ﷺ သခင်မတို့ကိုခေါ်ဆောင်၍ မိမိနေအိမ်တွင် စံမြန်းတော်မူစေခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ် ဟာရိဇဟ်ဗိန်နုအ်မားန် ؓ သခင်ကို "ဗရကာသ်" မင်္ဂလာချီးမြှင့်ရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် ဒိုအာဆုမွန်တောင်းပေးတော်မူခဲ့လေသည်။

(ဇူရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၆၀)

## ဂဇ်ဝဟ်ဂတ္တ်ဖါးန်

တမန်တော်မြတ် ﷺ သည် "ဂဇ်ဝဟ်စဝီးက်"မှ ပြန်လည်ရောက်ရှိလာပြီးနောက် ဇီလ်ဟဂျ်လ၏ ကျန်ရက်များကို မဒီနဟ်မြို့၌ပင် အကုန်ခံခဲ့တော်မူသည်။

ထိုအကြားအတွင်းမှာပင် ဗနီဂတ္တ်ဖါန်ထဲမှ "ဗနီစအ်လဗဟ်" နှင့် "ဗနီမုဟာရိဗ်"တို့သည် အစ္စလာမ်သာသနာဝင်များကို တိုက်ခိုက်ချေမှုန်းရန်အတွက် "နဂျဒ်"မြို့တွင် စုရုံးနေကြသည်ဟု သတင်းရရှိတော်မူ၏။

တမန်တော်မြတ် ﷺ သည် ထိုသတင်းကို ကြားသိသောအခါ မဒီနဟ်မြို့တွင် ဟာဇ်ရသ်အွတ်စ်မားန် ؓ သခင်ကို မိမိကိုယ်စားခန့်အပ်ပြီး ဟိဂျ်ရီ(၃)ခုနှစ်၊ မုဟာရရမ်လတွင် "ဗနီဂတ္တ်ဖါန်"တို့၏ အန္တရာယ်ကို တားဆီးရန်အတွက် ဆွဟာဗဟ်ပေါင်း လေးရာငါးဆယ် (၄၅၀)တို့နှင့် အတူ မဒီနဟ်မြို့မှ "နဂျဒ်" မြို့ဘက်သို့ထွက်ခွာသွားတော်မူ၏။

"ဂတ္တ်ဖါနီ" အမျိုးသားတို့သည် ဤသတင်းကို ကြားသိကြသောအခါ ကြောက်ရွံ့၍ ကစဉ့်ကလျားဖြစ်ကာ တောတောင်များတွင် လျှို့ဝှက်စွာပုန်းကွယ်နေကြလေသည်။ ဗနီစအ်လဗဟ်ထဲမှ လူတစ်ယောက်သာလျှင် ဖမ်းမိခဲ့ပါသည်။

ဆွဟာဗဟ်များသည် ထိုပုဂ္ဂိုလ်အား တမန်တော်မြတ် ﷺ ထံသို့ ခေါ်ဆောင်လာကြလေ၏။ တမန်တော်မြတ် ﷺ က ၎င်းအား အစ္စလာမ်သာသနာဘက်သို့ ဒအ်ဝသ်ပေးဖိတ်ခေါ်တော်မူသောအခါ

အဆိုပါပုဂ္ဂိုလ်မှာ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။ တမန်တော်မြတ် ﷺ သည် "ဆွဖရ်"လ အဆုံးအထိ ထိုနယ်ထဲ၌ပင် နေထိုင်ခဲ့တော်မူသည်။

သို့ရာတွင် ဗနီဂတ္တဖါန်ထဲမှ တစ်ဦးတစ်ယောက်မျှ ရင်ဆိုင်ရန်အတွက် ထွက်လာခြင်းမရှိခဲ့ပေ။ သို့ပါ၍ တမန်တော်မြတ် ﷺ သည် ရဗီအွလ်အဝ်ဝလ်လတွင် မဒီနဟ်မြို့သို့ပြန်လည် ကြွမြန်းလာတော်မူ၏။

အပြန်ခရီးတွင် မိုးရွာသွန်းခဲ့သောကြောင့် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်တို့၏ အဝတ်အစားများအားလုံးမှာ စိုရွှဲသွားခဲ့ကြပေသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏စိုရွှဲနေသော အဝတ်အစားများကို အပင်တစ်ပင်ပေါ်တွင် ခြောက်သွေ့သွားအောင်လှန်းထားပြီး မိမိကိုယ်တိုင် သစ်ပင်အောက်၌ တစ်ကိုယ်တည်း အနားယူလျက်ရှိတော်မူ၏။

ဂတ္တဖါနီတို့သည် ဤသည်ကို အခွင့်ကောင်းဟု ထင်မှတ်ကြပေသည်။ သို့ပါ၍ ၄င်းတို့သည် မိမိတို့၏ခေါင်းဆောင်ဖြစ်သူ "ဒုအ်ဆူးရ်ဂတ္တဖါနီ"အား ဤအကြောင်းနှင့် ပတ်သက်၍ သတင်းပေးကြလေ၏။

"ဒုအ်ဆူးရ်"သည် မိမိနယ်မြေထဲတွင် အလွန်နာမည်ကျော်ကြားသော သူရဲကောင်းတစ်ဦး ဖြစ်ပါသည်။ ဒုအ်ဆူးရ်သည် သတင်းအရ တမန်တော်မြတ် ﷺ ကို ဆွဟာဗဟ်များနှင့် ဝေးကွာသော နေရာတွင် တစ်ကိုယ်တည်းတွေ့မြင်ခဲ့၍ သတ်ဖြတ်သုတ်သင်ရန်အတွက် အသွားထက်သောဓါးကို ကိုင်ဆောင်၍ ထိုနေရာသို့ ရောက်ရှိလာပြီး တမန်တော်မြတ် ﷺ အား "အို... မိုဟမ္မဒ်! အသင့်ကို ယခုအချိန်တွင် ဓါး၏အန္တရာယ်မှ အဘယ်သူက ကာကွယ်နိုင်မည်နည်း"ဟု မေးမြန်းလေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က "အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်ကို ကာကွယ်ပါမည်"ဟု အမိန့်ရှိတော်မူ၏။

ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ကောင်းကင်တမန်ချုပ် ဟဇရသ်ဂျိဗ်ရီးလ် ﷺ ကြွမြန်းရောက်ရှိလာပြီး ဒုအ်ဆူးရ်၏ရင်ဘတ်ကို မိမိလက်သီးနှင့်ထိုးနှက်၍ အနောက်သို့

လှန်ချပေးခဲ့ပေသည်။ တမန်တော်မြတ် ﷺ သည် ဒအ်စူးရ်၏ ဓါးရှည်ကို ကောက်ယူကိုင်ဆောင်ပြီး ၎င်းအား "အို ...ဒအ်စူးရ်! ယခုအချိန်တွင် ကျွန်တော်၏ဓါးရှည်မှ အသင့်ကို အဘယ်သူက ကာကွယ်နိုင်မည်နည်း" ဟု မေးမြန်းတော်မူ၏။ ဒအ်စူးရ်သည် ထိုအံ့သြဖွယ်ရာ အကြောင်းအရာကို တွေ့မြင်ပြီး "ကျွန်တော့်အား ယခုအချိန်တွင် မည်သူမျှလည်း ကာကွယ်နိုင်မည်မဟုတ်ပါ"ဟု ဖြေကြားလေ၏။

ထို့နောက် ဒအ်စူးရ်သည် ကလိမဟ်ဖတ်၍ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။ တမန်တော်မြတ် ﷺ သည် ၎င်း၏ဓါးရှည်ကို ၎င်းအား ပြန်လည်ချီးမြှင့်တော်မူ၏။ ဒအ်စူးရ်သည် မိမိအမျိုးသားများထံသို့သွားရောက်၍ မိမိသည် အစ္စလာမ်သာသနာကို လက်ခံခဲ့ကြောင်းနှင့်ပတ်သက်ပြီး အကြောင်းအရာအလုံးစုံတို့ကိုတင်ပြကာ မိမိအမျိုးသားများကိုလည်း အစ္စလာမ်သာသနာဘက်သို့ ဒအ်ဝသ်ပေး ဖိတ်ခေါ်ခဲ့ပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်ထဲရှိ "စူရဟ်မာအိဒဟ်" မှ အာယသ်တော်နံပါတ် (၁၁) ကျရောက်လာခဲ့ပါသည်။

*(ဗုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၆၊*

*ခဆွာအိဆွေကုဗ်ရာကျမ်း အတွဲ-၁၊ စာမျက်နှာ-၂၁၀၊*

*အလ်ဘိဒါယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၂)*

## ဒုတိယအာဂူဂျဟာလ် ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီ

မဒီနဟ်မြို့ရှိ ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီသည် တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာကို အလွန်ရွံရှာသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

သူသည် ချမ်းသာကြွယ်ဝသော သူကြွယ်တစ်ဦးဖြစ်သည့်အပြင်

နာမည်ကျော်ကြားလှသိမျှားသော ကဗျာဆရာတစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ ၎င်းသည် အစဉ်အမြဲ မိမိကဗျာများဖြင့် တမန်တော်မြတ် ﷺ ကို ပုတ်ခတ်ရှုတ်ချပြီး အမျိုးမျိုးစိတ်ဒုက္ခပေးခဲ့ပါသည်။

"ဗဒရ်" ၌ ကုရိုင်းရှ်တို့သည် အလွန်အင်အားချည့်နဲ့သော မွတ်စ်လင်မ်များနှင့် ရင်ဆိုင်ရာတွင် ရှုံးနိမ့်သွားခဲ့သောသတင်းမှာ မက္ကဟ်မြို့နှင့် မဒီနဟ်မြို့သို့ ပြန့်နှံ့ရောက်ရှိခဲ့ပေသည်။

ကအဗ်ဗ်ိန်အရှ်ရဖ်သည် ယင်းသတင်းကို ကြားသိသောအခါ မက္ကဟ်မြို့ရှိ မွရှ်ရစ်ကီများအတွက် အလွန်ဝမ်းနည်းကြေကွဲခဲ့ပြီး အကယ်၍ အဆိုပါသတင်းမှာ မှန်ကန်ပါက မြေပထဝီပေါ်တွင်နေထိုင်၍ ဤသိက္ခာမဲ့သည့် မျက်နှာကို ကြည့်ရှုရမည့်အစား မြေကြီးအောက်သို့ ရောက်ရှိသွားခြင်းကသာပို၍ ကောင်းပါသည်ဟု ပြောဆိုခဲ့လေ၏။

မက္ကဟ်မြို့ရှိ အဓိပတိ ခေါင်းဆောင်များ ကျဆုံးသွားရခြင်းကို သည်းမခံနိုင်၍ ကအဗ်ဗ်ိန်အရှ်ရဖ်ယဟူဒီသည် မဒီနဟ်မြို့မှ မက္ကဟ်မြို့သို့ သွားရောက်ပြီး ဗဒရ်၌ကျဆုံးသွားသူတို့အတွက် ဝမ်းနည်း ကြေကွဲဖွယ်ရာကောင်းသော ကဗျာများကို စပ်ဆိုသီကုံး၍ တစ်အိမ်တက်ဆင်း သွားရောက်ကာ မိမိကိုယ်တိုင် ငိုကြွေးပြီး ထိုကဗျာများကို ရွတ်ဆိုခဲ့သောကြောင့် အိမ်ရှင်များသည်လည်း မိမိတို့၏ သေဆုံးသွားသော အိမ်သားများကို အောက်မေ့သတိရ၍ ဝမ်းနည်းကြေကွဲခဲ့ကြပေသည်။

ကအဗ်ဗ်ိန်အရှ်ရဖ်ယဟူဒီသည် မက္ကဟ်မြို့နေများကို တမန်တော်မြတ် ﷺ နှင့် တိုက်ခိုက်ရန်အတွက် ထိုနည်းဖြင့် သွေးထိုးလှုံ့ဆော်ပေးခဲ့ပါသည်။ တစ်နေ့သောအခါ ကအဗ်ဗ်ိန်အရှ်ရဖ်ယဟူဒီသည်ကုရိုင်းရှ်တို့အား "ဟရမ်"ထဲ သို့ ခေါ်ဆောင်လာပြီး တမန်တော်မြတ် ﷺ ကို တိုက်ခိုက်ရန်အတွက် ကအ်ဗဟ်ကျောင်းတော်၏ "ဂိလာဖ်" အဝတ်စကို ကိုင်စေ၍ ကစမ်ကျိန်ဆိုစေခဲ့ပါသည်။

ကအဗ်ဗ်ိန်အရှ်ရဖ်သည် မဒီနဟ်မြို့တွင် မွတ်စ်လင်မ်များကို မြောက်မြားစွာသော ဒုက္ခအဖုံဖုံကို ပေးခဲ့သော်လည်း တမန်တော်မြတ်

ﷺ သည် ယခုအချိန်အထိ ၎င်းအပေါ် အရေးယူခြင်း မပြုသည့်အပြင် မွတ်စ်လင်မ်များကို သည်းခံကြရန်အတွက် အမိန့်ရှိပြီး "ဟိဒါယသ်" အမုန်တရားရရှိရေး၏ ရည်ရွယ်ချက်မှော်လင့်ခြင်းဖြင့် လွတ်ပေးထားတော်မူသည်။

တစ်နေ့သောအခါ ကအဗ်ဗိန်အရှ်ရဖ်သည် တမန်တော်မြတ် ﷺ ကို ထမင်းသုံးဆောင်ရန်အတွက် ဖိတ်ခေါ်ခဲ့ပါသည်။ တမန်တော်မြတ် ﷺ မကြွမြန်းမီအလျင် ၎င်းက တမန်တော်မြတ် ﷺ ကို လုပ်ကြံရန်အတွက် အစီအစဉ်ပြုလုပ်ထားခဲ့လေသည်။

တမန်တော်မြတ် ﷺ ကြွမြန်းသွားတော်မူသောအခါ အလ္လာဟ်အရှင်မြတ်သည် "ဝဟီ" ဖြင့် တမန်တော်မြတ် ﷺ ကို ကအဗ်ဗိန်အရှ်ရဖ်၏ အစီအစဉ်နှင့်ပတ်သက်၍ သတင်းပါးတော်မူသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ကောင်းကင်တမန်ချုပ် ဟဇ်ရသ်ဂျိဗ်ရီးလ် ﷺ ၏ အတောင်ရိပ်အောက်ဝယ် ခိုလှုံပြီး ကအဗ်ဗိန်အရှ်ရဖ်၏အိမ်ထဲမှ အပြင်သို့ ထွက်လာခဲ့ပေသည်။

အထက်ပါ အကြောင်းအရာဖြစ်ပေါ်ခဲ့ပြီးနောက် တမန်တော်မြတ် ﷺ က ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီသည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်နှင့် အစ္စလာမ်သာသနာဝင်များကို မြောက်မြားစွာ ဒုက္ခပေးခဲ့ပါသည်။ ၎င်း၏ ဒုက္ခပေးမှုမှာ အလွန်အကျူးဖြစ်လာ၍ ယခု၎င်းကို အရေးယူရန် လိုအပ်လာပါသည်။ ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီကို သုတ်သင်ရှင်းလင်းရန်အတွက် အဘယ်သူက အဆင်သင့်ရှိပါသနည်းဟု အမိန့်ရှိတော်မူ၏။

ထိုအချိန်တွင် ကဘီလဟ်အောစ်ထဲမှ ဟဇ်ရသ် မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် အန်ဆွာရီ ﷺ သခင်က မတ်တတ်ရပ်၍ "ယားရစူးလလ္လားဟ်! ဤကိစ္စကိုကျွန်တော် တာဝန်ယူပါသည်။ သို့သော် ဤကိစ္စဆောင်ရွက်ရာတွင် လိုအပ်သောကြောင့် အဓိပ္ပါယ် နှစ်မျိုးရှိသော စကားလုံးများကို သုံးခွင့်ပြုပါ" ဟု လျှောက်တင်ခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် မိုဟမ္မဒ်ဗင်န်မွတ်စ်လိမဟ် ﷺ သခင်အား ၎င်း၏ ကောင်းဆိုချက်ကို ခသုံးပြုရန်အတွက် အခွင့်ပေးတော်မူသည်။ မိုဟမ္မဒ်ဗင်န်မွတ်စ်လိမဟ် ﷺ သခင်သည် ကအဗ်ဗင်န်အရှ်ရဖ်ယဟူဒီ၏ နို့စို့ဘက်ညီဖြစ်သော

(၁) အဘူနာဒ်အိလဟ်စလ်ကားန်ဗင်န်စလာမဟ်ဗင်န်ဝကရှ် ﷺ သခင်

(၂) အူဗ်ဗါးဒ်ဗင်န်ဘိရှ်ရ် ﷺ သခင်

(၃) ဟာရိစ်ဗင်န်အောစ် ﷺ သခင်နှင့်—

(၄) အဘူအဗ်စ်ဗင်န်ဂျဗရ် ﷺ သခင်တို့ကို ခေါ်ဆောင်ပြီး အဆိုပါကိစ္စနှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးခဲ့ရာတွင် ၎င်းတို့အားလုံးကလည်း ထိုကိစ္စကို လက်ခံကြလေသည်။ ဤအဖွဲ့တွင် စုစုပေါင်းလူ (၅)ဦးပါဝင်ကြပါသည်။

အစီအစဉ်အရ အဆိုပါပုဂ္ဂိုလ် (၅)ဦးတို့သည် ကအဗ်ဗင်န်အရှ်ရဖ်ထံသို့ အကြွေးယူယောင်ဆောင်၍ သွားရောက်ကြပေသည်။ မိုဟမ္မဒ်ဗင်န်မွတ်စ်လိမဟ် ﷺ သခင်က ကအဗ်ဗင်န်အရှ်ရဖ်ကို တမန်တော်မြတ် ﷺ ဘက်သို့ စကားလှည့်၍ "ထိုပုဂ္ဂိုလ်သည် သူဆင်းရဲများကို ဝေငှပေးကမ်းရန်အတွက် ကျွန်တော်များထံမှ ဇကားသ်နှင့် ဆွဒ်ကဟ်များယူဆောင်ပြီး ကျွန်တော်များကိုဒုက္ခပေးသော အစီအစဉ်တစ်ရပ် ပေးအပ်ထားပါသည်။ သို့ပါ၍ ကျွန်တော်များသည် အသင့်ထံမှ အကြွေးယူရန် လာရောက်ကြပါသည်"ဟု ပြောဆိုလေ၏။

ကအဗ်ဗင်န်အရှ်ရဖ်သည် ၎င်းတို့၏ အပြောအဆိုများကိုကြားပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ "အသင်တို့သည် နောက်နောင်တွင် အလွန်စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်နှင့် ကြုံဆုံရမည်"ဟူ၍ ပြန်လည်ပြောဆိုလေ၏။ တစ်ဖန် မိုဟမ္မဒ်ဗင်န်မွတ်စ်လိမဟ် ﷺ က "ကျွန်တော်များသည် ယခုအချိန်တွင် ၎င်း၏အမိန့်ကို နာခံနေကြရ၍ ၎င်းနှင့်မလွတ်ကင်းနိုင်သေးသောကြောင့် နောက်ဆုံးအချိန်ကို စောင့်မျှော်လျက်ရှိကြသည်" ဟုဆိုကာ ဤအကြောင်းကို စကားစဖြတ်၍ အကြွေးအပေးအယူ စကားများအကြောင်းကို ပြန်စလေသည်။

ကအဗ်ဗိန်အရှ်ရဖ်က "ကျွန်တော်သည် အသင်တို့ကို အကြွေးပေးရန်အတွက် အသင်တို့ထံမှ ကျွန်တော့်ထံသို့ ပစ္စည်းတစ်စုံတစ်ရာကို ပေါင်နှံထားရန် အရေးကြီးပါသည်"ဟု တောင်းဆိုလေ၏။ မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ﷺ သခင်က "ကျွန်တော်များသည် အဘယ်အရာများကို အသင့်ထံ၌ ပေါင်နှံထားရမည်နည်း"ဟု မေးမြန်းရာ ကအဗ်ဗိန်အရှ်ရဖ်ယဟူဒီက "အသင်တို့၏ ဇနီးကြင်ယာတော်များကို ပေါင်နှံထားပါ"ဟု ပြောဆိုလေ၏။

မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ﷺ က "ကျွန်တော်များကို မိမိတို့၏ အရက်တရားက မိမိတို့၏ ဇနီးကြင်ယာတော်များကို ထိုကဲ့သို့ ပေါင်နှံရန် ခွင့်မပေးသည့်အတွက်တစ်ကြောင်း၊ ၄င်းပြင် အသင်သည် အလွန်ချောမောလှပသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေသည်ကတစ်ကြောင်း၊ ကျွန်တော်များသည် မိမိတို့၏ ဇနီးကြင်ယာတော်များကို မပေါင်နှံနိုင်သောကြောင့် အသင်သည် ကျွန်တော်များထံမှ အခြားသောပစ္စည်းများကို တောင်းပါ"ဟူ၍ ချေပပြောဆိုလေ၏။

ကအဗ်ဗိန်အရှ်ရဖ်က "အသင်တို့၏ ကလေးများကို ပေါင်နှံထားပါ"ဟူ၍ ဒုတိယအကြိမ် တောင်းဆိုခဲ့လေ၏။ မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ﷺ သခင်က "ကျွန်တော်များသည် အရေးပေါ်ကိစ္စတစ်ရပ်အတွက်ကြောင့် အကယ်၍ ယခုအချိန်တွင် မိမိတို့၏ကလေးများကို ပေါင်နှံကြပါက ကျွန်တော်များ၏ နောင်လာနောက်သားများကို အစဉ်အမြဲ အများကဲ့ရဲ့ရန်အတွက် အကြောင်းခံဖြစ်ပါလိမ့်မည်။ သို့ပါ၍ ကျွန်တော်များသည် မိမိတို့၏ကလေးများကို မပေါင်နှံနိုင်ပါ။ ယခုအချိန်တွင် ကျွန်တော်များအတွက် လက်နက်များမှာ အလွန်အရေးကြီး လိုအပ်သောပစ္စည်းများ ဖြစ်ပါသည်။ အသင်သည် ကျွန်တော်တို့၏ လက်နက်များကို အပေါင်ပစ္စည်းအဖြစ် ယူဆောင်ထားပါ" ဟူ၍ ပြောဆိုလေ၏။

ကအဗ်ဗိန်အရှ်ရဖ်ကလည်း နောက်ထပ် စောဒကတက်ခြင်း မပြုဘဲ ထိုနောက်ဆုံးအချက်ကိုလက်ခံပြီး ညအချိန်တွင် မိမိတို့၏

လက်နက်များကိုပေးပြီး သီးနှံများ လာရောက်ယူဆောင်ကြရန်အတွက် အချိန်အချက် ပြုလိုက်လေ၏။

ယနေ့ ဟီဂျရီ(၃)ခုနှစ်၊ ရဗီအွလ်အဝ်ဝလ်လ(၁၄)ရက်နေ့ ညအချိန်ဖြစ်ပါသည်။ မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ؓ သခင်နှင့် ၎င်း၏ အဖွဲ့ဝင်များသည် မိမိတို့၏ နေအိမ်များမှထွက်ခွာပြီး တစ်နေရာတွင် စုရုံးကြပေသည်။

အဖွဲ့ခေါင်းဆောင်ဖြစ်သူ မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ؓ သခင်က မိမိအဖော်များအား ကျွန်တော်သည် ကအဗ်ဗီန်အရှ်ရဖ်၏ ဆံပင်ကို ခိုင်မြဲစွာ ကိုင်လိုက်သောအခါ အသင်တို့သည် ၎င်းအား အဆုံးသတ် ပေးကြပါဟူ၍ ပြောဆိုခဲ့ပြီး ကအဗ်ဗီန်အရှ်ရဖ်၏နေအိမ်သို့ သွားရောက်ကြပေသည်။

ထိုအဖွဲ့သည် ကအဗ်ဗီန်အရှ်ရဖ်၏ နေအိမ်သို့ရောက်ရှိ လာကြသောအခါ ၎င်းသည် အိပ်ယာဝင်ရန်အတွက် နန်းတော်အပေါ်ထပ်သို့ တက်သွားခဲ့ပေသည်။

မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ؓ သခင်က ၎င်းအား အိမ်အပြင်မှ အော်ခေါ်သောအခါ ကအဗ်က နန်းတော်အပေါ်ထပ်မှ အောက်သို့ ဆင်းရန်အတွက် အိပ်ယာထက်မှ ထလေ၏။ ထိုအချိန်တွင် ကအဗ်၏ ဇနီးကြင်ယာတော်က "ရှင်တစ်ယောက် အဘယ်သို့ သွားနေပါသနည်း။ ကျွန်မသည် ထိုအသံတွင် သွေးများယိုစီးကျနေသည်ကို တွေ့မြင်သည်" ဟု ပြောဆိုလေ၏။

ထိုအခါ ကအဗ်က မိမိဇနီးသည်အား "အသင်မ စိုးရိမ်သောက မဖြစ်ပါလေနှင့်။ ယခုရောက်ရှိလာသော ပုဂ္ဂိုလ်များသည် လူစိမ်းများ မဟုတ်ပါ။ ကျွန်ုပ်၏ နို့စို့ဘက်ညီဖြစ်သူ အဘူနာအိလဟ်နှင့် မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ؓ သခင်တို့ပင် ဖြစ်ကြသည်" ဟု ဆိုကာ နန်းတော်ပေါ်မှ အောက်သို့ ဆင်းလာခဲ့ပေသည်။

ကအဗ်ဗီန် အရှ်ရဖ်သည် တစ်ကိုယ်လုံး ရေမွှေးများ လိမ်းကျံထား၍ မွှေးကြိုင်သင်းပျံ့နေသောကြောင့် မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ်

ﷺ သခင်က ၎င်းအား ယနေ့ကဲ့သို့ မွှေးကြိုင်သင်းပျံ့သော ရနံ့ကို ကျွန်တော်၏ သက်တမ်းတစ်လျှောက်လုံးတွင် တစ်ကြိမ်တစ်ခါမှ ရှူရှိုက်ခဲ့ရခြင်းမရှိပါဟုပြောဆိုလေ၏။ ကအဖ်က အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်ကာ ဘဝင်လေဟပ်ပြီး ကျွန်တော့်ဇနီးသည်သည် အရဗ်မယ်ဖြစ်၍ အရဗ်၏ အကောင်းဆုံးလက်ရွေးစင် အမွှေးအကြိုင်ကို သုံးစွဲလေ့ရှိသည်ဟု ပြောဆိုလေ၏။

မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ﷺ သခင်က ၎င်းအား မိတ်ဆွေ! ကျွန်တော့်ကို အသင့်ဦးခေါင်းတွင် လိမ်းကျံထားသောမွှေးရနံ့ကို ရှူရှိုက်ခွင့်ပေးမည်လောဟု မေးမြန်းလေ၏။ ကအဖ်ကလည်း အသာတကြည် အခွင့်ပေး၍ မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ﷺ သခင်က ကအဖ်၏ဦးခေါင်းမှ ရနံ့ကို မိမိကိုယ်တိုင်ရှူရှိုက်ပြီး မိမိအပေါင်းအပါများကိုလည်း ရှူရှိုက်စေသည်။

ခဏကြာပြီးနောက် မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ﷺ သခင်က ဒုတိယအကြိမ် ကအဖ်ဗီန်အရှ်ရဖ်၏ ဦးခေါင်းကို ရှူရှိုက်ခွင့် တောင်းဆိုပေသည်။ ကအဖ်ဗီန်အရှ်ရဖ်သည် ပို၍ဘဝင်မြင့်ကာ မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ﷺ သခင်အား မိမိဦးခေါင်းကို ရှူရှိုက်ခွင့်ပေးခဲ့ပါသည်။

မိုဟမ္မဒ်ဗီန်မွတ်စ်လိမဟ် ﷺ သခင်က ဤဒုတိယအကြိမ်တွင် ကအဖ်ဗီန်အရှ်ရဖ်၏ ဆံပင်ကို ခိုင်မြဲစွာချည်နှောင်ဖမ်းဆွဲထားပြီး မိမိအဖော်များအား အချက်ပြရာ ၎င်းတို့က ထိုအချိန်၌ပင် ကအဖ်ဗီန်အရှ်ရဖ်ကို အပြီးတိုင် သုတ်သင်ရှင်းလင်းပေးခဲ့ကြပေသည်။

ထိုအုပ်စုသည် မိုးမလင်းမီအချိန်တွင် တမန်တော်မြတ် ﷺ ထံသို့ ရောက်ရှိလာခဲ့ပါသည်။ တမန်တော်မြတ် ﷺ က ၎င်းတို့အား တွေ့မြင်ခဲ့ပြီး

"အဖ်လ ဟာသိလ် ဝုဂျူးဟု"

**ဆိုလိုသည်မှာ** "ဤမျက်နှာရှင်များသည် အောင်မြင်မှုရရှိခဲ့သည်" ဟု အမိန့်ရှိတော်မူ၏။

ထိုအခါ ၎င်းတို့က

"ဝဝဂျ်ဟုက ယားရုဥုလလ္လားဟိ"

**ဆိုလိုသည်မှာ** "အို... အလ္လာဟ်အရှင်မြတ်၏ တမန်တော်! ကိုယ်တော်၏မျက်နှာတော်ကို ဖူးမြင်နိုင်ခြင်းသည် ပထမဆုံး အောင်မြင်မှုပင် ဖြစ်ပါသည်" ဟု ဖြေကြားကြပေသည်။ ထို့နောက် မဟာရန်သူတော်ကြီး ကအဗ်ဗိန်အရှ်ရဖ်၏ဦးခေါင်းကို တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်တွင် ထုတ်ပေးကြပေသည်။ တမန်တော်မြတ် ﷺ သည် ဤမဟာရန်သူကြီး၏ကိစ္စမှာ ရှင်းလင်းသွားခဲ့သောကြောင့် အလ္လာဟ် အရှင်မြတ်ကို ကျေးဇူးတင်တော်မူ၏။

ကအဗ်ဗိန်အရှ်ရဖ်၏ အထက်ပါအဖြစ်ဆိုးမျိုးကို သိရှိကြသောအခါ ယဟူဒီများမှာ အလွန်အမင်း ကြောက်ရွံ့စိုးထိတ်လာကြပေသည်။ နံနက်မိုးလင်းသောအခါ ၎င်းတို့သည် မိမိတို့၏ခေါင်းဆောင်မှာ အသတ်ခံခဲ့ရကြောင်း တမန်တော်မြတ် ﷺ ၏ထံတော်ပါးတွင် လာရောက်တိုင်ကြားကြလေသည်။

ထိုအခါ တမန်တော်မြတ် ﷺ က ကအဗ်ဗိန်အရှ်ရဖ်၏ အကြံပက်စက်မှုနှင့် အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်များအပေါ် ၎င်း၏ အပြစ်ကျူးလွန်ခဲ့ပုံများကို တင်ပြရှင်းပြရာ ယဟူဒီများသည် မိမိတို့၏ အပြစ်ချိုးဖောက်မှုများကို ငြင်းကွယ်နိုင်ခြင်း မရှိခဲ့ချေ။

ယဟူဒီများအနေဖြင့် ဤကဲ့သို့အပြုအမူများကို ဆက်လက်လုပ်ဆောင်ခြင်းမပြုရန်အတွက် တမန်တော်မြတ် ﷺ က ၎င်းတို့ထံမှ ကတိစာချုပ် ယူဆောင်တော်မူသည်။

*(ဗွုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၄၊*

*ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၉၊*

*မသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၅၉၊ ၂၆၀၊ ၂၆၄၊*

*အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၃)*

# ဟူဝိုင်ဆွဟ်ဗိန်မတ်စ်အူးဒ်အစ္စလာမ်သာသနာသို့

ကအဗ်ဗိန်အရှ်ရဖ်ကို သုတ်သင်ရှင်းလင်းပြီးနောက် တမန်တော်မြတ် ﷺ သည် ဤကဲ့သို့ အကြံပက်စက်သော ယဟူဒီတိုင်းကို တွေ့သောနေရာတိုင်း၌ အပြီးသုတ်သင်ရှင်းလင်းရန်အတွက် အမိန့်ထုတ်ပြန်တော်မူ၏။

မဒီနဟ်မြို့တွင် ဟူဝိုင်ဆွဟ်ဗိန်မတ်စ်အူးဒ်နှင့် မူဟီဆွဟ်ဗိန်မက်စ်အူးဒ်မည်သော ညီအစ်ကို အရင်းအချာနှစ်ဦးရှိခဲ့ပါသည်။ ဟူဝိုင်ဆွဟ်မှာ အကြီးဖြစ်ပြီး မူဟီဆွဟ်မှာ အငယ်ဖြစ်ပါသည်။ ညီဖြစ်သော မူဟီဆွဟ်က အစ္စလာမ်သာသနာကိုလက်ခံခဲ့သောအခါ၌ အစ်ကိုဖြစ်သူ ဟူဝိုင်ဆွဟ်မှာ အစ္စလာမ်သာသနာကို လက်ခံခြင်းမရှိသေးပေ။

မဒီနဟ်မြို့တွင် အိဗ်နေစဘီနဟ်ဟူသော ယဟူဒီတစ်ဦး ရှိခဲ့ပါသည်။ဟူဝိုင်ဆွဟ်တို့၏ ညီအစ်ကိုနှင့် အခြားသော မဒီနဟ်မြို့သူမြို့သားများသည် အိဗ်နေစဘီနဟ်နှင့် အချင်းချင်း အပေးအယူကိစ္စများ ပြုလုပ်ကြပေသည်။

အိဗ်နေစဘီနဟ်သည်လည်း တမန်တော်မြတ် ﷺ ကိုပုတ်ခတ်ရှုတ်ချပြီး အလွန်အကျူးဒုက္ခပေးသော ယဟူဒီတစ်ဦးဖြစ်ပါသည်။ကအဗ်ဗိန်အရှ်ရဖ်ရန်သူကြီးကို သုတ်သင်ရှင်းလင်းပြီးနောက် ထိုကဲ့သို့သူယုတ်မာများကို တွေ့မြင်သောနေရာတိုင်း၌ အပြတ်ရှင်းလင်းရန်အတွက် တမန်တော်မြတ် ﷺ ကထုတ်ပြန်ခဲ့သော အမိန့်ကြေညာချက်အတိုင်း ဟဇ်ရသ်မူဟီဆွဟ်ဗိန်မတ်စ်အူးဒ် ؓ သခင်သည် ရန့်ရင်းကြမ်းတမ်းသော ယဟူဒီသူကြွယ်ကြီးအိဗ်နေစဘီနဟ်ကို အပြတ်သုတ်သင်ရှင်းလင်းလိုက်လေသည်။

သို့ပါ၍ မူဟီဆွဟ်ဗိန်မတ်စ်အူးဒ် ؓ သခင်ကို အစ်ကိုဖြစ်သူ ဟူဝိုင်ဆွဟ်ဗိန်မတ်စ်အူးဒ်က "အို...အလ္လာဟ့်ရန်သူ! အသင့်ဝမ်းဗိုက်တဲတွင် ထိုပုဂ္ဂိုလ်၏အဆီမှာ အမြောက်အမြားရှိခဲ့သော်လည်း အသင်

သည် ၄င်းအား အဘယ်ကြောင့် သုတ်သင်ခဲ့ပါသနည်း"ဟု မေးမြန်းကာ ရိုက်နှက်လေ၏။ထိုအချိန်တွင် ညီဖြစ်သူ မူဟီဆွဟ် ﷺ သခင်က အစ်ကိုဖြစ်သူ ဟူဝိုင်ဆွဟ်အား

"ဝလ္လားဟိ! လဟာဒ်အမရနီ ဘိကာသ်လိဟီး မန့်လောက် အမရနီ ဘိကာသ်လိဂ လဒ္ဒရဗ်သုအုနုက"

**ဆိုလိုသည်မှာ** "အိဗ်နေစဘီနဟ်ကို အရေးယူရန်အတွက် အမိန့် ပေးသော ပုဂ္ဂိုလ်ကြီးက အကယ်၍ အသင့်ကို အရေးယူရန်အတွက် အမိန့်ပေးခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်၏ ကစမ်! ကျွန်တော်သည် အသင့်ကိုလည်း သုတ်သင်ရေးအတွက် ဝန်လေးရန် အကြောင်းမရှိပါ။ သာသနာ၏ လိုလားချက်ရှေ့မှောက်တွင် သွေးရေးသားရေး အဆက် အသွယ်များကို ဦးစားမပေးနိုင်ပါ" ဟု ပြောဆိုလေ၏။ ဟူဝိုင်ဆွဟ်သည် မိမိညီ၏စကားများကို ကြား၍ အလွန်အံ့သြစွာဖြင့်

"အားလ်လားဟိ လောက်အမရက မုဟမ္မဒုန် ဘိကာသ်လီး လိကာသလ်သနီး"

**ဆိုလိုသည်မှာ** အလ္လာဟ်အရှင်မြတ်၏ ကစမ်! မိုဟမ္မဒ်က ကျွန်တော့်ကို သုတ်သင်ရန်အတွက် အသင့်အား အမိန့်ပေးခဲ့ပါလျှင် အသင်သည် ကျွန်တော့်ကို မုချဧကန် သုတ်သင်မည်လော" ဟုမေးမြန်း ရာ မူဟီဆွဟ်က

"နအမ် ဝလ္လားဟိ လောက်အမရနီ ဘိဒ္ဒရ်ဲ ဘိအုနုကိက လဒ္ဒရဗ်သုဟား"

**ဆိုလိုသည်မှာ** "အကယ်၍ တမန်တော်မြတ် ﷺ သည် အသင့်ဇက်ကို ဖြတ်ရန်အတွက် အမိန်ပေးခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်၏ကစမ်! ကျွန်တော်သည် အသင့်ဇက်ကိုဖြတ်ပါမည်" ဟု ပြေကြားလေ၏။

အစ်ကိုဖြစ်သူဟူဝိုင်ဆွဟ်သည် ညီဖြစ်သူ မူဟီဆွဟ်၏အာဘော် ကို နားထောင်ပြီး စိတ်အေးအေးနှင့် အပြေရှာ စဉ်းစားတွေးတောခဲ့သော အခါ အစ္စလာမ်သာသနာ၏ မှန်ကန်မှုနှင့်ပတ်သက်၍ အမှန်တရား လင်းရောင်ခြည်ကို ရှာဖွေတွေ့ရှိသွားလေသည်။

ထို့နောက် ဟူဒိုင်ဆွဟ်သည် တမန်တော်မြတ် ﷺ ထံသို့ သွားရောက်ခစား၍ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။

(ဇူရ်ကာနီကျမ်း ၊ အတွဲ-၂ ၊ စာမျက်နှာ-၁၇)။

## စရီယျဟ်ဇိုင်းဒ်ဗင်နှ်ဟာရိစဟ်

တစ်ချိန်က မိမိတို့၏အင်အားများအပေါ် မာန်မာန ထောင်လွှားပြီး အင်အားနည်းပါးသော မွတ်စ်လင်မ်လူနည်းစုလေးနှင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ကို နည်းလမ်းအသွယ်သွယ်ဖြင့် ဒုက္ခအဖုံဖုံပေးခဲ့သည့်အပြင် မက္ကာဟ်မြို့တွင် တမန်တော်မြတ် ﷺ ကို အပြီးလုပ်ကြံရန်အတွက် ခိုင်မာတောင့်တင်းသော အထူးအစီအစဉ်တစ်ရပ်ချမှတ်ကာ စိတ်အားထက်သန်စွာ ကြိုးပမ်းအားထုတ်ခဲ့သော ကူရိုင်းရှ်အမျိုးသားများသည် ဂဇ်ဝဟ်ဗဒရ်၌ ၎င်းတို့၏ ခေါင်းဆောင်အကြီးအကဲများ ကျဆုံးကာ ရှုံးနိမ့်ခဲ့ပြီးနောက် မွတ်စ်လင်မ်များကို အလွန်ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခဲ့ကြပေသည်။

ကူရိုင်းရှ်တို့သည် မွတ်စ်လင်မ်များနှင့် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ကြဉ်ရန်အတွက် မိမိတို့မှာ ဆီးရီးယားနိုင်ငံသို့ အသွားအလာပြုကြသော မူလလမ်းကို စွန့်လွှတ်၍ "အီရားက်" နိုင်ငံဘက်သို့ လမ်းလွှဲပြီး အသွားအလာ ပြုလုပ်ကြရန်အတွက် အစီအစဉ်သစ်ချမှတ်ကြပေသည်။

တစ်နေ့သောအခါ ကူရိုင်းရှ်တို့သည်ကုန်သည်အုပ်စုဖွဲ့၍ ၎င်းအစီအစဉ်အတိုင်း ခရီးထွက်ကြပေသည်။ထိုခရီးစဉ်တွင် လမ်းပြအဖြစ် "ဖုရားသ်ဗင်နှ်ဟိုင်ယားန်အီဂျ်လီ" ကို အခကြေးငွေပေးဆောင်ပြီး ငှားရမ်းထားကြလေသည်။

ဤအုပ်စုတွင် ကူရိုင်းရှ်တို့၏ အကြီးအကဲခေါင်းဆောင်များအဖြစ် အဘူစွဖ်ယာန်ဗင်နှ်ဟာရ်ဗ်၊ ဆွဖ်ဝါန်ဗင်နှ်အူမိုက်ယဟ်၊ ဟူဝိုင်တွဗ်ဗင်နှ် အဗ်ဒူလ်အွဇ္ဇာနှင့် အဗ်ဒူလ္လာဟ်ဗင်နှ်အဘီရဘီအဟ်တို့ ပါဝင်ကြပါသည်။

တမန်တော်မြတ် ﷺ သည် ဤသတင်းကို ကြားသိသောအခါ ဟိဂျ်ရီ(၃)ခုနှစ်၊ ဂျုမာဒလ်အာခိရ်လဆန်း(၁)ရက်နေ့တွင် ဆွဟာဗဟ် ပေါင်း(၁၀၀)ပါဝင်သော ဂျမာအသ်လေးတစ်ခုကို စေလွှတ်ပေးတော်မူ၏။ ဟာဇ်ရသ်ဇိုင်းဒ်ဗိန်ဟာရိစဟ် ﷺ သခင်သည် ဤဂျမာအသ်၏အမိရ် ခေါင်းဆောင်ဖြစ်ပါသည်။

ဟာဇ်ရသ်ဇိုင်းဒ်ဗိန်ဟာရိစဟ် ﷺ သခင်၏ ဦးဆောင်မှုတွင် မဒီနဟ်မြို့မှ ထွက်ခွာလာခဲ့သော အဆိုပါဆွဟာဗဟ်များ၏ ဂျမာအသ် သည် အထက်ပါကုန်သည်အုပ်စု၏ အနီးအနားသို့ ရောက်ရှိလာသောအခါ ကုန်သည်အုပ်စု ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များမှာ မိမိတို့၏ ဥစ္စာပစ္စည်းများကို စွန့်လွှတ်၍ ထွက်ပြေးသွားကြလေသည်။

ကုန်သည်အုပ်စု၏လမ်းပြဖြစ်သူ "ဖရားသ်ဗိန်ဟိုင်ယားန်အီဂျ်လီ" တစ်ဦးကိုပင် ဆွဟာဗဟ်များက ဖမ်းဆီးနိုင်ခဲ့ပါသည်။ ဟာဇ်ရသ်ဇိုင်းဒ်ဗိန် ဟာရိစဟ် ﷺ သခင်၏ ဂျမာအသ်သည် သုံ့ပန်းအဖြစ် ၎င်းတို့၏ ဥစ္စာပစ္စည်းများကို သိမ်းပိုက်ပြီး "လမ်းပြဆရာဖြစ်သူ ဖရားသ်ဗိန်ဟိုင် ယားန်အီဂျ်လီကိုလည်း မိမိတို့နှင့်အတူ မဒီနဟ်မြို့သို့ ခေါ်ဆောင်လာခဲ့ ကြပေသည်။ "ဖရားသ်"သည် မဒီနဟ်မြို့သို့ ရောက်ရှိခဲ့ပြီး အစ္စလာမ် သာသနာကို လက်ခံခဲ့လေသည်။

ဤစရီယ္ယဟ်တွင် ငွေဒင်္ဂါးတစ်သိန်းခန့်မျှ တန်ဘိုးရှိသော သုံ့ပန်းပစ္စည်းများကို ရရှိခဲ့ပါသည်။

*(ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၁၇၊*
*ဇွဗ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၅)*

☆☆☆☆☆

# အဘူရာဖိအ်အဗ်ဒူလ္လာဟ်ဗိန်အဘီလ်ဟူကိုင်းက်

"ခိုင်ဗရ်" ၏ အနီးအနားတွင် နေထိုင်သော ယဟူဒီကုန်သည် သူကြွယ်ကြီးတစ်ဦးရှိခဲ့ပါသည်။ သူ၏အမည်မှာအဗ်ဒူလ္လာဟ်ဗိန် အဘီလ် ဟူကိုင်းက်ဖြစ်ပြီး "အဘူရာဖိအ်" ဟူသောအမည်ဖြင့် ကျော်ကြားလေသည်။

ထိုပုဂ္ဂိုလ်သည် တမန်တော်မြတ် ﷺ နှင့် အစ္စလာမ်သာသနာဝင်များကို မြောက်မြားစွာသော ဒုက္ခအဖုံဖုံကိုပေးခဲ့သည့် အပြင် မွတ်စ်လင်မ်များကို ဒုက္ခပေးရန်အတွက် ကအဗ်ဗိန်အရ်ရဖ်ယဟူဒီကို လှုံ့လစိုက်ကာ အားပေးကူညီသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ဟိဂျ်ရီ(၅)ခုနှစ်၊ ရှောင်ဝ်ဝါလ်လတွင် ဖြစ်ပွားခဲ့သော "ဂဇ်ဝဟ် ခန်ဒတ်က်" ၌ ကုရိုင်းရှ်တို့၏ဦးဆောင်မှုတွင် ဗနီဂတ္တဖါန်၊ ဗနီကုရိုင်ဇွဟ်နှင့် ကုရိုင်းရှ်တို့သည် လူအင်အား(၁၀၀၀၀)၊ (တစ်သောင်း) ဖြင့် မွတ်စ်လင်မ်များကို အပြီးသုတ်သင်ချေမှုန်းပြီး မဒီနဟ်မြို့ကို ဖျက်ဆီးရန်အတွက် ချီတက်လာခဲ့ကြပေသည်။

ထိုပြဿနာကို စီစဉ်ခဲ့သည့် ပုဂ္ဂိုလ်မှာ အဆိုပါ အဘူရာဖိအ် ယဟူဒီပင် ဖြစ်ပါသည်။ ၎င်းသည် ယင်းကိစ္စများအတွက် မြောက်မြားစွာသော ဥစ္စာပစ္စည်းများနှင့် ငွေကြေးများကို အသုံးပြုခဲ့ပါသည်။

ကအဗ်ဗိန်အရ်ရဖ်ကို ပွဲသိမ်းပေးခဲ့သော မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ﷺ သခင်၏ အုပ်စုမှာ ကဘီလဟ်အောစ် အမျိုးအနွယ်ထဲမှ ဖြစ်ပါသည်။ သို့ပါ၍ ကဘီလဟ်ခဇ်ရဂျ်ထဲမှ

(၁) အဗ်ဒူလ္လာဟ်ဗိန်အူသိုင်းက် ﷺ သခင်

(၂) မတ်စ်အူးဒ်ဗိန်စနားန် ﷺ သခင်

(၃) အဗ်ဒူလ္လာဟ်ဗိန်အူနိုင်းစ် ﷺ သခင်

(၄) အဘူကဿဒဟ်ဟာရိစ်ဗိန်ရဗ်အီ ﷺ သခင်

(၅) ခူဇါအဟ်ဗိန်အတ်စ်ဝဒ် ﷺ သခင်တို့သည် တမန်တော်မြတ်

ﷺ ထံသို့ ရောက်ရှိလာ၍ အလ္လာဟ်တမန်တော်၏ အသက်ရန်သူ၊ အလ္လာဟ်တမန်တော်ကို ရိုသေကိုင်းရှိုင်းမှု မရှိသူ၊ ရန့်ရင်းကြမ်းတမ်းသော အဘူရာဖိအ် မသူတော်ကို သုတ်သင်ရှင်းလင်းရန်အတွက် အခွင့်တောင်းဆိုကြပေသည်။ တမန်တော်မြတ် ﷺ က ၎င်းတို့အား ထိုကိစ္စအတွက် အခွင့်ပေးတော်မူ၏။

အဆိုပါ ပုဂ္ဂိုလ်များသည် တမန်တော်မြတ် ﷺ ထံမှ ခွင့်မိန့်ရရှိပြီးနောက် ဟိဂျ်ရီ(၃)ခုနှစ်၊ ဂျုမာဒလ်အာခိရ်လ(၁၅)ရက် နေ့တွင် "ခိုင်ဗရ်"ဘက်သို့ ထွက်ခွာသွားခဲ့ကြပေသည်။ ဤဂျမာအသ်ကလေးမှာ မဒီနဟ်မြို့မှ ထွက်ခွာနေသောအခါ တမန်တော်မြတ် ﷺ က ဟာဖ်ရသ် အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် (رض) သခင်ကို ထိုဂျမာအသ်၏အမီရ် အဖြစ် ခန့်အပ်ပြီး ကလေးသူငယ်များနှင့် အမျိုးသမီးများကို ရင်ဆိုင်ခြင်းမပြုကြရန်အတွက် "ဟိဒါယားသ်" အမှာစကားများ မိန့်ကြားတော်မူ၏။

ဤအုပ်စုလေးသည် နေဝင်ပြီးနောက် "ခိုင်ဗရ်" သို့ ရောက်ရှိလာကြပေသည်။ ယခုအချိန်အထိ အဘူရာဖိအ်၏နန်းတော်တွင် တံခါးပေါက်ကို ပိတ်ပင်ခြင်းမရှိသေးချေ။ အဆိုပါ ဂျမာအသ်လေးသည် အဘူရာဖိအ်၏ နန်းတော်အနီးအနားသို့ ရောက်ရှိခဲ့သောအခါ ဂျမာအသ်၏ အမီရ်ခေါင်းဆောင်ဖြစ်သူ ဟာဖ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် (رض) သခင် က မိမိအဖွဲ့ဝင်များအား "အသင်တို့သည် ဤနေရာတွင် စောင့်ဆိုင်းနေကြပါ။ ကျွန်တော်သည် နန်းတော်ထဲသို့ ဝင်ရောက်နိုင်ရန်အတွက် နည်းလမ်းရှာကြံပါမည်" ဟုဆိုကာ မိမိကိုယ်တိုင် တံခါးပေါက်နှင့် မနီးမဝေးနေရာတွင် မိမိကိုယ်ကို အဝတ်ဖြင့်ခြုံလွှမ်း၍ အပေါ့သွားသူ ဟန်ဆောင်ပြီး ထိုင်ချလိုက်လေ၏။

ထိုအချိန်တွင် နန်းတော်တံခါးပေါက် "ဒရ်ဘာန်" အစောင့်က ၎င်းထိုင်သောပုဂ္ဂိုလ် အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် (رض) သခင်အား နန်းတော်ထဲတွင် နေထိုင်နေသော ပုဂ္ဂိုလ်ဟုထင်မှတ်ကာ "မိတ်ဆွေ! အတွင်းသို့ ဝင်ရောက်လိုပါက အမြန်ဝင်ရောက်လှည့်ပါ။ ကျွန်တော် တံခါး ပိတ်မည်"ဟု ပြောဆိုလေ၏။

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် ﷺ သခင်သည် ရင့်သော အခွင့်အရေးကို အလွတ်မခံဘဲ ချက်ချင်းပင် နန်းတော်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး တစ်နေရာ၌ ပုန်းကွယ်၍ နေလိုက်လေသည်။ နန်းတော်ပိုင်ရှင်ဖြစ်သူ အဘူရာဖိအ်သည် နန်းတော်အပေါ်ထပ်၌ နေထိုင်ပါသည်။ အဘူရာဖိအ်ထံ၌ ညအချိန်တွင် ပုံပြင်များပြောဆိုနားဆင်သော အလေ့အထ ရှိခဲ့ပါသည်။

ယနေ့ညတွင် ပုံပြင်ပြောဆိုသူများနှင့် နားဆင်သူများသည် အစီအစဉ် ပြီးဆုံးသွားပြီးနောက် မိမိတို့၏နေအိမ်များသို့ ပြန်ကုန်ကြသောအခါ "ဒရ်ဘာန်" အစောင့်သည် နန်းတော်၏ တံခါးများအားလုံးကို သော့ခတ်၍ ပိတ်ပင်ခဲ့ပြီး သော့တွဲအထုပ်ကို ထုံးတမ်းစဉ်လာအတိုင်း တိုင်၌ချိတ်ထားခဲ့ပြီး မိမိနေရာတွင် သွားရောက်အိပ်စက်နေလေ၏။

"ဒရ်ဘာန်" အစောင့်နှင့်တကွ နန်းတော်ထဲတွင်ရှိကြကုန်သော အမျိုးသား၊ အမျိုးသမီးများအားလုံးမှာ အိပ်စက်ကုန်ကြသောအခါ နန်းတော်ထဲတွင် ပုန်းကွယ်နေခဲ့သော ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် ﷺ သခင်သည် မိမိနေရာမှထွက်၍ သော့တွဲကိုယူဆောင်ပြီး တံခါးများကို သွက်လက်လွယ်ကူစွာဖွင့်ကာ အဘူရာဖိအ်ရှိနေသော နန်းတော် အပေါ်ထပ်သို့ သွားရောက်လေ၏။

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် ﷺ သခင်သည် မိမိဖွင့်ခဲ့သော တံခါးများကို အတွင်းဘက်၌သော့ခတ်၍ ပိတ်ထားခဲ့သောကြောင့် အဘူရာဖိအ်ထံသို့ အပြင်မှ လူများဝင်ရောက်လာရန်လည်း မလွယ်ကူပါ။

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အူသိုင်းက် ﷺ သခင်သည် အဘူရာဖိအ်ရှိရာအခန်းသို့ ရောက်ရှိခဲ့သော်လည်း အမှောင်ထုကြီးစိုးနေ၍ ၎င်း၏နေရာကို အတိအကျသိရှိနိုင်ရန်အတွက် အခက်အခဲဖြစ်နေပါသည်။ အဘူရာဖိအ်သည် ထိုနေရာတွင် မိမိမိသားစုနှင့်အတူ အိပ်စက်နေလျက်ရှိ၏။ ဟဇ်ရသ်အဗ်ဒုလ္လာဟ် ﷺ သခင်သည် ၎င်းအား စမ်းသပ်သောအားဖြင့် အို..အဘူရာဖိအ်!ဟု အသံပေးသောအခါ အဘူရာဖိအ်က နိုးကြားပြီး အသင်အဘယ်သူပါနည်းဟု မေးမြန်းလေ၏။

ထိုအခါ ဟဇရတ်အဗ်ဒူလ္လာဟ် ﷺ သခင်က အမှောင်ထဲ၌ပင် ခန့်မှန်း၍ မိမိဓါးရှည်ဖြင့် ၎င်းအားသုတ်သင်လေ၏။ သို့ရာတွင် အဘူရာဖိအ်ကို ဤပထမအကြိမ်၌ ဓါးထိမှန်ခြင်းမရှိခဲ့ပေ။ အဘူရာဖိအ်သည် ဓါးအသံကို ကြားသောအခါ ကြောက်လန့်၍ အမှောင်ထဲတွင် အော်ဟစ်လေ၏။

ခဏကြာပြီးနောက် ဟဇရတ်အဗ်ဒူလ္လာဟ် ﷺ သခင်က အသံပြောင်း၍ "အို..အဘူရာဖိအ်! အဘယ်ကြောင့် အော်ဟစ်ခဲ့ပါသနည်း"ဟု မေးမြန်းရာ အဘူရာဖိအ်က အထင်လွဲပြီး "ခဏအလျင် မသမာသူတစ်ဦးသည် ကျွန်တော့်ကို ဓါးဖြင့်ခုတ်ပိုင်းခဲ့သည်"ဟု ဖြေကြားပြီး အသံပေးသောအခါ ဟဇရတ်အဗ်ဒူလ္လာဟ် ﷺ သခင်က ဒုတိယအကြိမ်အမှောင်ထဲတွင် ခန့်မှန်း၍ အဘူရာဖိအ်ကို ဘဝနိဂုံးချုပ်ပေးခဲ့လေသည်။

ထို့နောက် အဗ်ဒူလ္လာဟ် ﷺ သခင်သည် တံခါးတစ်ခုပြီးတစ်ခု ဖွင့်၍ အောက်သို့ပြန်လည်ဆင်းလာခဲ့ပေသည်။ ဟဇရတ်အဗ်ဒူလ္လာဟ် ﷺ သခင်သည် ထိုသို့စမ်းတဝါးဝါးဖြင့် ဆင်းလာရာ၌ လှေကားထစ်များကုန်ဆုံးပြီဟုထင်မှတ်ကာ လှေကားပေါ်မှခုန်ချရာ ခြေရိုးတစ်ချောင်းကျိုးသွားခဲ့လေသည်။

ထိုအချိန်တွင် လ၏အလင်းရောင်မှာ ထိန်ထိန်သာနေပါသည်။ ဟဇရတ်အဗ်ဒူလ္လာဟ် ﷺ သခင်သည် ခြေထောက်ကို မိမိခေါင်းပေါင်းဖြင့် ချည်နှောင်၍ မိုးချုပ်သောအချိန်မှစပြီး ထိုင်စောင့်နေကြသော မိမိမိတ်ဆွေများထံသို့ ရောက်ရှိလာ၍ အကြောင်းအရာ အလုံးစုံတို့ကို ၎င်းတို့အားပြောပြပြီး "အသင်တို့သည် တမန်တော်မြတ် ﷺ ထံသို့ သွားရောက်၍ အကြောင်းအရာများကို လျှောက်တင်ပါ။ ကျွန်တော်သည် နံနက်မိုးလင်းသောအခါ သတင်းအတိအကျနားထောင်ပြီးနောက် ပြန်လာမည်"ဟုဆိုကာ မိမိအဖော်များကို သွားခိုင်းပြီး မိမိကိုယ်တိုင် ထိုနေရာ၌ နေရစ်ခဲ့ပေသည်။

နံနက်မိုးသောက်အရုဏ်ရောက်၍ ကြက်တွန်ချိန်ဝယ် နန်းတော်အပေါ်မှ အဘူရာဖိအ်သေဆုံးသွားကြောင်းကို သတင်းကြေညာသူက

ကြေညာခဲ့ပေသည်။ ဟာဇ်ရသ်အဗ်ဒုလ္လာဟ် رضي الله عنه သခင်သည် သတင်းအတိအကျ နားထောင်ပြီးနောက် မိမိနေရာမှထ၍ လာရာလမ်းကို ပြန်လှည့်လာခဲ့ပေသည်။ လမ်း၌ မိမိမိတ်ဆွေအပေါင်းအပါများနှင့် ဆုံစည်းခဲ့ပါသည်။

အဆိုပါအုပ်စုလေးသည် မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး " ခိုင်ဗရ် " နယ်မြေထဲမှ အမြန်ဆုံးထွက်ခွာ၍ မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ထံသို့ ရောက်ရှိကာ အကြောင်းအရာအလုံးစုံတို့ကို တင်ပြလျှောက်ထားခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်အ္ဘသိုင်းက် رضي الله عنه သခင်၏ကျိုးသွားခဲ့သောခြေထောက်ကို မိမိလက်တော်ဖြင့် ပွတ်သပ်ပေးတော်မူသောအခါ ၎င်းခြေထောက်မှာ ပကတိအတိုင်း ပြန်လည်ကောင်းမွန်သွားခဲ့ပေသည်။

*(အလ်ဘိဒါယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၁၃၇၊၁၃၈၊ ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၆၂၊၂၆၃)*

## အခန်း (၂၃)

## ဂစ်ဝဟ်အူဟုဒ်

မဒီနဟ်မြို့နှင့် (၂)မိုင်ခန့် ဝေးကွာသောနေရာတွင် တောင်တစ်လုံးရှိခဲ့ပါသည်။ ထိုတောင်သည် အခြားသောတောင်များနှင့် သွယ်တန်း ဆက်နွယ်နေခြင်းမရှိသောကြောင့် "အူဟုဒ်" တောင်ဟုအမည်တွင်ခဲ့ရပေသည်။ သမိုင်းအကြောင်းကြောင်းရပ်သည် ထို "အူဟုဒ်" တောင်နှင့်ဆက်နွယ်ခဲ့ရသောကြောင့် အထွဋ်သာမဲ့သမိုင်းတွင် "အူဟုဒ်" တောင်သည်လည်း အမည်ကျော်စောခဲ့ရလေသည်။

(၁) ဟီဂျ်ရီသက္ကရာဇ် (၂) ခုနှစ်တွင် မက္ကဟ်မြို့မှ အင်တိုက်အားတိုက်ချီတက်လာခဲ့ကြသော ကူရိုင်းရှ်အမျိုးသားများသည် ဂဇ်ဝဟ်ဗဒရ်၌ ရှုံးနိမ့်ခဲ့ရပြီး မက္ကဟ်မြို့သို့ ပြန်လည်ရောက်ရှိ လာသောအခါ ထိုအချိန်တွင် ကုန်သည်အုပ်စုခေါင်းဆောင်ဖြစ်သူ အဘူစွဖ်ယာန်က ပင်လယ်ကမ်းနားလမ်းဖြင့် ကာကွယ်စောင့်ရှောက်၍ ယူဆောင်လာခဲ့သော ကုန်သည်အုပ်စုကြီး၏ အရင်းအနှီးနှင့် အမြတ်အားလုံးကို "ဒါရှန်နဒ်ဝဟ်" မက္ကဟ်မြို့သူမြို့သားများ၏ အစည်းအဝေးခန်းမဆောင်တွင် သိမ်းဆည်းထားကြပေသည်။ လူအားလုံး စုရုံးမိကြသောအခါ

(၁) အဘူစွဖ်ယာန်ဗီန်ဟာရ်ဗ်

(၂) အဗ်ဒုလ္လာဟ်ဗီန်အဘီရဘီအဟ်

(၃) အစ်ကရမဟ်ဗီန်အဘီဂျဟလ်

(၄) ဟာရိစ်ဗီန်ဟီရှားမ်

(၅) ဟူဝိုင်တွဗ်ဗီန်အဗ်ဒူလ်အွဇ္ဇါး

(၆) ဆွဖ်ဝါးန်ဗီန်အူမိုက်ယဟ်နှင့် အခြားသောအကြီးအကဲ ခေါင်းဆောင်များက ဦးဆောင်ဦးရွက်ပြုကာ အစည်းဝေးတစ်ရပ် ကျင်းပခဲ့ကြပေသည်။

(၂) အထက်ပါအစည်းဝေး၏ တာဝန်ခံလူကြီးများထဲမှ

(က) အဘူစွဖ်ယာန်ဗိန်ဟာရ်ဗ်၏ သားဖြစ်သူ ဟာန်ဇလဟ်ဗိန်အဘီစွဖ်ယာန်
(ခ) အစ်ကရမဟ်ဗိန်အဘီဂျဟလ်၏ ဖခင်ဖြစ်သူ အဘူဂျဟလ်နှင့်
(ဂ) ဆွဖ်ဝါးန်ဗိန်အူမိုက်ယဟ်၏ ဖခင်ဖြစ်သူ အူမိုက်ယဟ်ဗိန်ခလဖ်
တို့မှာ ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးခဲ့ကြလေသည်။ အစည်းအဝေးတာဝန်ခံ လူကြီးများသည် လက်ရှိအချိန်အထိ အစ္စလာမ်၏ရန်သူများ ဖြစ်ကြသော်လည်း နောက်ပိုင်းတွင် "ဟိဒါယသ်" အမှန်တရားရရှိကာ ၎င်းတို့သည် အစ္စလာမ်သာသနာကို လက်ခံပြီး စစ်မှန်သော မွတ်စ်လင်မ်အီမာန်ရှင်များ ဖြစ်ခဲ့ကြပေသည်။

(၃) ဂဇ်ဝဟ်ဗဒရ်တွင် ရှုံးနိမ့်ခဲ့ရသော ကူရိုင်းရှ်တို့၏ နှလုံးသားများ၌ ဒဏ်ရာအနာတရများ ဖြစ်ထွန်းကိန်းအောင်းကာ အပူမီးလောင်မြိုက်နေခဲ့ကြလေသည်။ ဤအချိန်တွင်အထူးအားဖြင့် ဖခင်များ၊သားများ၊ ညီအစ်ကိုများနှင့် ဆွေမျိုးသားချင်းများမှာ ရင်ဆိုင်မှုတွင် ကျဆုံးခဲ့၍ နှလုံးသား၌ အပူမီးလောင်မြိုက်နေပြီး လက်စားချေရန်အတွက် ဆန္ဒများ ပြင်းပြနေသော အခြေအနေမျိုးတွင် ဆီးရီးယားနိုင်ငံမှ ယူဆောင်လာသော ပစ္စည်းများထဲမှ အရင်းအနှီးများကို သက်ဆိုင်ရာ ပိုင်ရှင်များအား ပြန်လည်ပေးအပ်၍ ကျန်အမြတ်ငွေဖြစ်သော ရွှေဒင်္ဂါး ငါးသောင်းတန်သည့် ပစ္စည်းများကို မိုဟမ္မဒ်နှင့် မွတ်စ်လင်မ်များအား ချေမှုန်းရာတွင် အသုံးပြုရန်အတွက် မက္ကဟ်မြို့နေများထံမှ အခွင့်နှင့်ဆန္ဒများ တောင်းဆိုကြလေ၏။ ထိုအခါ မက္ကဟ်မြို့နေအားလုံးသည် ဝမ်းမြောက် ပျော်ရွှင်စွာဖြင့် ထိုတောင်းဆိုချက်ကို ခွင့်ပြုလိုက်ကြပေသည်။

တာဝန်ခံခေါင်းဆောင်များသည် အထက်ပါအစည်းအဝေးတွင် မက္ကဟ်မြို့သူမြို့သားများထံမှ ဆန္ဒနှင့် ခွင့်ပြုချက်ရယူပြီးနောက် ဟီဂျ်ရီ (၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လတွင် ကူရိုင်းရှ်တို့သည် မဒီနဟ်မြို့သို့ ချီတက်၍ မွတ်စ်လင်မ်များကို အပြတ်ချေမှုန်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ပြီး ကြီးကျယ်သော စီမံကိန်းဖြင့် အစီအစဉ် ပြုလုပ်ကြပေသည်။

ထိုအစီအစဉ်တွင် လူအင်အား(၃၀၀၀) သုံးထောင်ပါဝင်ကြပေသည်။ ၎င်းတို့အနက်(၇၀၀)ခုနှစ်ရာသော ရန်သူတို့သည် သံချပ်

အကျိုကို ဝတ်ဆင်ထားသူများ ဖြစ်ကြပါသည်။ ထို့နောက် ကုလားအုတ်ကောင်ရေ (၃၀၀၀)သုံးထောင်၊ မြင်းကောင်ရေ(၂၀၀)နှစ်ရာနှင့် ဤအင်အား တောင့်တင်းခိုင်မာသော အုပ်စုကြီးအတွက် စားနပ်ရိက္ခာများကိုလည်း ပြည့်ဝဖူလုံစွာ လိုအပ်မှုမရှိရလေအောင် အစီအစဉ် ပြုလုပ်ခဲ့ကြပေသည်။

ထို့ပြင် ကူရိုင်းရှ်တို့သည် မွတ်စ်လင်မ်များကို ချေမှုန်းရာတွင် ဆုတ်ခွာထွက်ပြေးခြင်းမရှိဘဲ စိတ်ဓာတ်တက်ကြွကာ ရေ့သို့သာတိုး၍ ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် အဆိုတော်နှင့် ပျော်တော်ဆက် အမျိုးသမီး(၁၅)ဦးတို့ကိုလည်း မိမိတို့နှင့်အတူတကွ ခေါ်ဆောင်သွားရန် ဆုံးဖြတ်ကြပေသည်။ ထိုအမျိုးသမီးများသည် ကူရိုင်းရှ်တို့တွင် ဂုဏ်အသရေရှိသော အကြီးအကဲများ၏ မိသားစုများထဲမှ ဖြစ်ပါသည်။

အဆိုပါ အမျိုးသမီးများအုပ်စုထဲမှ အချို့တို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) "ဟိန်ဒဟ်ဗိန်သေအွသ်ဗဟ်"။ ။သူမသည် အဘူစွဖ်ယာန်၏ ဇနီးကြင်ယာတော်ဖြစ်ပြီး ဟဇ်ရသ်အမီရေမုအာဝီယဟ် ﷺ သခင်၏ မိခင်ဖြစ်ပါသည်။သူမ၏ဖခင်အွသ်ဗဟ်သည် ဂဇ်ဝဟ်ဗဒရ်တွင်ပထမဆုံး ကျဆုံးခဲ့သော ပုဂ္ဂိုလ်သုံးဦးအနက်မှ တစ်ဦးအပါအဝင်ဖြစ်သည်။

(၂) "အွမ်မေဟကီးမ်ဗိန်သေဟာရိစ်ဗိန်ဟိရှားမ်"။ ။သူမသည် အစ်ကိရမဟ်ဗိန်အဘီဂျဟလ်၏ ဇနီးကြင်ယာတော်ဖြစ်သည်။

(၃) " ဖွါတွေမဟ်ဗိန်သေဝလီးဒ်"။ ။သူမသည် ဟာရိစ်ဗိန်ဟိရှားမ်၏ ဇနီးကြင်ယာတော်ဖြစ်ပြီး နံပါတ်(၂)တွင်ပါရှိသော အွမ်မေဟကီးမ်ဗိန်သေဟာရိစ်ဗိန်ဟိရှားမ်၏ မိခင်ဖြစ်သည်။

(၄) "ဗရဇဟ်ဗိန်သေမတ်စ်အူးဒ်"။ ။သူမသည် ဆွဖ်ဝါးန်ဗိန်အူမိုက်ယဟ်၏ ဇနီးကြင်ယာတော် ဖြစ်သည်။

(၅) "ရိုင်တွဟ်ဗိန်သေရှိုက်ဗဟ်"။ ။သူမသည် အမရ်ဗိန်အားဆွ်၏ ဇနီးကြင်ယာတော်ဖြစ်သည်။

(၆) "စလာဖဟ်ဗိန်သေစအဒ်"။ ။သူမသည် တွလ်ဟာဟ်ဗိန် အဘီတွလ်ဟာဟ်၏ ဇနီးကြင်ယာတော်ဖြစ်သည်။

(၇) "ခန္ဆားစ်ဗိန်သေမာလစ်ကဲ"။ ။သူမသည် ဟဇ်ရသ်မတ်ဆွ် အဗ်ဗိန်အုမိုင်းရ် رضي الله عنه သခင်၏ မိခင်ဖြစ်သည်။

(၈) "အမရဟ်ဗိန်သေအလ်ကမဟ်" တို့ဖြစ်ကြပါသည်။

ဤအမျိုးသမီးအုပ်စုထဲမှ "ခန္ဆားစ်ဗိန်သေမာလစ်ကဲ"နှင့် "အမရဟ်ဗိန်သေအလ်ကမဟ်" တို့မှအပ ကျန်(၆)ဦးသောသူတို့သည် နောက်ပိုင်းတွင် "ဟိဒါယာသ်"အမှန်တရားရရှိခဲ့ပြီး အစ္စလာမ်သာသနာကို လက်ခံ၍ စစ်မှန်သော မွတ်စ်လင်မ်အမျိုးသမီးများ ဖြစ်ခဲ့ကြပေသည်။

ကုရိုင်းရှ်တို့၏ ဤအုပ်စုကြီးသည် ဟိဂျ်ရီ(၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၅)ရက်နေ့တွင် မက္ကာဟ်မြို့မှမဒီနဟ်မြို့ဘက်သို့ ထွက်ခွာချီတက်ခဲ့ကြလေ၏။

## ဟဇ်ရသ်အဗ္ဗါးစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ်ထံမှ တမန်တော်မြတ် ﷺ ထံသို့ အကြောင်းကြားလွှာ

ကုရိုင်းရှ်တို့သည် မဒီနဟ်မြို့သို့ချီတက်ရန်အတွက် မက္ကာဟ်မြို့တွင် ပြုလုပ်ကြသော အစီအစဉ်များနှင့်ပတ်သက်၍ ဟဇ်ရသ်အဗ္ဗါးစ်ဗိန် အဗ်ဒုလ်မွတ္တလိဗ် رضي الله عنه သခင်သည် အကြောင်းအရာအလုံးစုံတို့ကို ရေးသားကာ တမန်တော်မြတ် ﷺ ထံသို့ အကြောင်းကြားလွှာ ပေးပို့ခဲ့ပေသည်။

ဟဇ်ရသ်အဗ္ဗါးစ် رضي الله عنه သခင်က စာပို့သမားအား သုံးရက်အတွင်း မဒီနဟ်မြို့သို့ အမြန်ဆုံးသွားရောက်၍ တမန်တော်မြတ် ﷺ ထံသို့ စာလွှာပို့ဆောင်ပေးရန်အတွက် စေခိုင်းလိုက်လေ၏။

(ဗုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၀၊ ၂၁၊
တဗ်ရီကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၈၊
တဗ်ကားသ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၅)

## မဒီနဟ်မြို့တွင် မရ်ှဝရဟ်နှီးနှောဖလှယ်ပွဲ

ဟီဂျရီ(၂)ခုနှစ်၊ ရမဇာန်လမြတ်(၁၇)ရက်နေ့တွင် ဂဇ်ဝဟ်ဗဒရ် ဖြစ်ပွားခဲ့ပါသည်။ ဂဇ်ဝဟ်ဗဒရ်အကြောင်းတွင် "သုံ့ပန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်" ခေါင်းစဉ်၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ဟီဂျရီ(၃) ခုနှစ်တွင် မွတ်စ်လင်မ်များထဲမှ လူပေါင်း(၇၀)ရှဟီးဒ် ဖြစ်မည့်အကြောင်း ကို တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် တမန်တော်မြတ် ﷺ အပေါ် ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါးမှကျရောက် လာခဲ့သော ဝဟီဗျာဒိတ်တော်ဖြင့် ကြိုတင်သိရှိထားခဲ့ကြပေသည်။

ယခုအချိန်တွင် မက္ကဟ်မြို့ရှိ တမန်တော်မြတ် ﷺ ၏ ဘကြီးတော် အရှင်းဖြစ်သူ ဟဇ်ရသ်အဗ္ဗါးစ်ဗိန်အဗ်ဒုလ်မွတ္တလိဗ် ﷺ သခင်ထံမှရောက်ရှိ ခဲ့သော ဗာလ္ဟာအရ အကြောင်းအရာနှင့် အခြေအနေများကို သိရှိခဲ့သော အခါ တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်အနတ်စ် ﷺ သခင်နှင့် ဟဇ်ရသ်မူနီးစ် ﷺ သခင်တို့အား ကုရိုင်းရှ်တို့၏ သတင်းများကို စုံစမ်း လေ့လာရန်အတွက် စေလွှတ်တော်မူ၏။

တစ်ဖန် ဟဇ်ရသ်ဟဘားဗ်ဗိန်မွန်ဇိရ် ﷺ သခင်အား ကုရိုင်းရှ် တို့၏ အင်အားကို ခန့်မှန်းလေ့လာရန်အတွက် စေလွှတ်တော်မူ၏။ ဟဇ်ရသ်အနတ်စ် ﷺ သခင်နှင့် ဟဇ်ရသ်မူနီးစ် ﷺ သခင်တို့က "ကုရိုင်းရှ် တို့သည် မဒီနဟ်မြို့၏အနီးအနားသို့ရောက်ရှိလာနေပြီ" ဟုလည်းကောင်း၊ ဟဇ်ရသ်ဟဘားဗ်ဗိန်မွန်ဇိရ် ﷺ သခင်က ကုရိုင်းရှ်တို့၏အင်အားကို ခန့်မှန်းလေ့လာခဲ့ပြီဟုလည်းကောင်း တမန်တော်မြတ် ﷺ ထံသို့ အသီးသီး သတင်းပေးပို့ကြလေ၏။

ဤအရေးပေါ်ကိစ္စနှင့် ပတ်သက်၍ "မရ်ှဝရဟ်" ပြုတိုင်ပင် ဆွေးနွေးရန်အတွက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များကိုဖိတ်ခေါ် တော်မူ၏။ ဆွဟာဗဟ်များထဲမှ အကြီးအကဲများက မဒီနဟ်မြို့တွင်းမှ နေ၍ ခံစစ်အဖြစ် ခုခံရန်အတွက် မရ်ှဝရဟ်အကြံပြုကြပေသည်။

သို့ရာတွင် လူငယ်များနှင့် အခြားသောဆွဟာဗဟ်အများစုသည် မြို့အပြင်သို့ထွက်ပြီး ရန်သူများနှင့် ရင်ဆိုင်ရန်အတွက် မရှ်ဝရဟ် အကြံပြုကြပေသည်။

## တမန်တော်မြတ် ﷺ ၏အိပ်မက်နှင့်ဆုံးဖြတ်ချက်

ယမန့် ဟီဂျ်ရီ(၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၁၀)ရက်၊ ကြာသပတေး နေ့ ဖြစ်ပါသည်။ တမန်တော်မြတ် ﷺ သည် "ဂဇ်ဝဟ်အူဟုဒ်"အတွက် ဆွဟာဗဟ်များနှင့် မရှ်ဝရဟ်ပြုတိုင်ပင် ဆွေးနွေးလျက်ရှိတော်မူ၏။ ဤမရှ်ဝရဟ် ဆွေးနွေးပွဲတွင် လူငယ်များနှင့် ဆွဟာဗဟ်အများစုက မြို့အပြင်ထွက်၍ ရန်သူများနှင့်ရင်ဆိုင်ရန်အတွက် ဆန္ဒရှိကြောင်း အကြံပြုတင်ပြကြပေသည်။

ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ သည် အဗ်ဒုလ္လာဟ် ဗိန်အူဗိုက်ဗိန်ဥလူးလ်နှင့်လည်း တိုင်ပင်ဆွေးနွေးတော်မူ၏။

ဤအဗ်ဒုလ္လာဟ်၏ ဖခင်အမည်မှာ "အူဗိုက်" ဖြစ်ပြီး မိခင် အမည်မှာ"စလူးလ်" ဖြစ်ပါသည်။ ဤအဗ်ဒုလ္လာဟ်ကို အခြားသော အဗ်ဒုလ္လာဟ်များနှင့် ခွဲခြားပြီး ချက်ချင်းသိရှိနိုင်ရန်အတွက် ဖခင်နှင့် မိခင်နှစ်ပါးစလုံး၏ အမည်များနှင့်တွဲ၍ ခေါ်ရလေ့ရှိသည်။

အဆိုပါ အဗ်ဒုလ္လာဟ်ဗိန်အူဗိုက်ဗိန်စလူးလ်သည် မဒီနဟ်မြို့၌ တမန်တော်မြတ် ﷺ ၏ခေတ်ကာလတွင်ရှိခဲ့သော ဘာသာရေးအရေခြုံ "မူနာဖစ်က်" အုပ်စု၏ အကြီးအကဲခေါင်းဆောင်ဖြစ်၍ ၎င်းအား "ရအ်စူလ်မူနာဖိကီးန်" သို့မဟုတ် "ရအီးစူလ်မူနာဖိကီးန်" ဟု ခေါ်ဆိုလေ့ ရှိသည်။

တမန်တော်မြတ် ﷺ သည် ဤ "ရအီးစူလ်မူနာဖိကီးန်"နှင့် တိုင်ပင်ဆွေးနွေးတော်မူသောအခါ ၎င်းက အကြောင်းအမျိုးမျိုးကို တင်ပြ ခဲ့ပြီးနောက် မဒီနဟ်မြို့အတွင်းမှနေ၍ ရန်သူများနှင့် ရင်ဆိုင်ရန်အတွက် မရှ်ဝရဟ်ပြု အကြံပေးခဲ့ပါသည်။

အားလုံး၏ ဆန္ဒအမှုံမှုံကို နားဆင်တော်မူပြီးနောက် တမန်တော်မြတ် ﷺ က မိမိဆန္ဒသည်လည်း မဒီနဟ်မြို့တွင်းမှနေ၍ ရင်ဆိုင်ရန် ဖြစ်သည်ဟု အမိန့်ရှိတော်မူ၏။ သို့သော် ယခုအချိန်အထိ ထိုကိစ္စကို ဆုံးဖြတ်တော်မူခြင်း မရှိသေးပေ။

ယနေ့ညအချိန်တွင် မဒီနဟ်မြို့၏ လေးဘက်လေးတန်မှ ကင်းစောင့်ရန်နှင့် ကင်းလှည့်ရန်အတွက် အထူးအစီအစဉ်ပြုလုပ်ကြပေသည်။ ဟဇ်ရသ်စအဒ်ဗိန်အုဗာဒဟ် ﷺ သခင်၊ ဟဇ်ရသ်စအဒ်ဗိန်မအားဇ် ﷺ သခင်နှင့် ဟဇ်ရသ်အုစိုင်းဒ်ဗိန်ဟုဇိုင်းရ် ﷺ သခင်တို့သည် "မတ်စ်ဂျိဒ်နဗဝီ" တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော်၌ တစ်ညတာလုံး ကင်းစောင့်ကြပေသည်။

ဟီဂျရီ(၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၁၁)ရက်၊ သောကြာနေ့ နံနက်မိုးသောက် အရုဏ်ရောက်သောအခါ တမန်တော်မြတ် ﷺ သည် လွန်ခဲ့သောညက အိပ်မက်ခဲ့သောအကြောင်းကို မိန့်ကြားတော်မူသည်မှာ

"ငါတမန်တော်မြတ်သည် အလွန်ခိုင်ခံ့သော သံချပ်အင်္ကျီထဲတွင် ရှိနေခဲ့ပါသည်။ အရှေ့၌ နွားမတစ်ကောင်ကို လူအများက လှီးဖြတ်နေကြပေသည်။ တစ်ဖန် မိမိဓါးကို လှုပ်ခါခဲ့သောအခါ ဓါး၏ အရှေ့ပိုင်းမှာ ကျိုးကျသွား၏။ ၎င်းဓါးကို ဒုတိယအကြိမ် လှုပ်ခါခဲ့သောအခါ ဓါးမှာအလွန်ထက်မြပြီး ပထမအကြိမ်ထက်သာပို၍ ကောင်းမွန်ခဲ့သည်"ဟူ၏။

အထက်ပါအိပ်မက်၏ အတွင်းအဓိပ္ပာယ်နှင့် သဘောတရားကို တမန်တော်မြတ် ﷺ က ရှင်းပြတော်မူခဲ့သည်မှာ

သံချပ်အင်္ကျီသည် မဒီနဟ်မြို့ဖြစ်ပြီး ဓါးရည်၏အရှေ့ပိုင်းသည် ပထမအကြိမ်ကျိုးသွားခြင်းနှင့် နွားမအလှီးခံရခြင်း၏အဓိပ္ပာယ်မှာ အချို့ဆွဟာဗဟ်များသည် ရှဟီးဒ်ဖြစ်ပြီး ဒုတိယအကြိမ်ဓါးရည်က ထက်မြ၍ သာပိုပြီး ကောင်းမွန်လာခြင်း၏ အဓိပ္ပာယ်မှာ နောင်သောအခါတွင် ဆွဟာဗဟ်များ၏ အခြေအနေမှာတောင့်တင်း၍ အလွန်ကောင်းမွန်လာပါလိမ့်မည်"ဟု ဖြစ်သည်။

တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များထဲမှ အချို့သော အကြီးအကဲများက မဒီနဟ်မြို့အတွင်းမှနေ၍ ခုခံရင်ဆိုင်ရန်အတွက် ဆန္ဒရှိကြောင်းကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

သို့သော် ယခုအချိန်အထိ ယင်းကိစ္စနှင့်ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်ကို မချမှတ်ရသေးချေ။ ထိုအချိန်တွင် ဟဇရတ် အဗ်ဒုလ်မွတ္တလိဗ် ﷺ သခင်၊ ဟဇရတ်စအဒ်ဗိန်အုဗာဒဟ် ﷺ သခင်နှင့် ဟဇရတ်နုအ်မာန်ဗိန်မာလစ်က် ﷺ သခင်တို့က တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! အကယ်၍ မဒီနဟ်မြို့တွင်းမှနေ၍ ခုခံကြလျှင် ရန်သူတို့က ကျွန်ုပ်တော်များမှာ ၄င်းတို့နှင့်ခုခံရင်ဆိုင်ရန်အတွက် သတ္တိမရှိဟု ထင်မြင်ယူဆနိုင်ဖွယ်ရှိ၍ ရန်သူများနှင့် မြို့အပြင်တွင် လွှတ်လပ်စွာ ရင်ဆိုင်ကြရန် လိုအပ်သည်" ဟုလျှောက်တင်ကြလေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဟဇရတ်ဟမ်ဇဟ် ﷺ သခင်က တမန်တော်မြတ် ﷺ အား

"ဝလ္လဇီး အန်ဇလ အလိုက်ကလ် ကိသားဘ လားအတ္ဓအမုလ် ယောက်မ တွအားမန် ဟသ်သား အုဂျားဒိလဟူမ် ဘိစိုက်ဖီး ခါးရိဂျလ် မဒီးနသိ"

**ဆိုလိုသည်မှာ** "ယားရစူးလလ္လားဟ်! ကိုယ်တော့်အပေါ် ကျမ်းမြတ်ကုရ်အာန်ကိုချပေးတော်မူသော အလ္လာဟ်အရှင်မြတ်၏ကစမ်! ကျွန်တော်သည် မဒီနဟ်မြို့အပြင်တွင် မိမိဓါးရှည်ဖြင့် ဤရန်သူများနှင့် ရင်ဆိုင်ခြင်း မပြုမည့်အချိန်ကာလအထိ ယနေ့ ထမင်းစားသောက်မည်မဟုတ်ပါ"ဟု လျှောက်တင်လေ၏။

တစ်ဖန် ဟဇရတ်နုအ်မာန်ဗိန်မာလစ်က်အန်ဆွာရီ ﷺ သခင်က "ယားရစူးလလ္လားဟိ လားသုဟ်ရိမ့်နလ် ဂျန္နသ ဖဝလ္လဇီး ဘအ‌စက ဘိလ်ဟက်ကိ လအဒ်ခုလန္နလ် ဂျန္နသ"

**ဆိုလိုသည်မှာ** "အို..အလ္လာဟ်အရှင်မြတ်၏ တမန်တော်! ကျွန်တော်များကို ဂျန္နသ်မှ ဝေစုမဲ့သူများ မဖြစ်စေပါနှင့်။ ကိုယ်တော့်ကို ဟတ်က်အမှန်တရားနှင့်ဘကွ စေလွှတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏

ကစမ်! မုချဧကန် ကျွန်တော်သည် ဂျန္နသ်သို့ဝင်ရောက်ပါမည်" ဟု လျှောက်တင်ခဲ့ပေသည်။

တမန်တော်မြတ် ﷺ က ဟာဇ်ရတ်နုအ်မားန်ဗင်နီမာလစ်က် ﷺ သခင်အား အသင်သည် အဘယ်အကြောင်းပေါ်မူတည်၍ ဤကဲ့သို့ တောင်းဆိုနေပါသနည်းဟု မေးမြန်းတော်မူရာ ဟာဇ်ရတ်နုအ်မားန် ﷺ သခင်က

"လိအန္နီး အရှဟာဒူအန့်လားအိလားဟာ အိလ်လလ္လားဟူ ဝအန္နက ရစူးလွ်လ္လားဟိ ဝလားအဖိရ်ရ ယောက်မဇ် ဇုဟုဖိ"

**ဆိုလိုသည်မှာ** "အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် မုချဧကန် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခ,ဝပ်ကိုးကွယ်ထိုက်သော အရှင် မရှိကြောင်းနှင့် ကိုယ်တော်သည် မုချဧကန် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်ကြောင်းကို သက်သေခံအပ်ပါသည်။ ထို့နောက် ကျွန်တော်သည် ရန်သူများနှင့် ခုခံရင်ဆိုင်ရာမှ ဆုတ်ခွာထွက်ပြေးမည် မဟုတ်ကြောင်း"ဟု လည်းကောင်း၊

နောက်ရိဝါယသ် တစ်ပုဒ်တွင် လာရှိသည်မှာ

"လိအန္နီး အုဟိဗ်ဗုလ္လားဟ ဝရစူးလဟူး"

**ဆိုလိုသည်မှာ** "အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် မုချဧကန် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကို ချစ်မြတ်နိုးသော ကြောင့်ပင်ဖြစ်သည်" ဟု ဖြေကြားခဲ့ပေသည်။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က "ဆွဒတ်က်သ"

**ဆိုလိုသည်မှာ** "အသင်သည် မှန်သောစကားကို ဆို၏"ဟုအမိန့်ရှိ တော်မူသည်။

ယနေ့ ဟိဂျ်ရီ(၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၁၁)ရက်၊ ဂျုမ္မအဟ် သောကြာနေ့ဖြစ်ပါသည်။ တမန်တော်မြတ် ﷺ သည် ဂျုမ္မအဟ်နမားဇ် ဝတ်ပြုပြီးနောက် ရန်သူများနှင့်ပြန်လည်ခုခံရင်ဆိုင်ခြင်း၏ "ဖဇီလသ်" အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အယူးမိန့်ခွန်းတော်များကို မိန့်ကြား တော်မူ၏။

တမန်တော်မြတ် ﷺ သည် မြို့တွင်းမှနေ၍ ခုခံရင်ဆိုင်ရန်အတွက် ဆန္ဒရှိခဲ့သော်လည်း ဟဇရတ်ဟမ်ဇဟ် ؓ သခင်နှင့် ဟဇရတ်စအဒ်ဗိန်အူဗာဒဟ် ؓ သခင်တို့၏ အခြေအနေများကို ရှုအားပြီး ကိုယ်တော်တိုင်လည်း မိမိဆန္ဒကိုပြောင်းကာ မဒီနဟ်မြို့အပြင်သို့ ထွက်၍ ရန်သူများနှင့် ရင်ဆိုင်ရန်အတွက် ဆုံးဖြတ်တော်မူပြီး ဆွဟာဗဟ်များကိုလည်း အသင့်ပြင်ဆင်စေ၍ အလ္လာဟ်လမ်းသို့ ထွက်ကြရန်အတွက် အမိန့်ပေးတော်မူ၏။

တမန်တော်မြတ် ﷺ သည် အဆွရ်နမာဇ် ဝတ်ပြုပြီးနောက် မိမိအခန်းသို့ ကြွမြန်းတော်မူသောအခါ တမန်တော်မြတ် ﷺ နှင့်အတူ ဟဇရတ်အဗူဗာကရ်ဆိဒ္ဒီးက် ؓ သခင်နှင့် ဟဇရတ်အူမရ်ဖါရူးက် ؓ သခင်တို့လည်း လိုက်ပါသွားကြပေသည်။

တမန်တော်မြတ် ﷺ သည် မိမိအခန်းသို့ ကြွမြန်း၍ သံချပ်အင်္ကျီကို နှစ်ထပ်ဝတ်ဆင်တော်မူ၏။ ထိုအချိန်တွင် ဟဇရတ်စအဒ်ဗိန်မအားဇ် ؓ သခင်နှင့် ဟဇရတ်အူစိုင်းဒ်ဗိန်ဟူဒိုင်းရ် ؓ သခင်တို့သည် လူငယ်များနှင့် အခြားသောပုဂ္ဂိုလ်များအား "အသင်တို့သည် စဉ်းစားနားလည်ပြီး သဘောပေါက်ရန် လိုအပ်သည်မှာ တမန်တော်မြတ် ﷺ အပေါ် အလ္လာဟ်အရှင်မြတ်ထံမှ အမြဲဝဟီကျလာလေ့ရှိသည်။ သို့သော်လည်း ယခု အသင်တို့၏ဆန္ဒအတိုင်း တမန်တော်မြတ် ﷺ က မိမိဆန္ဒကို ပြောင်းနေတော်မူလျက်ရှိသည်"ဟု သတိပေးနှိုးဆော်ကြပေသည်။

သို့ပါ၍ တမန်တော်မြတ် ﷺ သည် သံချပ်အင်္ကျီ ဝတ်ဆင်၍ မိမိအခန်းထဲမှ အပြင်ထွက်လာတော်မူသောအခါ မြို့အပြင်မှနေပြီး ရင်ဆိုင်ရန်အတွက် ဆန္ဒရှိ၍ မရှ်ဝရာအကြံပြုကြသော ဆွဟာဗဟ်များသည် ဟဇရတ်စအဒ်ဗိန်မအားဇ် ؓ သခင်နှင့် ဟဇရတ်အူစိုင်းဒ်ဗိန်ဟူဒိုင်းရ် ؓ သခင်ကြီးတို့၏ သတိပေးနှိုးဆော်မှုကြောင့် မိမိတို့၏ ချို့ယွင်းမှုကို သိရှိသွားကြပြီး တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်တို့သည် ကိုယ်တော်မြတ်၏ ဆန္ဒနှင့် ဆန့်ကျင်ကြရန် လုံးဝမထိုက်သင့်ပါ။ ယခု ကျွန်တော်တို့သည် ကိုယ်တော်ဆန္ဒရှိသည့်

အကိုင်း အမိန့်နာခံရန်အတွက် အဆင်သင့်ရှိကြပါသည်။ သို့ပါ၍ ကိုယ်တော်သည် ကျွန်တော်တို့၏ အမှားရှုံ့ယွင်းမှုကို ခွင့်လွှတ်ပြီး ဤကိစ္စကို မိမိဆန္ဒတော်အတိုင်း ဆောင်ရွက်တော်မူပါ" ဟူ၍ တည်ညီ တည်ညွတ်စွာ လျှောက်တင်ကြလေ၏။

ရန်သူများနှင့်ရင်ဆိုင်ရန်အတွက် လက်နက်တပ်ဆင်လိုက်သော အခါ တမန်တော်မြတ် ﷺ က "ရင်ဆိုင်မှုသို့မရောက်မီ မည်သည့်တမန် တော်အတွက်မျှလည်း လက်နက်ချွတ်ခွင့်မရှိပါ" ဟူ၍ အမိန့်ရှိတော်မူ၏။ ဆက်လက်၍ တမန်တော်မြတ် ﷺ က "ယခုအချိန်တွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို အပြည့်အဝအားကိုးပြီး အလ္လာဟ့်လမ်းသို့ ထွက် ကြပါ။ ထို့နောက် ငါတမန်တော်မြတ်၏ အမိန့်ကို တိကျစွာနာခံကြပါ။ အသင်တို့၏ သည်းခံခြင်းတရားထားရှိမှုနှင့် အမိန့်နာခံမှုအတိုင်း အသင် တို့အပေါ်သို့ အလ္လာဟ်အရှင်မြတ်ဘက်မှ "နုဆ်ရသ်"ကူညီမှုများ ရောက်ရှိ လာပါလိမ့်မည်"ဟု မိန့်ကြားတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် မြင်းပေါ်သို့တက်၍ စီးနင်းတော်မူ၏။ တမန်တော်မြတ် ﷺ ၏ အရှေ့တွင် ဟဇ်ရသ်စအဒ်ဗင် မအားဇ် ﷺ သခင်နှင့် ဟဇ်ရသ်စအဒ်ဗင်အူဘာဒဟ် ﷺ သခင်တို့ရှိကြပြီး ကျန်ဆွဟာဗဟ်များသည် တမန်တော်မြတ် ﷺ ၏ ယာဘက်နှင့် ဝဲဘက် တွင် ရှိကြပေသည်။

တမန်တော်မြတ် ﷺ သည် မိမိဆွဟာဗဟ်များနှင့်အတူ မဒီနဟ် မြို့မှ ထွက်ခွာ၍ "အူဟုဒ်" တောင်ဘက်သို့ သွားရောက်ကြပေသည်။

(ဇူရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၃၊

အလ်ဘိဒါးယဟ်ဝန်နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၁၂)

☆ ☆ ☆ ☆ ☆

## ဆွဟာဗဟ်များကို စစ်ဆေးခြင်း

မဒီနဟ်မြို့နှင့် "အူဟုဒ်" တောင်၏ အလယ်ကြားမှာတောင်ပူစာလေး(၂)လုံးရှိပါသည်။ ဟစ်ချိန်က ထိုတောင်ပူစာ(၂)လုံးထဲမှ (၁)လုံးပေါ်တွင် မျက်မမြင်ယဟူဒီ အဖိုးအိုတစ်ဦးနေထိုင်ပြီး နောက်တောင်ပူစာ (၁)လုံးပေါ်တွင် မျက်မမြင် ယဟူဒီတစ်ဦး နေထိုင်ခဲ့ပါသည်။ သို့ပါ၍ ထိုနေရာကို "ရှိုင်ခိုင်းန်" ဟုခေါ်ဆိုကြပေသည်။

မဒီနဟ်မြို့မှ အူဟုဒ်တောင်သို့သွားရန်အတွက် ထွက်ခွာလာခဲ့သော ဆွဟာဗဟ်ပေါင်းတစ်ထောင်တို့သည် "ရှိုင်ခိုင်းန်" မည်သော အဆိုပါ စခန်းသို့ ရောက်ရှိခဲ့ကြသောအခါ တမန်တော်မြတ် ﷺ သည် ဂျမာအသ်တစ်ခုလုံးကို စစ်ဆေး၍ အရွယ်မရောက်သေးသော လူငယ်များကို ရွေးချယ်ပြီး မိမိတို့၏နေအိမ်သို့ ပြန်သွားခိုင်းတော်မူ၏။

ဤဂျမာအသ်ထဲမှ မိမိတို့၏နေအိမ်သို့ ပြန်သွားခိုင်းခြင်းခံရသည့် အရွယ်မရောက်သေးသော အချို့လူငယ်များ၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အူစာမဟ်ဗိန်ဇိုင်းဒ် ﷺ သခင်
(၂) ဇိုင်းဒ်ဗိန်စာဗိသ် ﷺ သခင်
(၃) အဘူစအီးဒ်ခွဒ်ရီး ﷺ သခင်
(၄) အဗ်ဒူလ္လာဟ်ဗိန်အူမရ် ﷺ သခင်
(၅) အူစိုင်းဒ်ဗိန်ဟူဇိုင်းရ် ﷺ သခင်
(၆) အူရာဗဟ်ဗိန်အောစ် ﷺ သခင်
(၇) ဗရ်ရားအ်ဗိန်အာဇစ်ဗ် ﷺ သခင်
(၈) ဇိုင်းဒ်ဗိန်အရ်ကမ် ﷺ သခင် တို့ဖြစ်ကြသည်။

ဟာဇ်ရသ်အီမာမ်ရာဇီအီ (رحمة الله عليه) သခင်က အမိန့်ရှိခဲ့သည်မှာ

တမန်တော်မြတ် ﷺ သည် "ဂဇ်ဝဟ်အူဟုဒ်" အချိန်တွင် အသက်(၁၄)နှစ်သာရှိပြီး အရွယ်မရောက်သေးသော ဆွဟာဗီ (၁၇)ဦး

တို့ကို ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခွင့်မပြုသည့်အပြင် မိမိတို့၏နေအိမ်များသို့ အသီးသီး ပြန်သွားစေတော်မူ၏။

တစ်ဖန် တစ်နှစ်ကျော်အချိန်ကာလကြာမြင့်၍ အသက် (၁၅)နှစ်ပြည့်ကာအရွယ်ရောက်ခဲ့သောကြောင့် "ရန်သူများနှင့်ပြန်လည်ရင်ဆိုင်ခုခံမှု"များတွင် ပါဝင်ခွင့်ပြုတော်မူ၏။

အရွယ်မရောက်သေးသော လူငယ်များတွင် ဟဇ်ရသ်ရာဖိအ်ဗင်န်ခုဒိုင်းဂျ် رضي الله عنه သခင်လည်း ပါဝင်ပါသည်။ ၄င်းသည် တမန်တော်မြတ် ﷺ ကဆွဟာဗဟ်များကို စစ်ဆေးနေချိန်တွင် မိမိခြေဖျားကို ထောက်ကာမတ်တတ်ရပ်နေ၍ လူကြီးများကဲ့သို့ ထင်မှတ်ရသောကြောင့် တမန်တော်မြတ် ﷺ သည် ၄င်းအား ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခွင့်ပြုတော်မူသည်။ ဤဆွဟာဗီလူငယ်သည် မြားပစ်ခြင်းအတတ်ကို တစ်ဖက်ကမ်းခတ်မျှတတ်မြောက်ကျွမ်းကျင်သည်ဟု ပြောဆိုခဲ့ကြလေသည်။

ဟဇ်ရသ်စမုရဟ်ဗင်န်ဂျုန်ဒုဗ် رضي الله عنه သခင်သည်လည်း ဟဇ်ရသ်ရာဖိအ်ဗင်န်ခုဒိုင်းဂျ် رضي الله عنه သခင်နှင့် သက်တူရွယ်တူပင် ဖြစ်သည်။ ဟဇ်ရသ်ရာဖိအ်ဗင်န်ခုဒိုင်းဂျ် رضي الله عنه သခင်သည် ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခွင့်ရရှိခဲ့သောအခါ ဟဇ်ရသ်စမုရဟ် رضي الله عنه သခင်က မိမိပထွေးဖြစ်သူ "ဟဇ်ရသ်မုရိုက်ဗင်န်စနားန်" အား အို..အပါ! ကျွန်တော်သည် နပန်းသတ်ခြင်းအတတ်၌ "ရာဖိအ်ဗင်န်ခုဒိုင်းဂျ်"ကို နိုင်ပါသည်။ ကျွန်တော်သည် ရာဖိအ်ကို နိုင်သော်လည်း ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခွင့်မရရှိခဲ့ပါ။ ရာဖိအ်သည်ကျွန်တော့်ကိုနိုင်ခြင်း မရှိသော်လည်း ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခွင့်ရရှိခဲ့သည်" ဟူ၍ ပြောဆိုလေ၏။

ဘထွေးဖြစ်သူ "ဟဇ်ရသ်မုရိုက်ဗင်န်စနားန်"သည် ဤအကြောင်းကို တမန်တော်မြတ် ﷺ ထံသို့ လျှောက်တင်ခဲ့သောအခါတမန်တော်မြတ် ﷺ က အဆိုပါလူငယ်များဖြစ်ကြသော ဟဇ်ရသ်ရာဖိအ်ဗင်န်ခုဒိုင်းဂျ် رضي الله عنه သခင်နှင့် ဟဇ်ရသ်စမုရဟ်ဗင်န်ဂျုန်ဒုဗ် رضي الله عنه သခင်တို့နှစ်ဦးစလုံးကိုခေါ်ဆောင်၍ နပန်းသတ်စေတော်မူ၏။ ဤနပန်းသတ်ပွဲတွင် ဟဇ်ရသ်စမုရဟ်ဗင်န်ဂျုန်ဒုဗ် رضي الله عنه သခင်မှာ ဟဇ်ရသ်ရာဖိအ်ဗင်န်ခုဒိုင်းဂျ် رضي الله عنه သခင်ကို

အနိုင်ရရှိခဲ့ပေသည်။ သို့ပါ၍ တမန်တော်မြတ် ﷺ သည် ဟဇ်ရသ် စမူရဟ်ဗိန်ဂျုန်ဒုဗ် ؓ သခင်ကိုလည်း ဂဇ်ဝဟ်အုဟုဒ်တွင် ပါဝင်ခွင့် ပြုတော်မူ၏။

*ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၂၅*

*တွဗ်ရီကျမ်း ၊ အတွဲ-၃ ၊ စာမျက်နှာ-၁၂*

## မူနာဖစ်ကီများသစ္စာဖောက်ခြင်း

ဟီဂျ်ရီ (၃)ခုနှစ်၊ ရှောင်ဝ်ဝါလ်လ (၉)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကူရိုင်းရှ်တို့သည် အဘူစွဖ်ယာန်နှင့် အခြားသော အဓိပတိခေါင်းဆောင်များ၏ ဦးစီးမှုဖြင့် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ချီတက်လာပြီး "အုဟုဒ်" တောင်ခြေရင်းတွင် နေရာကောင်းများကိုယူ၍ ခြေကုပ်စခန်းချခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ သည် ရှောင်ဝ်ဝါလ်လ(၁၁)ရက်၊ သောကြာနေ့တွင် အဆွရ်နမာဇ်ဝတ်ပြုပြီးနောက် မဒီနဟ်မြို့မှ ထွက်ခွာတော်မူပြီး "ရှိုင်ခိုင်းန်"ဟူသောစခန်းသို့ ရောက်ရှိတော်မူသောအခါ နေဝင်သွားခဲ့လေ၏။ ဟဇ်ရသ်ဗိလားလ် ؓ သခင်က အဇာန်ဆိုပြီးနောက် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် မဂ်ရိဗ်နမာဇ်ကို ဂျမာအသ်နှင့်တကွ ဝတ်ပြုကြပေသည်။

ဤနေရာသို့ ရောက်ရှိလာကြသောအခါ အလင်းပျောက်၍ အမှောင်ထုကြီးစိုးခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည် ယနေ့ည ဤစခန်းတွင် တည်းခိုကြရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ပြီး ညအချိန်တွင် လုံခြုံရေးကင်းစောင့်ရန်အတွက် မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ؓ သခင်ကို တာဝန်အပ်နှင်းတော်မူ၏။ ကင်းတာဝန်ခံဖြစ်သူ ဟဇ်ရသ်မိုဟမ္မဒ်ဗိန်မွတ်စ်လိမဟ် ؓ သခင်သည် မိမိတာဝန်အရ လေးဘက်လေးတန် လှည့်လည်ပြီး ကင်းစောင့်ခဲ့ပါသည်။

နံနက်ဖဂျရ်အချိန်သို့ ရောက်ရှိလာသောအခါ ဟာဇ်ရသ်ဗိလားလ် ؓ သခင်က အဇာန်ဆိုပြီးနောက် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် ဂျမာအသ်နှင့်တကွ ဖဂျရ်နမာဇ်ကို ဝတ်ပြုကြပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ သည် လက်ရှိစခန်းဖြစ်သော "ရှိုင်ခိုင်းန်" မှ "အူဟုဒ်" တောင်ဘက်သို့ ထွက်ခွာရန်အတွက် အစီအစဉ် ပြုလုပ်တော်မူ၏။

မဒီနဟ်မြို့တွင် တမန်တော်မြတ် ﷺ သည် အဗ်ဒုလ္လာဟ်ဗိန် အူဗိုက်ဗိန်စလူးလ်နှင့်လည်း ဤဂဇ်ဝဟ်အူဟုဒ်နှင့် ပတ်သက်၍ တိုင်ပင် ဆွေးနွေးခဲ့ကြောင်းကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ က မဒီနဟ်မြို့မှ ထွက်ခွာလာနေသော အခါ "ရအီးစုလ်မုနာဖိကီးန်" မုနာဖစ်က် အယောင်ဆောင် မွတ်စ်လင်မ်များ၏ အဓိပတိ ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်ဗိန်အူဗိုက်ဗိန်စလူးလ် သည်လည်း မိမိအပေါင်းအပါ (၃၀၀)နှင့်အတူ ဂဇ်ဝဟ်အူဟုဒ်၌ ပါဝင် ဟန်ဆောင်ပြီး တမန်တော်မြတ် ﷺ နှင့်အတူ မဒီနဟ်မြို့မှ ထွက်ခွာ လာခဲ့ပေသည်။

မွတ်စ်လင်မ်များသည် အူဟုဒ်တောင်သို့ မရောက်ရှိမီအလျင် "ရအီစုလ်မုနာဖိကီးန်" အရေခြုံ မွတ်စ်လင်မ်များ၏ ခေါင်းဆောင်ဖြစ်သူ အဗ်ဒုလ္လာဟ်ဗိန်အူဗိုက်ဗိန်စလူးလ်သည် တမန်တော်မြတ် ﷺ က ၎င်း၏ မရှ်ဝရဟ် အကြံပြုချက်ကို လက်မခံခဲ့ဘဲ မဒီနဟ်မြို့၏အပြင်သို့ ထွက်ခွာ လာခြင်းကို အကြောင်းပြပြီး မိမိအပေါင်းအပါ (၃၀၀) သုံးရာတို့ကိုအတူ ခေါ်ဆောင်၍ မွတ်စ်လင်မ်များထံမှ အုပ်စုခွဲပြီး ဤနေရာမှပင် မဒီနဟ်မြို့ သို့ နောက်ကြောင်းပြန်လှည့်သွားခဲ့ပေသည်။

အထက်ပါလူပေါင်း (၃၀၀)ခွဲထွက်သွားပြီးနောက် ယခု တမန် တော်မြတ် ﷺ နှင့်အတူ လူပေါင်း (၇၀၀)ပင် ကျန်ရစ်ခဲ့ပါသည်။ ၎င်း (၇၀၀) ထံမှ လူပေါင်း (၁၀၀)ထံတွင် သံချပ်အင်္ကျီများရှိနေခဲ့ပြီး ကျန် လူပေါင်း (၆၀၀)ထံတွင် သံချပ်အင်္ကျီမရှိခဲ့ပေ။ မွတ်စ်လင်မ်များထံတွင် မြင်းမှာလည်း (၂) ကောင်ပင် ရှိခဲ့ပါသည်။ ထိုမြင်းနှစ်ကောင်ထံမှ

တစ်ကောင်မှာ တမန်တော်မြတ် ﷺ ၏ မြင်းဖြစ်ပြီး နောက်တစ်ကောင်မှာ ဟဇ်ရသ်အဘူဘရ်ဒဟ်ဗိန်နယားရ်ဟာရိစ် ﷺ သခင်၏ မြင်းဖြစ်ပါသည်။

မုနာဖစ်က်များ၏ ဤသစ္စာဖောက်မှုနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်ထဲရှိ "စူရဟ်အားလေအိမ်ရာန်" မှ အာယသ်တော်နံပါတ် (၁၆၇) ကျရောက်လာခဲ့ပေသည်။

ကဘီလဟ်အောစ်ထဲမှ ဗနီဟာရိစဟ်နှင့် ကဘီလဟ်ခဇ်ရဂျ်ထဲမှဗနီစလမဟ်တို့သည် မွတ်စ်လင်မ်ဆွဟာဗဟ်များတွင် ယာဘက်နှင့် ဝဲဘက်မှာ ရှိနေကြပေသည်။ မုနာဖစ်က်များက သစ္စာဖောက်ပြီး ပြန်နေသောအခါ ဗနီဟာရိစဟ်နှင့် ဗနီစလမဟ်တို့သည်လည်း ပြန်သွားကြရန်အတွက် "အိရာဒဟ်" စိတ်ဆန္ဒဖြစ်ပေါ်ခဲ့လေ၏။

သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် ဗနီဟာရိစဟ်နှင့် ဗနီစလမဟ်တို့ကို ဤအပြစ်ကြီးမှ ကာကွယ်စောင့်ရှောက်တော်မူ၍ ၎င်းတို့သည် ပြန်သွားခြင်းမရှိခဲ့ချေ။

ဤအကြောင်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်တွင် "စူရဟ်အားလေအိမ်ရာန်" မှ အာယသ်တော်နံပါတ် (၁၂၂) ကျရောက်လာခဲ့ပေသည်။

*(ဗုခါရီကျမ်း ၊ အတွဲ ၂၊ စာမျက်နှာ ၅၂)*

## ခုခံရင်ဆိုင်ရန်အတွက်စီစဉ်မှု

ကူရိုင်းရှ်တို့သည် အူဟုဒ်တောင်ခြေရင်းသို့ ရောက်ရှိလာပြီး နေရာကောင်းများကို ကြိုတင်ယူ၍ ခြေကုပ်စခန်းချခဲ့သည့် အကြောင်းကို အထက်တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

၎င်းတို့၏အုပ်စုကြီးတွင် ယာဘက်၌ "ခါလစ်ဒ်ဗိန်ဝလီးဒ်" ၊ဝဲဘက်၌ "အစ်က်ရမဟ်ဗိန်အဘီဂျဟာလ်"နှင့် ခြေလျင်တပ်အတွက် ရိုပါယသ်

တစ်ပုဒ်အရ "ဆွဖ်ဝါးန်ဗ်န်အှမိုက်ယဟ်"၊ နောက်ရိဝါယသ် တစ်ပုဒ်အရ "အမရ်ဗ်န်အားဆွ် "တို့သည် အသီးသီး တာဝန်ခံများ ဖြစ်ကြပါသည်။

အဆိုပါ ပုဂ္ဂိုလ်အားလုံးသည် နောက်ပိုင်းတွင် အစ္စလာမ် သာသနာကို လက်ခံခဲ့ပြီး သာသနာတော်၏ ကြီးစွာသောတာဝန်များ ကိုထမ်းရွက်ခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ သည် ဤနေရာသို့ ရောက်ရှိခဲ့ပြီးနောက် မွတ်စ်လင်မ်များအတွက် သင့်တင့်သော နေရာတစ်ကွက်ကို ရွေးချယ်၍ "အူဟုဒ်" တောင်ကို မိမိတို့၏ကျောဘက်၌ အခံထားကာ ရန်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရန်အတွက် စီစဉ်တော်မူ၏။

မွတ်စ်လင်မ်များ၏ကျောဘက်ဖြစ်သော "အူဟုဒ်"တောင်၏ အနောက်ဘက်မှ ရန်သူများဝင်လာပြီး တိုက်ခိုက်နိုင်သော အန္တရာယ် ရှိ၍ တောင်နှစ်ခုအလယ်ကြားတွင် ကင်းစောင့်ရန်အတွက် ဆွဟာဗဟ် ပေါင်း (၅၀) တို့၏အုပ်စုကို တာဝန်ပေးပြီး တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗ်န်ဂျုဗိုင်းရ် ﷺ သခင်ကို ၄င်းတို့အပေါ် အမိန့် ခန့်အပ်ပေးတော်မူ၏။

တမန်တော်မြတ် ﷺ က အဆိုပါ ကင်းစောင့်အဖွဲ့အား "အသင် တို့သည် ဤနေရာတွင် ရန်သူများ၏အနောက်ဘက်မှ တိုက်ခိုက်မှု အန္တရာယ်ကို တွန်းလှန်ဖယ်ရှားပြီး ကျွန်တော်တို့ကို ကျောဘက်မှ ကာကွယ်စောင့်ရှောက်ကြပါ။ ကျွန်တော်တို့သည် အနိုင်ရလျှင်သော် လည်းကောင်း၊ ရှုံးနိမ့်သွားလျှင်သော်လည်းကောင်း၊ အသင်တို့သည် မိမိ တို့၏နေရာကို စွန့်လွှတ်၍ ကျွန်တော်တို့ဘက်သို့ လုံးဝဆင်းလာခြင်းမပြု ကြပါနှင့်" ဟု လေးနက်စွာ အမိန့်ရှိတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ်များကို ရန်သူများနှင့် ခုခံရန်အတွက် လိုင်းများ စနစ်တကျစီတန်းပေးတော်မူပြီး မိမိလက်ထဲတွင် ဓါးရှည်တစ်လက်ကို ကိုင်ဆောင်၍

"မိုင့်ယအ်ခုဇု ဟားဇတ်စ် စိုက်ဖကိုဟတ်ကကိဟီး"

**ဆိုလိုသည်မှာ** "ဤဓါးကို ၄င်းဓါး၏ "ဟတ်က်" တာဝန်ဝတ္တရားများနှင့်တကွ အဘယ်သူက လက်ခံပါမည်နည်း" ဟုမေးမြန်းတော်မူ၏။

ဆွဟာဗဟ်များထဲမှ မြောက်မြားစွာသော ပုဂ္ဂိုလ်များက တမန်တော်မြတ် ﷺ ထံမှ ထိုဓါးကို လက်ခံရန်အတွက် လက်များကမ်းလင့်ကြပေသည်။ ထိုအခါ တမန်တော်မြတ် ﷺ က မိမိလက်တော်ကို နောက်သို့ဆုတ်လိုက်တော်မူ၏။

ဟဇ်ရသ်အဘူဒုဂျာနဟ် ﷺ သခင်က ရှေ့တိုး၍ တမန်တော်မြတ် ﷺ အား "ယားရဆူးလလ္လာဟ်! ဤဓါး၏ "ဟတ်က်" တာဝန်ဝတ္တရားများမှာ အဘယ်သို့ဖြစ်ပါသနည်း" ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က "ဤဓါး၏ "ဟတ်က်" တာဝန်ဝတ္တရားများမှာ ယင်းဓါးဖြင့် မည်သည့် မွတ်စ်လင်မ် တစ်ဦးတစ်ယောက်ကိုမျှ မသတ်ဖြတ်ခြင်းနှင့် ဤဓါးကို ကိုင်ဆောင်ထားသူသည် ကာဖိရ်၊ မွရှ်ရစ်က်များနှင့် ရင်ဆိုင်ရာတွင် ၄င်းတို့၏အရှေ့မှ ထွက်ပြေးခြင်းမပြုရန်ပင် ဖြစ်ပါသည်ဟု" မိန့်ကြားတော်မူ၏။

တစ်ဖန် ဟဇ်ရသ်အဘူဒုဂျာနဟ် ﷺ သခင်က "ယာရဆူးလလ္လာဟ်! ကျွန်တော်သည် ဤဓါးကို ၄င်း၏"ဟတ်က်" တာဝန်ဝတ္တရားများနှင့်တကွ လက်ခံရန်အတွက် အဆင်သင့်ပင်ရှိပါသည်" ဟု လျှောက်ထားလေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က ၄င်းဓါးကို ဟဇ်ရသ်အဘူဒုဂျာနဟ် ﷺ သခင်အား ချီးမြှင့်တော်မူ၏။

ဟဇ်ရသ်အဘူဒုဂျာနဟ် ﷺ သခင်သည် ခုခံရင်ဆိုင်မှုများတွင် ခေါင်းပေါင်းအနီကို ဆင်မြန်းလျက် အလွန်ဝမ်းသာအားရစွာ ဖွဲ့မာန်အပြည့်ဖြင့် သူရဲကောင်းပမာ လက်မောင်းတန်းကာ လမ်းလျှောက်လေ့ရှိသည်။

ဤကဲ့သို့ လမ်းလျှောက်ခြင်းမှာ မာန်မာန ထောင်လွှားသူများ၏ အလေ့အထဖြစ်၍ ရိုးရိုး အခြေအနေမျိုးများတွင် အလ္လာဟ်အရှင်မြတ်သည် လမ်းလျှောက်မှု၏ ယင်းပုံစံကို နှစ်မြို့တော်မူခြင်းမရှိပေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ ရန်သူများနှင့်ရင်ဆိုင်ခုခံရာတွင် ယင်းကဲ့

သို့ လမ်းလျှောက်ခြင်းပုံစံကို နှစ်မြို့တော်မှုကြောင်း တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်။

*ဗွစ်ကားသီကျမ်း၊ အတွဲ -၂ ၊ စာမျက်နှာ- ၂၇*

*ရှုဂ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ- ၂၆*

*ဖတ်ဟ်သိဟျလ်ဘာရီကျမ်း၊ အတွဲ- ၇၊ စာမျက်နှာ- ၂၇၀*

## ဂဇ်ဝဟ်အူဟုဒ်၏ ပထမအပိုင်း

မဒီနဟ်မြို့တွင် အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်များ မရောက်ရှိမီအလျှင် "အောစ်" အမျိုးသားတို့၏ အဓိပတိအကြီးအကဲ ခေါင်းဆောင်တစ်ဦးရှိခဲ့ပါသည်။

သူ၏အမည်မှာ "အဘူအာမိရ်" ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဘာသာ သာသနာကို အလွန်ကြည်ညို လေးစားလိုက်စားသောကြောင့် ၎င်းအား အဘူအာမိရ်ရာဟိဗ် ဟုခေါ်ဆိုကြပေသည်။

မဒီနဟ်မြို့သို့ အစ္စလာမ်သာသနာ ပျံ့နှံ့ရောက်ရှိလာပြီး "ဟိဒါယသ်" အမှန်တရား၏ လင်းရောင်ခြည်တော်များ ကွန့်မြူးလင်းလက် တောက်ပလာသောအခါ "အဘူအာမိရ်ရာဟိဗ်" သည် ဟိဒါယသ် အမှန်တရားကို ကြိုဆိုလက်ခံရမည့်အစား မိမိကိုယ်ကျိုးကို ထိခိုက်နေသည်ဟု ထင်မှတ်ပြီး အမှန်တရားကို ဆန့်ကျင်ဖီဆန်ကာ မဒီနဟ်မြို့မှ မက္ကဟ်မြို့သို့ရွှေ့ပြောင်းလာပြီး အပြီးတိုင်နေထိုင်ခဲ့ပေသည်။

အဘူအာမိရ်ရာဟိဗ်သည် မက္ကဟ်မြို့တွင်နေထိုင်၍ ကူရိုင်းရှ် အမျိုးသားတို့ကို မွတ်စ်လင်မ်များအား တိုက်ခိုက်ရန်အတွက် တိုက်တွန်းပြီး သွေးထိုးလှုံ့ဆော်ပေးခဲ့ပါသည်။ သို့ပါ၍ တမန်တော်မြတ် ﷺ က၎င်း၏ ဘွဲ့အမည်ကို "ရာဟိဗ်"မှ "ဖာစိက်" ဟုပြောင်း၍အမည်မှည့်ပေးတော်မူ၏။

"အဘူအာမိရ်ဖါစိက်"က "အကယ်၍ "အောစ်"အမျိုးသားများသည် ကျွန်ုပ်တော့အားတွေ့မြင်ခဲ့ပါလျှင် မုချကေန် ၎င်းတို့သည် "မိုဟာမ္မဒ်"

ကို စွန့်လွှတ်၍ ကျွန်တော့်ထံသို့ အားလုံးလာရောက် စုရုံးကြမည်"ဟု ဆိုကာ ကူရိုင်းရှ်တို့ကို အယုံအကြည်သွင်းပြီး "ဂမ်ဇာ်အူဟုဒ်" တွင် ၎င်းတို့နှင့်အတူ သူသည်လည်း ရှေ့တန်းမှလိုက်ပါလာခဲ့ပေသည်။

ကူရိုင်းရှ်တို့သည် "အူဟုဒ်" တောင်ခြေရင်းသို့ ကြိုတင်ရောက်ရှိလာသောအခါ အဆိုပါ "အဘူအာမိရ်ဖါစိက်" သည် မွတ်စ်လင်မ်များ မှာမြေကျင်းထဲရှိ ညွှတ်ကွင်းပမာ ထောင်ချောက်ထဲသို့ကျ၍ ဘေးသင့်စေရန်အတွက် ဉာဏ်နီဉာဏ်နက်သုံးကာ မိမိကိုယ်တိုင် ထိုနေရာတွင် မြေကျင်းတူးဖော်၍ ထောင်ချောက်တစ်ခုကို ဖန်တီးစီရင်ထားခဲ့လေ၏။

"အူဟုဒ်" တောင်ခြေရင်းသို့ ရောက်ရှိလာကြသော နှစ်ဘက်စလုံး၏ လူများသည် ရင်ဆိုင်ရန်အတွက် လိုင်းများစီတန်း၍ အဆင်သင့်ဖြစ်ကြသောအခါ ခုခံရင်ဆိုင်မှု၏ ပထမအပိုင်းတွင် တစ်ဘက်မှ တစ်ဦးချင်းစီ အောက်ပါအတိုင်း ရင်ဆိုင်ခဲ့ကြပေသည်။

(၁) ကူရိုင်းရှ်တို့ဘက်မှ ပထမဆုံး ထွက်လာခဲ့သော ပုဂ္ဂိုလ်မှာ အဘူအာမိရ်ဖါစိက် ဖြစ်ပါသည်။ ၎င်းသည် ကွင်းပြင်ထဲသို့ လာရောက်၍ မိမိနှင့်ယှဉ်ပြိုင်မည့် သူရဲကောင်းကို ဖိတ်ခေါ်ရမည့်အစားမိမိ ပရိယာယ်ကို အသုံးပြုပြီး "အို..အောစ်အမျိုးသားအပေါင်းတို့! ကျွန်တော်မှာ "အဘူအာမိရ်" ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို အေးချမ်းသာယာစွာထားတော်မူပါစေ"ဟု ဟစ်အော်ခဲ့၏။

အဘူအာမိရ်သည် ကွင်းပြင်ထဲသို့ ပထမဆုံး ဆင်းလာသောအခါ ကူရိုင်းရှ်တို့သည် ၎င်း၏ အယုံအကြည်သွင်းထားမှုအရ "အောစ်" အမျိုးသားတို့သည် တမန်တော်မြတ် ﷺ ထံမှ ထွက်ခွာ၍ အဘူအာမိရ်နှင့် မိမိတို့ဘက်သို့ လိုက်ပါလာလိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြပေသည်။

သို့သော်လည်း အောစ်အမျိုးသားတို့သည် "အဘူအာမိရ်ဖါစိက်" ၏အသံကို ကြားသိကြသောအခါ၌ "အလ္လာဟ်အရှင်မြတ်သည် သင့်ကို အေးချမ်းသာယာမှုမပေးပါစေနှင့်"ဟု ဖြေကြားကြလေ၏။

"အဘူအာမိရ်ဖါစိက်" သည် အောစ်အမျိုးသားတို့ထံမှ မိမိ မျှော်လင့်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သော အလွန်ဝမ်းနည်းဖွယ်ရာကောင်း

သော အထက်ပါဖြေကြားချက်ကို ကြားသိပြီး မိမိအကြံမှာမအောင်မြင်ခဲ့၍ အလွန်ဝမ်းနည်းစွာ စိတ်ဓာတ်ကျဆင်းကာ မိမိအုပ်စုရှိရာသို့ ချက်ချင်းပြန်လာခဲ့ပြီး ကျွန်တော့်အမျိုးသားများသည် ကျွန်တော့်နောက်ပိုင်းတွင် လုံးဝအခြေအနေ ပြောင်းသွားခဲ့သည်ဟုဆိုကာ ကူရိုင်းရှ်တို့ကို အစီရင်ခံပြောပြလေ၏။

(၂) အဘူအာမိရ်ဖါစိက်သည် ဆုံးရှုံးစွာ ပြန်သွားပြီးနောက် ကူရိုင်းရှ်တို့၏ ရှေ့တန်း၌ အလံကိုင်ဆောင်သူ "တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ်" သည် ကွင်းပြင်ထဲသို့ ဝင်ရောက်လာ၍ "အို.. မိုဟမ္မဒ်၏အုပ်စုဝင်အပေါင်းတို့! အသင်တို့၏ယူဆမှုတွင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ဓါးဖြင့် ကျွန်တော်တို့ကို "ဂျဟန္နမ်" သို့ ပို့ဆောင်ပြီး ကျွန်တော်တို့၏ဓါးဖြင့် အသင်တို့ကို "ဂျန္နသ်" သို့ ပို့ဆောင်မည်ဖြစ်၍ ယခုအချိန်တွင် ကျွန်တော့်ဓါးဖြင့် "ဂျန္နသ်" သို့သွားရန် သို့မဟုတ် မိမိတို့၏ဓါးဖြင့် ကျွန်တော်တို့ကို "ဂျဟန္နမ်" သို့ ပို့ဆောင်ရန်အတွက် အသင်တို့ထဲမှ အဘယ်သူက အဆင်သင့်ရှိပါသနည်း"ဟု အော်ဟစ်ပြီး စိန်ခေါ်ခဲ့ပါသည်။

"တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ်" ၏ စိန်ခေါ်မှုကို ရင်ဆိုင်ရန်အတွက် မွတ်စ်လင်မ်များဘက်မှ ဟာဇရသ်အလီဗိန်အဘီတွာလိဗ် ﷺ သခင် ထွက်လာပြီး ၎င်းနှင့်ရင်ဆိုင်ခဲ့ရာ ပထမတစ်ချီတည်း၌ပင် "တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ်" မှာ ဟာဇရသ်အလီ ﷺ သခင်၏ ဓါးချက်ထိမှန်၍ တွလ်ဟာဟ်၏ ခြေထောက်ပြတ်တောက်သွားပေသည်။ တွလ်ဟာဟ်သည် မြင်းပေါ်မှ အောက်သို့ပြုတ်ကျခဲ့သောအခါ ဟာဇရသ်အလီ ﷺ သခင်က ၎င်းကို ကြည့်ရှု၍ နောက်ဆုတ်ခဲ့ပေသည်။

တစ်ဖန် ဒုတိယတစ်ချီတွင် ဟာဇရသ်အလီ ﷺ သခင်သည် တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ်၏ ဦးခေါင်းကိုထက်ခြမ်းပိုင်း၍ ၎င်းအား အဆုံးစီရင်ပေးခဲ့ပါသည်။ တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ် ကျဆုံးသွားသောအခါ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည် "နအ်ရအေ

သတ်ကံဗီးရ်" (အလ္လာဟ်ဟုအတ်ကံဗရ်) အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှု၏ အဓိပ္ပာယ်ရှိသော စာသားကိုကြွေးကြော်ပြီး ဟာဇရတ်အလီ ﷺ သခင်ကို ကောင်းချီးသြဘာပေးကြပါသည်။

တမန်တော်မြတ် ﷺ က ဟာဇရတ်အလီ ﷺ သခင်အား ပထမ တစ်ချီတွင် နောက်ဆုတ်မှု၏ အကြောင်းခံကို မေးမြန်းတော်မူရာ ဟာဇရတ်အလီ ﷺ သခင်က ထိုအချိန်တွင် ကျဆုံးခဲ့သော တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ်၏ အရက်အင်္ဂါပေါ်ခဲ့၍ မိမိမှာရှက်ပြီး နောက်ဆုတ်ခဲ့ရပါသည်ဟု ဖြေကြားလျှောက်ထားခဲ့ပါသည်။

(၃) ကူရိုင်းရှ်တို့ဘက်မှ ဟာဇရတ်အလီ ﷺ သခင်၏လက်ထဲတွင် တွလ်ဟာဟ်ဗိန်အဘီတွလ်ဟာဟ် ကျဆုံးခဲ့ပြီးနောက် ၎င်းတို့ဘက်မှ "အွတ်စ်မားန်ဗိန်အဘီတွလ်ဟာဟ်" သည် မိမိတို့၏အလံတော်ကို ကိုင်ဆောင်ပြီး ကွင်းပြင်ထဲသို့ဝင်လာခဲ့လေ၏။ ၎င်းက "အလံကိုင်ဆောင်သူ၏တာဝန်မှာ တိုက်ခိုက်ရင်ဆိုင်ရင်းဖြင့် ရန်သူများ၏သွေးနှင့် မိမိလှံကို အနီရောင်တင်ခြင်း သို့မဟုတ် မိမိလှံကျိုးသွားခြင်းဖြစ်သည်" ဟုဆိုကာ မိမိနှင့်ရင်ဆိုင်လိုသော သူရဲကောင်းကို စိန်ခေါ်လေ၏။

အွတ်စ်မားန်ဗိန်အဘီတွလ်ဟာဟ်၏ စိန်ခေါ်မှုကို ရင်ဆိုင်ရန်အတွက် မွတ်စ်လင်မ်များဘက်မှ ဟာဇရတ်ဟမ်ဇဟ်ဗိန်အဗ်ဒူလ်မွတ္တလိဗ် ﷺ သခင်ထွက်လာပြီး ၎င်းနှင့်ရင်ဆိုင်ခဲ့ရာ ပထမတစ်ကြိမ်ထဲ၌ပင် အွတ်စ်မားန်ဗိန်အဘီတွလ်ဟာဟ်၏ လက်နှစ်ဖက်ကို ခုတ်ဖြတ်လိုက်သောကြောင့် ၎င်း၏လက်ထဲတွင်ရှိသော အလံမှာ အလိုအလျောက် အောက်သို့ကျသွားခဲ့ရပြီး မကြာမီအချိန်အနည်းငယ်တွင် အွတ်စ်မားန်ဗိန်အဘီတွလ်ဟာဟ်သည်လည်း ကျဆုံးသွားခဲ့လေ၏။

(၄) ကူရိုင်းရှ်တို့ဘက်မှ အွတ်စ်မားန်ဗိန်အဘီတွလ်ဟာဟ်သည် ဟာဇရတ်ဟမ်ဇဟ် ﷺ သခင်၏ ရင်ဆိုင်မှုဖြင့် ကျဆုံးသွားခဲ့သောအခါ အဘူအစဒ်ဗိန်အဘီတွလ်ဟာဟ်သည် မိမိတို့၏အလံတော်ကို ကိုင်ဆောင်၍ ကွင်းပြင်ထဲသို့ ဆင်းလာပြီး မိမိနှင့်ရင်ဆိုင်လိုသူကို စိန်ခေါ်လေ၏။

၎င်း၏ စိန်ခေါ်မှုကို ရင်ဆိုင်ရန်အတွက် မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကာ့ဆ် ﷺ သခင် ထွက်လာပါသည်။ နှစ်ဦးနှစ်ဘက်တို့၏ ရင်ဆိုင်မှုတွင် ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကာ့ဆ် ﷺ သခင်သည် အဘူအစဒ်ဗိန်အဘီတွလ်ဟာ၏ လည်ပင်းကို မြားဖြင့်ချိန်ဆပြီးပစ်ခဲ့ပါသည်။ ထိုမြားသည် အဆိုပါ အဘူအစဒ်ကိုပစ်မှတ်ထားရာ လည်ပင်းသို့ထိမှန်သွားခဲ့၍ ၎င်း၏လျှာသည် ပါးစပ်ထဲမှ အပြင်သို့ထွက်လာပြီး ၎င်းမှာလဲပြိုသွားခဲ့လေ၏။ ထို့နောက် ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကာ့ဆ် ﷺ သခင်သည် ရေ့တိုး၍ မိမိဓါးဖြင့် အဘူအစဒ်ဗိန်အဘီတွလ်ဟာကို အဆုံးစီရင်ပေးခဲ့ပါသည်။

(၅) ကူရိုင်းရှ်တို့ဘက်မှ အဘူအစဒ်ဗိန်အဘီတွလ်ဟာသည် ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကာ့ဆ် ﷺ သခင်၏ခုခံရင်ဆိုင်မှုဖြင့် ကျဆုံးသွားခဲ့ပြီးနောက် ကူရိုင်းရှ်တို့ဘက်မှ "မုစာဖိအ်ဗိန်အဘီတွလ်ဟာ" သည် အလံတော်ကိုကိုင်ဆောင်ပြီး ကွင်းပြင်ထဲသို့ ရောက်ရှိလာပေသည်။ ၎င်းကလည်း မိမိတို့၏အစဉ်အလာအရ မိမိနှင့်ရင်ဆိုင်လိုသည့် သူရဲကောင်းကို ကွင်းပြင်ထဲသို့ ဆင်းလာရန်အတွက် စိန်ခေါ်ခဲ့ပါသည်။

မုစာဖိအ်ဗိန်အဘီတွလ်ဟာ၏ စိန်ခေါ်မှုကြောင့် ၎င်းနှင့်ရင်ဆိုင်ရန်အတွက် မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရသ်အာဆွိမ့်ဗိန်စာဗိသ် ﷺ သခင် ထွက်လာခဲ့ပေသည်။ အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးအချင်းချင်း ရင်ဆိုင်လာသောအခါ ဟာဇ်ရသ်အာဆွိမ့်ဗိန်စာဗိသ် ﷺ သခင်က ပထမ တစ်ချီတည်းဖြင့်ပင် မုစာဖိအ်ဗိန်အဘီတွလ်ဟာကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပါသည်။

(၆) ကူရိုင်းရှ်တို့ဘက်မှ မုစာဖိအ်ဗိန်အဘီတွလ်ဟာကို ဟာဇ်ရသ်အာဆွိမ့်စာဗိသ် ﷺ သခင်က သုတ်သင်ရှင်းလင်းလိုက်ပြီးနောက် ၎င်းတို့ဘက်မှ "ဟာရိစ်ဗိန်တွလ်ဟာဗိန်အဘီတွလ်ဟာ" သည် အထက်ပါအတိုင်း အလံကိုင်ဆောင်၍ ကွင်းပြင်သို့ ထွက်လာပြီး ရင်ဆိုင်လိုသူကို စိန်ခေါ်ခဲ့ပါသည်။ ၎င်းကိုလည်း ဟာဇ်ရသ်အာဆွိမ့်ဗိန်စာဗိသ် ﷺ သခင်က ပထမတစ်ချီတည်းဖြင့်ပင် အဆုံးစီရင်ပေးခဲ့လေ၏။

အချို့သမိုင်းပညာရှင်များ၏ အဆိုအရ "ဟာရိစ်ဗိန်တွလ်ဟပ်" ကို ဟာဇ်ရည်ဖူမိုင်းရ်ဗိန်အဝ်ဝါးမ် ﷺ သခင်က အဆုံးသတ်ပေးခဲ့သည်ဟု လာရှိပါသည်။

(၇) ကူရိုင်းရ်တို့ဘက်မှ "ဟာရိစ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ်" ကျဆုံးခဲ့ပြီးနောက် "ကီလားဗ်ဗိန်တွလ်ဟပ်" သည် ၎င်းတို့ဘက်မှ အလံကိုင်ဆောင်ပြီး ကွင်းပြင်ထဲသို့ ရောက်ရှိလာ၍ ရင်ဆိုင်လိုသူအား စိန်ခေါ်လေ၏။

မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရည်ဖူမိုင်းရ်ဗိန်အဝ်ဝါးမ် ﷺ သခင်ထွက်လာပြီး ရင်ဆိုင်ခဲ့ရာ ပထမတစ်ချီတည်း၌ပင် "ကီလားဗ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ်"မှာ ကျဆုံးသွားခဲ့လေ၏။

(၈) ကူရိုင်းရ်တို့ဘက်မှ ကီလားဗ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ် ကျဆုံးသွားပြီးနောက် ၎င်းတို့ဘက်မှ "ဂျူလားစ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ် သည် အလံတော်ကိုထိန်း၍ ကွင်းပြင်ရှေ့သို့တိုးထွက်လာခဲ့ပေသည်။

မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရည်တွလ်ဟပ်ဗိန်အူမိုင်ဒ်လ္လာဟ် ﷺ သခင်ထွက်လာပြီး "ဂျူလားစ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ်" ကို အပြီးသုတ်သင် ရှင်းလင်းပေးခဲ့ပါသည်။

ကူရိုင်းရ်တို့ဘက်မှ တစ်ဦးချင်းရင်ဆိုင်မှုအတွက် ထွက်လာပြီး ယခုအချိန်အထိ ကျဆုံးခဲ့ကြသော နံပါတ်(၂) မှ နံပါတ်(၅)အထိရှိသော သူရဲကောင်းများသည် ညီအစ်ကိုအရင်းများဖြစ်ကြပြီး တစ်ဖန်နံပါတ် (၆) မှ နံပါတ် (၈)အထိ ရှိကြသော သူရဲကောင်းများသည် အချင်းချင်း ညီအစ်ကို အရင်းအချာများဖြစ်ကြပေသည်။

(၉) ကူရိုင်းရ်တို့ဘက်မှ "ဂျူလားစ်ဗိန်တွလ်ဟပ်ဗိန်အဘီတွလ်ဟပ်"သည် ဟာဇ်ရည်တွလ်ဟပ်ဗိန်အူမိုင်ဒ်လ္လာဟ် ﷺ သခင်နှင့် ရင်ဆိုင်မှုတွင်ကျဆုံးခဲ့သောအခါ ၎င်းတို့ဘက်မှ "အရ်တွားသ်ဗိန်ရှုရ်ဟဘီးလ်"သည် အလံကိုင်ဆောင်၍ ကွင်းပြင်ထဲသို့ ရောက်ရှိလာပြီး မိမိနှင့်တိုက်ခိုက် ရင်ဆိုင်လိုသူအား စိန်ခေါ်လေ၏။

၎င်း၏စိန်ခေါ်မှုကို ရင်ဆိုင်ရန်အတွက် မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရသ်အလီဗိန်အဘီတွာလိဗ် ﷺ သခင်ထွက်လာပြီး ရင်ဆိုင်ခဲ့ရာ ပထမတစ်ချီတည်း၌ပင် အဆိုပါအရ်ကွားသ်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့လေ၏။

(၁၀) ကူရိုင်းရှ်တို့ဘက်မှ အရ်တွားသ်ဗိန်ရှုရ်ဟာဘီးလ်သည် ဟာဇ်ရသ်အလီ ﷺ သခင်၏ ရင်ဆိုင်မှုဖြင့်ကျဆုံးသွားခဲ့ပြီးနောက် ၎င်းတို့ဘက်မှ "ရှုရိုင်းဟ်ဗိန်ကာရိဇ္ဇ" သည်အလံကိုင်၍ ကွင်းပြင်ထဲသို့ အင်တိုက်အားတိုက် ဝင်လာခဲ့ပြီး စိန်ခေါ်လေ၏။

မွတ်စ်လင်မ်များထဲမှ ဆွဟာဗီတစ်ဦးက ဤစိန်ခေါ်မှုကို ရင်ဆိုင်ရန်အတွက်ထွက်လာခဲ့ပြီး အဆိုပါ "ရှုရိုင်းဟ်ဗိန်ကာရိဇ္ဇ" ကို သုတ်သင်ရှင်းလင်းပေးခဲ့ပါသည်။

ဂဇ်ဝဟ်အုဟုဒ်၏ ပထမအပိုင်းဖြစ်သော အထက်ပါတစ်ဘက်မှ တစ်ဦးချင်းရင်ဆိုင်မှုတွင်ကူရိုင်းရှ်တို့ဘက်မှ သူရဲကောင်း(၂၂)ဦး ကျဆုံးခဲ့ပြီး မွတ်စ်လင်မ်များဘက်မှ အကျအဆုံး လုံးဝမရှိသေးချေ။

[1] အလ္လာမဟ်အိဗ်နေဟိရှားမ် (رحمة الله عليه) သခင်က "စီရသေ့ အိဗ်နေဟိရှားမ်ကျမ်း" တွင် ဤအကြောင်းကို အကျယ်တဝင့် ရေးသား ထားပါသည်။

ဗုခါရီကျမ်း၊ အတွဲ ၃၊ စာမျက်နှာ-၁၆၊

ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၃၀၊

အလ်ဘိဒါးယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၁၆၊

အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၇၉

# ဂစ်ဝဟ်အူဟုဒ်၏ဒုတိယအပိုင်း

ကူရိုင်းရှ်တို့သည် ဂစ်ဝဟ်အူဟုဒ်၏ပထမအပိုင်းဖြစ်သော တစ်ဦးချင်းရင်ဆိုင်မှုတွင် မိမိတို့၏သူရဲကောင်းများ တစ်ဦးပြီးတစ်ဦး ကျဆုံးခဲ့သည်ကိုတွေ့မြင်၍ စိတ်ဓာတ်ကျဆင်းကာ အမျက်ဒေါသခြောင်းခြောင်းထွက်ခဲ့ကြပါသည်။ သို့ပါ၍ ဤတစ်ဦးချင်း ရင်ဆိုင်မှုကို ရပ်ဆိုင်းကာ အားလုံးစုပေါင်း၍ မွတ်စ်လင်မ်များကို ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။

မွတ်စ်လင်မ်များသည် အင်အားနည်းပါးသော လူနည်းစုဖြစ်ပါသည်။ သို့သော်လည်း ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို အတွင်းအပြင်၌ စစ်မှန်စွာ အပြည့်အဝယုံကြည်အားကိုးကြသော လူမျိုးများဖြစ်ကြပါသည်။

မွတ်စ်လင်မ်များအတွက် ဤယုံကြည်မှုသည် အောင်မြင်မှုဟူသမျှ၏ အကြောင်းခံဖြစ်ပါသည်။ သို့ပါ၍ မွတ်စ်လင်မ်များသည် အင်အားနည်းပါးသည့် လူနည်းစုဖြစ်ခဲ့သော်လည်း အလ္လာဟ်အရှင်မြတ်ကို အားကိုးပြီး ခွဲမာန်အပြည့်ဖြင့် ရင်ဆိုင်လာကြလေ၏။

ထိုအခါ ဤဒုတိယအပိုင်း ရင်ဆိုင်မှုတွင်လည်း ကူရိုင်းရှ်တို့ဘက်မှအရေးနိမ့်ကာ မွတ်စ်လင်မ်များဘက်မှ အသာစီးရသွားခဲ့လေ၏။

သို့ပါ၍ ကူရိုင်းရှ်တို့သည် အုပ်စုကွဲသွားပြီး ကစဉ့်ကလျားဖြစ်ကာ ထွက်ပြေးကြလေ၏။ အဆိုတော်နှင့်ပျော်တော်ဆက် အမျိုးသမီးများသည်လည်း ထွက်ပြေးကြပြီး တောင်ပေါ်သို့တက်ရောက်ကုန်ကြပေသည်။

ထိုသို့ ကစဉ့်ကလျား ဖြစ်နေကြသောအချိန်တွင် ဟဇ်ရသ်အဘူဒူဂျာနဟ် ﷺ သခင်သည် အနီရောင်ရှိသောခေါင်းပေါင်းကို ဆင်မြန်းလျက် ၎င်းအား တမန်တော်မြတ် ﷺ က ချီးမြှင့်ထားတော်မူသောဓါးတော်ဖြင့် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော ရန်သူများကို သုတ်သင်ရှင်းလင်းလျက်ရှိသည်။

ထိုအခိုက် ဟာဖ်ရည် အဘူဒူဂျာနဟ် ؓ သခင်၏ ရှေ့မှောက်တွင် ရန်သူများဘက်မှ အဓိပတိချုပ် အဘူစွဖ်ယာန်၏ ဇနီးကြင်ယာတော်ဖြစ်သူ "ဟိန်ဒဟ်ဗိန်သေအွသ်ဗဟ်" ရောက်ရှိလာခဲ့ပေသည်။

သူမသည် အခြေအနေဆိုးကို တွေ့ကြုံရင်ဆိုင်လာရသောအခါ မိမိလူများကိုတစာစာ အော်ခေါ်ခဲ့သော်လည်း မည်သူမျှလာရောက်၍ ကာကွယ်စောင့်ရှောက် ကူညီကယ်တင်ခြင်း မရှိခဲ့ချေ။

ဟာဖ်ရည်အဘူဒူဂျာနဟ် ؓ သခင်သည် ဟိန်ဒဟ်အား ဤအခြေအနေမျိုးတွင် လွယ်လွယ်ကူကူ သတ်ဖြတ်သုတ်သင်ရှင်းလင်းနိုင်သော်လည်း တမန်တော်မြတ် ﷺ က မိမိကို ချီးမြှင့်ထားတော်မူသော ဓါးတော်ဖြင့် အင်အားချည့်နဲ့သော ရန်သူအမျိုးသမီးတစ်ဦးအား သုတ်သင်ခြင်းမှာ မသင့်လျော်ကြောင်းကိုတွေးဆပြီး "ဟိန်ဒဟ်" အား ရင်ဆိုင်ခြင်းမပြုဘဲ လွှတ်ပေးလိုက်လေ၏။

*ဇွာဒ်ဂိုကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၆၊*

*ဆီရ်နေဗဝီကျမ်းကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၈၇*

## ဂဇ်ဝဟ်အုဟုဒ်၏တတိယအပိုင်း

အထက်ပါ ဂဇ်ဝဟ်အုဟုဒ်၏ ဒုတိယအပိုင်းတွင်လည်း ကုရိုင်းရှ်တို့သည် ရှုံးနိမ့်ခဲ့၍ ထွက်ပြေးနေကြသောအခါ မွတ်စ်လင်မ်များသည် သုံ့ပန်းပစ္စည်းများကို သိမ်းပိုက်စုဆောင်းလျက်ရှိပါသည်။

ခုခံမှုမစမီအလျင် တမန်တော်မြတ် ﷺ က စိုးရိမ်တော်မူ၍ တောင်နှစ်ခု၏ အလယ်ကြားနေရာတွင် ကင်းစောင့်ရန်အတွက် ဟာဖ်ရည် အဗ်ဒုလ္လာဟ်ဗိန်ဂျုဗိုင်းရ် ؓ သခင်ကို "အမိရ်" ခန့်အပ်ပြီး တာဝန်ပေးထားသော အဖွဲ့ဝင် (၅၀)ထဲမှ အများစုသည် အထက်ပါအခြေအနေကို ကြည့်ရှု၍ ခုခံရင်ဆိုင်မှုပြီးဆုံးခဲ့သည်ဟု ထင်မှတ်ကာ မိမိတို့၏နေရာမှ အောက်သို့ဆင်းလာရန်အတွက် ကြံဆကြလေ၏။

အုပ်စုခေါင်းဆောင်ဖြစ်သူ ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဂျုဟိုင်းရ် ﷺ သခင်က တမန်တော်မြတ် ﷺ ၏ ညွှန်ကြားချက်ကို တင်ပြပြီး ၎င်းတို့အား သတိပေးတားမြစ်ခဲ့သော်လည်း အဆိုပါအများစုသည် ထိုတားမြစ်ချက်ကို နာခံခြင်းမရှိဘဲ မိမိတို့၏ အရေးကြီးသောနေရာကို စွန့်လွှတ်၍ အောက်သို့ဆင်းလာပြီး သုံ့ပန်းပစ္စည်းများကို လိုက်လံ စုဆောင်းနေသည့် အုပ်စုရှိရာသို့ လာရောက်ပူးပေါင်းကြပေသည်။ အလွန်အရေးပါလှသည့် တောင်နှစ်ခု၏အလယ်ကြားနေရာတွင် ဟဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်ဂျုဟိုင်းရ် ﷺ သခင်နှင့်အတူ ကင်းစောင့်ရန်အတွက် ဆွဟာဗဟ်ပေါင်း (၁၀)ဦး သာလျှင် ကျန်ရစ်ခဲ့ကြပါသည်။

ခါလိဒ်ဗိန်ဝလီးဒ်သည် ယခုအချိန်အထိ အစ္စလာမ်သာသနာကို လက်ခံခြင်း မရှိသေးချေ။ ၎င်းသည် ကူရိုင်းရှ်တို့၏အုပ်စုကြီးတွင် ယာဘက်မှ တာဝန်ခံဖြစ်ကြောင်းကို "ခုခံရင်ဆိုင်ရန်အတွက်စီစဉ်မှု" ဟူသော ခေါင်းစဉ်၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

သူသည် စစ်ပညာနှင့် နည်းပရိယာယ်များကို လွန်စွာတတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ တောင်အလယ်ကြား၏ တာဝန်ခံများသည် မိမိတို့၏အရေးကြီးသောနေရာကိုစွန့်လွှတ်၍ သုံ့ပန်းပစ္စည်းများ စုဆောင်းရေးတွင် အပြည့်အဝ အာရုံပြုခဲ့သောအခါ မွတ်စ်လင်မ်များဘက်မှ တောင်ကြားလမ်းတွင် အားနည်းချက်ဝင်လာကြောင်းကို "ခါလိဒ်ဗိန်ဝလီးဒ်"က တွေ့မြင်ခဲ့ပေသည်။

သို့ပါ၍ ၎င်းသည် မိမိအင်အားကို စုဆောင်းပြီး တောင်၏ကျောဘက်မှ အင်အားကြီးဖြင့် အင်တိုက်အားတိုက် တိုးဝှက်ခိုက်၍ မွတ်စ်လင်မ်များ၏ အနောက်ဘက်မှ ဝင်လာခဲ့ပေသည်။

ထိုနေရာတွင်ရှိသော ကင်းတာဝန်ခံ ဟဇ်ရသ်အဗ်ဒူလ္လာဗိန်ဂျုဟိုင်းရ် ﷺ သခင်နှင့် ၎င်း၏ ကျန်အဖွဲ့ဝင်(၁၀)ဦးတို့သည် "ခါလိဒ်ဗိန်ဝလီးဒ်"၏ အင်အားကြီးဖြင့် ခုခံရင်ဆိုင်ရင်းဖြင့် အားလုံးကျဆုံး ရှဟီးဒ်ဖြစ်ခဲ့ကြကုန်သည်။

အချို့ပုဂ္ဂိုလ်များသည် မိမိတို့၏ အတွေးအခေါ်များယွင်းပြီး တမန်တော်မြတ် ﷺ ၏အမိန့်တော်ကို အနည်းငယ်ဆန့်ကျင်ခဲ့သော ကြောင့် မိမိတို့အသာစီးရထားပြီး အောင်မြင်မှုကို အပြီးတိုင်မရရှိမီ အလျင် ကြီးကျယ်သော ချို့ယွင်းချက်နှင့် နစ်နာဆုံးရှုံးမှုများ ဝင်ရောက်လာ ခဲ့ပေသည်။

မွတ်စ်လင်မ်များ တွေးတောမျှော်လင့်ထားခြင်းမရှိသော မိမိတို့ ၏ အနောက်ဘက်မှ "ခါလိဒ်ဗိန်ဝလီးဒ်"နှင့်အတူ ကုရိုင်းရှ်တို့၏အုပ်စု က ဝင်ရောက်လာကြပြီး လွှမ်းမိုးလာကြသောအခါ မွတ်စ်လင်မ်များ သည် ကစဉ့်အလျားဖြစ်ကာ ရုတ်တရက်ဖြစ်ပေါ်လာခဲ့သော ဤ အန္တရာယ်ကို ခုခံရင်ဆိုင်ရာတွင် မိမိတို့၏လူများနှင့် ရန်သူများအား မခွဲခြားနိုင်၍ မွတ်စ်လင်မ်များဘက်၌ မဖြစ်သင့်သော အရာအချို့ ဖြစ်ပေါ်ခဲ့ပြီး ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရပါသည်။

ဖွတ်ဟ်ကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၆၊

ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၇၉

## ဆွာဟိဘွတ်စ်ဗိရ် ဟာဇ်ရသ်ဟူဇိုင်ဖဟ် ﷺ သခင်၏ဖခင်

အထက်ပါအတိုင်း မွတ်စ်လင်မ်များသည် ကစဉ့်ကလျားဖြစ်ကာ ရန်သူများနှင့် ခုခံရင်ဆိုင်မှုတွင် လုံးပန်းနေကြသောအခါ မိမိတို့ဘက်မှ လူများနှင့် ရန်သူများကို ခြားနားခြင်း မပြုနိုင်သော အခြေအနေ၌ ဟာဇ်ရသ်ဟူဇိုင်ဖဟ် ﷺ သခင်၏ ဖခင်ဖြစ်သူ ဟာဇ်ရသ်ယမားန် ﷺ သခင်အား မွတ်စ်လင်မ်အုပ်စုတစ်စုက မိမိတို့လူအား မှတ်မိခြင်းမရှိခဲ့၍ အထင်မှားကာ ရန်သူဖြစ်သည်ဟု ယူဆခဲ့ပါသည်။

ဟာဇ်ရသ်ဟူဇိုင်ဖဟ် ﷺ သခင်သည် အဆိုပါအုပ်စုအား ဤပုဂ္ဂိုလ်မှာ ရန်သူမဟုတ်ပါ။ ဤသည်ကျွန်တော့်ဖခင် ဟာဇ်ရသ်ယမားန် ﷺ သခင်ဖြစ်ပါသည်ဟု ပြောဆိုခဲ့လေ၏။ သို့သော်လည်း ၎င်း၏

ပြောဆိုမှုကို တစ်ဦးတစ်ယောက်မျှသည်လည်း အာရုံမပြုခဲ့၍ ဟာဇ်ရသ် ယမာန် ﷺ သခင်ကို ရန်သူဖြစ်သည်ဟုထင်မှတ်ကာ သုတ်သင်လိုက်ကြပေသည်။

ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားသောအခါ အဆိုပါအုပ်စုသည် မိမိတို့၏မှားယွင်းမှုကို သိရှိလာကြလေသည်။ ထိုအခါ ၎င်းတို့က အလ္လာဟ်အရှင်မြတ်၏ကတစ်! ဟာဇ်ရသ်ယမာန် ﷺ သခင်ကို မိမိတို့၏ လူဖြစ်ကြောင်း ကျွန်တော်တို့ လုံးဝမသိရှိခဲ့ပါဟုဆိုကာ ရှက်ရွံ့ပြီး ဝမ်းနည်းသွားကြပေသည်။

ဟာဇ်ရသ်ဟူဇိုင်ဖဟ် ﷺ သခင်က ၎င်းတို့အား

"ယဂ်ဖိရုလ္လား ဟူလကွမ် ဝဟုဝ အရ်ဟမူရ် ရားဟိမီးန်"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို ခွင့်လွှတ်တော်မူပါစေ။ ထိုအရှင်မြတ်သည် သနားကြင်နာသူများအနက်မှ မဟာသနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူ၏"ဟု အမိန့်ရှိခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည်ဟာဇ်ရသ် ယမာန် ﷺ သခင်၏ "ဒီယသ်" သွေးအစားပေးဆောင်ရန်အတွက်အမိန့်ရှိတော်မူရာ ဟာဇ်ရသ် ဟူဇိုင်ဖဟ် ﷺ သခင်က ၎င်း"ဒီယသ်"ကို မယူခဲ့သည့်အပြင် အလ္လာဟ်အရှင်မြတ်အတွက် ခွင့်လွှတ်လိုက်လေသည်။

*ဗုခါရီကျမ်း ၊ အတွဲ-၂၊ စာမျက်နှာ-၇၂၊*

*အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၈၇*

☆☆☆☆☆

## ဟာဇ်ရသ်မတ်ဆ္ဗအဗ်ဗိန်အူမိုင်းရ် ﷺ သခင် ရှဟီးဒ်ဖြစ်ခြင်းနှင့် ရန်သူများ တမန်တော်မြတ် ﷺ အပေါ်ဖိအားပေးလာခြင်း

ဂဇ်ဝဟ်အူဟုဒ်၏ အထက်ပါတတိယအပိုင်းတွင် "ခါလိဒ်ဗိန် ဝလီးဒ်" ၏ တိုက်ခိုက်မှုကြောင့် မွတ်စ်လင်မ်များသည် အလွန် ကြီးကျယ်သော နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး အခြေအနေကို ခက်ခဲစွာ ထိန်းသိမ်းခဲ့ရပေသည်။

ဤတတိယအပိုင်း၏ အစတွင် မွတ်စ်လင်မ်များမှာ ကစဉ့် ကလျား ဖြစ်သွားကြသောအခါ ကူရိုင်းရှ်တို့က အကွက်ကောင်းရ၍ တမန်တော်မြတ် ﷺ ကို အပြီးသတ်ဖြတ် သုတ်သင်ရှင်းလင်းရန်အတွက် အနီးအနားသို့ အုံကြွလာခဲ့ကြပေသည်။

မွတ်စ်လင်မ်များဘက်မှ အလံတော်၏ တာဝန်ခံဖြစ်သော ဟာဇ်ရသ်မတ်ဆ္ဗအဗ်ဗိန်အူမိုင်းရ် ﷺ သခင်သည် ရန်သူများနှင့် အလွန်ပြင်း ထန်စွာ ရင်ဆိုင်ခုခံခဲ့ပြီး အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ကို ကာကွယ်စောင့်ရှောက်ရင်းဖြင့် မိမိအသက်ကို စတေး၍ ကျဆုံးရှဟီးဒ် ဖြစ်သွားခဲ့၏။

ဟာဇ်ရသ်မတ်ဆ္ဗအဗ်ဗိန်အူမိုင်းရ် ﷺ သခင်ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ သောအခါ တမန်တော်မြတ် ﷺ က အစ္စလာမ်သာသနာ၏ အလံတော် ကို ဟာဇ်ရသ်အလီ ﷺ သခင်အား အပ်နှင်းတော်မူ၏။ ဟာဇ်ရသ်အလီ ﷺ သခင်သည် အလံတော်ကိုကိုင်ဆောင်၍ ရန်သူများ၏ အလယ်ကြား သို့ဝင်ရောက်လာခဲ့ပြီး အလွန်ပြင်းထန်စွာ ရင်ဆိုင်ခုခံခဲ့ပါသည်။ ဟာဇ်ရသ် မတ်ဆ္ဗအဗ်ဗိန်အူမိုင်းရ် ﷺ သခင် ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ပြီးနောက် အလားတူ အန်ဆွာရီ ဆွဟာဗဟ်(ရ)ဦးတို့သည်လည်း တမန်တော်မြတ် ﷺ ကို ကာကွယ်စောင့်ရှောက်ရင်းဖြင့် ရှဟီးဒ်ဖြစ်ကျဆုံးခဲ့ကြပေသည်။

ထိုအချိန်တွင် ဖိအားပေးရင်ဆိုင်လာသော ရန်သူများထဲမှ "အွသ်ဗဟ်ဗိန်အဘီဝပ်ကားဆွ်"သည် တမန်တော်မြတ် ﷺကို ကျောက်တုံး တစ်တုံးနှင့်ပစ်ချခဲ့၍ တမန်တော်မြတ် ﷺ၏ အောက်နှုတ်ခမ်းတော် ကွဲသွားပြီး သွားတော်(၄)လေးချောင်း ရှဟီးဒ်ပြစ်သွားခဲ့၏။

အဆိုပါ အွသ်ဗဟ်ဗိန်အဘီဝပ်ကားဆွ်သည် ဟာဇ်ရသ်စအဒ်ဗိန် အဘီဝပ်ကားဆွ် ﷺ သခင်၏ ညီအရင်းဖြစ်သည်။ အွသ်ဗဟ်၏ လက်ချက်ကြောင့် တမန်တော်မြတ် ﷺသည် အထက်ပါအတိုင်း အနာ တရဖြစ်ကာ ဝေဒနာခံစားခဲ့ရ၍ ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆွ် ﷺ သခင်သည် အမျက်ဒေါသ ခြောင်းခြောင်းထွက်ပြီး မိမိညီဖြစ်သူ အွသ်ဗဟ်ဗိန်အဘီဝပ်ကားဆွ်ကို အပြီးသုတ်သင်ရှင်းလင်းရန်အတွက် ဆန္ဒပြင်းပြခဲ့ပါသည်။ သို့သော်လည်း အွသ်ဗဟ်သည် ဟာဇ်ရသ်စအဒ် ﷺ သခင်၏ ရှေ့တော်မှောက်သို့ မရောက်ရှိလာခဲ့ပေ။

ကူရိုင်းရှ်တို့ထဲမှ လူစွမ်းကောင်းဖြစ်သော "အဗ်ဒူလ္လာဟ်ဗိန် ကူမိုင်အဟ်"သည် တမန်တော်မြတ် ﷺအား ကျောက်တုံးကြီး တစ်တုံးဖြင့် ပစ်ပေါက်ခဲ့ပြီး

"ခူဇ်ဟား ဝအေန အိဗ်နုကူမိုင်အဟ်"

**ဆိုလိုသည်မှာ** "ဤကျောက်တုံး၏ ဒဏ်ရာများကို လက်ခံရယူပါ။ ကျွန်တော်သည် အိဗ်နေကူမိုင်အဟ်ဖြစ်ပါသည်"ဟု ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ က ၄င်းအား

"အတ်က် မအကလ္လားဟူ"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်သည် အသင့်ကို အရေးယူကော်မူ ပါစေ" ဟု အမိန့်ရှိတော်မူ၏။ အိဗ်နေကူမိုင်အဟ်၏ လက်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ ဦးခေါင်းတော်ပေါ်၌ ဆောင်းထားသော သံခမောက်ထဲမှ သံချိတ်နှစ်ချောင်းသည် တမန်တော်မြတ် ﷺ ၏ နဖူးတော်တွင် စိုက်ဝင်သွားခဲ့လေ၏။ အိဗ်နေကူမိုင်အဟ်အတွက် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ ၏ ဘဒ်ဒိုအာကို လက်ခံ

တော်မူ၏။ ခုခံရင်ဆိုင်မှု ပြီးဆုံးသွားပြီးနောက် များမကြာမီ ရက်ပိုင်းအတွင်း၌ပင် "အိဗ်နေကုမိုင်အဟ်"ကို တောဆိတ်ထီးတစ်ကောင်က မိမိဦးချိုဖြင့်ခွေ့၍ အပိုင်းပိုင်း ပြုလုပ်လိုက်လေသည်။

*(ဗုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ ၃၈၊*
*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၇၃)*

## မမှန်ကန်သောသတင်းနှင့်ဖြစ်ရပ်မှန်

ဟာဇ်ရသ်မတ်ဆွ်အဗ်ဗီန်အူမိုင်းရ် رضي الله عنه သခင် ကျဆုံးရှဟီးဒ်ဖြစ်သွားပြီးနောက် ရန်သူများဘက်မှ အွသ်ဗဟ်ဗီန်အဘီဝပ်ကားဆွ်နှင့် အဗ်ဒူလ္လာဟ်ဗီန်ကူမိုင်အဟ်တို့၏ လက်ချက်များဖြင့် တမန်တော်မြတ် ﷺ ၏ ဦးခေါင်းတော်နှင့် မျက်နှာတော်တွင် ဒဏ်ရာဒဏ်ချက်များကြောင့် သွေးချင်းချင်းနီရဲနေပြီး မောပန်း၍ အားအင်ချည့်နဲ့ကာ "အဘူအာမိရ်ဖါစိက်" က မွတ်စ်လင်မ်များ ဘေးသင့်စေရန်အတွက် ပြုလုပ်ထားခဲ့သော တွင်းချောက်ထဲသို့ လဲကျသွားခဲ့ရာသည်။

တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်အလီ رضي الله عنه သခင်နှင့် ဟာဇ်ရသ်တွလ်ဟာဟ် رضي الله عنه သခင်တို့ကို အမှီပြု၍ ထိုနေရာမှထခဲ့ရတော်မူ၏။

ဟာဇ်ရသ်မတ်ဆွ်အဗ်ဗီန်အူမိုင်းရ် رضي الله عنه ၏မျက်နှာပုံပန်းသဏ္ဌာန်မှာ တမန်တော်မြတ် ﷺ ၏ မျက်နှာတော်နှင့်ဆင်တူနေ၍ ဟာဇ်ရသ်မတ်ဆွ်အဗ်ဗီန်အူမိုင်းရ် رضي الله عنه သခင် ကျဆုံးရှဟီးဒ်ဖြစ်သွားသောအခါ ရန်သူများက "မိုဟမ္မဒ်" ကျဆုံးသွားသည်ဟူသော မမှန်ကန်သည့်သတင်းတစ်ရပ် လွှင့်ခဲ့ကြပေသည်။

ထိုသို့သတင်းလွှင့်ချိန်၌ တမန်တော်မြတ် ﷺ သည် တွင်းချောက်ထဲတွင် လဲကျတော်မူခဲ့သောကြောင့် အဆိုပါမသမာသော သတင်းကို ကြားသိရသည့်အခါ ဆွဟာဗဟ်များသည် တမန်တော်မြတ် ﷺ ကို မတွေ့မြင်ကြ၍ အလွန်ဝမ်းနည်းကြေကွဲကာ စိတ်ဓာတ်ကျဆင်းသွားခဲ့ကြပေသည်။

အချို့သော ပုဂ္ဂိုလ်များက အကယ်၍ တမန်တော်မြတ် ﷺ မရှိခဲ့လျှင် ကျွန်တော်များသည် ရန်သူများနှင့် ခုခံရင်ဆိုင်ပြီး မည်သည့် အကျိုးမျှမရှိပါဟုဆိုကာ လက်လွှတ်ပြီးထိုင်ချလိုက်ကြလေ၏။

## ဟဇ်ရသ်အနတ်စ်ဗိန်နဒ္ဓရ် رضي الله عنه သခင်၏ရဲစွမ်းသတ္တိ

ဟီဂျ်ရီ(၂)ခုနှစ်၊ ရမဇာန်လတွင် ဖြစ်ပွားခဲ့သော "ဂဇ်ဝဟ်ဗဒရ်" ၌ ဟဇ်ရသ်အနတ်စ် رضي الله عنه သခင်၏ ဦးရီးတော်ဖြစ်သူ ဟဇ်ရသ်အနတ်စ် ဗိန်နဒ္ဓရ် رضي الله عنه သခင်သည် ပါဝင်နိုင်ခြင်းမရှိသောကြောင့် အလွန်ဝမ်းနည်း ကြေကွဲနေခဲ့လေ၏။ ယခုအချိန်၌ ဟီဂျ်ရီ(၃)ခုနှစ်တွင် ဖြစ်ပေါ်လာသော "ဂဇ်ဝဟ်အူဟုဒ်" တွင်မူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာခဲ့ပေသည်။

တမန်တော်မြတ် ﷺ နှင့်ပတ်သက်၍ အထက်ပါအတိုင်း မမှန်ကန်သည့်သတင်းကို ကြားသိပြီး အချို့သောပုဂ္ဂိုလ်များသည် ကွင်းပြင်ထဲမှ ထွက်ပြေးကြပြီး အချို့သောပုဂ္ဂိုလ်များသည် ဝမ်းနည်းကြေကွဲကာ ထိုင်နေလိုက်ကြပေသည်။

ထိုအခါ ဟဇ်ရသ်အနတ်စ်ဗိန်နဒ္ဓရ် رضي الله عنه သခင်က ဆွဟာဗဟ်များအား "မိတ်ဆွေအပေါင်းတို့! အကယ်၍ တမန်တော်မြတ် ﷺ ရှဟီးဒ် ဖြစ်ခဲ့လျှင်လည်း အလ္လာဟ်အရှင်မြတ်သည် ကျန်ရှိတော်မူ၏။ ကျွန်တော်တို့သည် တမန်တော်မြတ် ﷺ ၏ နောက်ပိုင်းတွင် ကျန်ရစ်နေခဲ့ပြီး အဘယ်သို့သောအကျိုးများ ခံစားရမည်နည်း။သို့ပါ၍ တမန်တော်မြတ် ﷺ သည် အကြင်ကိစ္စနှင့်စပ်လျဉ်း၍ ခုခံရင်ဆိုင်တော်မူခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အသင်တို့သည်လည်း ခုခံရင်ဆိုင်မှုတွင် မိမိတို့၏ အသက်များကို စတေးပြီးရှဟီးဒ်ဖြစ်ကုန်ကြစို့" ဟူ၍ သတိပေးနှိုးဆော်ခဲ့ပါသည်။

တစ်ဖန် ဟဇ်ရသ်အနတ်စ်ဗိန်နဒ္ဓရ် رضي الله عنه သခင်က အလ္လာဟ် အရှင်မြတ်၏ထံတော်ပါးတွင် "အို.. အလ္လာဟ်အရှင်မြတ်! ကျွန်တော်

သည် ဤအချို့သော မွတ်စ်လင်မ်များ ခုခံရင်ဆိုင်မှုမှ နောက်ဆုတ်ခဲ့သည့် အပြစ်နှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုပန်ပါသည်။ ကျွန်တော်သည် ကာဖိရ်၊ မွရှိရစ်ကျ်များ၏ အပြုအမူများကို မနှစ်မြို့၍ ၎င်းတို့ထံမှ ကင်းရှင်းပါသည်"ဟု လျှောက်တင်ခဲ့ပါသည်။

ထို့နောက် အနတ်စ်ဗီန်နဒွရ် ﷺ သခင်က မိမိ၏ ဓါးရှည်ကိုကိုင်ဆောင်ပြီး ရန်သူများနှင့် ရင်ဆိုင်ခုခံရန်အတွက် ထွက်ခွာလာသောအခါ အရှေ့တွင် ဟာဇ်ရသ်စအဒ်ဗီန်မအာဇ် ﷺ သခင်ကို တွေ့မြင်ရာ

"အိုက်န ယားစ်အဒ် အီနီးအဂျိဒု ရီးဟာလ်ဂျန္နသိ ဒူးန အုဟုဒ်န်"

**ဆိုလိုသည်မှာ** "အို..စအဒ်! အဘယ်သို့သွားနေသနည်း။ ကျွန်တော်သည် အုဟုဒ်တောင်၏အောက်တွင် မုချကေန် ဂျန္နသ်၏အမွှေးအကြိုင်ရနံ့ကိုရရှိနေသည်"ဟုဆိုကာ ရှေ့သို့ဆက်လက် ထွက်ခွာသွားလေ၏။

ဟာဇ်ရသ်အနတ်စ်ဗီန်နဒွရ် ﷺ သခင်သည် ရန်သူများ၏ အလယ်တွင်ဝင်ရောက်ကာ အလွန်ပြင်းထန်စွာ ရင်ဆိုင်ခုခံပြီးနောက် ကျဆုံးရှဟီးဒ် ဖြစ်သွားခဲ့၏။

ဂဇ်ဝဟ်အုဟုဒ် ပြီးဆုံးသွားပြီးနောက် ဟာဇ်ရသ်အနတ်စ်ဗီန်နဒွရ် ﷺ သခင်၏အလောင်းကို စစ်ဆေးရာ ၎င်း၏ခန္ဓာကိုယ်တွင် မြားနှင့်ဓါး၏ဒဏ်ရာပေါင်း (၈၀)ကျော်ကို တွေ့မြင်ခဲ့ရပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန်ထဲတွင် "စူရဟ်အဟ်ဇာဗ်"မှ အာယသ်တော်နံပါတ်(၂၃) ကျရောက်လာခဲ့ပေသည်။

*(ဗုခါရီကျမ်း၊ အတွဲ ၁၊ စာမျက်နှာ-၃၉၂)*

## ဝမ်းနည်းခြင်းနှင့်ဝမ်းမြောက်ခြင်း

ဂဇ်ဝဟ်အုဟုဒ်၏တတိယအပိုင်း၌ မွတ်စ်လင်မ်များထဲတွင် ဖြစ်ပေါ်ခဲ့သော ကစဉ့်ကလျားဖြစ်မှု၌ ဆွဟာဗဟ်များသည် အဆက်ပါ

မသမာသော သတင်းကိုကြားသိ၍ တမန်တော်မြတ် ﷺ အတွက် အလွန်ဝမ်းနည်း ကြေကွဲနေကြလေသည်။

အထူးသဖြင့် ၎င်းတို့သည် တမန်တော်မြတ် ﷺ ကို မတွေ့မြင်ရသောကြောင့် ခြေလှမ်းတိုင်းတွင် အင်အားချည့်နဲ့ကာ စိတ်ဓာတ်ကျဆင်းနေကြပါသည်။

တမန်တော်မြတ် ﷺ လဲကျတော်မူခဲ့သော ချောက်ထဲမှ ဟဇ်ရသ် အလီ ﷺ သခင်က ကိုယ်တော်၏လက်တော်ကို ကိုင်ဆွဲပြီး ဟဇ်ရသ် တွလ်ဟာဟ် ﷺ သခင်က ခါးတော်ကိုထိန်းပေးခဲ့သောကြောင့် တမန်တော်မြတ် ﷺ သည် ထိုနေရာမှ ပြန်ထနိုင်တော်မူခဲ့သည်။

တမန်တော်မြတ် ﷺ ၏မျက်နှာတော်သည် ဆောင်းထားသော သံခမောက်ဖြင့် ဖုံးကွယ်နေ၍ တမန်တော်မြတ် ﷺ ကို ရုတ်တရက် မှတ်မိနိုင်ရန် ခဲယဉ်းလှပါသည်။ ဟဇ်ရသ်ကအဗ်ဗိန်မာလစ်က် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ သံခမောက်အောက်မှ စူးရှသော မျက်ဝန်းတော်များကို မှတ်မိကာ တမန်တော်မြတ် ﷺ ကို ပထမဆုံး တွေ့မြင်ခဲ့ပါသည်။

၎င်းသည် တမန်တော်မြတ် ﷺ ကိုတွေ့မြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဤသည်တမန်တော်မြတ် ﷺ ဖြစ်ပါသည်ဟု အော်ဟစ်လိုက်လေ၏။ တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်ကအဗ်ဗိန်မာလစ်က် ﷺ သခင်ကို အော်ဟစ်ခြင်းမပြုရန်အတွက် လက်ဟန်ဖြင့်တားမြစ်သော်လည်း ထိုတားမြစ်မှုမှာ နောက်ကျသွားခဲ့ပြီဖြစ်သည်။

အနီးအနားရှိ မွတ်စ်လင်မ်တစ်စုသည် ထိုအော်သံကို ကြားကြသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ တမန်တော်မြတ် ﷺ ရှိရာသို့ လာရောက်စုရုံးကြကုန်သည်။ တမန်တော်မြတ် ﷺ သည် မိမိဝတ်ဆင်ထားသော သံချပ်အင်္ကျီကို ချွတ်၍ ဟဇ်ရသ်ကအဗ်ဗိန်မာလစ်က် ﷺ သခင်အား ဝတ်ဆင်စေပြီး ၎င်း၏သံချပ်အင်္ကျီကို ချွတ်ယူပြီး မိမိကိုယ်တိုင်ဝတ်ဆင်တော်မူ၏။

ရန်သူများသည် တမန်တော်မြတ် ﷺ ၏ သံချပ်အင်္ကျီဝတ်ဆင်ထားသော ကာအဗ်ဗိန်မာလစ်က် ﷺ သခင်ကို တမန်တော်မြတ် ﷺ ဖြစ်သည်ဟု ထင်မှတ်ကာ ၄င်းရှိရာသို့ ချိန်ဆ၍ မြောက်မြားစွာသော မြားတံတို့ကို ပစ်လွှတ်ခဲ့၏။ ထို့ကြောင့် ဟဇ်ရသ်ကာအဗ်ဗိန်မာလစ်က် ﷺ သခင်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာပေါင်း(၂၀)ကျော် ဖြစ်သွားခဲ့ပါသည်။

တမန်တော်မြတ် ﷺ သည် ဤနေရာမှ ရွှေ့ပြောင်းပြီး တောင်ပူစာလေး တစ်ခုပေါ်သို့တက်ရန် လိုအပ်လာ၍ ကြိုးစားပြီး တက်ကြည့်ရာ မောပန်းလွန်းအားကြီး၍ တောင်ပူစာပေါ်သို့ တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။

သို့ပါ၍ ဟဇ်ရသ်တွလ်ဟာဟ် ﷺ သခင်ကြီးက မိမိခါးကိုကုန်းပေးလေ၏။ တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်အဘူတွလ်ဟာဟ် ﷺ သခင်၏ ခါးပေါ်တွင်ခြေတင်ပြီး တောင်ပူစာပေါ်သို့ တက်ရတော်မူသည်။ ထိုနေရာတွင် ဟဇ်ရသ်တွလ်ဟာဟ် ﷺ သခင်နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ က

"အောက်ဂျဗ တွလ်ဟာသု"

**ဆိုလိုသည်မှာ** "တွလ်ဟာဟ်သည် မိမိအတွက် ဂျန္နသ်ကို ဝါဂျိဗ်ပြုလုပ်လိုက်သည်" ဟုအမိန့်ရှိတော်မူ၏။ ၄င်းနေရာတွင် တမန်တော်မြတ် ﷺ နှင့်အတူ ဟဇ်ရသ်အဘူဘကရ် ﷺ သခင်၊ ဟဇ်ရသ်အူမရ် ﷺ သခင်၊ ဟဇ်ရသ်အလီ ﷺ သခင်၊ ဟဇ်ရသ်တွလ်ဟာဟ် ﷺ သခင်၊ ဟဇ်ရသ်ဟာရိစ်ဗိန်ဆွိမ္မဟ် ﷺ သခင်တို့နှင့် အခြားသောပုဂ္ဂိုလ်များ ရှိကြပါသည်။

ဟဇ်ရသ်ဘီဘီ အာအိရှဟ် ﷺ သခင်မက ဆင့်ပြန်ခဲ့သည်မှာ

ဟဇ်ရသ်အဘူဘကရ်ဆိဒ္ဒီးက် ﷺ သခင်ကြီးသည် "ဂဇ်ဝဟ်-အူဟုဒ်" အကြောင်းကို တင်ပြရာတွင်

"ကားန ဇားလိကလ် ယောက်မှု ကုလ်လဟူး လိတွလ်ဟာသ"

**ဆိုလိုသည်မှာ** "ထိုနေ့တစ်နေ့လုံးသည် ဟဇ်ရသ်တွလ်ဟာ ﷺ သခင်က အများဆုံးဒုက္ခခံခဲ့သောနေ့ဖြစ်သည်"ဟု ပြောဆိုလေ့ရှိခဲ့ပါသည်။

ဟဇ်ရသ်မတ်ဆွ်အဗ်ဗီန်အူမိုင်းရ် ﷺ သခင် ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ပြီးနောက် တမန်တော်မြတ် ﷺ ကို ကာကွယ်စောင့်ရှောက်ရင်းဖြင့် အဆိုပါ ဟဇ်ရသ်တွလ်ဟာ ﷺ သခင်၏ ခန္ဓာကိုယ်တွင် ဒဏ်ရာ ပေါင်း (၇၀)ကျော်ရရှိသွားခဲ့ပါသည်။

ဟဇ်ရသ်ကိုင်းစ်ဗိန်အဘီဟာဇိမ် ﷺ သခင်က အမိန့်ရှိသည်မှာ

"ကျွန်တော်သည် ဟဇ်ရသ်တွလ်ဟာ ﷺ သခင်က "ဂဇ်ဝဟ် အူဟုဒ်" တွင် တမန်တော်မြတ် ﷺ ကို ကာကွယ်စောင့်ရှောက်ရင်း ဖြင့် ၎င်း၏ မသန်မစွမ်းဖြစ်သွားခဲ့သောလက်ကို မိမိကိုယ်တိုင် တွေ့မြင် ခဲ့သည်"ဟူ၏။

ဟဇ်ရသ်ဂျာဗိရ် ﷺ သခင်၏ "ရိဝါယသ်" ဆင့်ပြန်မှုတစ်ရပ် တွင်လာရှိသည်မှာ

"ဂဇ်ဝဟ်အူဟုဒ်" ၌ ဟဇ်ရသ်တွလ်ဟာ ﷺ သခင်သည် တမန်တော်မြတ် ﷺ ကိုကာကွယ်ရာတွင် ရန်သူများ၏ လက်ချက်ဖြင့် ၎င်း၏လက်ချောင်းများ ပြတ်တောက်သွားသောအခါ ၎င်း၏ ပါးစပ်ထဲမှ "ဟဆန်"ဟူသော စကားလုံးတစ်လုံး ထွက်လာခဲ့ပါသည်။

ဤအကြောင်းနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ က ဟဇ်ရသ်တွလ်ဟာ ﷺ သခင်အား

"လောက်ကုလ်သ ဗိစ်မိလ္လားဟိ လရဖအသ် ကလ်မလားအိကသု ဝန္နားဖူ ယန့်ဇူရူးန အိလိုက်က ဟသ်သား သလိဂျ် ဖီးဂျောက်ဝိစ္စမားအိ"

**ဆိုလိုသည်မှာ** "အို... တွလ်ဟာ ! အကယ်၍ အသင်သည် "ဟဆန်"ဟူသောစကားလုံးအစား "ဗိစ်မိလ္လာဟ်"ဟူသည့် စကားလုံးကို ရွတ်ဆိုခဲ့ပါက မုချကေန် မလာအိကဟ် ကောင်းကင်တမန်များသည် အသင့်အား လေဟာပြင်ကြီးထဲသို့ တင်သွားနေကြသည်ကို လူသား များက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ဖွယ်ရှိသည်"ဟု အမိန့်ရှိတော် မူ၏။

ဟာဇ်ရတ်တွလ်ဟာဟ် (رض) သခင်နှင့်ပတ်သက်၍ တမန်တော်မြတ် ﷺ က "အသက်ရှင်လျက် ရှဟီးဒ်ဖြစ်သူကို ကြည့်ရှုရန် ဆန္ဒရှိပါက ဟာဇ်ရတ်အဘူတွလ်ဟာဟ်ကို ကြည့်ရှုနိုင်သည်"ဟု အမိန့်ရှိတော်မူ၏။

အလားတူ ဟာဇ်ရတ်အဘူဒူဂျာနဟ် (رض) သခင်သည် တမန်တော်မြတ် ﷺ ဘက်သို့မျက်နှာမူ၍ ရန်သူများဘက်သို့ ကျောပေးကာ တမန်တော်မြတ် ﷺ ကိုကာကွယ်ရန်အတွက် ဒိုင်းသဖွယ် မတ်တတ်ရပ်နေလေ၏။ သို့ပါ၍ ရန်သူများ၏ မြားတံတို့မှာ သခင်ကြီး၏ ကျောကုန်းပေါ်တွင် ထိမှန်စိုက်ဝင်လျက်ရှိကြပေသည်။ သို့သော်လည်း သခင်ကြီးသည် မိမိနေရာမှ တစ်ဖဝါးစာမျှ ရွေ့လျားခြင်းမပြုခဲ့ပေ။

ဟာဇ်ရတ်အနတ်စ် (رض) သခင်၏ဘထွေးဖြစ်သူ ဟာဇ်ရတ်အဘူတွလ်ဟာဟ် (رض) သခင်သည် မြားပစ်ရာတွင် အလွန်ကျွမ်းကျင်သောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဂဇ်ဝဟ်အူဟုဒ်၌ ဟာဇ်ရတ်အဘူတွလ်ဟာဟ် (رض) သခင်သည် မြားပစ်ရင်းဖြင့် ၎င်း၏လက်ထဲတွင် ဒူးလေး(၃)ချောင်း ကျိုးသွားခဲ့သည့်အပြင် မိမိ၏ခန္ဓာကိုယ်ကို ဒိုင်းသဖွယ်ပြုလုပ်ပြီး တမန်တော်မြတ် ﷺ အားကာကွယ်ထား၍ ၎င်း၏ခန္ဓာကိုယ်မှာ မြောက်မြားစွာသော ဒဏ်ရာတို့ဖြင့် ပြည့်နှက်နေခဲ့လေ၏။

ဟာဇ်ရတ်စအဒ်ဗိန်အဘီဝပ်ကားဆ် (رض) သခင်သည်လည်း အလွန်ကျွမ်းကျင်သော မြားပစ်သမားတစ်ဦးဖြစ်ပါသည်။ တမန်တော်မြတ် ﷺ သည် မိမိမြားတံအားလုံးကို ဟာဇ်ရတ်စအဒ်ဗိန်အဘီဝပ်ကားဆ် (رض) သခင်၏ ရှေ့မှောက်တွင် စုပုံပေးတော်မူ၏။ ဂဇ်ဝဟ်အူဟုဒ်နေ့တွင် ဟာဇ်ရတ်စအဒ်ဗိန်အဘီဝပ်ကားဆ် (رض) သခင်သည် မြားတံပေါင်း တစ်ထောင် (၁၀၀၀) ပစ်ခဲ့သည်ဟု သမိုင်းပညာရှင်များက ရေးသားခဲ့ကြပါသည်။

*ဗုခါရီကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၅၈၁၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၆၆၊*

*ရှုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၃၉၄၊*

## အူဗိုက်ဗိန်ခလဖ် သေမင်း၏ရင်ခွင်ထဲသို့

တမန်တော်မြတ် ﷺ သည် မိမိမွေးရပ်ဌာနေဖြစ်သော မက္ကာဟ်မြို့၌ ရှိနေခဲ့သည့်အချိန်ကာလတွင် အူဗိုက်ဗိန်ခလဖ်သည် တမန်တော်မြတ် ﷺ ၏ အထူးရန်သူများတွင် ပါဝင်ခဲ့ပါသည်။

အူဗိုက်ဗိန်ခလဖ်သည် မြင်းတစ်ကောင်ကို ဝယ်ယူကာ ထိုမြင်းကို ကောင်းမွန်စွာ အစာရေစာကျွေးမွေး၍ မွေးထားလေ၏။ အူဗိုက်ဗိန်ခလဖ်သည် ထိုမြင်းကိုစီးနင်း၍ တမန်တော်မြတ် ﷺ ကိုသတ်ဖြတ်မည်ဟုပြောဆိုခဲ့ပါသည်။ တမန်တော်မြတ် ﷺ သည် ထိုသတင်းကို ကြားသိတော်မူသောအခါ မိမိကိုယ်တိုင် အူဗိုက်ဗိန်ခလဖ်ကို သုတ်သင်ရှင်းလင်းပါမည်ဟု အမိန့်ရှိတော်မူ၏။

အူဗိုက်ဗိန်ခလဖ်သည် ဂဇ်ဝဟ်အူဟုဒ်တွင် ကူရိုင်းရှ်တို့ဘက်မှ ပါဝင်လာခဲ့ပါသည်။ ဂဇ်ဝဟ်အူဟုဒ်၏ တတိယအပိုင်းတွင် မွတ်စ်လင်မ်များ အရေးနိမ့်ကာ ကစဥ့်ကလျား ဖြစ်သွားကြပြီးနောက် တမန်တော်မြတ် ﷺ သည် တောင်ပူစာပေါ်သို့ တက်ရောက်တော်မူသောအခါ အဆိုပါ အူဗိုက်ဗိန်ခလဖ်သည် မိမိမြင်းကိုစီးနင်း၍ တမန်တော်မြတ် ﷺ ရှိရာသို့ လိုက်လာလေ၏။

ဆွဟာဗဟ်များသည် ၄င်းအား သုတ်သင်ရှင်းလင်းရန်အတွက် တမန်တော်မြတ် ﷺ ထံမှ အခွင့်တောင်းဆိုကြရာ တမန်တော်မြတ် ﷺ က ဆွဟာဗဟ်များကို အူဗိုက်ဗိန်ခလဖ်အား သုတ်သင်ရှင်းလင်းခြင်း မပြုဘဲ မိမိထံသို့သာ လာစေလိုကြောင်း အမိန့်ရှိတော်မူ၏။

အူဗိုက်ဗိန်ခလဖ်သည်အနီးအနားသို့ ရောက်ရှိလာသောအခါ တမန်တော်မြတ် ﷺ က ဟာရ်ရသ်ဟာရိစ်ဗိန်ဆွိမ္မဟ် ؓ သခင်ထံမှ လှံကို တောင်းယူ၍ အူဗိုက်ဗိန်ခလဖ်အား ထိုးတော်မူ၏။ ထိုလှံဖြင့် အူဗိုက်ဗိန်ခလဖ်၏ဇက်မှာ ပွန်းရှကာအနာတရ ဖြစ်သွားလေသည်။

အူဗိုက်သည် ဤဒဏ်ရာ အနည်းငယ်ရရှိသောအခါ မိုဟာမ္မဒ်က

ကျွန်တော့်ကို သတ်လိုက်သည်ဟုဆိုကာ အော်ဟစ်၍ထွက်ပြေးသွားလေ၏။ မိမိအုပ်စုရှိရာသို့ ရောက်သောအခါ ၎င်း၏အပေါင်းအပါများက ဤဒဏ်ရာသည် စိုးရိမ်ဖွယ်ရာမဟုတ်ပါဟု ပြောဆိုနှစ်သိမ့်ကြပေသည်။

ထိုအခါ အူဗိုက်ဗိန်ခလဖ်က ဤဒဏ်ရာမှာ မိုဟမ္မဒ်၏ ခုတ်မှုဖြင့် ရရှိခဲ့သောဒဏ်ရာဖြစ်သည်။ မိုဟမ္မဒ်သည် မက္ကာဟ်မြို့၌ ရှိနေစဉ်အခါကပင် ကျွန်တော့်ကိုသတ်သင်မည်ဟု ပြောဆိုထားပါသည်။ အကယ်၍ မိုဟမ္မဒ်သည် ကျွန်တော့်ကိုတံတွေးဖြင့် ထွေးပါက ကျွန်တော်၏ သေဆုံးခြင်းမှာ ဒွိဟသံသယ ဖြစ်ဖွယ်မရှိပါ။ မိတ်ဆွေအပေါင်းတို့! အကယ်၍ ကျွန်တော်ခံစားနေရသော ဝေဒနာကို "ဟိဂျားဇ်" တစ်ကွင်းလုံးတွင် ရှိကြကုန်သော လူသားအပေါင်းတို့အား ဝေငှပေးပါလျှင် မုချကေန် ၎င်းတို့အားလုံး သေကြေပျက်စီးသွားကြရန်အတွက် လုံလောက်ပါသည်ဟု ပြောဆိုလေ၏။

ထို့နောက် ကုရိုင်းရှ်တို့၏ အပြန်ခရီးတွင် "စရဖ်" မည်သော နေရာ၌"အူဗိုက်ဗိန်ခလဖ်"သည် အထက်ပါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ပါသည်။

*(အလ်ဘိဒါးယဟ်ဝန်နိဟာယဟ်ကျမ်း၊ အတွဲ-၄ ၊ စာမျက်နှာ ၂၅)*

## ဟဇ်ရတ်ကသာဒဟ်ဗိန်နုအ်မားန် رضي الله عنه သခင်၏မျက်လုံးတော်

ဂဇ်ဝဟ်အူဟုဒ်၏ တတိယအပိုင်းတွင် ရန်သူများသည် မွတ်စ်လင်မ်များအပေါ် လွှမ်းမိုးလာသောအခါ ဟဇ်ရတ်ကသာဒဟ်ဗိန်နုအ်မားန် رضي الله عنه သခင်သည် တမန်တော်မြတ် ﷺ ကို ကာကွယ်ရန်အတွက် ရန်သူများဘက်သို့မျက်နှာမူ၍ တမန်တော်မြတ် ﷺ ကို မိမိအနောက်ကျောတွင်ထားကာ မတ်တတ်ရပ်နေလျက်ရှိသည်။

ထိုအခိုက်တွင် ရန်သူများဘက်မှ မြားတစ်ချောင်းပစ်လွှတ်လိုက်ရာ ဟဇ်ရတ်ကသာဒဟ်ဗိန်နုအ်မားန် رضي الله عنه သခင်၏ မျက်လုံးကို

ထိမှန်၍ မျက်စိတစ်ဖက်မှာ အပြင်သို့ထွက်ကျလာခဲ့လေ၏။ ဟာဇ်ရသ် ကသာဒဟ် ﷺ သခင်သည် ထိုမျက်လုံးကို မိမိလက်ဝါးပေါ်တွင် တင်ဆောင်၍ တမန်တော်မြတ် ﷺ ကိုပြသတော်မူသည်။ တမန်တော် မြတ် ﷺ သည် ထိုဖြစ်အင်ကိုကြည့်ရှုပြီး မျက်လုံးအိမ်မှမျက်ရည်များ စီးကျရှာတော်မူ၏။

တမန်တော်မြတ် ﷺ က ဟာဇ်ရသ်ကသာဒဟ်ဗိန်နူအ်မားန် ﷺ သခင်အား "အကယ်၍ အသင်သည် "ဆွဗရ်" ပြု သည်းခံပါလျှင် အသင့်အတွက် ဂျန္နသ်ရှိပါသည်။ သို့မဟုတ်ပါက အသင့်မျက်လုံးကို မူလ နေရာတွင်ထားပြီး အကောင်းပကတိ ဖြစ်စေရန်အတွက် ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် ဒိုအာဆုမွန် တောင်းခံပေးပါ မည်" ဟု အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်ကသာဒဟ် ﷺ သခင်က တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လားဟ်! ကျွန်တော်၏ဇနီးကြင်ယာတော်မှာ အလွန်လှပ တင့်တယ်သော အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ ကျွန်တော်သည် ၄င်းအား အလွန်ချစ်မြတ်နိုးပါသည်။ မျက်စိ၏ ချို့ယွင်းချက်ကြောင့် သူမသည် ကျွန်တော့်ကို မုန်းတီးသွားမည်ကို စိုးရိမ်မိပါသည်။ သို့ပါ၍ ကျွန်တော့် မျက်စိ ပြန်လည်ကောင်းမွန်သွားစေရန်အတွက် ဒိုအာပြုပေးပါဟု" လျှောက်ထားလေ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က ၄င်းမျက်လုံးကို ဟာဇ်ရသ် ကသာဒဟ်ဗိန်နူအ်မားန် ﷺ သခင်၏ လက်ဝါးပေါ်မှ မိမိလက်တော်ဖြင့် ကိုင်တွယ်ယူဆောင်၍ မျက်စိ၏မူလနေရာတွင် ထားပေးပြီး

"အလ္လာဟုမ္မ အအ်တွိဟီး ဂျမားလန်"

**ဆိုလိုသည်မှာ** "အို..အလ္လာဟ်အရှင်မြတ်! ကသာဒဟ်ကို လှပ တင့်တယ်မှု ချီးမြှင့်တော်မူပါ" ဟု ဒိုအာဆုမွန်တောင်းပေးတော်မူ၏။

ထိုအခါ ဟာဇ်ရသ်ကသာဒဟ်ဗိန်နူအ်မားန် ﷺ သခင်၏ ပျက်စီး ချို့ယွင်းသွားသော အဆိုပါမျက်လုံးမှာ ပကတိအတိုင်း ချက်ချင်း

ပြန်လည်ကောင်းမွန်သွားခဲ့သည့်အပြင် ယခင်ကထက် သာပို၍ လှပတင့်တယ်သွားခဲ့ပေသည်။

*ဗုခါရီကျမ်း အတွဲ-၂၊ စာမျက်နှာ ၄၂*

*အိဗ္ဗနုဟိရှာမ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ ၂၂၅*

## ဂဇ်ဝဟ်အူဟုဒ်ပြီးဆုံးခြင်းနှင့် ''မွတ်စ်လင်'' ရှုပ်ဖျက်ခြင်း

ဂဇ်ဝဟ်အူဟုဒ်၏ တတိယအပိုင်း၌ မသမာသော သတင်း၏ နောက်ပိုင်းတွင် မွတ်စ်လင်မ်များသည် တမန်တော်မြတ် ﷺ ကို တွေ့မြင်ခဲ့ပြီး အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပေသည်။

ထိုအချိန်တွင် မွတ်စ်လင်မ်များသည် မိမိတို့၏ အင်အားကို ပြန်လည်စုစည်းပြီး ရန်သူများနှင့် ပြန်လည်ခုခံရင်ဆိုင်လာကြလေ၏။ ရန်သူများသည် ယင်းအခြေအနေကို ကြည့်ရှုပြီး မိမိတို့အတွက် အန္တရာယ်ရှိလာနိုင်သည်ကို စိုးရိမ်ကာ ရှေ့သို့ ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ရင်ဆိုင်မှုကို အဆုံးသတ်၍ မိမိတို့နေရာစခန်းရှိရာသို့ ပြန်သွားကြပေသည်။ ထို့ကြောင့် မွတ်စ်လင်မ်များသည်လည်း ရှေ့သို့ ဆက်လက် ရင်ဆိုင်မှုမပြုတော့ဘဲ မိမိတို့၏ နေရာစခန်းသို့ လာရောက်စုရုံးကြကုန်သည်။

ဟိဂျ်ရီ(၂)ခုနှစ်တွင် ဖြစ်ပွားခဲ့သော "ဂဇ်ဝဟ်ဗဒရ်" ၏ သုံ့ပန်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်နေသောအခါ အရှေ့နှစ်တွင် မွတ်စ်လင်မ်များထဲမှ လူပေါင်း(၇၀)ကျဆုံး ရှဟီးဒ်ဖြစ်ကြမည်ဟု အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ "ဝဟီ" ဗျာဒိတ်တော်ဖြင့် ရရှိထားသော သတင်းအတိုင်း ယခုအချိန် ဟိဂျ်ရီ (၃)ခုနှစ်တွင် "ဂဇ်ဝဟ်အူဟုဒ်" ၌ ဆွဟာဗဟ်ပေါင်း (၇၀)တို့ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြပေသည်။

ဂဇ်ဝဟ်အူဟုဒ်၏ အခြေအနေမှာ ငြိမ်သက်သွားသောအခါ ရန်သူများသည် ယင်းအချိန်တွင် ခုခံမှု၌ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြကုန်သော

ဆွဟာဗဟ်များ၏ ရပ်ကလာပ် အလောင်းများကို လိုးဖြတ်၍ အဆင်း အင်္ဂါပျက်ယွင်းအောင် ပြုလုပ်လိုက်ကြလေ၏။

ဤသို့ ပြုလုပ်ခြင်းကို အရဗီဝေါဟာရတွင် "မွတ်စ်လဟ်" ဟု ခေါ်ဆိုကြပါသည်။ ထိုကိစ္စကို ကျူးလွန်ကြရာတွင် ကုရိုင်းရှ်တို့ ဘက်မှ အမျိုးသမီးများသည်လည်း ရှေ့ဆုံးမှပါဝင်ခဲ့ကြပေသည်။

*(ရှူဂ်ကာနီကျမ်း၊ အတွဲ -၂၊ စာမျက်နှာ-၄၄ ၊ ၄၇)။*

## အဘူစွဖ်ယာန်၏ကြွေးဝါးမှု

ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားပြီးနောက် ကုရိုင်းရှ်တို့၏ အဓိပတိ ခေါင်းဆောင်ဖြစ်သူ အဘူစွဖ်ယာန်သည် တောင်ပေါ်သို့တက်၍ အော်ဟစ်ကာ

"အဖိလ်ကောက်မိ မုဟမ္မဒုန်"

**ဆိုလိုသည်မှာ** အသင်တို့ထဲတွင် မိုဟမ္မဒ်သည် အသက်ရှင်စွာ ရှိနေပါသလောဟု သုံးကြိမ်သုံးဖန် မေးမြန်းလေ၏။ တမန်တော်မြတ် ﷺ က အဘူစွဖ်ယာန်အား အဖြေပေးခြင်းမပြုရန်အတွက် အမိန့်ရှိတော်မူ၍ ဆွဟာဗဟ်များသ ည် ပည်း ပြန်လည်ဖြေကြားခြင်း မပြုကြပေ။

တစ်ဖန် အဘူစွဖ်ယာန်က

"အဖိလ်ကောက်မိ အိဗ်နုအဘီးကူဟာဖသ"

**ဆိုလိုသည်မှာ** အသင်တို့ထဲတွင် အဘူဘာကရ်ဗိန်အဘီကူဟာဖဟ်သည် အသက်ရှင်လျက်ရှိပါသလောဟု သုံးကြိမ်သုံးခါ မေးမြန်းခဲ့ပါသည်။

တမန်တော်မြတ် ﷺ က ဤဒုတိယမေးခွန်း၏ အဖြေကိုလည်း မပေးရန်အတွက် အမိန့်ရှိ၍ ဆွဟာဗဟ်များသည် မည်သို့မျှ တုံ့ပြန်ခြင်း မပြုခဲ့ကြချေ။

ငှင်းနောက် အဘူစွဖ်ယာန်က

"အဖိလ်ကောက်မိ အိဗ်နူလ်ခတ္တာဗ်"

**ဆိုလိုသည်မှာ** အသင်တို့ထဲတွင် အူမရ်ဗိန်ခတ္တာဗ်သည် သက်တော်ထင်ရှားရှိပါသလောဟု သုံးကြိမ်သုံးဖန် အော်ဟစ်မေးမြန်းလေ၏။

တမန်တော်မြတ် ﷺ က ဤတတိယမေးခွန်းကိုလည်း ဖြေကြားခြင်းမပြုရန်အတွက် အမိန့်ရှိတော်မူ၍ ဆွဟာဗဟ်များသည်လည်း ဆိတ်ဆိတ်ပင်နေခဲ့ကြကုန်သည်။

အဘူစွဖ်ယာန်သည် အထက်ပါ ပုဂ္ဂိုလ်ကြီးများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဖြေကြားချက်ကိုမျှ မရရှိခဲ့သောကြောင့် မိမိခန့်မှန်းချက်အရ ၎င်းတို့မှာ ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ကြသည်ဟု ထင်မှတ်ကာ အလွန်ဝမ်းမြောက်စွာဖြင့် မိမိအပေါင်းအပါများအား

"အိန္န ဟာအုလာအိ ကဒ်ကုသိလူး လောက်ကာနူး အဟ်ယာအန် လအဂျာဘူး"

**ဆိုလိုသည်မှာ** "မုချကေန် အထက်ပါပုဂ္ဂိုလ်အားလုံး သတ်ဖြတ်ခြင်းခံကြရသည်။ အကယ်၍ ၎င်းတို့သည် သက်တော်ထင်ရှားရှိကြပါက ကျွန်တော်၏ မေးမြန်းချက်များကို ဖြေကြားကြရန် အကြောင်းရှိသည်"ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုလေ၏။

ဟဇ်ရသ်အူမရ် ﷺ သခင်သည် အဘူစွဖ်ယာန်၏ပြောဆိုမှုနှင့် ဝမ်းမြောက်ရွှင်ပျနေခြင်းကို သည်းခံနိုင်စွမ်းမရှိတော့၍

"ကဇဗ်သ ဝလ္လာဟိ ယာအဒုဝလ္လာဟိ အဗ်ကလ္လာဟူမားယူဟ်ဇိနုက"

**ဆိုလိုသည်မှာ** "အို... အလ္လာဟ့်ရန်သူ! အလ္လာဟ်အရှင်မြတ်၏ ကစမ်! အသင်၏ပြောဆိုမှုမှာ မှန်ကန်ခြင်းမရှိပါ။ အသင်၏ စိတ်ညစ်ညူးဖွယ်ရာများကို အလ္လာဟ်အရှင်မြတ်က ချန်လှပ်ထားတော်မူသည်"ဟု ဖြေကြားလေ၏။

ထိုအချိန်တွင်အဘူစွဖ်ယာန်သည် မိမိဗွသ် "ဟူဗလ်"၏ နာမည်ကိုကိုင်၍

"အုအ်လူဟူဗလ် အုအ်လူဟူဗလ်"

**ဆိုလိုသည်မှာ** "အို..ဟူဗလ်! အသင်၏အဆင့်အတန်း မြင့်မားပါစေ" ဟု ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ က ဟာဇ်ရသ်အူမရ် ﷺ သခင်အား အဘူစွဖ်ယာန်ကို

"အလ္လာဟူ အအ်လာ ဝအဂျလ်လူ"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်သည် ခပ်သိမ်းကုန်သော အရာဝတ္ထုများအားလုံးထက် မြင့်မားသော အရှင်ဖြစ်တော်မူသည်"ဟု အဖြေပေးရန် အမိန့်ရှိတော်မူ၏။ ဟာဇ်ရသ်အူမရ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏အမိန့်တော်အတိုင်း ဖြေကြားလိုက်လေ၏။

တစ်ဖန် အဘူစွဖ်ယာန်က

"အိန္န လနလ်အွဇ္ဇါး ဝလား အွဇ္ဇါး လကူမ်"

**ဆိုလိုသည်မှာ** "ကျွန်ုပ်တို့ထံတွင် အွဇ္ဇာရှိပါသည်။ အသင်တို့ထံတွင် အွဇ္ဇာမရှိပါ"ဟု ပြောဆိုလေ၏။

တမန်တော်မြတ် ﷺ က ဟာဇ်ရသ်အူမရ် ﷺ သခင်အား အဘူစွဖ်ယာန်ကို

"အလ္လာဟူ မောက်လာနား ဝလား မောက်လား လကူမ်"

**ဆိုလိုသည်မှာ** *အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်တော်မူသည်။ အသင်တို့အတွက် အရှင်သခင် မရှိပါဟု* ဖြေကြားရန်အမိန့်ရှိတော်မူ၏။ ဟာဇ်ရသ်အူမရ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏အမိန့်တော်အတိုင်း အဘူစွဖ်ယာန်အား ပြန်လည်ဖြေကြားခဲ့ပေသည်။

ထို့နောက် အဘူစွဖ်ယာန်က

"ယောက်မွန် ဘိယောက်မိ ဗဒ်ရိန် ဝလ်ဟာရ်ဘူ စိဂျားလ်"

**ဆိုလိုသည်မှာ** "ယနေ့သည်ဗဒရ်၏ အစားနေ့ပင်ဖြစ်ပါသည်။ ခုခံရင်ဆိုင်မှုများသည် ရေပုံးများပမာဖြစ်၍ ယနေ့ကျွန်ုပ်တို့နှင့် အသင်တို့မှာ တူညီကြပါသည်" ဟု ပြောဆိုလေ၏။

ဟာ့ဇ်ရသ်အူမရ် ﷺ သခင်က အဘူစွဖ်ယာန်ကို

"လားစဝါးအူန် ကသ်လားနား ဖိလ်ဂျန္နသိ ဝကသ်လားကူမ် ဖိန္နားရိ"

**ဆိုလိုသည်မှာ** "ကျွန်တော်တို့ထဲမှ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြသူများနှင့် အသင်တို့ထဲမှ ကျဆုံးခဲ့သူများမှာ အဆင့်အတန်းချင်း မတူညီကြပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ထဲမှ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြသူများ သည် ဂျန္နသ်ထဲသို့ ရောက်ရှိခဲ့ပြီး အသင်တို့ထဲမှ ကျဆုံးခဲ့သူများသည် ဂျဟန္နမ်သို့လားကြရလိမ့်မည်" ဟုဖြေကြားလေ၏။

အဘူစွဖ်ယာန်နှင့် ဟာ့ဇ်ရသ်အူမရ် ﷺ သခင်တို့၏ အထက်ပါ အမေးအဖြေများ ပြီးဆုံးသွားသောအခါ အဘူစွဖ်ယာန်က ဟာ့ဇ်ရသ် အူမရ် ﷺ သခင်အား

"ဟလွမ္မ အိလိုက်ယ ယာအူမရ်"

**ဆိုလိုသည်မှာ** "အို... အူမရ်! အသင်သည် ကျွန်တော့်ထံသို့ လာလှည့်ပါဦး" ဟုဆိုကာ မိမိထံသို့ ဖိတ်ခေါ်လေ၏။ တမန်တော်မြတ် ﷺ သည် အဘူစွဖ်ယာန်၏စကားများကို နားဆင်ရန်အတွက် ဟာ့ဇ်ရသ် အူမရ် ﷺ သခင်အား ၎င်းထံသို့ သွားရောက်ခွင့်ပြုတော်မူသည်။

ဟာ့ဇ်ရသ်အူမရ် ﷺ သခင်သည် အဘူစွဖ်ယာန်ထံသို့ ရောက်ရှိ လာသောအခါ ၎င်းက ဟာ့ဇ်ရသ်အူမရ် ﷺ သခင်အား

"အူန်ရှိဒူ ကလ္လားဟ ယာအူမရူ အကသလ်နား မုဟမ္မဒန်"

**ဆိုလိုသည်မှာ** "အို..အူမရ်! ကျွန်တော်သည် အသင့်ကို အလ္လာဟ် အရှင်မြတ်၏ ကစမ် ကျိန်ဆိုစေပါသည်။ ကျွန်တော်တို့သည် မိုဟမ္မဒ်ကို သတ်ဖြတ်နိုင်ခြင်းရှိပါ၏လော? မှန်ကန်စွာ ပြောဆိုပါဟု မေးမြန်းလေ ၏။

ဟာ့ဇ်ရသ်အူမရ် ﷺ သခင်က

"အလ္လာဟုမ္မ လာဝအိန္နဟူ လယတ်စ်မအူ ကလားမ ကလ်အားန"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်၏ကစမ်! သင်တို့သည် တမန်တော်မြတ် ﷺ ကိုသတ်ဖြတ်နိုင်ခဲ့သည်ဟူသော အထင်မှာ မှန်ကန်ခြင်းမရှိပါ။ ယခုအချိန်တွင် တမန်တော်မြတ် ﷺ သည် အသင်၏စကားများကို နားထောင်လျက်ရှိတော်မူသည်" ဟု တုံ့ပြန်လေ၏။

"အဘူစွဖ်ယာန်"သည် ဟဇ်ရသ်အူမရ် ؓ သခင်၏ ပြေကြားချက်ကိုနားထောင်ပြီး

"အန့်သ အီန့်ဒီး အဆွဒကူ မိန့်အိဗ်နိ ကူမိုက်အသ ဝအဘရ်ရူ"

**ဆိုလိုသည်မှာ** "အသင်သည် ကျွန်တော့်ထံတွင် အိဗ်နေကူမိုင်အဟ်ထက်သာပို၍ ကောင်းမွန်သော မှန်ကန်သည့်ပုဂ္ဂိုလ်ဖြစ်သည်ဟု ပြောဆိုလေ၏။

တစ်ဖန်အဘူစွဖ်ယာန်က ဟဇ်ရသ်အူမရ် ؓ သခင်အား

"အိန္နဟူး ကဒ်ကားနု ဖီးကသ်လားကူမ် မွတ်စ်လူန် ဝလ္လာ်းဟိမားရဒ္ဒီးသူ ဝလားနဟိုက်သူ ဝလားအမရ်သူ"

**ဆိုလိုသည်မှာ** "အသင်တို့၏ သေသူများတွင် မွတ်စ်လဟ် ဖြစ်ခဲ့ပါသည်။ ဤကိစ္စတွင် အလ္လာဟ်အရှင်မြတ်၏ကစမ်! ကျွန်တော်သည် နှစ်မြို့သည်လည်းမဟုတ်၊ တားမြစ်ခဲ့သည်လည်းမဟုတ်၊ အမိန့်ပေးခဲ့သည်လည်းမဟုတ်ပါဟု ဆိုလေ၏။

အဘူစွဖ်ယာန်သည် ထိုနေရာမှ ပြန်သွားနေသောအခါ

"မောက်အိဒုကူမ် ဗဒ်ရူန် လိလ်အားမိလ် ကားဘိလိ"

**ဆိုလိုသည်မှာ** "အရှေ့နှစ်တွင် ဗဒရ်ကွင်းပြင်၌ အသင်တို့နှင့် ပြန်လည်ရင်ဆိုင်ရန်အတွက် အသင်တို့ကို ကတိပေးအပ်ပါသည်"ဟု ပြောကြားလေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က ဆွဟာဗီတစ်ဦးအား

"နအမ် ဟုဝ ဗိုက်နနား ဝဗိုက်နက မောက်အိဒူန် အိန့်ရှား အလ္လာဟ်"

**ဆိုလိုသည်မှာ** "အင်န်ရှာအလ္လာဟ်" လာမည့်နှစ်တွင် ဗဒရ်ကွင်းပြင်ထဲ၌ ကျွန်ုပ်တို့နှင့်အသင်တို့ ပြန်လည်ဆုံတွေ့ကြရန်အတွက် ကတိပြုပါသည်" ဟု အဘူစွဖ်ယာန်ကို ပြန်လည်ဖြေကြားရန်အတွက် အမိန့်ရှိတော်မူ၏။

ထိုဆွဟာဗီကလည်း တမန်တော်မြတ် ﷺ ၏ အမိန့်တော်အတိုင်း အဘူစွဖ်ယာန်ကို ပြန်လည်အဖြေပေးခဲ့ပေသည်။

ထို့နောက်တွင် အဘူစွဖ်ယာန်နှင့် ကုရိုင်းရှ်တို့သည် မက္ကာဟ်မြို့သို့ ပြန်ရန်အတွက် "အုဟုဒ်" မြေပြင်မှ ထွက်ခွာသွားခဲ့ကြလေသည်။

*ဇွာဒ်ကျမ်း၊ အတွဲ-၃၊ စာမျက်နှာ-၂၄၊*

*အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ- ၈၉၊*

*ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၃၇၊*

*ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၂၇၂*

## မဒီနဟ်မြို့သူမြို့သားများ တမန်တော်မြတ် ﷺ ထံတော်ပါးသို့

အဘူစွဖ်ယာန် ပြန်လည်ထွက်ခွာသွားပြီးနောက် တမန်တော်မြတ် ﷺ သည် မိမိနေရာစခန်းသို့ ပြန်လည်ကြွမြန်းလာတော်မူချိန်တွင် ဂဇ်ဝဟ်အုဟုဒ် ပြီးဆုံးသွားခဲ့ပါသည်။

အွသ်ဗဟ်ဗိန်အဘီဝပ်ကားဆ်၏လက်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ အောက်နှုတ်ခမ်းတော်ကွဲကာ သွားတော်(၄)ချောင်း ရှဟီးဒ်ဖြစ်သွားခဲ့ကြောင်းကိုလည်းကောင်း၊

တစ်ဖန် အဗ်ဒုလ္လာဟ်ဗိန်ကုမိုင်အဟ်၏ လက်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ နဖူးတော်မှာ သံခမောက်၏ ချိတ်(၂)ချောင်း စိုက်ဝင်သွားခဲ့ကြောင်းကိုလည်းကောင်း၊ အထက်တစ်နေရာတွင်ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ နဖူးတော်တွင် စိုက်ဝင်နေသော သံခမောက်၏ချိတ်များကို ဟဇ်ရသ်အဗူအူဗိုင်ဒဟ်ဗီနဲဂျရ်ရားဟ် ؓ သခင်က မိမိသွားဖြင့်ကိုက်၍ ဆွဲနှုတ်ခဲ့ရာတွင် သခင်၏ သွားတော် (၂)ချောင်းမှာကျိုး၍ ရှဟီးဒ် ဖြစ်သွားခဲ့ပါသည်။

တမန်တော်မြတ် ﷺ ၏ ဒဏ်ရာထဲမှယိုစီးကျလာသော သွေးများကို ဟဇ်ရသ်အဗူစအီးဒ်ခွဒ်ရီ ؓ သခင်၏ဖခင်ဖြစ်သူ ဟဇ်ရသ်မာလစ်ကဲဗ်နဲစနားန် ؓ သခင်က မိမိ၏ပါးစပ်ဖြင့် စုပ်ယူ၍ ရှင်းလင်းပေးခဲ့ပါသည်။ တမန်တော်မြတ် ﷺ က ၎င်းအား

"လန် ့သ မတ်စ်စ ကန္နားရ"

**ဆိုလိုသည်မှာ** "အသင်သည် ဂျဟန္နမ်မီးဒဏ်ကို လုံးဝခံစားရမည်မဟုတ်ဟု" အမိန့်ရှိတော်မူ၏။

မဒီနဟ်မြို့၌ "ဂဇ်ဝဟ်အူဟုဒ်" နှင့် ပတ်သက်၍ ဝမ်းနည်းကြေကွဲဖွယ်ရာကောင်းသော သတင်းမှာ တမဟုတ်ချင်း ပြန့်နှံ့ရောက်ရှိသွားခဲ့လေ၏။

သို့ပါ၍ ဂဇ်ဝဟ်အူဟုဒ်ပြီးဆုံးကာ ကူရိုင်းရှ်တို့ ပြန်လည်ထွက်ခွာသွားကြပြီးနောက် မဒီနဟ်မြို့ထဲမှ အမျိုးသားများနှင့် အမျိုးသမီးများသည် တမန်တော်မြတ် ﷺ ထံသို့ ထွက်ခွာလာခဲ့ကြလေ၏။

အမျိုးသမီးများ၏အုပ်စုတွင် ဟဇ်ရသ်ဖာတိမဇ်ဇဟ်ရာ ؓ သခင်မ၊ ဟဇ်ရသ်ဘီဘီအာအိရှဟ် ؓ သခင်မနှင့် ဟဇ်ရသ်အွမ်မေစလမဟ် ؓ သခင်မတို့လည်း ပါဝင်လာကြပေသည်။

ဟဇ်ရသ်အလီ ؓ သခင်သည် ဒိုင်းဖြင့်ရေခပ်ယူလာပြီး ဟဇ်ရသ်ဘီဘီဖာတိမဟ် ؓ သခင်မက တမန်တော်မြတ် ﷺ ၏ ဦးခေါင်းတော်ပေါ်သို့ အနည်းငယ်ရေလောင်းကာ တမန်တော်မြတ် ﷺ ၏သွေးတို့ဖြင့် နီရဲစွတ်စိုနေသော မျက်နှာတော်ကို ဆေးကြောသန့်စင်ပေးခဲ့ပါသည်။

နဖူးတော်တွင်ရရှိခဲ့သော ဒဏ်ရာမှ စီးကျနေသည့်သွေးများမှာ ရပ်ဆိုင်းခြင်း မရှိသေးသောကြောင့် ဖျာတစ်ပိုင်းကို မီးရှို့ပြီး ပြာများကို

ထိုဒဏ်ရာထဲတွင် သိပ်၍စီးကျနေသော သွေးများကို ရပ်ဆိုင်းသွားအောင် ပြုလုပ်ခဲ့ရပေသည်။

ထို့နောက် တမန်တော်မြတ် ﷺ သည် ဂူဇူရေသန့်စင်ပြီး ဇုဟူရ် နမားဇ်ကိုထိုင်လျက် ဝတ်ပြုတော်မူ၏။ တမန်တော်မြတ် ﷺ ၏ အနောက်တွင် ဆွဟာဗဟ်များသည်လည်း ထိုင်လျက်ပင် နမားဇ် ...တ်ပြုကြပေသည်။

ဟာဇရသ်ဘီဘီအာအိရှဟ် ﷺ သခင်မ၊ ဟာဇရသ်အနတ်စ် ﷺ သခင်၏မိခင်ဖြစ်သူ ဟာဇရသ်အွမ်မေစူလိုင်းမ် ﷺ သခင်မနှင့် အခြားသော မွတ်စ်လင်မ်အမျိုးသမီးများသည် ရေအိတ်များကို မိမိတို့၏ ကျောဖြင့် ထမ်းမသယ်ဆောင်လာပြီး ဒဏ်ရာရသူများအား ရေတိုက်ကျွေးကြပေသည်။

အလားတူ အခြားသောအချို့ "ခုခံရင်ဆိုင်မှု"များတွင် ရေတိုက်ကျွေးရန်အတွက်လည်းကောင်း၊ ဒဏ်ရာရရှိသူများကို ပတ်တီးစည်းပေးရန်နှင့် ဆေးဝါးကုသရန်အတွက်လည်းကောင်း၊ အချို့သော အမျိုးသမီးများသည်လည်း တစ်ဘက်တစ်လမ်းမှ ပါဝင်ခဲ့ကြောင်း ဟဒီးဆ်ကျမ်းစာအုပ်များတွင် လာရှိပါသည်။

ဂဇ်ဝဟ်အူဟုဒ်တွင် မဒီနဟ်မြို့ရှိ မြောက်မြားစွာသော နေအိမ်များမှ မြောက်မြားစွာသောပုဂ္ဂိုလ်တို့မှာ ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ကြသော်လည်း မဒီနဟ်မြို့သူမြို့သားတိုင်း၏ အဓိကရည်ရွယ်ချက်နှင့် စိတ်ဆန္ဒများမှာ တမန်တော်မြတ် ﷺ ကျန်းမာစွာရှိနေခြင်းပင်ဖြစ်ပါသည်။ သို့ပါ၍ လူတိုင်းသည် တမန်တော်မြတ် ﷺ ထံသို့ ပြေးလွှား၍ လာရောက်လျက် ရှိကြကုန်သည်။

ဟာဇရသ်စအဒ်ဗိန်အဘီဝပ်ကားဆွ် ﷺ သခင်၏ ရိဝါယသ်ဆင့်ပြန်မှုတစ်ရပ်တွင် လာရှိသည်မှာ

ဂဇ်ဝဟ်အူဟုဒ်၌ အန်ဆွာရီ အမျိုးသမီးတစ်ဦး၏ ခင်ပွန်းသည်၊ သားနှင့် ဖခင်အားလုံးတို့မှာ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြပေသည်။ ထိုအမျိုးသမီးသည် မဒီနဟ်မြို့ပြင်သို့ ထွက်ကာ တမန်တော်မြတ် ﷺ နှင့်

ပတ်သက်သော သတင်းများကို မေးမြန်းစုံစမ်းလျက်ရှိသည်။ ဆွဟာဗဟ်များသည် ၎င်းအမျိုးသမီးအား တမန်တော်မြတ် ﷺ ၏ မျက်နှာတော်ကို ပြသကြသောအခါ ထိုအမျိုးသမီးမှာ အလွန်တရာ စိတ်ချမ်းမြေ့ကာ ပျော်ရွှင်စွာဖြင့်

"ကွလ္လု မူဆွီးဗသိန် ဗအ်ဒက ဂျလလုန်"

**ဆိုလိုသည်မှာ** တမန်တော်မြတ် ﷺ သည် ကျန်းမာစွာရှိတော်မူပါက ဘေးဒုက္ခဟူသမျှ အားလုံးသည် ကျွန်မအတွက် ပေါ့ပါးသွားသည်ဟု ပြောဆိုလေ၏။

*(ဆိဗ်နေဟိဂျာမ်ကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၁၂၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၆၊ စာမျက်နှာ-၅၇)*

''**ဂဇ်ဝဟ်အူဟုဒ်**'' တွင် ဆွဟာဗဟ်ပေါင်း (၇၀) တို့ကျဆုံး ရှဟီးဒ်ဖြစ်ခဲ့ကြောင်းကို "ဂဇ်ဝဟ်အုဟုဒ်ပြီးဆုံးခြင်း" ခေါင်းစဉ်၌ ရေးသားခဲ့ပြီး အချို့သော ဆွဟာဗဟ်များ၏ အကြောင်းများကို အထက်တွင် ရေးသားတင်ပြခဲ့ပါသည်။

ယခုဤနေရာတွင် ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြကုန်သော အချို့ဆွဟာဗဟ်များ၏ အကြောင်းကို ဆက်လက်၍ ရေးသားတင်ပြမည် ဖြစ်ပါသည်။

## ၁။ ဟာဇ်ရသ်ဇိယားဒ်ဗိန်အတ်စ်ကန် رضي الله عنه သခင်

ဂဇ်ဝဟ်အူဟုဒ်၏ တတိယအပိုင်းတွင် ကူရိုင်းရှ်တို့သည် တမန်တော်မြတ် ﷺ အပေါ် ဖိအားပေးပြီးတိုက်ခိုက်လာကြသောအခါ ဟာဇ်ရသ်မတ်ဆွ်အဗ်ဗိန်အူမိုင်းရ် رضي الله عنه သခင်နှင့် အန်ဆွာရီဆွဟာဗဟ် (၇)ဦးတို့သည် ကျဆုံးရှဟီးဒ် ဖြစ်သွားကြပြီးနောက် ဟာဇ်ရသ်ဇိယားဒ်ဗိန်အတ်စ်ကန် رضي الله عنه သခင်နှင့် အန်ဆွာရီဆွဟာဗဟ် (၅)ဦးတို့သည် ထိုနေရာသို့ အစားထိုးဝင်ရောက်လာကြလေ၏။

ထိုပုဂ္ဂိုလ်များသည် အလွန်ရဲဝံ့တက်ကြွစွာဖြင့် ရန်သူများနှင့် ပြင်းပြင်းထန်ထန် ရင်ဆိုင်ခုခံကာ တစ်ဦးပြီးတစ်ဦး ကျဆုံးရှဟီးဒ် ဖြစ်သွားကြပေသည်။

ဟာဇ်ရသ်ဇိယားဒ်ဗ်ိန်အတ်စ်ကန် ﷺ သခင်သည် ရန်သူများ၏ လက်ချက်ဖြင့် ဒဏ်ရာရရှိပြီး လဲကျသွားသောအခါ တမန်တော်မြတ် ﷺ က ၎င်းအား မိမိထံတော်ပါးသို့ ခေါ်ဆောင်လာရန်အတွက် အမိန့် ရှိတော်မူ၏။ ဟာဇ်ရသ်ဇိယားဒ်ဗ်ိန်အတ်စ်ကန် ﷺ သခင်ကို ခေါ်ဆောင် လာကြသောအခါ သခင်သည် အလွန်ပင်ထူးစွာ မိမိနဖူးကို တမန်တော် မြတ် ﷺ ၏ခြေဖဝါးတော်အပေါ်တင်ဆောင်၍ ထိုအခြေအနေ၌ပင် ရှဟီးဒ်ဖြစ် အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကို ခံယူသွားခဲ့ရှာပေသည်။

*(ဆီရတ်နေဗဝီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၈၄)*

## ၂။ ဟာဇ်ရသ်စအဒ်ဗ်ိန်ရဘီးအ်အန်ဆွာရီ ﷺ သခင်

ဂဇ်ဝဟ်အုဟုဒ်ပြီးဆုံးကာ ကူရိုင်းရှ်တို့ ပြန်သွားကြပြီးနောက် တမန်တော်မြတ် ﷺ က ဟာဇ်ရသ်စအဒ်ဗ်ိန် ရဘီးအ်အန်ဆွာရီ ﷺ သခင်ကို ရှာဖွေတွေ့ရှိခဲ့၍ ၎င်းအား တမန်တော်မြတ် ﷺ ထံမှ စလာမ် မေတ္တာပို့သကြောင်းနှင့် မိမိအခြေအနေမှာ အဘယ်သို့ရှိသည်ကို မေးမြန်း ခဲ့ရန် အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်ဇိုင်းဒ်ဗ်ိန်စာဗိသ် ﷺ သခင်သည် ဟာဇ်ရသ်စအဒ်ဗ်ိန် ရဘီးအ် ﷺ သခင်ကိုရှာဖွေရင်း တစ်နေရာတွင် တွေ့မြင်ခဲ့ပါသည်။

ဟာဇ်ရသ်စအဒ်ဗ်ိန်ရဘီးအ် ﷺ သခင်၏ ခန္ဓာကိုယ်ပေါ်တွင် ဓါးနှင့်မြားတို့၏ ဒဏ်ရာပေါင်း(၇၀) ကျော် ရရှိသွားခဲ့ပါသည်။ ဟာဇ်ရသ် ဇိုင်းဒ်ဗ်ိန်စာဗိသ် ﷺ သခင်သည် ၎င်းအား တမန်တော်မြတ် ﷺ ဘက်မှ စလာမ်မေတ္တာပို့သခဲ့ကြောင်းပြောဆိုပြီး ၎င်း၏အခြေအနေကို မေးမြန်းလေ၏။

ဟာဇ်ရသ်စအဒ် ؓ သခင်က တမန်တော်မြတ် ﷺ ထံသို့ ဟာဇ်ရသ်ဖိုင်းဒ် ؓ သခင်နှင့်တစ်ဆင့် စလာမ်ပို့သပြီး ကျွန်တော်သည် ယခုအချိန်တွင် "ဂျန္နသ်"၏ အမွှေးအကြိုင်ရနံ့များ ရရှိနေသည်ကို တမန်တော်မြတ် ﷺ အား လျှောက်တင်ပေးပါရန် မှာကြားလေ၏။

ဟာဇ်ရသ် စအဒ်ဗိန်ရဘီးအ် ؓ သခင်က ဆက်လက်၍ အန်ဆွာရ်များအား "အသင်တို့ထဲမှ လူတစ်ဦးမျှရှိနေသော အခြေအနေမျိုးတွင်လည်း တမန်တော်မြတ် ﷺ မှာ ဒုက္ခနှင့်တွေ့ခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကိုခွင့်လွှတ်တော်မူမည် မဟုတ်တော့ကြောင်း" မှာကြားကာ ရှဟီးဒ်ဖြစ် အလ္လာဟ့်အမိန့်ခံသွားခဲ့ရှာပေသည်။

*(ဗုခါရီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၄၉)*

## ၃။ ဟာဇ်ရသ်ခူစိုင်မဟ် ؓ သခင်

ဟာဇ်ရသ်ခူစိုင်မဟ် ؓ သခင်နှင့် ဟာဇ်ရသ်စအဒ်ဗိန်ခူစိုင်မဟ် ؓ သခင်တို့ သားအဖသည် ဂဇ်ဝဟ်ဗဒရ်တွင် ပါဝင်ရန်အတွက် မဲနှိုက်ခဲ့သောအကြောင်းနှင့် ဟာဇ်ရသ်စအဒ်ဗိန်ခူစိုင်မဟ် ؓ သခင်မှာ မဲပေါက်ပြီး ၎င်းသည် ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးရှဟီးဒ်ဖြစ်ခဲ့သောအကြောင်းများကို ဂဇ်ဝဟ့်ဗဒရ် အကြောင်းထဲတွင် အကျယ်တဝင့် ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

ယခု ဂဇ်ဝဟ်အူဟုဒ် အချိန်တွင် ဟာဇ်ရသ်ခူစိုင်မဟ် ؓ သခင်သည် တမန်တော်မြတ် ﷺ ၏ထံတော်ပါးသို့ခစား၍ *ယာ်းရစူးလလ္လာဟ်! ကျွန်တော်သည် ဂဇ်ဝဟ်ဗဒရ်တွင် ပါဝင်နိုင်ရန်အတွက် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရပါသည်။

ယာ်းရစူးလလ္လာဟ်! လွန်ခဲ့သောညတွင် ကျွန်တော်သည် မိမိ၏သားဖြစ်သူ "စအဒ်"ကို အလွန်လှပတင့်တယ်စွာဖြင့် ဂျန္နသ်၏ ဥယျာဉ်များနှင့် စမ်းချောင်းများတွင် မြူးတူးလည်ပတ်နေသည်ကို

အိပ်မက်မြင်မက်ခဲ့ပါသည်။ သားဖြစ်သူ စအဒ်သည် ကျွန်တော့်အား ဖေဖေရယ်! အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်နှင့် ကတိပြုသော ဂျန္နသ်ကို ကျွန်တော့်အား ချီးမြှင့်တော်မူပါသည်။ ဖေဖေသည် ကျွန်တော့် ထံသို့သာ ကြွလာခဲ့ပါ။ ကျွန်တော်တို့ သားအဖနှစ်ဦးမှာ ဂျန္နသ်ထဲတွင် စုစည်းစွာ နေထိုင်ကြမည်ဟု* ပြောဆိုခဲ့ပါသည်။

သို့ပါ၍ ယားရစူးလလ္လားဟ်! ကျွန်တော့်ကို ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်နိုင်ခွင့် ချီးမြှင့်တော်မူပါ။ကျွန်တော်သည် ယခုအချိန်တွင် အိုမင်းမစွမ်းဖြစ်ကာ ခန္ဓာကိုယ်၏ အရိုးများသည်လည်း မာကြော တောင့်တင်းနိုင်ခြင်း မရှိတော့ပါ။ ကျွန်တော်သည် အလ္လာဟ်အရှင် မြတ်ထံသို့ ရောက်ရှိရန်သာ ဆန္ဒရှိပါသည်။ ကျွန်တော်သည် ရှဟီးဒ် ဖြစ်ပြီး ဂျန္နသ်ထဲတွင် မိမိသားဖြစ်သူ စအဒ် رضي الله عنه သခင်နှင့် အတူ နေထိုင်နိုင်ရေးအတွက် ကိုယ်တော်မြတ် ﷺ က အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် ဒိုအာဆုမွန်တောင်းပေးတော်မူပါ" ဟု လျှောက်တင် ခဲ့ပေသည်။

တမန်တော်မြတ် ﷺ သည် အလ္လာဟ်ရှင်မြတ်၏ ထံတော် ပါးတွင် ဟာဇ်ရသ်ခူစိုင်မဟ် رضي الله عنه သခင် အတွက် ဒိုအာဆုမွန်ကောင်း တောင်းဆိုပေးတော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ဟာဇ်ရသ်ခူစိုင်မဟ် رضي الله عنه သခင်နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ၏ဒိုအာဆုမွန်ကို လက်ခံတော်မူ၏။

ဟာဇ်ရသ်ခူစိုင်မဟ် رضي الله عنه သခင်သည် ဂဇ်ဝဟ်အူဟုဒ်တွင် ကျဆုံးရှ ဟီးဒ် ဖြစ်ခဲ့ပါသည်။ သို့ပါ၍ ဟာဇ်ရသ်စအဒ်ဗီန်ခူစိုင်မဟ် رضي الله عنه သခင်မှာ ရှဟီးဒ်၏ သားဖြစ်ပြီး ဟာဇ်ရသ် ခူစိုင်မဟ် رضي الله عنه သခင်သည် ရှဟီးဒ်၏ ဖခင်ဖြစ်ခဲ့ပါသည်။

*(ဇာဒူလ်မအားဒ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၉၆)*

☆☆☆☆☆

## ၄။ ဟဇ်ရသ်အိဗ်နေနုစ္စီးရ် ؓ သခင်

ဟဇ်ရသ်အိဗ်နေနုစ္စီးရ် ؓ သခင်သည် ရန်သူများ၏ အလယ်ကြားတွင် အလွန်ပြင်းထန်စွာ ဝင်ရောက်ခုခံရင်းရှဟီးဒ် ဖြစ်သွားခဲ့ရာသည်။

ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားပြီးနောက် သခင်၏အလောင်းကို ရှာဖွေရှုစမ်း ကြည့်ရာ ဓါး၊ မြားနှင့်လှံ၏ ဒဏ်ရာပေါင်း(၈၀) ကျော် ရရှိထားသည်ကို တွေ့မြင်ရလေ၏။ သခင်၏ခန္ဓာကိုယ်၌ ဒဏ်ရာများမှာ အလွန်တရာ များပြားလှသဖြင့် သခင်အားမှတ်မိရန် ခဲယဉ်းနေပေသည်။

နောက်ဆုံးတွင် ဟဇ်ရသ်အိဗ်နေနုစ္စီးရ် ؓ သခင်၏ နှမဖြစ်သူက သခင်၏လက်ချောင်းများကို ကြည့်ရှု၍သာ မှတ်မိသိရှိသွားလေသည်။

## ၅။ ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် အန်ဆွာရီ ؓ သခင်

ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ်အန်ဆွာရီ ؓ သခင်သည် ဟဇ်ရသ်ဂျာဗိရ် ؓ သခင်၏ ဖခင်ဖြစ်သည်။ ဟဇ်ရသ်ဂျာဗိရ် ؓ သခင်၏ ဖခင်တော်ဖြစ်သူ အဆိုပါဟဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် ؓ သခင်သည် ဂဇ်ဝဟ်အူဟုဒ်မဖြစ်ပွားမီအလျင် တစ်နေ့သ၌ ဟဇ်ရသ်မူဘာရှ်ရှိရ်ဗိန်အဗ်ဒူလ်မွန်ဇိရ် ؓ သခင်အား အိပ်မက်မြင်မက်ခဲ့သည်မှာ

ဟဇ်ရသ်မူဘာရှ်ရှိရ် ؓ သခင်သည် အိပ်မက်မြင်မက်သူ ဟဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ် ؓ သခင်အား "အို… အဗ်ဒူလ္လာဟ်!

အသင်သည် များမကြာမီအချိန်ကာလတွင် ကျွန်တော်တို့ထံသို့ ရောက်ရှိပါမည်"ဟု ပြောဆိုလျက်ရှိသည်။ ထိုအခါ ဟဇရတ်အဗ်ဒွလ္လာဟ် ﷺ သခင်က မုဘာရှ်ရှိရ် ﷺ သခင်အား"အသင်တို့သည် အဘယ်သို့သော နေရာများ၌ နေထိုင်ကြပါသနည်း" ဟု မေးမြန်းရာ မုဘာရှ်ရှိရ် ﷺ သခင်က "ကျွန်တော်တို့သည် ဂျန္နသ်ထဲတွင် မိမိတို့၏ စိတ်ကြိုက် နေရာများ၌ ပျော်ရွှင်စွာ လည်ပတ်နေကြသည်"ဟု ဖြေကြားလေ၏။

တစ်ဖန် အဗ်ဒွလ္လာဟ် ﷺ သခင်က ဟဇရတ်မုဘာရှ်ရှိရ် ﷺ သခင်အား "အသင်သည် ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ပြီးနောက် ဤကဲ့သို့ အဘယ်သို့ သွားလာလှုပ်ရှားနိုင်ပါသနည်း"ဟု မေးမြန်းရာ ဟဇရတ်မုဘာရှ်ရှိရ် ﷺ သခင်က "မှန်လှပါသည်။ ကျွန်တော်သည် ဂဇ်ဝဟ်ဗဒရ်တွင် ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ပါသည်။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် ကျွန်တော်တို့ကို ပြန်လည်အသက်ရှင်စေတော်မူသည်"ဟူ၏။

ဟဇရတ်အဗ်ဒွလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် ﷺ သခင်သည် အဆိုပါ အိပ်မက်အကြောင်းကို တမန်တော်မြတ် ﷺ အား မေးမြန်းလျှောက်ထားရာ တမန်တော်မြတ် ﷺ က " အို..အဘူဂျာဗိရ်! အဆိုပါ အိပ်မက်၏အဓိပ္ပာယ်မှာ အသင်သည် ရှဟီးဒ်ဖြစ်မည်"ဟု အမိန့်ရှိတော်မူ၏။

ဟဇရတ်အဗ်ဒွလ္လာဟ် ﷺ သခင်သည် တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူသည့်အတိုင်း ဂဇ်ဝဟ်အုဟုဒ်တွင် ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ပါသည်။

ဟဇရတ်အဗ်ဒွလ္လာဟ်ဗိန်အမရ် ﷺ သခင်သည် ဂဇ်ဝဟ်အုဟုဒ် တွင် ရှဟီးဒ်ဖြစ်ခဲ့သောအခါ ၎င်း၏အလောင်းကို ရန်သူများက အဆင်းအင်္ဂါပျက်ယွင်းအောင် "မွတ်စ်လဟ်" ပြုရပ်ဖျက်ခဲ့ကြပေသည်။

ထို့နောက် ဟဇရတ်အဗ်ဒွလ္လာဟ် ﷺ သခင်၏ အလောင်းကို တမန်တော်မြတ် ﷺ ထံသို့ယူဆောင်လာကြလေ၏။ သားဖြစ်သူ ဟဇရတ် ဂျာဗိရ် ﷺ သခင်က မိမိဖခင်၏မျက်နှာကို ကြည့်ရှုလိုသောအခါ ပထမ

တစ်ကြိမ်တွင် ၎င်းအားဆွဟာဗဟ်များက တားမြစ်ခဲ့သောကြောင့် ကြည့်ရှုခြင်းမရှိခဲ့ချေ။ ဒုတိယအကြိမ်တွင် ဆွဟာဗဟ် များကတားမြစ်ခဲ့သော်လည်း တမန်တော်မြတ် ﷺ က ခွင့်ပြုတော်မူ၏။

အဆိုပါ ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ် ؓ သခင်၏ ညီမဖြစ်သူ ဟာဇ်ရသ်ဖွါတွေမဟ်ဗိန်သေအမရ် ؓ သခင်မသည် မိမိအစ်ကိုဖြစ်သူ ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ် ؓ သခင်အတွက် ဝမ်းနည်းကာ အလွန်ငိုကြွေးနေ၍ တမန်တော်မြတ် ﷺ က သူမအား အားပေးစကားများ ပြောကြားပြီးနောက် ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ် ؓ သခင်၏ ဂျနာဇဟ်အလောင်းကို ၎င်း၏ကဗရ်သို့ သယ်ဆောင်သွားကြသောအချိန် အထိ "မလာအိကဟ်" ကောင်းကင်တမန်များက ဝိုင်းရံ၍ အရိပ်ပေးဖုံးအုပ်ထားကြသည်ဟု အမိန့်ရှိတော်မူ၏။

တစ်နေ့သောအခါ ဟာဇ်ရသ်ဂျာဗိရ် ؓ သခင်သည် စိတ်ဓာတ်ကျဆင်းကာ မှိုင်တွေ၍ ထိုင်နေသည်ကို တမန်တော်မြတ် ﷺ က တွေ့မြင်ခဲ့ပြီး ၎င်း၏အကြောင်းအရာများကို မေးမြန်းတော်မူ၏။

ဟာဇ်ရသ်ဂျာဗိရ် ؓ သခင်က "ကျွန်တော်သည် မိမိ ဖခင် ကျဆုံးရှဟီးဒ်ဖြစ်သွားပြီးနောက် အကြွေးများနှင့် မိသားစုတစ်ခုလုံး၏ တာဝန်ကြောင့် စိတ်ထဲတွင် ရွှင်ပျမှုမရှိပါ" ဟု ဖြေကြားလျှောက်ထားလေ၏။

တမန်တော်မြတ် ﷺ က ၎င်းအား "ကျွန်တော်သည် အသင့်ကို သတင်းကောင်းတစ်ရပ် ပြောပြရပါမည်လော" ဟု မိန့်ကြားရာ ဟာဇ်ရသ်ဂျာဗိရ် ؓ သခင် က တမန်တော်မြတ် ﷺ အား "ယားရစူးလလ္လာဟ်! အမိန့်ရှိတော်မူပါ" ဟု လျှောက်ထားလေ၏။

ထိုအချိန်တွင် တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူသည်မှာ "အလ္လာဟ်အရှင်မြတ်သည် အသင်၏ဖခင် အဗ်ဒူလ္လာဟ်ဗိန်အမရ် ؓ သခင်ကို ပြန်လည်ရှင်သန်စေပြီး မည်သည့်အကာအကွယ်မှ မရှိဘဲတိုက်ရိုက် "ကလာမ်" ပြုစကားပြောဆိုတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းအား အသင်သည် အဘယ်သို့သောအရာကို

လိုလားတောင့်တပါသနည်းဟု မေးမြန်းတော်မူရာ ၎င်းက အလ္လာဟ်အရှင်မြတ်အား "အို… အလ္လာဟ်အရှင်မြတ်! ကျွန်တော်သည် အသက်ထင်ရှားစွာ ဒွန္နယာလောကသို့ ပြန်လည်သွားရောက်၍ အလ္လာဟ်အရှင်မြတ်အတွက် ပြန်လည်ရှဟီးဒ်ဖြစ်ရန် ဆန္ဒရှိပါသည်ဟု လျှောက်တင်ခဲ့ပေသည်။

သေဆုံးကွယ်လွန်ပြီးနောက် ဒွန္နယာလောကသို့ ပြန်လည်သွားရောက်ခွင့်မရှိကြောင်းမှာ ဆုံးဖြတ်ထားသော ကိစ္စရပ်ဖြစ်၍ အသင့်ဆန္ဒအတိုင်း ဒွန္နယာလောကသို့ ပြန်လည်သွားရောက်ရန်အတွက် လည်းအခွင့်မရှိပါဟု အလ္လာဟ်အရှင်မြတ်က ပြန်လည်အမိန့်ရှိတော်မူသည်ဟူ၏။

*(ဖသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၆၊ စာမျက်နှာ -၂၅)*

## ၆။ ဂစီးလူလ်မလာအိကဟ် ဟဇ်ရသ်ဟန်ဇ္ဇလဟ်ဗိန် အဘီအာမိရ် رضي الله عنه သခင်

ဟဇ်ရသ် ဟန်ဇ္ဇလဟ် رضي الله عنه သခင်သည် "အဘူအာမိရ်ဖါစိက်" ၏ သားဖြစ်သည်။ သားဖြစ်သူ ဟဇ်ရသ်ဟန်ဇ္ဇလဟ် رضي الله عنه သခင်သည် စစ်မှန်သော အီမာန်ရှင်ဖြစ်ပြီး ဟဇ်ရသ်ဟန်ဇ္ဇလဟ် رضي الله عنه သခင်၏ ဖခင်ဖြစ်သူ အဘူအာမိရ်ဖါစိက်သည် အစ္စလာမ်သာသနာနှင့် မွတ်စ်လင်မ်များ၏ မဟာရန်သူကြီးဖြစ်၍ ဂဇ်ဝဟ်အူဟုဒ်တွင် ကူရိုင်းရှ်တို့ဘက်မှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာခဲ့ပေသည်။

ဟဇ်ရသ်ဟန်ဇ္ဇလဟ် رضي الله عنه သခင်၏ ဇနီးကြင်ယာတော် ဖြစ်သူ ဟဇ်ရသ်ဂျမီလဟ် رضي الله عنها သခင်မသည် စစ်မှန်သော အီမာန်ရှင် အမျိုးသမီးတစ်ဦးဖြစ်ပြီး သူမ၏အစ်ကိုအရင်းဖြစ်သူ အဗ်ဒုလ္လာဟ်ဗိန်အူဗိုက်ဗိန်စလူးလ်မှာ "ရအီးစုလ်မုနာဖိကီးန်" မုနာဖစ်က်များ၏ ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။

ဂဇ်ဝဟ်အူဟုဒ် အကြိုညတွင် ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်၏ ကြင်ယာတော်ဖြစ်သူ ဟာဇ်ရသ်ဂျမီလဟ် ﷺ သခင်မက အိပ်မက်မြင်မက်ခဲ့သည်မှာ

မိုးကောင်းကင်ရှိ တံခါးပေါက်တစ်ချပ်မှာ ပွင့်သွားပြီး ဟာဇ်ရသ် ဟန်ဇွလဟ် ﷺ သခင်သည် ထိုတံခါးပေါက်ထဲသို့ ဝင်ရောက်သွားခဲ့ပြီး တံခါးပေါက်မှာ ပြန်လည်ပိတ်ပင်သွားသည်ဟူ၏။

အိပ်မက်မြင်မက်သူ ဟာဇ်ရသ်ဂျမီလဟ် ﷺ သခင်မက အဆိုပါ အိပ်မက်ဖြင့် မိမိခင်ပွန်းသည် ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်မှာ ကျဆုံး ရှဟီးဒ်ဖြစ်မည့်အကြောင်းကို ကြိုတင်၍ သိရှိနားလည်သဘောပေါက်ခဲ့ ပေသည်။

ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်သည် မိမိ၏ကာဖိရ် ဖခင်ဖြစ်သူ အဘူအာမိရ်ဖါစိက်ကို သုတ်သင်ရှင်းလင်းလိုက်ရန်အတွက် တမန်တော် မြတ် ﷺ ထံ ခွင့်တောင်းရာ တမန်တော်မြတ် ﷺ က ခွင့်ပြုတော်မူခြင်း မရှိခဲ့ချေ။

ဂဇ်ဝဟ်အူဟုဒ်တွင် ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်သည် အဘူစွဖ်ယာန်ကို တွေ့မြင်ပြီး သုတ်သင် ရှင်းလင်းရန်အတွက် ဓါးရှည်ကို ကိုင်ဆောင်၍ ပြေးထွက်လာခဲ့ပါသည်။ ထိုအခိုက်တွင် ဟာဇ်ရသ် ဟန်ဇွလဟ် ﷺ သခင်ကို ကူရိုင်းရ်တို့ဘက်မှ "ရှိဒါးဒ်ဗီန်အတ်စ်ဝဒ်"က တိုက်ခိုက်ခဲ့သောကြောင့် ၄င်း၏လက်ချက်ဖြင့် ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်မှာ ကျဆုံးရှဟီးဒ် ဖြစ်သွားခဲ့၏။

ကောင်းကင်တမန်များသည် မိုးကောင်းကင်ပေါ်မှ ရေကို ငွေဖလားတွင်ထည့်၍ ယူဆောင်လာပြီး ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင် အား ရေချိုးပေးနေသည်ကို တွေ့မြင်တော်မူ၍ ဟာဇ်ရသ်ဟန်ဇွလဟ် ﷺ သခင်၏ ဇနီးကြင်ယာတော်ဖြစ်သူ ဟာဇ်ရသ်ဂျမီလဟ် ဗီန်သေအူဗိုက် ﷺ သခင်မအား အကြောင်းအရာ အလုံးစုံတို့ကို မေးမြန်းစုံစမ်းတော်မူရာ သခင်မက

"ဂဇ်ဝဟ်အူဟုဒ်၏ အရေးကြီးသော အခြေအနေအရ ဟာဇ်ရသ် ဟန်ဇလဟ် ﷺ သခင်သည် ဂျနာဗသ်၏ ရေချိုးခြင်းမပြုဘဲ ဂဇ်ဝဟ် အူဟုဒ်၌ ပါဝင်ခဲ့ရပေသည်"ဟု ပြောပြလေ၏။

ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားပြီးနောက် ၎င်း၏အလောင်းကို ရှာဖွေကြည့်သောအခါ ၎င်း၏ဦးခေါင်းမှ ရေစက်ရေပေါက်များ ကျဆင်း နေသည်ကို တွေ့မြင်ရပေသည်။

ထိုနေ့မှစ၍ ဟာဇ်ရသ်ဟန်ဇလဟ် ﷺ သခင်မှာ "ဂစီးလူလ် မလာအိကဟ်"ဟူသောဘွဲ့ဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်။

*(ခတ္တာအိခေ့ကျူဗ်ရာကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၂၁၆)*

## ၇။ ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ် ﷺ သခင်

တွဗ်ရာနီကျမ်းနှင့် ဒလာအိလေအဘီနအီးမ်ကျမ်းတွင် ဟာဇ်ရသ် စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်ထံမှ ဆင့်ပြန်မှုတစ်ရပ်လာရှိ သည်မှာ

ဂဇ်ဝဟ်အူဟုဒ်နေ့တွင် ခုခံရင်ဆိုင်မှုမစမီအလျင် ဟာဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ် ﷺ သခင်သည် ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်အား ခေါ်ဆောင်၍ တစ်နေရာတွင် ဒိုအာဆုမွန်တောင်းကာ အချင်းချင်း တစ်ဦးအတွက်တစ်ဦးက အာမီးန်လိုက်ပေးရန်အတွက် တိုင်ပင် ဆွေးနွေး ဆုံးဖြတ်ခဲ့ကြ၏။

ဟာဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်နှင့် ဟာဇ်ရသ် အဗ်ဒူလ္လာဟ်ဗိန်ဂျဟာရ် ﷺ သခင်တို့သည် ထောင့်တစ်နေရာ၌နေ၍ ပထမဆုံး ဟာဇ်ရသ်စအဒ် ﷺ သခင်က ဒိုအာဆုမွန် တောင်းဆိုခဲ့သည်မှာ

* အို...အလ္လာဟ်အရှင်မြတ်! ကျွန်တော့်အား အလွန်ပြင်း ထန်သော ရန်သူနှင့် ရင်ဆိုင်စေပြီး ၎င်းအပေါ်ကျွန်တော့်ကို အောင်မြင် နိုင်စွမ်းချီးမြှင့်တော်မူပါ။ ကျွန်တော်သည် ရန်သူကိုအောင်နိုင်ပြီး ၎င်းကို

သုတ်သင်ရှင်းလင်း၍ သုံ့ပန်းပစ္စည်းများကိုလည်း သိမ်းပိုက်နိုင်စွမ်း ချီးမြှင့်တော်မူပါ။

* ဟဇ်ရသ်စအဒ် ﷺ သခင်၏ ဒိုအာဆုမွန်အပေါ် ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်ဂျဟရ် ﷺ သခင်က "အာမီးန်" ဆိုလေ၏။

ထို့နောက် ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗိန်ဂျဟရ် ﷺ သခင်က

"အလ္လာဟုမ္မ အန္နီး အွတ်ကဲစိမု အလိုက်က အန့်အူလ်ကဲယလ် အဒူးဝ ဖယတ်ကဲသုလူးနီး စွမ္မ ယဗ်ကရူး ဗတ္ခ်နီ ဝယဂျဲဒအူး အန့်ဖီး ဝအူဇ်နီး စွမ္မ သတ်စ်အလုနီး ဘိမ ဇါးလိက ဖအကူးလူ ဖီးက"

**ဆိုလိုသည်မှာ** *အို...အလ္လာဟ်အရှင်မြတ်! မုချဧကန် ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ကစမ် ကျိန်ဆို၍ တောင်းဆိုသည်မှာ ကျွန်တော် သည် ရန်သူများနှင့် ရင်ဆိုင်မှုတွင် ကျဆုံးပြီး ၎င်းတို့သည် ကျွန်တော်၏ နား၊ နှာခေါင်းများကို ဖြတ်တောက်၍ "မွတ်စ်လဟ်"ပြု ရုပ်ဖျက်ကြပါစေ။ ကိယာမသ်နေ့တွင် ကျွန်တော်သည် ထိုပုံစံဖြင့် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးသို့ ရောက်ရှိမည့်အခါ အလ္လာဟ်အရှင်မြတ်က ယင်းပုံစံနှင့် ပတ်သက်၍ ကျွန်တော့်အား "အို..အဗ်ဒုလ္လာဟ်! အသင်၏ ပုံပန်းသဏ္ဍာန် မှာ ဤကဲ့သို့ အဘယ်ကြောင့်ဖြစ်ခဲ့ပါသနည်း"ဟု မေးမြန်းတော်မူသော အခါ ကျွန်တော်က အလ္လာဟ့်အတွက် ဤကဲ့သို့ ဖြစ်သွားပါသည်ဟု ဖြေကြားလျှောက်ထားနိုင်သည့် သောင်ဝ်ဖီးက်စွမ်းအား ပေးသနားတော်မူ ပါ*

ဟဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်က ဟဇ်ရသ် အဗ်ဒုလ္လာဟ်ဗိန်ဂျဟရ် ﷺ သခင်၏ ဒိုအာဆုမွန်အပေါ် "အာမီးန်" ဆိုလေ၏။ အလ္လာဟ်အရှင်မြတ်သည် ထိုဆွဟာဗီနှစ်ဦးတို့၏ ဒိုအာ ဆုမွန်များကို လက်ခံတော်မူ၏။

ဟဇ်ရသ်စအဒ်ဗိန်အဘီဝပ်ကားဆ် ﷺ သခင်သည် အလွန် ရဲစွမ်းသတ္တိရှိသော ရန်သူတစ်ဦးနှင့် ရင်ဆိုင်ခဲ့ရပြီး ထိုရန်သူကို သုတ်သင်ရှင်းလင်း၍ အနိုင်ယူကာ ၎င်း၏ပစ္စည်းများကို သုံ့ပန်းပစ္စည်း အဖြစ် သိမ်းပိုက်လိုက်လေ၏။ ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားပြီးနောက်

ဟဇရတ်အဗ်ဒူလ္လာဟ်ဗိန်ဂျဟရှ် ﷺ သခင်၏အလောင်းကို ရှာဖွေကြည့်ရာ ၎င်း၊အား မိမိဒိုအာဆုမွန်အတိုင်း "မွတ်စ်လဟ်" ပြု ရုပ်ဖျက်၍ နား၊ နှာခေါင်းများကို လှီးဖြတ်ထားသော ပုံစံဖြင့် တွေ့မြင်ခဲ့ရပေသည်။

*(မွတ်စ်တဒ်ရက်ကျမ်း၊ အတွဲ- ၃-၊ စာမျက်နှာ- ၂၀၀၊ ဇိဗ္ဗာဗဟ်ကျမ်း၊ အတွဲ- ၂၊ စာမျက်နှာ- ၂၈၈)။*

## ၈။ ဟဇ်ရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်

ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်သည် ခြေထောက် မသန်စွမ်းသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်း၏ဇနီးကြင်ယာတော်ဖြစ်သူ "ဟိန်ဒဟ်ဗိန်သေအမရ်ဗိန်ဟရားမ်" သခင်မသည် ဟဇရတ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် ﷺ သခင်၏ ညီမအရင်း ဖြစ်ပါသည်။

သို့ပါ၍ ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်နှင့် ဟဇရတ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟရားမ် ﷺ သခင်တို့မှာ အချင်းချင်း ယောက်ဖတော်စပ်ကြပေသည်။ ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်၏ သားများသည် "ဂဇ်ဝဟ်" တိုင်းတွင် တမန်တော်မြတ် ﷺ နှင့်အတူ ပါဝင်ခဲ့ကြပေသည်။

"ဂဇ်ဝဟ်အူဟုဒ်"တွင် ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်သည် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရန်အတွက် ပိုင်နိုင်စွာ ဆုံးဖြတ်ထားခဲ့၍ ၎င်း၏ခြေထောက် ချို့ယွင်းမှုကြောင့် ၎င်း၏သားများက ကန့်ကွက်ခဲ့ကြပါသည်။

သို့ပါ၍ သားအဖတစ်စုတို့သည် တမန်တော်မြတ် ﷺ ထံမှ ဆုံးဖြတ်ချက် ရယူရန်အတွက် သွားရောက်ကြပေသည်။ တမန်တော်မြတ် ﷺ သည် ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်အား ဦးစွာပထမ ဟန့်တားတော်မူရာ ဟဇရတ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်က တမန်တော်မြတ် ﷺ အား

"ဝလ္လာဟိ အိန္နီ လအရ်ဂျူ အန် အသွအ ဘိအရ်ဂျသီ ဟာဇိဟီ ဖိလ်ဂျန္နသိ'

**ဆိုလိုသည်မှာ** "ယားရစူးလလ္လာဟ်! ကျွန်တော်သည် မိမိ၏ မသန်စွမ်းသော ခြေထောက်ဖြင့်လည်း ဂျန္နသ်၏မြေကြီးအား နင်းနိုင်ကြောင်းကို အလ္လာဟ်အရှင်မြတ်အပေါ်အားကိုးပြီး မျှော်လင့်တောင့်တမိပါသည်"ဟု လျှောက်တင်လေ၏။

တမန်တော်မြတ် ﷺ သည် ၎င်း၏ပြင်းပြသောစွဲမာန်ကို ကြည့်ရှုပြီး ဟာဇ်ရသ်အမရ်ဗင်န်ဂျမူးဟ် ﷺ သခင်၏ သားများကို ၎င်းအား တားမြစ်ခြင်းမပြုရန်အတွက် အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်အမရ်ဗင်န်ဂျမူးဟ် ﷺ သခင်သည် "ဂဇ်ဝဟ်အူဟုဒ်" တွင် ပါဝင်ရန်အတွက် မဒီနဟ်မြို့ထဲမှ ထွက်ခွာလာနေသောအခါ ကိဗ်လဟ်ဘက်သို့ မျက်နှာမူ၍ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင်

"အလ္လာဟုမ္မရ် ဇုက်နီရှ်ရဟာဒသ ဝလာ့သရိဒ်နီ အိလာ အဟ်လီ"

**ဆိုလိုသည်မှာ** * အို...အလ္လာဟ်အရှင်မြတ်! ကျွန်တော့်အား "ရှဟာဒသ်" ရှဟီးဒ်ဖြစ်ခြင်း၏ အဆင့်အတန်းကို ချီးမြှင့်တော်မူပါ။ ကျွန်တော့်ကို မိမိ၏အိမ်သူအိမ်သားများထံသို့ ခြေဦးလှည့်ခွင့် ပြုတော်မမူပါနှင့်* ဟူ၍ ဒိုအာဆုမွန်တောင်းဆိုခဲ့၏။

ထို့နောက် ဂဇ်ဝဟ်အူဟုဒ်သို့ရောက်ရှိခဲ့ပြီး ရန်သူများနှင့် ရင်ဆိုင်ခုခံရင်းဖြင့် ဟာဇ်ရသ်အမရ်ဗင်န်ဂျမူးဟ် ﷺ သခင်မှာ ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ပါသည်။

ဤဂဇ်ဝဟ်အူဟုဒ်တွင် သခင်၏သားဖြစ်သူ ခလ္လာဒ်ဗင်န်အမရ်ဗင်န်ဂျမူးဟ် ﷺ သခင်သည်လည်း ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ပါသည်။

ဂဇ်ဝဟ်အူဟုဒ်ပြီးဆုံးသွားပြီးနောက် ဟာဇ်ရသ်အမရ်ဗင်န်ဂျမူးဟ် ﷺ သခင်၏ ဇနီးကြင်ယာတော်ဖြစ်သူ ဟိန်ဒဟ်ဗင်န်သေအမရ် ﷺ သခင်မက မိမိ၏ သားဖြစ်သူ ခလ္လာဒ်၊ အစ်ကိုဖြစ်သူ အဗ်ဒုလ္လာဟ် ဗင်န်အမရ်ဗင်န်ဟရာမ် ﷺ သခင်နှင့် မိမိ၏ခင်ပွန်းဖြစ်သူ ဟာဇ်ရသ်

အမရ်ဗိန်ဂျမူးဟ် ﷺ သခင်တို့၏ အလောင်းများကို သယ်ဆောင်လာပြီး "မဒီနဟ်"မြို့တွင် "ဒဖန်"ပြုသင်္ဂြိုဟ်ရန်အတွက် ရည်ရွယ်ကာ ကုလားအုတ်ပေါ်သို့ တင်ဆောင်၍ မောင်းနှင်သောအခါ ကုလားအုတ်မှာ မဒီနဟ်မြို့သို့မသွားဘဲ ထိုင်ချလိုက်လေ၏။

တစ်ဖန် အုဟုဒ်တောင်ဘက်သို့ ပြန်လည်မောင်းနှင်ရာ ကုလားအုတ်မှာ ပုံမှန်ထက် လျင်မြန်စွာ လျှောက်သွားလေ၏။

ဟာဇ်ရသ်ဟိန်ဒဟ် ﷺ သခင်မသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ခစား၍ ဤအကြောင်းကို လျှောက်တင်ရာ တမန်တော်မြတ် ﷺ က သခင်မအား ဟာဇ်ရသ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်၏ နောက်ဆုံးအကြောင်းအရာများကို မေးမြန်းစုံစမ်းတော်မူ၏။

ထိုအခါ သခင်မက မိမိ၏ခင်ပွန်းသည်မှာ အထက်ပါအတိုင်း ဒိုအာဆုမွန်တောင်းဆိုခဲ့ကြောင်းကို တင်ပြလျှောက်ထားလေ၏။ထို့ကြောင့် ၎င်းအား မဒီနဟ်မြို့သို့ ယူဆောင်သွားခြင်းပြုဘဲ အုဟုဒ်၌ပင် ဒဖန်ပြုသင်္ဂြိုဟ်လိုက်ရန်အတွက် တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်အမရ်ဗိန်ဂျမူးဟ် ﷺ သခင်နှင့် ဟာဇ်ရသ်အဗ်ဒူလ္လာဟ်ဗိန်အမရ်ဗိန်ဟာရာမ် ﷺ သခင်တို့ကို အုဟုဒ်နယ်မြေထဲတွင် ကဗုရ်တစ်ခုထဲ၌ပင် ဒဖန်ပြုသင်္ဂြိုဟ်ခဲ့ကြပေသည်။

တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူသည်မှာ

"ဝလ္လဇီး နဖ်စီး ဘိယဒိဟီး အန္န မိန့်ဟုမ် မန့်လော်အက်ဆမ်
စက အလလ္လာဟ်ိ လအဗရ်ရဟူး မိန့်ဟုမ် အမရုန်အိဗ်နူလ် ဂျမူးဟိ
ဝလကဒ် ရဟိုက်သဟူး ယတွအုဗိအန်ရိဂျိဟီး ဖိလ်ဂျန္နသိ"

**ဆိုလိုသည်မှာ** "အလ္လာဟ်အရှင်မြတ်၏ ကစမ်! အကြင်အရှင်မြတ်၏ လက်တော်ဝယ် ကျွန်တော့်အသက်ရှိပါသည်။မုချဧကန် အသင်တို့ထဲတွင် အလ္လာဟ်အရှင်မြတ်ကို အားကိုးပြီး ကစမ်ကျိန် ဆိုသောသူများ၏ ကျိန်ဆိုမှုအတိုင်း လက်ခံဖြည့်စွမ်းပေးခြင်းခံရမည့် ပုဂ္ဂိုလ်များရှိကြပါသည်။ အမရ်ဗိန်ဂျမူးဟ် ﷺ သခင်သည် ထိုအုပ်စုထဲမှ ဖြစ်ပါသည်။

ကျွန်တော်သည် ၎င်းအား ဂျဟန္နံထဲတွင် မီးမီး၏မသန့်စွမ်းသော ခြေထောက်ဖြင့် လမ်းလျှောက်နေသည်ကို တွေ့မြင်ခဲ့သည်ဟူ၏။

*အိဗ်နေဟိရှာမ်ကျမ်း၊ အတွဲ-၂၊ စာမျက်နှာ-၈၈၊*

*ဇူရ်ကာနီကျမ်း အတွဲ-၂၊ စာမျက်နှာ ၅၀၊*

*အလ်ဘိဒါးယသ္ ဝန္နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ ၃၇*

## ၉။ ဟာဇ်ရသ် အူဆိုင်ရမ် အမရ်ဗိန်စာဗိသ် ဗိန်ဝကရ်ရှ် رضي الله عنه သခင်

မဒီနဟ်မြို့၌"အန်ဆွာရ်".ဆွဟာဗဟ်များတွင် "ဗနီနဂ်ျဂျားရ်" အမျိုးအနွယ်သည် အမွန်မြတ်ဆုံး အမျိုးအနွယ်ဖြစ်ပြီး "ဗနီအရ်ဟလ်" အမျိုးအနွယ်မှာ ဒုတိယ အမွန်မြတ်ဆုံး အမျိုးအနွယ် ဖြစ်ခဲ့သည်ဟု တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူ၏။

ဟာဇ်ရသ်ဟူဇိုင်ဖဟ်ဗိန်ယမားန် رضي الله عنه သခင်၏ နှမဖြစ်သူ "ဗိန်သေယမားန်"သည် ဗနီအရ်ဟလ် အမျိုးအနွယ်ထဲမှ "စာဗိသ်ဗိန်ဝကရ်"နှင့် အိမ်ထောင်ကျခဲ့ပါသည်။ သူမထံ၌ "အမရ်ဗိန်စာဗိသ်ဗိန်ဝကရ်"မည်သော သားတစ်ဦးရှိခဲ့ပေသည်။

ဗနီအရ်ဟလ် အမျိုးအနွယ်သည် "အောစ်" အမျိုးအနွယ်၏ အကိုင်းအလက် ဖြစ်ပါသည်။ ဟာဇ်ရသ်စအဒ်ဗိန်မအားဇ် رضي الله عنه သခင်သည် အီမာန်ယုံကြည်၍ အစ္စလာမ်သာသနာကိုလက်ခံပြီး ၎င်း၏ "ဒအ်ဝသ်" ပေးဖိတ်ခေါ်မှုကြောင့် "အောစ် အမျိုးအနွယ်ထဲမှ အမျိုးသား၊ အမျိုးသမီး အများစုတို့သည် အီမာန်ယုံကြည်၍ အစ္စလာမ်သာသနာကို လက်ခံခဲ့ကြပေသည်။

သို့ရာတွင် အချို့သောပုဂ္ဂိုလ်များသည် ဟိဒါယသ် အမှန်တရား မရရှိခဲ့ကြချေ။ ဟာဇ်ရသ်ဟူဇိုင်ဖဟ်ဗိန်ယမားန် رضي الله عنه သခင်၏ တူတော်

မောင်ဖြစ်သူ "အမရ်" သည်လည်း ထိုအုပ်စုတွင်ပါဝင်ပါသည်။

ဟီဂျ်ရီ (၃) ခုနှစ်၊ ရှောင်ဝ်ဝါလ်လ(၆)ရက်နေ့တွင် မဒီနဟ်မြို့သား ဖြစ်သူ အဆိုပါအမရ်သည် အပြင်မှမိမိနေအိမ်သို့ ပြန်လည်ရောက်ရှိ လာလေ၏။ ထိုအခါ သူသည် ရပ်ကွက်၌ လူသူမရှိ၍ တိတ်ဆိတ်မှုကြီးစိုး နေသည်ကို တွေ့မြင်ရပြီး ယနေ့ ဤရပ်ကွက်ရှိလူများသည် အဘယ်သို့ သွားနေကြပါသနည်းဟု မေးမြန်းစုံစမ်းရာ မက္ကဟ်မြို့မှ အစ္စလာမ် သာသနာ၏ ရန်သူများချီတက်လာ၍ မွတ်စ်လင်မ်တို့သည် ၎င်းရန်သူ များနှင့် ခုခံရင်ဆိုင်ရန်အတွက် မဒီနဟ်မြို့အပြင်ရှိ "အုဟုဒ်" တောင်ခြေ ရင်းသို့ တမန်တော်မြတ် ﷺ နှင့်အတူ ထွက်ခွာသွားကြကြောင်း သိရှိရ လေ၏။

"အမရ်"သည် ယခုအချိန်အထိ အစ္စလာမ်သာသနာကို လက်ခံ ခြင်း မရှိသေးသော်လည်း လွန်ခဲ့သည့် ရက်အနည်းငယ်က မိမိစိတ်နှလုံး သားသည် အလိုအလျောက် အစ္စလာမ်သာသနာဘက်သို့ ညွှတ်ကိုင်းနေ သည်ကို သတိပြုမိလေ၏။

အမရ်သည် အစ္စလာမ်သာသနာကို လက်ခံရန်အတွက် ဆန္ဒမ ထားရှိသော်လည်း မိမိ၏ ဘိုးတော်၊ ဦးရီးတော်နှင့် ဆွေမျိုးသားချင်းအား လုံးသည် အစ္စလာမ်သာသနာကိုလက်ခံပြီး မွတ်စ်လင်မ်များ ဖြစ်သွားကြ ခြင်းကို စဉ်းစားတွေးတောခြင်းမရှိဘဲ အလိုလို သတိရလာလေသည်။

အမရ်သည် အစ္စလာမ်သာသနာကို လက်မခံရသေးသော်လည်း သူ၏နှလုံးသားတွင် အစ္စလာမ်သာသနာကို အခြားသူများက ဤကဲ့သို့ စော်ကားလာခြင်းကို မခံမရပ်နိုင်သော စိတ်ဓာတ်မှာ မူလမှပင် ကိန်းအောင်းလျက် ရှိခဲ့ပါသည်။

ယခုအချိန်တွင် မက္ကဟ်မြို့မှ မဒီနဟ်မြို့သို့ ရန်သူများ ချီတက် လာသည့် အကြောင်းကို ကြားသိရ၍ မခံမရပ်နိုင်သော စိတ်ဓာတ်မှာ ပိုမိုပြင်းပြလာခဲ့ပေသည်။

ထို့ကြောင့် အမရ်သည် သံချပ်အင်္ကျီကိုဝတ်ဆင်၍၊ သံခမောက်

ဆောင်းကာ မြင်းစီးပြီး ခါးလွယ်ကိုင်ဆောင်၍ မဒီနယ်မြို့မှ အူဟုဒ်တောင်ခြေရင်းသို့ ရောက်ရှိလာခဲ့ပေသည်။

ထို့နောက် အမရ်သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ခစား၍ "ယားရဆူးလလ္လားဟ်! ယခု ကျွန်တော် ရောက်ရှိလာပါပြီ။ ပထမဆုံး အီမာန်ယုံကြည်ရမည်လော? သို့မဟုတ် "ဂဇ်ဝဟ်အူဟုဒ်"တွင် ပါဝင်ရမည်လော? ကျွန်တော့်အား ထိုက်သင့်သော အလုပ်တာဝန်ကို အပ်နှင်းတော်မူပါ"ဟု လျှောက်ထားလေ၏။

ထိုအခါ တမန်တော်မြတ် ﷺ က အမရ်အား "အီမာန်ယုံကြည်ပြီးနောက် ဂဇ်ဝဟ်အူဟုဒ်တွင်ပါဝင်ခြင်းသည် အသင့်အတွက် လဟ်တလော "အမလ်" ကျင့်စဉ်ကျင့်ရပ်ပင်ဖြစ်ပါသည်"ဟု အမိန့်ရှိတော်မူ၏။

တစ်ဖန် ဟဇ်ရသ်အမရ် رضي الله عنه သခင်က "ယားရဆူးလလ္လားဟ်! ကျွန်တော်သည် အီမာန်ယုံကြည်ပြီးနောက် "နမားဇ်"တစ်ကြိမ် တစ်ရတ်ကဲ အသ်မျှပင် ဝတ်ပြုခြင်းမရှိသေးဘဲ ဂဇ်ဝဟ်အူဟုဒ်တွင် ပါဝင်ခြင်းမှာ ကျွန်တော့်အတွက် ကောင်းမွန်ပါမည်လော"ဟု လျှောက်ထားရာ တမန်တော်မြတ် ﷺ က ကောင်းမွန်ပါမည်ဟု မိန့်ကြားတော်မူ၏။

တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ ဟဇ်ရသ်အမရ် رضي الله عنه သခင်သည် ပထမအီမာန်ယုံကြည်၍ အစ္စလာမ်သာသနာကို လက်ခံပြီး ဂဇ်ဝဟ်အူဟုဒ်တွင် တက်ကြွစွာပါဝင်ခဲ့လေသည်။

ဟဇ်ရသ်အမရ် رضي الله عنه သခင်သည် ဂဇ်ဝဟ်အူဟုဒ်တွင် ရန်သူများနှင့် ပြင်းထန်တက်ကြွစွာ ရင်ဆိုင်ခုခံခဲ့ပေသည်။ ဂဇ်ဝဟ်အူဟုဒ် ပြီးဆုံးသွားပြီးနောက် ရှဟီးဒ်ဖြစ်သွားကြကုန်သော ပုဂ္ဂိုလ်များနှင့် ဒဏ်ရာရရှိကြကုန်သော လူနာများအား စုစည်းကြရာ၌ တစ်နေရာတွင် အထက်ပါ ဟဇ်ရသ်အမရ်ဗိန်စာဗိသ်ဗိန်ဝကရ် رضي الله عنه သခင်အား လဲကျနေသည်ကို တွေ့မြင်ရပေသည်။ ထိုအချိန်တွင် ဟဇ်ရသ်အမရ်ဗိန်စာဗိသ် رضي الله عنه သခင်မှာ သေအံ့ဆဲဆဲအခြေအနေသို့ ဆိုက်ရောက်နေပြီးဖြစ်သည်။

ဆွဟာဗဟ်များသည် ၎င်းအား ယင်းနေရာတွင် တွေ့မြင်ရ၍ အလွန်အမင်း အံ့သြသွားကြလေ၏။ တွေ့မြင်ခဲ့သော ပုဂ္ဂိုလ်များက

၎င်းအား "အသင်သည် အဘယ်အကြောင်းအတွက်ကြောင့် ဤနေရာသို့ ရောက်ရှိလာပါသနည်း"ဟု မေးမြန်းရာ ဟဇ်ရသ်အမရ်ဗိန်စာဗိသ်ဗိန်ဝကရ် ﷺ သခင်က "ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်အား ချစ်မြတ်နိုး၍ ဤနေရာ ဤအဆင့်သို့ ရောက်ရှိခဲ့ရပါသည်"ဟုပြောဆိုပြီး "ရှဟီးဒ်"ဖြစ် အလ္လာဟ့်အမိန့်ခံသွားခဲ့လေသည်။

ဟဇ်ရသ်အမရ်ဗိန်စာဗိသ်ဗိန်ဝကရ် ﷺ သခင်၏ သတင်းကို တမန်တော်မြတ် ﷺက ကြားသိပြီး "ဤပုဂ္ဂိုလ်သည် အမလ်အနည်းငယ် ပြုလုပ်ပြီး ကုသိုလ်အများအပြား ရရှိခဲ့သည်ဟု လည်းကောင်း၊ ဤပုဂ္ဂိုလ်သည် မုချဧကန် "ဂျန္နသီ"ဖြစ်သည်"ဟူ၍ လည်းကောင်း၊ မိန့်ကြားတော်မူ၏။

ဟဇ်ရသ်အဘူဟူရိုင်ရဟ် ﷺ သခင်ကြီးသည် မိမိတပည့်တပန်းများအား နမားဇ် တစ်ကြိမ်တစ်ရတ်ကအသ်ကိုမျှ ဝတ်ပြုခြင်းမရှိဘဲ "ဂျန္နသီ"ဖြစ်သွားခဲ့သောပုဂ္ဂိုလ်မှာ အဘယ်သူဖြစ်ပါသနည်းဟု မေးမြန်းရာ တပည့်တပန်းများက အံ့အားသင့်ကာ တွေဝေသွားကြလေသည်။

ထိုအခါ အဘူဟူရိုင်ရဟ် ﷺ သခင်ကြီးက ထိုပုဂ္ဂိုလ်မှာ "ဗနီအရှ်ဟလ်"အမျိုးအနွယ်ထဲမှ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော သူရဲကောင်း ဟဇ်ရသ်အမရ်ဗိန်စာဗိသ်ဗိန်ဝကရ် ﷺ သခင်ပင် ဖြစ်ပါသည် ဟုမိမိကိုယ်တိုင် ပြန်လည်ဖြေကြား ရှင်းပြခဲ့လေသည်။

ဤအကြောင်းကို ဒုတိယတွဲတွင် အန်ဆွာရ်ဘက်မှ တမန်တော်မြတ် ﷺ ၏ထံတော်ပါးတွင် ပထမအကြိမ်မိုင်အသ်ဖြစ် ကတိသစ္စာပြုခြင်း ဟူသော ခေါင်းစဉ်အောက်၌ အနည်းငယ် ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။

(ဇီဆွာဗဟ်ကျမ်း)

☆☆☆☆☆

## ၁၀။ ဟာဇ်ရသ်ဟာမ်ဇဟ်ဗိန်အဗ်ဒူလ်မွတ္တလိဗ် ﷺ သခင်

ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်သည် တမန်တော်မြတ် ﷺ ၏ ဦးရီး တော်အရင်းဖြစ်ပါသည်။

ဂဇ်ဝဟ်ဗဒရ်တွင် မက္ကာဟ်မြို့မှ ဂျူပိုင်းရ်ဗိန်မွတ္တအိမ့်ဗိန်အဒီ၏ ဦးလေးအရင်းဖြစ်သူ "တူအိုင်မဟ်ဗိန်အဒီ" နှင့်အတူ အဘူစွဖ်ယာန်၏ ဇနီးကြင်ယာတော် "ဟိန်ဒဟ်" ၏ ဖခင်ဖြစ်သူ အွသ်ဗဟ်ဗိန်ရဘီအဟ် တို့မှာ ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်၏ ရင်ဆိုင်မှုဖြင့် ကျဆုံးခဲ့ကြလေ သည်။

ထို့ကြောင့် ဂျူပိုင်းရ်ဗိန်မွတ္တအိမ့်နှင့် ဟိန်ဒဟ်ဗိန်သေအွသ်ဗဟ် တို့သည် အလွန်မကျေနပ်မှုများနှင့် လက်စားချေရန်အတွက် စိတ်ဆန္ဒ များထားရှိကြလေသည်။

အဆိုပါ ဂျူပိုင်းရ်ဗိန်မွတ္တအိမ့်ထံတွင် "ဝဟ်ရှီး" မည်သော ကျွန်တစ်ဦးရှိခဲ့၏။ ၎င်းသည် ကပ္ပလီလူမျိုးဖြစ်ပြီး လှံထိုးခြင်းအတတ်ပညာ ကို တစ်ဖက်ကမ်းခတ်မျှ တတ်မြောက်ကျွမ်းကျင်သူ တစ်ဦးဖြစ်သည်။

ကူရိုင်းရ်တို့သည် အူဟုဒ်၌ မွတ်စ်လင်မ်များကို တိုက်ခိုက်ချေမှုန်း ရန်အတွက် မက္ကာဟ်မြို့မှ မဒီနဟ်မြို့သို့ ချီတက်နေကြသောအခါ ဂျူပိုင်းရ် ဗိန်မွတ္တအိမ့်က မိမိကျွန်ဖြစ်သူ "ဝဟ်ရှီး"အား အသင်သည် ဤတိုက်ပွဲတွင် ဟာမ်ဇဟ်ကို သတ်ဖြတ်အနိုင်ယူနိုင်ခြင်းရှိခဲ့ပါက ကျွန်တော်သည် အသင့် ကို ကျွန်ဘဝမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ သူကောင်းပြုလိုက်မည်ဟု ဆိုကာ ကတိကဝတ်ပြုပြီး မက်လုံးပေးခဲ့လေသည်။

သို့ပါ၍ "ဝဟ်ရှီး" သည် ယင်းကိစ္စအတွက် ကူရိုင်းရ်တို့နှင့် အတူ အူဟုဒ်သို့ လိုက်ပါလာခဲ့လေ၏။

ဂဇ်ဝဟ်အူဟုဒ်တွင် ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်၏ ပြင်းထန် သော ရင်ဆိုင်မှုကြောင့် မြောက်မြားစွာသောရန်သူများမှာ ကျဆုံး ကုန်ကြပေသည်။ ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်၏ရှေ့မှောက်တွင်ရောက်ရှိ ခဲ့သော ရန်သူတိုင်းမှာ သေမင်း၏လက်ထဲသို့ ရောက်ရှိခဲ့ပါသည်။

ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်၏ အလွန်ပြင်းထန်သောခုခံမှုကို ရင်ဆိုင်ခြင်းသည် ကုရိုင်းရှ်တို့အတွက် စိုးထိတ်ဖွယ်ရာကောင်းသော အကြောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။

"ဝဟ်ရှီး"သည် ကွင်းပြင်ထဲသို့ဝင်ရောက်လာပြီး အကွက်ကောင်းရရှိရေးအတွက် တစ်နေရာ၌ ကျောက်တုံးကြီးတစ်ခု၏ အနောက်တွင် လျှို့ဝှက်စွာပုန်းကွယ်ပြီး လှံတစ်ချောင်းကို ကိုင်ဆောင်၍ ထိုင်လျက် စောင့်ဆိုင်းနေလေ၏။

ထိုအချိန်တွင် "စိဘာအ်ဗိန်အဗ်ဒူလ်အွဇ္ဇာ"က ရန်သူများဘက်မှထွက်လာ၍ မွတ်စ်လင်မ်များကို စိန်ခေါ်လေ၏။ ထိုအခါ မွတ်စ်လင်မ်များဘက်မှ ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင် ထွက်လာပြီး "စိဘာအ်" ကို "အိုႏအမျိုးသမီးများအား ခသ်နဟ်ပြုလုပ်သူ၏သား! အသင်သည်လည်း အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်နှင့် ရင်ဆိုင်ရန်အတွက် ထွက်ခွာလာပြီးလော"ဟုဆိုကာ ၎င်းအား မိမိ၏ဓါးရှည်ဖြင့် တစ်ချက်ထည်း၌ပင် လဲချအနိုင်ယူလိုက်လေ၏။

ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်သည် စိဘာအ်ဗိန်အဗ်ဒူလ်အွဇ္ဇာကို သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် ပြန်လာနေသောအခါ "ဝဟ်ရှီး"က ပုန်းကွယ်နေရာမှ ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်ကို ချိန်ဆ၍ မိမိလက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော လှံဖြင့် အနောက်မှ ချောင်းမြောင်းပြီး ပစ်လိုက်လေ၏။

ထိုလှံသည် ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်၏ကျောကို ထုတ်ချင်းဖောက်သွားပြီး ချက်နေရာတွင် အလွန်ပြင်းထန်စွာ စိုက်ဝင်သွားခဲ့ပါသည်။ ထိုလှံချက်၏ ပြင်းထန်သောဝေဒနာကြောင့် ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်မှာ ယင်းနေရာ၌ပင်လဲကျ၍ ရှဟီးဒ်ဖြစ်သွားခဲ့လေ၏။

"ဝဟ်ရှီး"သည် အူဟုဒ်သို့ ရောက်ရှိလာချိန်မှစ၍ မွတ်စ်လင်မ်များကို ချေမှုန်းရာတွင် ပါဝင်ခြင်းမရှိဘဲ တစ်နေရာတွင်ထိုင်ပြီး အခြေအနေကို ရှုစားလျက်ရှိခဲ့ပေသည်။ "ဝဟ်ရှီး" ၏ အဓိက ရည်ရွယ်ချက်မှာ ဟာဇ်ရသ်ဟာမ်ဇဟ် ؓ သခင်ကို သတ်ဖြတ်ပြီး ကျွန်ဘဝမှ လွတ်မြောက်

ရေးပင်ဖြစ်၍ ၎င်းသည် မိမိရည်စူးချက်တစ်ခုကိုပင် ဆောင်ရွက်ပြီးနောက် ကျန်မည်သည့်ကိစ္စရပ်တွင်မျှလည်း ပါဝင်ခြင်းမပြုခဲ့ပေ။

ကူရိုင်းရှ်တို့သည် ဆွဟာဗဟ်များ၏ အလောင်းများကို "မွတ်စ်လဟ်" ပြု ရုပ်ဖျက်ကြရာတွင် ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်၏ နား၊ နှာခေါင်းများကို ဖြတ်တောက်၍ ဝမ်းဗိုက်နှင့် ရင်ဘတ်ကိုခွဲပြီး အတွင်းထဲမှ အသည်းနှင့်နှလုံးကို ထုတ်ယူပြီး ဓါးဖြင့် ခုတ်ထစ်ကာ အပိုင်းပိုင်း အတစ်တစ် ပြုလုပ်ခဲ့ကြ၏။

အဘူစွဖ်ယာန်၏ဇနီးသည် "ဟိန်ဒဟ်ဗိန်သေအွှသ်ဗဟ်" သည် ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်၏ အသည်းကို အစိတ်စိတ် အမွှာမွှာ တုံးထစ်၍ ကြိုးဖြင့်သီကာ ဘယက်သဖွယ် ပြုလုပ်ပြီး မိမိလည်တိုင်တွင် တန်ဆာဆင်ခဲ့သည့်အပြင် မိမိဖခင်အွှသ်ဗဟ်နှင့် ပတ်သက်၍ ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်အပေါ် ထားရှိခဲ့သော လက်စားချေမှု၏ အငြိုးအတေးကို ဖြေသိမ့်နိုင်ရန်အတွက် ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်၏ အသည်းတုံးများကို မိမိသွားဖြင့် ကိုက်ဝါးခဲ့ပါသည်။

ဝဟ်ရှီးသည် ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်ကို သတ်ဖြတ်နိုင်ခဲ့သောကြောင့် သခင်ဖြစ်သူ ဂျုဗိုင်းရ်ဗိန်မွတ်အိမ်က မိမိကတိအတိုင်း "ဝဟ်ရှီး" ကို ကျွန်ဘဝမှ သူကောင်းပြုလိုက်လေ၏။

အဘူစွဖ်ယာန်၏ဇနီးသည် "ဟိန်ဒဟ်ဗိန်သေအွှသ်ဗဟ်" က မိမိလည်တိုင်တွင် ဆင်မြန်းထားသော ရွှေဘယက်ကိုချွတ်ပြီး "ဝဟ်ရှီး" အားဆုလာဘ်အဖြစ် ချီးမြှင့်ခဲ့ပါသည်။

ဂဇ်ဝဟ်အူဟုဒ်ပြီးဆုံးသွားပြီးနောက် ကူရိုင်းရှ်တို့သည် အူဟုဒ်နယ်မြေမှ ထွက်ခွာသွားကြသောအခါတွင် ကျဆုံးရဟီးဒ် ဖြစ်ခဲ့ကြကုန်သော ဆွဟာဗဟ်များ၏အလောင်းများကို ၎င်းတို့၏ ဆွေမျိုးသားချင်းများက အသီးသီး သယ်ဆောင်လာကြပေသည်။

ဤဝမ်းနည်းကြေကွဲဖွယ်ရာကောင်းသော အခြေအနေတွင် ဟဇ်ရသ်ဟမ်ဇဟ် ﷺ သခင်၏ အလောင်းကို မည်သူမျှ သယ်ဆောင်လာခြင်းမရှိခဲ့ပေ။ တမန်တော်မြတ် ﷺ သည် ထိုဖြစ်အင်ကိုတွေ့မြင်၍

အလွန်ဝမ်းနည်းကြေကွဲကာ မျက်ရည်ကို မထိန်းနိုင်ရာဘဲ

"ဝဟာမ္ဇ ဇသု လား မုဝါးစိယလဟူး"

**ဆိုလိုသည်မှာ** "ယနေ့ ကျဆုံးရှဟီးဒ်ဖြစ်ခဲ့ကြကုန်သော ပုဂ္ဂိုလ်တိုင်း အတွက် ဝမ်းနည်းကြေကွဲသူများရှိကြသော်လည်း ဟမ်ဇဟ်အတွက် ဝမ်းနည်းကြေကွဲမည့်သူမရှိပါ"ဟု အမိန့်ရှိတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ သည် မိမိ၏ ဦးရီးတော် အရင်းဖြစ်သူ ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်၏ အလောင်းကို ရှာဖွေ သယ်ဆောင်လာရန်အတွက် မိမိကိုယ်တိုင် ထွက်ခွာသွားတော်မူ၏။

တမန်တော်မြတ် ﷺ သည် ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်၏ အလောင်းကို ကွင်းပြင်အလယ်တစ်နေရာတွင် အလွန်ဝမ်းနည်းကြေကွဲ ဖွယ်ရာကောင်းသော အထက်ပါပုံစံအတိုင်း တွေ့မြင်ခဲ့တော်မူပြီး မျက်ရည်များ ဆက်လက်စီးကျလာခဲ့ပေသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ က

"စိုက်ယိဒုရှ် ရှုဟဒါးအိ ဟမ့်ဇသု"

**ဆိုလိုသည်မှာ** "ဟမ်ဇဟ်သည် အလ္လာဟ့်လမ်းမှာ ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြကုန်သော ရှဟီးဒ်များ၏ ခေါင်းဆောင်ဖြစ်သည်"ဟု အမိန့်ရှိ တော်မူ၏။

သို့ပါ၍ အွမ္မသ်တစ်ရပ်လုံးက ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်အား "စိုက်ယိဒုရှ်ရှုဟဒါးအ်"ဟူသောဘွဲ့ဖြင့် ရေးသားခေါ်ဆိုကြပါသည်။

တမန်တော်မြတ် ﷺ ၏ "ဖူဖီ" (အဖေဘက်မှ အဒေါ်တော် စပ်ပြီး) ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်၏ အစ်မဖြစ်သူ ဟဇ်ရသ်ဆွဖီ ယ္ယဟ်ဗိန်သေအဗ်ဒုလ်မွတ္တလိဗ် ؓ သခင်မသည် မိမိမောင်ဖြစ်သူ ဟဇ်ရသ် ဟမ်ဇဟ် ؓ သခင်၏ အလောင်းကို ကြည့်ရှုပြီး စိတ်မထိန်းနိုင်မည်ကို စိုးရိမ်၍ တမန်တော်မြတ် ﷺ က အလောင်းအား ကြည့်ရှုခွင့်မပြုခဲ့ပေ။

သို့သော်လည်း ဆွဖိယ္ယဟ် ؓ သခင်မက မိမိ၏စိတ်ကိုထိန်းနိုင် သည်ဟု အာမခံခဲ့သောကြောင့် တမန်တော်မြတ် ﷺ က သခင်မကို ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်၏ အလောင်းအား ကြည့်ရှုခွင့်ပြုတော်မူ လိုက်ရသည်။

ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်၏ အလွန်ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းသော အခြေအနေကိုကြည့်ရှုပြီး တမန်တော်မြတ် ﷺ က ရှိုက်ကြီးတငင် ငိုကြွေးတော်မူ၏။

ထို့နောက် တမန်တော်မြတ် ﷺ က ဆက်လက်၍ အမိန့်ရှိသည်မှာ

"အသင်သည် အလွန်ကောင်းမွန်သော အခြားသူများအပေါ် သနားကြင်နာပြီး ကောင်းမှုများပြုလုပ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ကျွန်တော်ကိုယ်တိုင် ကောင်းမွန်စွာသိရှိပါသည်။

အကယ်၍ ဟာဇ်ရသ်ဆွဖီယ္ယဟ် ﷺ သခင်မနှင့် ပတ်သက်ပြီး စိုးရိမ်ခြင်းမရှိပါလျှင် တောထဲမှ အသားစားသောသတ္တဝါနှင့် ငှက်တိရစ္ဆာန်များက ဤအလောင်းကို ကိုက်ဖြတ်စားသောက်ကြရန်အတွက် ထားရစ်ခဲ့လျှင် ကိယာမသ်နေ့၌ အသင်သည် အလ္လာဟ်အရှင်မြတ်ထံသို့ ၎င်းတို့၏ ဝမ်းဗိုက်ထဲမှ ထွက်လာရန် အကြောင်းရှိခဲ့ပါသည်။

သို့သော် ဆွဖီယ္ယဟ် ﷺ သခင်မနှင့် ပတ်သက်၍ စိုးရိမ်မှုနှင့် အခြားသော အခက်အခဲများကို ထောက်ထားပြီး ဤကဲ့သို့ မပြုခဲ့ရချေ။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော့်အား ရန်သူများအပေါ် အနိုင်ပေးတော်မူသောအခါ ကျွန်တော်သည် အသင်တစ်ယောက်၏အစားမှာ ရန်သူပေါင်း (၇၀) တို့ကို "မွတ်စ်လဟ်" ပြုပါမည်" ဟု အလ္လာဟ်အရှင်မြတ်၏ ကစမ်ကျိန်ဆို၍ အမိန့်ရှိတော်မူ၏။

ထိုအချိန်၌ပင် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ ကျမ်းမြတ်ကုရ်အာန်ထဲရှိ "စူရဟ်နဟလ်" ၏ နောက်ဆုံးအာယသ်တော် (၃)ပိုဒ်ဖြစ်သော အာယသ်တော်နံပါတ်(၁၂၆)၊ (၁၂၇) နှင့် (၁၂၈)တို့ ကျရောက်လာပေသည်။

ပထမအာယသ်တော်နံပါတ်(၁၂၆)၏ အဓိပ္ပာယ်မှာ

"အို.. အီမာန်ရှင်အပေါင်းတို့! အသင်တို့သည် အကယ်၍ အစားယူလက်စားချေလိုကြပါလျှင် မိမိတို့ခံစားရသောဒုက္ခ၏ အတိုင်းအတာအထိသာ အစားယူလက်စားချေကြပါ။ အကယ်၍ အသင်တို့သည်

သည်းခံတရားထားရှိကြပါက ဤသို့သည်းခံမှုသည် သည်းခံခြင်းတရား လက်ကိုင်ထားသူများအဖို့ သာ၍ ကောင်းလှပေသည်။

ဒုတိယ အာယသ်တော်နံပါတ်(၁၂၇)၏ အဓိပ္ပါယ်မှာ "အို တမန်တော်! အသင်သည် ဆွဗရ်ပြုသည်းခံပါ။ အသင်၏ သည်းခံမှုသည် အလ္လာဟ်အရှင်မြတ်ဘက်မှ ကူညီမှုနှင့် "သောင်ဖ်ဖီးက်" စွမ်းအားပေးခြင်းပေါ်တွင် မူတည်ပါသည်။ ထို့နောက် အသင်သည် ဤကာဖိရ်များအပေါ် စိတ်မငြိုငြင်ပါနှင့်။ ထို့အပြင် အသင်သည် ၎င်းတို့၏လုပ်ကြံမှုများကြောင့် စိတ်အားမငယ်ပါနှင့်။

တတိယအာယသ်တော် နံပါတ်(၁၂၈)၏ အဓိပ္ပာယ်မှာ

မုချဧကန် အလ္လာဟ်အရှင်မြတ်သည် ရှောင်ကြဉ်မှုတရားရှိသော ပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ကောင်းမှုပြုလုပ်ကြသူများနှင့်လည်းကောင်း၊ အတူတကွ ရှိတော်မူကြောင်းစသည်တို့ ဖြစ်ကြပါသည်။

အထက်ပါ အာယသ်တော်များ ကျရောက်လာသောကြောင့် တမန်တော်မြတ် ﷺ သည် "ကစမ်"၏ "ကဖ္ဖါရဟ်" ပေး၍ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်အတိုင်း မိမိ၏ "အိရာဒဟ်" ကို ရုပ်သိမ်းလိုက်တော်မူ၏။

ဟီဂျ်ရီ (၈) ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် မက္ကဟ်မြို့ကို အောင်မြင်တော်မူပြီးနောက် "ဂဇ်ဝဟ်အူဟုဒ်" တွင် ဟဇ်ရသ်ဟမ်ဇဟ် ؓ သခင်ကို လှံဖြင့်ထိုး၍ သတ်ဖြတ်ခဲ့သော "ဝဟ်ရှီး" သည် တွာအိဖ်အုပ်စုနှင့်အတူ အစ္စလာမ်သာသနာကို လက်ခံရန်အတွက် မဒီနဟ်မြို့ရှိ တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ရောက်ရှိလာခဲ့ပေသည်။

ဆွဟာဗဟ်များသည် "ဝဟ်ရှီး"ကို တွေ့မြင်ပြီး ၎င်း၏ လုပ်ရပ်နှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ အား လျှောက်တင်ကြလေ၏။ ထိုအခါ တမန်တော်မြတ် ﷺ က

"ဒအူးဟူ ဖလ အိစ်လားမု ရဂျုလိန် ဝါးဟိဒိန် အဟဗ္ဗု။ အိလိုက်ယ မိန့်ကသ်လိ အလ်ဖိ ကားဖိရိန်"

**ဆိုလိုသည်မှာ** "အသင်တို့သည် ၄င်းကို လွှတ်ပေးလိုက်ကြပါ။ အဘယ်ကြောင့်ဆိုသော် ငါတမန်တော်မြတ် ﷺ ၏ ထံတော်ပါးတွင် လူတစ်ဦးတစ်ယောက် အစ္စလာမ်သာသနာကို လက်ခံခြင်းမှာ ကာဖိရ် ပေါင်း တစ်ထောင် (၁၀၀၀) တို့ကို ရှင်းလင်းခြင်းထက်သာပို၍ မွန်မြတ် ပြီး နှစ်မြို့ဖွယ်ရာဖြစ်ပါသည်"ဟု အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ က "ဝဟ်ရှီး"အား အသင်သည် ဟာမ်ဇဟ် ကို သတ်ဖြတ်ခြင်းအမှုအား ကျူးလွန်ခဲ့သည်လောဟု မေးမြန်းတော်မူရာ "ဝဟ်ရှီး" က အလွန်ရှက်ရွံ့၍ ခေါင်းငုံ့ပြီး

"နအမ် အလ်ဟာမ်ဒုလိလ္လားဟိလ္လဇီး အတ်ကရမဟူ ဘိယဒီဟီး ဝလမ်ယုဟိန်း ဘိယဒီဟီး"

**ဆိုလိုသည်မှာ** "ချီးကျူးထောမနာအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာဖြစ်ပါသည်။ အကြင်အရှင်မြတ်သည် ကျွန်တော့်လက်ဖြင့် ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်ကို ရှဟီးဒ်ဖြစ်ခြင်း၏ "အီဇ္ဇသ်" ဂုဏ်သိက္ခာ ချီးမြှင့်တော်မူပြီး ၄င်း၏လက်ဖြင့် ကျွန်တော့်အား ကူဖရ်ဘဝတွင် သေဒဏ်ခတ်၍ ဂုဏ်သိက္ခာ သေးသိမ်အောင် မပြုလုပ်ခဲ့ပေ"ဟုဖြေကြား လျှောက်ထားလေ၏။

တစ်ဖန် တမန်တော်မြတ် ﷺ က ဤကိစ္စနှင့်ပတ်သက်၍ ၄င်းအား အချို့အချက်အလက်များကို မေးမြန်းတော်မူရာ ၄င်းက တမန် တော်မြတ် ﷺ ၏ အမိန့်တော်ကို နာခံသောအားဖြင့် အကြောင်းအရာ များကို ရှင်းပြခဲ့ပါသည်။ ထို့နောက် "ဝဟ်ရှီး"မှာ အစ္စလာမ်သာသနာကို လက်ခံလိုက်လေ၏။

တမန်တော်မြတ် ﷺ သည် ဟာဇ်ရသ်ဝဟ်ရှီး ﷺ သခင်ကို တွေ့မြင်ပြီး မိမိဦးရီးတော် ဟာဇ်ရသ်ဟာမ်ဇဟ် ﷺ သခင်ကို အောက်မေ့သ တိရ၍ ၄င်းအား မိမိရှေ့မှောက်သို့ မလာရန်အတွက် တားမြစ်ထား တော်မူ၏။ ထို့ကြောင့် ဟာဇ်ရသ်ဝဟ်ရှီး ﷺ သခင်သည် အမြဲတစေ တမန်တော်မြတ် ﷺ ၏ အနောက်ဘက်တွင် ထိုင်လေ့ရှိခဲ့ပါသည်။

ဟာဇ်ရသ်ဝဟ်ရှီး ؓ သခင်သည် ဟာဇ်ရသ်ဟမ်ဇဟ် ؓ သခင်အား ပစ်သတ်ခဲ့သောလှံကို သိမ်းဆည်းထားခဲ့ပါသည်။

ဟာဇ်ရသ်အဘူဘကရ်ဆ်ဒ္ဒီးက် ؓ သခင်၏ အုပ်ချုပ်ရေး အချိန်ကာလတွင် ဟာဇ်ရသ်အဗူစာမဟ်ဗိန်ဝိုင်းဒ် ؓ သခင်၏ ဂျမာအသ် ထဲ၌ ဟာဇ်ရသ်ဝဟ်ရှီး ؓ သခင်သည်လည်း ပါဝင်ခဲ့ပါသည်။ ထို့နောက် "မူစိုင်လမဟ်သူလ်ကဇ္ဇားဗ်" နှင့်ရင်ဆိုင်ရန်အတွက် "ယမာမဟ်" သို့ ရောက်ရှိခဲ့ပြီး "မူစိုင်လမဟ်"ကို အဆိုပါလှံဖြင့် သုတ်သင်ခဲ့ပါသည်။

ဟာဇ်ရသ်ဝဟ်ရှီး ؓ သခင်သည် အဆိုပါလှံဖြင့် မိမိ၏ မှားယွင်း မှုကြောင့် အလွန်မွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်သည့် ဟာဇ်ရသ်ဟမ်ဇဟ် ؓ သခင်ကို သတ်ဖြတ်မိခဲ့ရပြီး တစ်ဖန် ၄င်းလှံဖြင့် အဆိုးဆုံးလူသား ဖြစ်သော "မူစိုင်လမဟ်သူလ်ကဇ္ဇားဗ်" ကို သုတ်သင်ရှင်းလင်းခဲ့ပါသည်။

*(ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ -၅၇၊*

*ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ ၂၈၂၊ ၂၈၄၊ ၂၈၅၊*

*အလ်ဘိဒါးယသုဝန်နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ ၇၆)*

## ဂဇ်ဝဟ်အူဟုဒ်တွင်ကျဆုံးခဲ့သော်လည်း ရှဟီးဒ်မဖြစ်ခဲ့သူအကြောင်း

ဂဇ်ဝဟ်အူဟုဒ်တွင် "ကတ်ဇ်မားန်" မည်သော ပုဂ္ဂိုလ် တစ်ဦးလည်းပါဝင်ခဲ့ပါသည်။ ကတ်ဇ်မားန်သည် ရန်သူများနှင့် ကြိုးစား ပြီး ရင်ဆိုင်ခုခံခဲ့ပါသည်။ ကတ်ဇ်မားန်၏ ရင်ဆိုင်ခုခံမှုကြောင့် ရန်သူများ ဘက်မှ လူပေါင်း(၇)ဦး ကျဆုံးခဲ့ကြပေသည်။ သို့ရာတွင် တမန်တော် မြတ် ﷺ က ကတ်ဇ်မားန်သည် ဂျဟန္နမ် ဖြစ်ကြောင်း အမိန့်ရှိတော်မူ၏။

အဘယ်ကြောင့်ဆိုသော် ကတ်ဇ်မားန်သည် စစ်မှန်သော မွတ်စ်

လင်မ် တစ်ဦးမဟုတ်ခဲ့ချေ။ ၎င်းသည် မူနာဖစ်က် အုပ်စုဝင်တစ်ဦးဖြစ်ခဲ့ပါသည်။ ကာတ်ဖ်မားန်သည် ဂဇ်ဝဟ်အူဟုဒ်တွင် အလွန် ကြိုးစားပမ်းစား ရင်ဆိုင်ပြီး ရန်သူများ၏လက်ချက်ဖြင့် ဒဏ်ရာရရှိပြီး လဲကျသွားခဲ့ပါသည်။

ဆွဟာဗဟ်များသည် ၎င်းအား အသက်မထွက်မီအလျင် သယ်ဆောင်လာကြလေ၏။ ၎င်း၏ ကြိုးစားအားထုတ်မှုကြောင့် အချို့သော ပုဂ္ဂိုလ်များက ကာတ်ဖ်မားန်ကို ကောင်းချီးသြဘာပေးခဲ့ကြပါသည်။

ထိုအချိန်တွင် ကာတ်ဖ်မားန် မူနာဖစ်က်က "ကျွန်တော်သည် ဤကြိုးပမ်းမှု၌ မိမိလူမျိုးများနှင့် နယ်မြေအတွက် အင်တိုက်အားတိုက် ကြိုးစားပြီး ရင်ဆိုင်တိုက်ခိုက်ခဲ့ပါသည်။ ကျွန်တော်၏ ရင်ဆိုင်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်မဟုတ်ပါ" ဟုပွင့်လင်းစွာ ပြောဆိုခဲ့လေသည်။

ထို့နောက် ကာတ်ဖ်မားန်သည် ဒဏ်ရာများ၏ ဝေဒနာကို မခံမရပ်နိုင်ဖြစ်ကာ မိမိကိုယ်ကို ကိုယ်တိုင်သတ်ဖြတ်ပြီး ရှဟီးဒ်ဖြစ်ခြင်း မရှိဘဲ တမန်တော်မြတ် ﷺ အမိန့်ရှိသည့်အတိုင်း "ဂျဟန္နမ်" ဖြစ်သွားခဲ့လေသည်။

*(အလ်ဘိဒါယဟ်ဝန္နိဟာယဟ်ကျမ်း၊ အတွဲ ၄၊ စာမျက်နှာ ၃၆)*

## ရှဟီးဒ်များကို ဒဖန်ပြုလုပ်ခြင်း

ဂဇ်ဝဟ်အူဟုဒ်တွင် ဆွဟာဗဟ်ပေါင်း(၇၀)ကျဆုံး ရှဟီးဒ် ဖြစ်ခဲ့ပါသည်။ ၎င်းတို့အနက် အများဆုံးမှာ အန်ဆွာရီဆွဟာဗဟ်များ ဖြစ်ခဲ့ပါသည်။ ထိုအချိန်အခါက မွတ်စ်လင်မ်များသည် အလွန် ဆင်းရဲနွမ်းပါးသော အခြေအနေတွင် ရှိနေကြပါသည်။ ဆင်းရဲနွမ်းပါးမှုကြောင့် ဂဇ်ဝဟ်အူဟုဒ်တွင် ရှဟီးဒ်ဖြစ်ခဲ့ကြကုန်သော ဆွဟာဗဟ်များကို ကဖန်အဝတ် ဆင်မြန်းပေးရာ၌ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ဟာဇ်ရည် မတ်ဆွဲ့အဗ်ဗ်ီန်အူမိုင်းရ် ﷺ သခင်နှင့် ဟာဇ်ရည် ဟမ်ဇဟ် ﷺ သခင်တို့ကို ကဖန်ဝတ်ဆင်ပေးရာတွင် ကဖန်ပိတ်စမှာ မလုံလောက်၍ ဦးခေါင်းအားပိတ်စနှင့် ဖုံးအုပ်ပြီး ခြေထောက်များကို "အဇ်ခရ်" ဟူသော သစ်ရွက်များနှင့် ဖုံးအုပ်ခဲ့ရပေသည်။

ကဖန်ပိတ်များမှာမလုံလောက်၍ ကဖန်တစ်ခုထဲတွင် အလောင်း နှစ်ခုထည့်ခဲ့ရပါသည်။ ဟာဇ်ရည်ဟမ်ဇဟ် ﷺ သခင်၏ဦးခေါင်းကို ကဖန်ပိတ်ဖြင့် ဖုံးအုပ်ပြီး ခြေထောက်များကို "အဇ်ခရ်" သစ်ရွက်များ နှင့် ဖုံးအုပ်ရလေ၏။

အလားတူ "ကဗရ်"တစ်ခုထဲတွင် နှစ်ဦး၊ သုံးဦးကို ထည့်ပြီး ဒဖန်ပြုလုပ်ခဲ့ရပါသည်။ တမန်တော်မြတ် ﷺ သည် ရှဟီးဒ်များကို ဒဖန်ပြုလုပ်ရာတွင် ကျမ်းမြတ်ကုရ်အာန် အများဆုံး ဖတ်ရွတ်တတ်သူ များကို ဦးစားပေးတော်မူသည်။ တမန်တော်မြတ် ﷺ သည် ရှဟီးဒ်များကို သွေးသံရဲရဲများနှင့်တကွ ဒဖန်ပြုလုပ်ရန်အတွက် အမိန့်ရှိတော်မူ၏။ ထို့နောက် တမန်တော်မြတ် ﷺ က

"အန ရှဟီးဒွန် အလား ဟားအုလားအိ ယောက်မလ်ကိ ယားမသိ"

**ဆိုလိုသည်မှာ** "ဤရှဟီးဒ်များနှင့် ပတ်သက်၍ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးတွင် သက်သေခံမည်"ဟု အမိန့်ရှိ တော်မူ၏။

တမန်တော်မြတ် ﷺ သည် ရှဟီးဒ်များ၏ "ဂျနာဇဟ်"နမားဇ် ကိုလည်း ဖတ်ပေးတော်မူ၏။ အချို့ ဆွဟာဗဟ်များ၏ အလောင်းကို ၎င်းတို့၏ဆွေမျိုးသားချင်းများက မဒီနဟ်မြို့သို့ သယ်ဆောင်သွား၍ "ဒဖန်"ပြုလုပ်ရန်အတွက် ဆန္ဒများရှိကြသော်လည်း တမန်တော်မြတ် ﷺ ၏အမိန့်တော်အတိုင်း ကျဆုံးရှဟီးဒ် ဖြစ်ခဲ့ကြကုန်သော ဆွဟာဗဟ် များ အားလုံးကို အူဟုဒ်တောင်ခြေရင်း တစ်နေရာတွင် ဒဖန်ပြုလုပ်ခဲ့ကြ လေသည်။

(ဇာဒ်ုလ်မအာဒ်ကျမ်း၊ အတွဲ-၁၊ စာမျက်နှာ-၉၁၊

ဖသ်ဟုလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၁၉၆)

## အဘူစွဖ်ယာန်၏ ရည်ရွယ်ချက်

ဂဇ်ဝဟ်အုဟုဒ် ပြီးဆုံးသွားပြီးနောက် ကုရိုင်းရှ်တို့သည် အုဟုဒ်မှ ထွက်ခွာပြီး "ရောင်ဟာ" စခန်းသို့ရောက်ရှိကြသောအခါ အဘူစွဖ်ယာန်က မိမိအပေါင်းအပါများအား "ကျွန်တော်တို့၏ တိုက်ခိုက်မှုကြောင့် မိုဟမ္မဒ်နှင့်တကွ မြောက်မြားစွာသော မွတ်စ်လင်မ်များသည် ဒဏ်ရာ ပေါင်းစုံရရှိခဲ့ကြပြီး မြောက်မြားစွာသော ပုဂ္ဂိုလ်တို့မှာ ကျဆုံးခဲ့ကြပါသည်။

ယခုအချိန်တွင် မဒီနဟ်မြို့သို့ဝင်ရောက်တိုက်ခိုက်ရန် ကျန်ရှိပါသည်။ ထို့ကြောင့် ယင်းကိစ္စကို ဆောင်ရွက်ရန် လိုအပ်ပါသည်" ဟု ပြောဆိုလေ၏။

အဘူစွဖ်ယာန်၏ ရည်ရွယ်ချက်ကို နားထောင်ပြီး ဆွဖ်ဝါးန်ဗင်န် အူမိုက်ယဟ်က အဘူစွဖ်ယာန်အား အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆန့်ကျင် ကန့်ကွက်လေ၏။

အလားတူ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည်လည်း အပင်ပန်းဒုက္ခခံ၍ မောပန်းနွမ်းလျစွာဖြင့် အုဟုဒ်မှမဒီနဟ်မြို့သို့ ရောက်ရှိ လာကြပေသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ သည် အဘူစွဖ်ယာန်၏ သတင်းကို ကြားသိတော်မူ၏။ ဆွဟာဗဟ်များသည် အုဟုဒ်မှ မဒီနဟ်မြို့သို့ ရောက်ရှိခဲ့ကြပြီး တစ်ညတာမျှ အနားယူအပန်းဖြေခြင်း မရှိသေးချေ။ ဤအခြေအနေမျိုးတွင် ဂဇ်ဝဟ်အုဟုဒ်၌ ပါဝင်ခဲ့ကြ ကုန်သော ဆွဟာဗဟ်များသာလျှင် ရန်သူများနှင့် ရင်ဆိုင်ရန်အတွက် တမန်တော်မြတ် ﷺ က အမိန့်ရှိတော်မူ၏။

တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ ဟဇ်ရသ်ဗိလားလ် ﷺ သခင်က ဤအမိန့်တော်ကို ကြေညာခဲ့ပါသည်။

ဟိဂျ်ရီ (၃) ခုနှစ်၊ ရှောင်ဝ်ဝါလ်လ (၁၆)ရက်နေ့တွင် တမန်တော် မြတ် ﷺ နှင့်ဆွဟာဗဟ်များသည် မဒီနဟ်မြို့နှင့်(၁၀) မိုင်အကွာအဝေး တွင် ရှိသော "ဟမ်ရာအုလ်အစဒ်" အမည်ရှိ စခန်းသို့ ရောက်ရှိကြပေ သည်။

"ခုဇာအဟ်" အမျိုးအနွယ်၏ ခေါင်းဆောင်ဖြစ်သူ "မအ်ဘဒ် ခုဇာအီ" သည် ထိုနေရာသို့ရောက်ရှိလာပြီး တမန်တော်မြတ် ﷺ နှင့်

အတွေ့ခံ၍ ဂဇ်ပဟ်အာဟုဒ်နှင့် ပတ်သက်ပြီး တမန်တော်မြတ် ﷺ ကို အားပေးစကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် "မအ်ဘဒ်"သည် ဤနေရာမှထွက်ခွာပြီး "ရောင်ဟာ" စခန်းသို့ သွားရောက်၍ ကူရိုင်းရှ်တို့၏ခေါင်းဆောင်ဖြစ်သူ အဘူစွဖ်ယာန်နှင့် အတွေ့ခံခဲ့ပါသည်။ အဘူစွဖ်ယာန်သည် မအ်ဘဒ်အား မိမိကြံစည်မှုနှင့် ရည်ရွယ်ချက်ကို တင်ပြသောအခါ မအ်ဘဒ်က အဘူစွဖ်ယာန်အား တမန်တော်မြတ် ﷺ သည် အသင်တို့ကို လိုက်လံရင်ဆိုင်ရန်အတွက် အလွန်ကြီးကျယ်သော အစီအစဉ်တစ်ရပ်ပြုလုပ်ပြီး ယခုအချိန်တွင် "ဟမ်ရာအူလ်အစဒ်" သို့ရောက်ရှိနေပြီဖြစ်သည်ဟု ပြောပြလေ၏။

ဤသတင်းကို ကြားသိကြသောအခါ အဘူစွဖ်ယာန်နှင့် ကူရိုင်းရှ်တို့သည် အလွန်တုန်လှုပ်ချောက်ချားပြီး မက္ကာဟ်မြို့သို့ ထွက်ပြေးသွားကြပေသည်။

တမန်တော်မြတ် ﷺ နှင့် ဆွဟာဗဟ်များသည်လည်း သုံးရက်ကြာပြီးနောက် ဟမ်ရာအူလ်အစဒ်မှ မဒီနဟ်မြို့သို့ ပြန်လည်ရောက်ရှိလာကြလေ၏။

*(ဇုရ်ကာနီကျမ်း၊ အတွဲ-၂၊ စာမျက်နှာ ၅၉၊*
*မသ်ဟူလ်ဘာရီကျမ်း၊ အတွဲ-၇၊ စာမျက်နှာ-၄၈၇၊*
*အလ်ဘိဒါးယဟ်ဝန်နိဟာယဟ်ကျမ်း၊ အတွဲ-၄၊ စာမျက်နှာ-၅၀)*

**အင်န်ရှာအလ္လာဟ် စတုတ္ထတွဲ ဆက်ရန်ရှိသည်။**

**စီစဉ်ရေးသားသူ**

မော်လာနာမုဟမ္မဒ်အဗ္ဗါးစ် (ကာစီမီ) သထုံမြို့

**ပိုင်းဝန်းကူညီသူ**

မော်လာနာမုဟမ္မဒ်အဗ္ဗါးစ် (ကာစီမီ)၏သမီး

နဂျီမဟ် (ခ) မစန္ဒာဝင်း

(ကာစီမီယာစာပေ) သထုံမြို့။

**ဟိဂျ်ရီ ၁၄၁၉ ခုနှစ်၊ ရှဝ်ဝါလ် ၂၀ ရက်၊**

၁၉၉၉ခုနှစ်၊ မတ်လ ၈ ရက်၊ တနင်္လာနေ့။ (၁၁:၀၀ AM)

- *Some books are to be tasted, others to be swallowed and some few to be chewed and digested.*

*{ SIR FRANCIS BACON }*

- အချို့သောစာအုပ်များကို မြည်းကြည့်သင့်သည်၊ အချို့ကို ဝါးမျိုသင့်သည်၊ အချို့ကို ကျေညက်အောင်လုပ်ထားသင့်သည်။

(အင်္ဂလိပ်လူမျိုး စာရေးဆရာ ဆာဖရန်းစစ်ဘေကွန်)

- မိတ်ဆွေ

ဤ "တမန်တော်မြတ် ﷺ ၏ အတ္ထုပ္ပတ္တိ" စာအုပ်ကို မြည်းကြည့်သင့်ပါသလား? ဝါးမျိုသင့်ပါသလား? ကျေညက်အောင် လုပ်ထားသင့်ပါသလား? သင်ကိုယ်တိုင် ဆုံးဖြတ်ပါ။

COMPUTERISED GRAPHICS myoewynn ☎ 01-545468